www.burmeseclassic.com

PUBLISHED BY VIEW

ချူး စီတင်သည်

# မိုးကလေး

## မိုးတိမ်များရဲ့ မျက်နှာဆီ



BURMESE CLASSIC .com

Digital Art Idea Kyaw & Wai Yan

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း
တမူခွင့်ပြုချက်အမှတ်
၅၀၀၃၄၅၀၃၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၄၅၁၀၄၀၈
ထုတ်ဝေသူ
ဦးကျော်ဆန်း (မြ-၀၉၃၂)
(ရဲအောင်တံခွန်တိုက်)
အမှတ်(၂)၊ ချမ်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
အတွင်းမျက်နှာဖုံးပုံနှိပ်
ဦးဇော်မင်းအေး (မြ-၀၇၁၂၅)
(ဇော်ပုံနှိပ်တိုက်)
(၁၈၆)၊ အင်ကြင်းမြိုင်လမ်း၊
(၂၃)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်။
ကွန်ပျူတာစာစီ
UKN
၃၂လမ်း(အထက်)၊ ရန်ကုန်။
မျက်နှာဖုံးဒီဇိုင်း
Idea Kyaw & Wai Yan
ပုံနှိပ်ခြင်း
ပထမအကြိမ်
၂၀၀၈ ခုနှစ်၊ ဩဂုတ်လ။
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၁၀၀ ကျပ်
မြန်ဒီဇော်
စိုးမိုးစာပေ

BURMESE CLASSIC .com

## အခန်း (၁)

ကြွပ်ဆတ်ဆတ် ကြွစောင်းစောင်း၊ သဏ္ဌာန်နှင့် ခပ်ဂျစ်ဂျစ်နိုင်သော 'မှော်' ဆိုသည့် ကောင်လေးကြောင့် 'မာ' အကြီးအကျယ် စိတ်ညစ်ရပါ၏။ ထီမထင်မျက်နှာပေးနှင့်သူသည် သူဖြစ်လိုသည့် ဆန္ဒနှင့် မာ့ လွတ်လပ်ခွင့်ကို ဆောင်ခတ်ပိတ်လှောင်ထားခဲ့သည်။ ထို့ပြင် ဖျောက်ဖျက်မရသည့် သူ့ဇာခေါင်းမာမှု၊ ပေတိပေကတ်နှင့် ဖွတ်တရွတ်ဆန်မှုများသည် မာ ရုန်းထွက်ခွင့်မရအောင် တုပ်နှောင်ခဲ့သည်မှာ မာ ကလေးဘဝကတည်းက ဖြစ်သည်။

မှတ်မှတ်ရရပြောရရင် သူနှင့်စတင်ကြုံတွေ့ရသည်က မာ ပဋ္ဌမတန်းကျောင်းသူပေါ့။ စပယ်လမ်းထဲသို့ တိုက်ပြောင်းနေရသည့် မာ သည် စပယ်လမ်းနှင့် နှစ်လမ်းကျော်မှ အထက်တန်းကျောင်းသို့



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းတက်ရသည်။ ကျောင်းပြောင်းလာသည့် 'မာ'တွင် သူငယ်ချင်း အပေါင်းအသင်း မရှိသေး။ ပထမဦးဆုံး ကျောင်းစတက်နေ့ဖြစ်တာကြောင့် ဆရာမ နေရာချပေးသည့် နောက်ဆုံးခုံတန်းမှာ မာ တစ်ယောက်တည်း ထိုင်နေသည်။

ထိုစဉ် မာ့ ရှေ့သို့ အရိပ်တစ်ခု အုပ်မိုးလာသည်။ အရိပ်ပိုင်ရှင်ကို မာ မော့ကြည့်လိုက်တော့ အတန်းထဲကဖြစ်ဟန်တူသည့် ကောင်လေးတစ်ယောက်၊ မာ့ ကို စူးစမ်းသလို အကဲခတ်သလို စိုက်ကြည့်လာသည်။ ထိုကောင်လေးနှင့် မာ အကြည့်ချင်းဆုံသည်။ သူ့အကြည့်က လင်းလက်တောက်ပပြီး နက်ရှိုင်းလွန်းလှသည်။ မာ အကြည့်လွှဲဟန်ပြင်စဉ်

BURMESE CLASSIC .com

''ဟေ့ နင်ကျောင်းသူ အသစ်လား''

ဟု ထိုကောင်လေး ဦးစွာမေးသည်။ သူ့အသံက မာလွန်းဆတ်လွန်းပေမယ့် တစ်စုံတစ်ရာပျော်ဝင်သလို ဆွဲငင်အားပါသည်ဟု မာ ခံစားမိသည်။

''ဟုတ်တယ်''

မာ ခပ်တိုးတိုးဖြေစဉ် သူ့မျက်ဝန်း လင်းလက်လာပြီး

''နာမည် ဘယ်လိုခေါ်လဲ''

ယောကျ်ားလေးဖြစ်ပြီး စပ်စုတတ်တဲ့ ဗီသနာပါဟန်တူသည်။ မာ က စပ်စုတတ်သူကို သိပ်ဘဝင်မကျတာကြောင့် မဖြေ။ စာအုပ်ကို လှန်လှောနေမိသည်။

''ဟေ့ မေးနေတယ်လေ''

သူ စိတ်မရှည်စွာ ထပ်ဆင့်ဆိုလာသည်။ သူ့ပုံစံက မာ မပြောမချင်း ဖွတ်မေးမည့်ပုံပေါ်တာကြောင့်

''ကုမာရ''





လို့ ဖြည်းညှင်းစွာ ဖြေလိုက်စဉ် သူ့မျက်ခုံးနှစ်ဘက် အပေါ် ပင့်တက်သွားသည်အထိ အံ့သြသွားပြီး

''ဘာ၊ ဘာ၊ ပြန်ပြောကြည့်စမ်း''

ကျစ် ဒီကောင်လေးနဲ့ ခက်တော့တာပဲ။ နားထိုင်း နေရော့လား။

''နင့်နာမည်က ဘာ၊ ပြန်ပြောကြည့်စမ်း''

''ကုမာရ လေ၊ ကုမာရ၊ နင် နားပင်းနေသလား''

မာ ခပ်ဆတ်ဆတ်ဆိုလိုက်သည်။ ထိုအခါ သူ မျက်ဝန်း တဖိတ်ဖိတ်တောက်သွားပြီး

''ကုမာရ''

မာ့ နာမည်ကို သူအကြိမ်ကြိမ် ရေရွတ်တော့သည်။ မာ့ နာမည်က သူ့အတွက် ဒီလောက်ထိ အံ့သြနေဖို့ မလိုဘူးထင်တယ်။ သူက ဘာဖြစ်လို့ ဒီလောက်တောင် အံ့သြနေရတာလဲ။

''ဟုတ်တယ်လေ၊ မာ့ နာမည် ကုမာရ''

''အို၊ ဝမ်းသာလိုက်တာ မာ ရယ်''

သူ့မျက်ဝန်းအိမ်မှာ မျက်ရည်စို့သည်အထိ အားရဝမ်းသာ ဖြစ်ကာ မာ့ လက်လေးကို ဖျစ်ညှစ်ဆုပ်ကိုင်တော့သည်။ ရုတ်တရက် သူ ဆုပ်ကိုင်လာတော့ မာ လန့်သလိုဖြစ်သွားပြီး

''အို၊ ဘာလို့ ကိုင်ရတာလဲ''

မာ လက်ကို အတင်းရုန်းခါမိသည်။ ထိုအခါ သူ တင်းကျပ်စွာ ဆုပ်ကိုင်ပြီး

''မာ ရယ်၊ နင့်ကို ငါ အရမ်းချစ်သွားပြီဟာ၊ နင်က ငါ့ရဲ့ ညီမလေးလုပ်ရမယ်။ ငါ့ရဲ့သူငယ်ချင်းလုပ်ရမယ်နော် မာ့ နော် မာ''



www.burmeseclassic.com

www.burmeseclassic.com



မဆီမဆိုင် သူညီမလေး၊ သူသူငယ်ချင်း လုပ်ရမတဲ့။ မလုပ်ချင်ပေါင်။ သူ့ဘာသူ ဖွတ်လာခေါ်၊ နာမည်မေး၊ ပြီးတော့ ညီမလေးလုပ်၊ သူငယ်ချင်းလုပ် ဆိုပြီး အတင်းအကျပ်လာပြောတာ အမြင်ကပ်ဖို့ကောင်းပါရဲ့။

''နော် မာ၊ မာဟာ ငါ့ညီမ၊ ငါ့သူငယ်ချင်းနော်''

မာ ခေါင်းမညိတ်၊ ခေါင်းမခါ၊ သူ့ကိုသာ ခပ်စူးစူးလေး စိုက်ကြည့်နေမိသည်။ သူက အတိုင်းမသိ ဖမ်းသာမြူးတူးဟန်လေးနဲ့

''ငါ့နာမည် မှတ်ထား။ မော် တဲ့''

ရော် ခက်တော့တာပဲ။ သူ့နာမည်ကို မာ မမေးဘဲနဲ့ အတင်းမိတ်ဆက်နေတာ အမြင်ကတ်ဖို့ကောင်းတယ်။

''မှတ်မိရဲ့လား မာ။ ငါ့နာမည် မှတ်မိလား''

သူက မာ ခင်ချင်စိတ်ရှိမှန်း၊ မရှိမှန်း မစဉ်းစားဘူး။ သူ့နာမည်ကို မှတ်မိလား။ မမှတ်မိလားဆိုတာ စစ်ကြောနေတာ စိတ်ရှုပ်စရာကောင်းလှသည်။

''မှတ်မိရင် ပြောကြည့်စမ်းပါ မာ ရယ်''

သူ အကြိမ်ကြိမ် ဖွတ်တောင်းဆိုလာစဉ် မာ စိတ်အချဉ် ပေါက်လာသည်။

''မှတ်မိတယ်''

''မှတ်မိရင် ပြောကြည့်စမ်းပါ''

မာ နှုတ်ခမ်းတစ်ချက်စူလိုက်ပြီး

''သဝေထိုး မ ဟထိုး ရေးချ ရှေ့ထိုး မော် မော်၊ ဟုတ်ပြီလား''

မာ အမြင်ကပ်ကပ် ရွတ်လိုက်တော့ ကောင်ဆိုးလေးက သဘောကျစွာ ပြုံးပြီး





''အိုး မာ ဉာဏ်သိပ်ကောင်းတယ်''

မဆီမဆိုင် မာ့ကို ချီးကျူးလာသည့် မော် ကို မျက်မှောင် တွန့်ကြုတ်၍ ကြည့်မိသည်။ သူက မာ စိတ်မှာ ဘာရှိသည် မရှိသည်ကို ဆိုတာထက် သူ့စိတ်မှာရှိသည့်အတိုင်း မာ့ကို စိရင်လာသည်။

''မာ၊ နင်နဲ့ငါ အရင်းနှီးဆုံး သူငယ်ချင်းဖြစ်သွားပြီဟာ၊ ဒါကြောင့် မာ ငါ့အနားမှာ ထိုင်ရမယ်'' ဟု မာ့ လက်ကို အတင်းဆွဲခေါ်တော့သည်။

''အိုး မထိုင်ဘူး''

မာ ငြင်းတော့ သူ့မျက်နှာပေး တွန့်ကြုတ်၍ ညိုမှောင် သွားပြီး

''မထိုင်လို့ မရဘူး မာ။ နင် ငါ့အနားမှာပဲ ထိုင်ရမယ်''

ပြောပြောဆိုဆို မာ့ လွယ်အိတ်ကို ဆတ်ခနဲ ဆွဲယူ၍ သူ့ဘေးက စားပွဲပေါ်တင်လိုက်သည်။ ထို့နောက် မာ့ကို အတင်းဆွဲ၍ သူ့ဘေးခုံမှာ ထိုင်စေသည်။ ထိုသို့ အတင်းအကျပ် ပြုမူလာသည့် သူ့အသွင်ကြောင့် မာ ဒေါသထွက်လာသည်။

''ဒီမှာ မော်။ နင် ငါ့ကို ဘယ်လိုထင်နေလဲ။ ငါ့ကို ဆရာမ ပေးတဲ့နေရာမှာ မာ ထိုင်မယ်။ နင်က ယောက်ျားလေး၊ မာက မိန်းကလေး၊ ယောက်ျားလေးအတန်းမှာ ထိုင်နေရင် မာ့ကို ဆရာမ ဆူလိမ့်မယ် သိရဲ့လား။ နင် မာ့ကို ဖွတ်မလုပ်နဲ့''

မာ အသံကျယ်ကြီး အော်မိသည်။ ထိုအခါ ဆရာမကို သူ အပြေးအလွှားခေါ်လာပြီး

''ဆရာမ၊ မာက သားရဲ့ညီမ၊ သားသူငယ်ချင်း၊ သားနားမှာ ထိုင်ခွင့်ပေးပါနော် ဆရာမ''



www.burmeseclassic.com

www.burmeseclassic.com



ဆရာမကို သူဦးစွာ အကြောင်းကြား၍ ခွင့်တောင်းစဉ် ဆရာမ သူ့ဘက်လိုက်ပြီး

''သမီး မှော် အနားမှာ ထိုင်လိုက်ပါကွယ်''

လို့ ဆိုလေ၏။

သူ့ဘက်လိုက်ဆိုသည့် ဆရာမကို မာ အံ့ဩရသည်။ ဘာကြောင့် ဒီဖွတ်ကောင်လေးဆန္ဒကို လိုက်လျောရတာလဲ။ မာ မစဉ်းစားတတ်တော့။

''ဆရာမပြောတာ ကြားတယ်နော်။ မာ ငါ့အနားမှာပဲ ထိုင်ရမယ်၊ ဒါပဲ''

သူထုတ်ပြန်သည့် အမိန့်အတိုင်း မာ သူ့အနားမှာ ထိုင်ရတော့သည်။ မာ စိတ်ဆန္ဒအရ သူ့အနားမှာ မထိုင်ချင်။ ဟိုရှေ့ဆုံးတန်းက ကောင်မလေးတွေနားမှာ ထိုင်ချင်သည်။ ဒီလိုနဲ့ မာ သူ့အမိန့်၊ သူ့ဩဇာခံ ဖြစ်ခဲ့ရသည်။ မာ နှုတ်ခမ်းစူ၍ မကျေနပ်ကြောင်း သက်သေပြလျှင် သူ ပြုံးကြည့်၍ ရယ်မောနေတတ်သည်။ ထို့ပြင်

''မာရယ်၊ နင်က အရမ်းချစ်ဖို့ကောင်းတဲ့ ညီမလေးပဲ သိလား။ အရမ်းခင်ဖို့ကောင်းတဲ့ သူငယ်ချင်းပဲ''

လို့ လှိုက်လှိုက်လှဲလှဲ ဆိုတတ်သည်။ မာ မျက်စောင်းခဲကြည့်နေပေမယ့် သူ အပြုံးမပျက်ခဲ့။ သူ အပြုံးပျက်အောင် မာ ဖန်တီးချင်သည်။ မာ ကျောင်းစတက်တဲ့ သုံးရက်မြောက်နေ့ အတန်းသူ ကောင်မလေးသုံးယောက် သူ့ အပြင်ထွက်သည်ကို မြင်သည်နှင့် မာ့ အပါးရောက်လာပြီး

''ကုမာရ၊ ငါတို့အနားမှာ ထိုင်မလား''

မာ့ကလည်း၊ ထိုင်ချင်နေတာ အူထနေတာနဲ့ ချိန်ကိုက်





ထားသလို ဖြစ်သွားသည်။ မာ မြူးတူးသွားပြီး

''ထိုင်မယ်၊ ထိုင်မယ်၊ မာ က မှော့် အနားမှာ ထိုင်ချင်တာ မဟုတ်ဘူး သိလား''

''အေး၊ ငါတို့ကလည်း မာ ကို ဒီကောင်စုတ်နားမှာ မထိုင်စေချင်ဘူး''

''လာ၊ လာ၊ မှော် အပြင်ထွက်တုန်း၊ ငါတို့အနားမှာ တိတ်တိတ်လေး လာထိုင်နေ''

မာ ကလည်း ချက်ချင်း လွယ်အိတ်ဆွဲ၍ ရှေ့ဆုံးခုံ ထောင့်အကျဆုံးနေရာမှာ ဝင်ထိုင်လိုက်သည်။ မှော် အတန်းထဲ ဝင်လာစဉ် မာ ခေါင်းငုံ့၍ ငြိမ်နေလိုက်သည်။ မာကို မတွေ့ရတော့ သူ့နှုတ်ခမ်းပါးပေါ်က အပြုံးလွင့်ပျောက်သွားသည်။ ကျီးကန်းတောင်းမှောက်မျက်ဝန်းနဲ့ မာ့ကို တစ်ခန်းလုံး ဝေ့ဝိုက်ရှာသည်။ တန်းစီပြီးထိုင်နေသည့် ကောင်မလေးသုံးယောက်ကို အကာကွယ်ယူ၍ ခေါင်းငုံ့ထိုင်နေသည့် မာ့ကို မြင်သွားစဉ် သူ မျက်နှာတင်းမာလာသည်။

မာ ရှေ့ ဖျပ်ခနဲ ရောက်လာပြီး၊ မာ့ လွယ်အိတ်နဲ့ မာ့ကို အတင်းဆွဲတော့သည်။

''လာခဲ့၊ မာ''

''အိုး မာ ဒီမှာထိုင်ချင်တယ်''

''ဟုတ်တယ် မှော်၊ ကုမာရက ငါတို့နဲ့ထိုင်ချင်တယ်တဲ့''

မာ့ ဘက်က ထိုကောင်မလေးတွေ စောဒကတက်စဉ် သူ့မျက်နှာပေး ရင့်လာပြီး

''ဒီမှာ စိုးမေ၊ နောက်တစ်ခါ ငါ့အနားက မာ့ ကိုခွဲဖို့ လုပ်ရင် ဟောဒီမှာကြည့်၊ လက်သီး''



www.burmeseclassic.com

www.burmeseclassic.com



ထိုကောင်မလေးသုံးယောက်ကို သူလက်သီး ချိန်ရွယ်လိုက်စဉ် ကောင်မလေးတွေ အတွန့်မတက်ရဲတော့။

"ဒီမှာ မာ၊ နင်လည်း သတိထား။ သူများခေါ်တိုင်း လိုက်သွားကြည့်၊ ငါ့အကြောင်း သိသွားမယ်"

ဟု မာ့ကို မာန်မဲတော့သည်။ သူ့ရဲ့ ဖွတ်ဆန်မှုအတွက် မာ့ဘက်က အားပေးမယ့်သူ မရှိတော့။ သူ့ကိုတစ်တန်းလုံးက ကြောက်ဟန်တူသည်။ မာ့လက်ကိုဆွဲ၍ ထိုကောင်မလေးတွေ အတန်းထဲက ခေါ်ထုတ်စဉ် ဘယ်သူမှ ဝင်မတားတော့။ နောက်ဆုံးတော့ မာ ခြေဆောင့်၍ သူ့နားရောက်သွားရပြန်သည်။

"မာ၊ နင် ငါ့ကလွဲပြီး ဘယ်သူနဲ့မှ မပေါင်းရဘူး။ ငါလဲ ဘယ်သူနဲ့မှ မပေါင်းဘူး။ ကြားတယ်နော်"

သူ ဆိုစဉ်၊ မာ ခေါင်းမညိတ်။ သူ့အမိန့်ကို မာ အသိအမှတ်မပြုချင်။

"ခေါင်းညိတ်လိုက်စမ်းပါဟာ"

လို့ သူကပဲ စိတ်မရှည် ဖြစ်လာသည်။ မာ ဦးခေါင်းညိတ်ရန် သူ့လက်နှစ်ဘက်နှင့် မာ့ ဦးခေါင်းကို ဆုပ်ကိုင်၍ ညိတ်ဟန်လုပ်တော့သည်။ ဒါတင်မက နေ့လည်စာ စားတဲ့အခါမှာလည်း မာ လွတ်လပ်ခွင့်မရပါ။ သူက မာ့ကို ကလေးတစ်ယောက်လို တယုတယ ခွံ့ကျွေးတတ်သည်။

"အိုး မာ့ဘာသာ စားမယ်" ပေါ့။

မာ တင်းငြင်းရင်လည်း မရ။

"မာ ရယ်။ နင့်ဘာသာ စားတော့ ပါးစပ်တစ်ဝိုက်မှာ ထမင်း ဟင်းတွေ ပေကျံတာပေါ့ဟာ။ ဒါကြောင့် ငါ ခွံ့ကျွေးတာ၊ မာ ပါးစပ်အသာလေးဖွင့် ဟလိုက်။ ငါကျွေးတာကို စားလိုက်ပါ။





စားပါ၊ စားလိုက်ပါ"

ချော့သံပျော့နှင့် အတင်းခွံ့ကျွေးလာသည့်အခါ မာ ငြင်း၍ မရတော့။ မာ့ ဘာ့သာ ခပ်စားခွင့်မရလို့ ဘဝင်မကျပေမယ့် သူ၏ ဖွတ်ကျွေးမှုကို စောဒက မတက်နိုင်ဘဲ စားရတော့သည်။

မုန့်စားချိန်ဆိုလည်း ဒီအတိုင်းပဲ။ မာ စားချင်တဲ့မုန့်ကို ကျောင်းမုန့်ဈေးတန်းမှ မာ စိတ်ကြိုက် ဝယ်စားခွင့် မရခဲ့။

"မာ့ကို သူများတွေနဲ့ တိုက်မိလိမ့်မယ်။ ငါပဲသွားဝယ်မယ်"

ဆိုပြီး သူ့မုန့်သွားဝယ်သည်။ သူဝယ်လာတဲ့မုန့်က မာ စားချင်တဲ့ မုန့်တွေမဟုတ်။

"ဟွန်း မာက အသုပ်စားချင်တယ်။ ဖီးထုပ်နဲ့ မက်မန်းသီး ငပိခေါင်း ကြိုက်တယ်။ ဒါတွေ မစားချင်ဘူးဟာ"

သူ ဝယ်လာတဲ့ ချောကလက်နဲ့ ဝေဖာ ကို မာငြင်းရင် သူ့အသွင်က လူကြီးလို မျက်နှာပေးတည်တည်လေးဖြစ်သွားပြီး

"ဟာ၊ အသုပ်တွေဘာတွေက မာနဲ့ ထည့်မှာမဟုတ်ဘူး။ အဲဒါတွေက မသန့်ရင် ဝမ်းလျှောတတ်တယ် မာ၊ မလိုင်တုံးနဲ့ ချောကလက်က အားအင်ပြည့်စေတယ်၊ မာရယ် စားပါနော်၊ စားလိုက်ပါ။ ညီမလေးက လိမ္မာပါတယ်"

သူ ချော့၍ပြောရင်း မာ့ ပါးစပ်ထဲ မလိုင်တုံးတစ်ခု ထိုးထည့်လိုက်တော့သည်။ မာ ငြင်းပယ်ခွင့် မရတဲ့အဆုံး မလိုင်တုံးကိုသာ ခပ်နာနာဖိဝါးရတော့၏။ သူ့ကြောင့် မုန့်ဈေးတန်းမှာ မာ ကိုယ်တိုင် မုန့်ဝယ်ခွင့်၊ ကြိုက်ရာမုန့်ကို လွတ်လပ်စွာ စားသောက်ခွင့်မရခဲ့။ ထို့ကြောင့် သူ့ကို မာ ဘဝင်မကျ။ ဒါပေမယ့် သူက မာ နားမလည်တဲ့ သင်ခန်းစာကို စိတ်ရှည်လက်ရှည် ရှင်းပြတတ်သည်။ မာ့ကို စာတွေ ကူလုပ်ပေးသည်။ မာ့ကို



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသွားရင် ဝင်ကြို၊ ကျောင်းပြန်ရင် ပြန်ပို့တတ်သည်။ သူ့ကြောင့် မေမေ၊ ဖေဖေတို့နဲ့ သူ့ဒယ်ဒီ၊ မာမီ တို့ အတိုင်းထက် အလွန် ခင်မင်ရင်းနှီးလာသည်။

ဒါတင်မက ကျောင်းပိတ်ရက်မှာလည်း မှာ့ ဆီမှာ သူလာနေသည်။ အဆိုးဆုံးက မှာ့အနားမှာ ညအိပ်လေ့ရှိသည်။ သူ ညအိပ်ခွင့်ရရန် သူ့ဒယ်ဒီနဲ့ မာမီ လိုက်လာ၍ ဖေဖေနဲ့ မေမေဆီမှာ ခွင့်တောင်းသည်။

"သားက သမီးမှာ နားမှာ ညအိပ်ချင်လို့တဲ့"

"အို၊ နေပေါ့။ သားကိုလည်း သက်တို့ သားလိုချစ်ရပါတယ်။ ညပဲအိပ်အိပ်၊ နေ့ပဲနေနေ၊ ကြိုက်သလို နေပါစေ"

လို့ မေမေတို့ အသာတကြည် ခွင့်ပြုတော့သည်။

"အို၊ မာ ခွင့်မပြုနိုင်ဘူး မေမေ၊ သူ့နားမှာ တစ်နေ့လုံးနေရတာ ငြီးငွေ့တယ်။ ညပါ မှာ့ နားမှာ အိပ်မယ်ဆို မာ အသက်ရှုကျပ်ပြီး သေသွားနိုင်တယ် မေမေ၊ သူ့အိမ် သူပြန်အိပ်ပါစေ"

မာ အကြောက်အကန် ငြင်းမိ၏။ မေမေက မှာ့ကို ချော့မော့ ထွေးပိုက်၍

"သမီးကလည်း၊ နေ့ည သမီးအဖော်ရအောင် မှော် နေတာပါကွယ်။ နေပစေနော်။ ညဘက်ဆို သမီးကို စာကူကျက်ပေးနိုင်တော့ သမီး၊ စာပိုတော်လာမှာနော် သမီး"

"ဟွန်း မနေနဲ့၊ မနေနဲ့"

မာ နှုတ်ခမ်းစူ၍ တွင်တွင်ငြင်းမိ၏။ မာ၏ ငြင်းဆန်မှုကို မေမေနဲ့ သူ့ဒယ်ဒီ၊ မာမီက သဘောကျစွာ ရယ်ကြသည်။

"သားရယ်၊ သား ညီမလေးကို သားပဲ ချော့ပါကွယ်"





လို့ မေမေကဆိုစဉ် သူ မှာ့အနား ရောက်လာပြီး

"မာ"

"မခေါ်နဲ့"

"မာ၊ ဘဲကင်စားချင်တယ်ဆို"

ဘဲကင် ဆိုသည့်အသံကြောင့် မာ မျက်ဝန်းတောက်လာသည်။ ဒါပေမယ့် သူ့ကို အနည်းငယ်မှုနိုင်မှ ကောင်းမည်။ မာမျက်နှာနုနုလေး ဖောင်းပွ၍

"အဲဒါ မနေ့က ပြောတာ"

"ငါ ဒီနေ့ ဘဲတစ်ကောင် ကင်လာတယ်။ ငါကိုယ်တိုင် ညီမလေးအတွက် ကင်လာတာ"

"ယုံဘူး။ ယုံဘူး။ သွား"

"မယုံဘူးလား။ မယုံရင် ဟောဒီမှာ ကြည့်"

ဘဲကင်ထည့်ထားသည့် ပါကင်အိပ်ကို ဖွင့်ပြစဉ် မာ သွားရည်ကျသွား၏။

"လာ မာ၊ နင့်ကို ခွံ့ကျွေးမယ်"

ဘဲကင်အိပ်ကို တစ်ဖက်၊ မှာ့လက်တစ်ဘက်ကို ဆွဲ၍ သူ ထမင်းစားခန်းထဲ ဦးဆောင်ခေါ်သွားစဉ် မာ မသွားချင် သွားချင် တွန့်ဆုတ်ဆုတ်ဟန်နှင့် သူ့နောက် လိုက်ပါခဲ့မိသည်။ ဒီလိုနဲ့ သူက နေ့နေ့ညည မှာ့ အပါးမှ အရိပ်လို ရှိနေတော့၏။ သူ့မိဘနဲ့ မှာ့ မိဘက မာနဲ့ပတ်သက်ပြီး သူ ဘာပဲတောင်းဆိုခဲ့ပါစေ အပြည့်အဝ လိုက်လျောကြသည်။ ထို့ကြောင့် သူ့ကို မာ ဘဝင်မကျသလို၊ နှစ်ဘက်မိဘတွေကိုလည်း ဘဝင်မကျ။ ဘဝင်မကျဆုံးက မာတို့ ပဥ္စမတန်း၊ စာမေးပွဲ ဖြေခါနီးပေါ့။ မာတို့ခြံ ဘေးချင်းကပ် မြေကွက်လပ်ကျယ်နဲ့ တိုက်ကြီးကြီးရောင်းရန် ဆိုင်းဘုတ်ကပ်လိုက်စဉ် သူ



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး

''မာမိ အဲဒီတိုက်နဲ့ အဲဒီခြံကို ဝယ်ပေး။ ဒီတော့မှ မာမိတို့လည်း မာ နဲ့ အနီးကပ်နေလို့ရမယ်။ သားလည်း မာမိတို့နဲ့ နီးနေမှာပေါ့။ နောက်ဆို တစ်ပတ်တစ်ခါ မာမိတို့ဆီ ပြန်ရတယ်၊ သား မာ့ကို စိတ်မချဖြစ်ရတယ်လေ၊ နော် ဒယ်ဒီ၊ ဝယ်ပေး''

သူ တောင်းဆိုစဉ် အံ့ဩစရာကောင်းသည်က သူ့ဒယ်ဒီနဲ့ မာမိ စောဒကတက်ခြင်းမရှိဘဲ ချက်ချင်း ဝယ်ပေးလိုက်တော့၏။ ထိုနောက် သူတို့တိုက်နဲ့ မာတို့တိုက်ကြားက ခြံစည်းရိုးကို သူကိုယ်တိုင် အလုပ်သမားခေါ်၍ ဖျက်ခိုင်းလိုက်တော့သည်။

သူ့ကြောင့် မာ တစ်ပတ်မှာတစ်ရက် လွတ်လပ်ခွင့်ရတဲ့ အခွင့်အရေး ဆုံးရှုံးသွားတော့သည်။ ထိုတိုက် ဝယ်ယူပြီးသည့်နေ့ကတည်းကစ၍ မာ သူနဲ့ ခွဲမရအောင် ဖန်တီးလိုက်တော့သည်။ သူတို့တိုက်မှာ မာနဲ့ သူ့အတွက် အခန်းတစ်ခန်း စီရင်လိုက်သည်။ သူက သူ့တိုက်မှာ သွားအိပ်ရင် မာပါ လိုက်အိပ်ရသည်။ သူ့မျက်စိအောက်မှာ အချိန်ပြည့်နေထိုင်ရသောကြောင့် မာ စိတ်ကျဉ်းကြပ်လာသည်။ စိတ်ကျဉ်းကြပ်သည်နှင့်အမျှ သူ့ဆန္ဒကို တွန်းလှန်ချင်သည်။ ဒါကြောင့် မေမေ့နားကပ်၍

''မေမေရယ်၊ မော့်အနားမှာ မာ မနေချင်ဘူး။ မာတို့ ဒီခြံရောင်းပြီး မော်နဲ့ဝေးတဲ့နေရာမှာ ပြောင်းနေရအောင်လား။ မော် မသိအောင် ပြောင်းနေကြစို့လား မေမေ''

''သမီးရယ်၊ သမီးကို ခင်လွန်းလို့ အရိပ်လိုစောင့်ကြည့်နေတဲ့ မော့် ခင်မင်မှုကို ငြီးငွေ့မရှုပါနဲ့ကွယ်။ မော့်လို အနီးကပ်နေပြီး ဂရုတစိုက် တွယ်တာရှာတဲ့ သူငယ်ချင်းတစ်ယောက်ရတာ သမီး သိပ်ကံကောင်းတာပဲကွယ်။ သမီး မော့်အပေါ်မှာ တစ်မျိုး





မမြင်ပါနဲ့၊ နော် သမီး''

မာ၏ တောင်းဆိုမှုက အရာမထင်ခဲ့။ သူ့ကြောင့် မာ လွတ်လပ်ခွင့် အားလုံး ကျရှုံးခဲ့ရသည်။ မာ့စိတ်နှင့် မာ့ဆန္ဒအတိုင်း လွတ်လပ်စွာ နေထိုင်ပြုမူခွင့် မရခြင်းအတွက် အခွင့်အရေးရတိုင်း မာ ဂျစ်တိုက်မိသည်။ နှုတ်ခမ်းစူမိသည်။ သူ့ကို ကုတ်ဖဲ့မိသည်။ ရိုက်ထုမိသည်။ ဒါပေမယ့် သူ့အပြုံးမပျက်ခဲ့။ သူ့အပါးမှာ မာ ရှိနေခြင်းအတွက် သူ မြူးတူးနေတတ်သည်။ သူ့အဆိုအတိုင်း မာ့ဆန္ဒ မပါဘဲ မာဟာ သူ့ညီမ သို့မဟုတ် သူ့သူငယ်ချင်း ဖြစ်နေရတော့သည်။

ဒီလိုနဲ့ တစ်နှစ်ပြီးတစ်နှစ်၊ တစ်တန်းပြီးတစ်တန်း တက်ခဲ့သည်။ အထူးသဖြင့် မာ ဆယ်တန်းတက်သည့်နှစ်တွင် သူ့အသွင်သည် ပို၍ ထူးခြားလာသည်ဟု မာ သတိထားမိသည်။

သူ့အကြည့်က ငယ်ငယ်ကလို မဟုတ်။ ခပ်ရူးရူးလေး တောက်ပကာ မာ့ကို အတန်ကြာ ငေးကြည့်နေတတ်သည်။ မာ့ကို ပို၍စိုးရိမ်လာသည်။ ပို၍ စိတ်မချ ဖြစ်လာသည်။ တစ်ခါတစ်ရံ မာ့ကိုကြည့်၍ အလိုမကျသလို မျက်နှာကြောတင်းနေတတ်သည်။ မာ့အနားမှာ စကားမလပ်နေတတ်သည့် သူသည် ခုတော့ ခပ်ခွာခွာ နေတတ်လာသည်။ သူ ဘာကြောင့် ပြောင်းလဲလာသည်ဆိုတာ မာ မတွေးတတ်။ တစ်နေ့ မာ စာရေးနေစဉ် သူ ထူးထူးခြားခြား မေးလာသည်။

''မာ''

''ပြော''

မာ သင်္ချာတစ်ပုဒ်တွက်ရင်း ထူးသည်။

''ဥါဘက် လှည့်ပါ''



www.burmeseclassic.com

www.burmeseclassic.com

''ဟာ၊ မာ သချ်ာ တွက်နေတယ်ဟာ''

''ဟဲ့ပါ၊ နောက်မှတွက်၊ ငါ အရေးကြီးတာ မေးချင်လို့''

မာ့ လက်ထဲက ဘောပင် ကိုဆွဲလုရင်း ဆိုလာသည့် သူက တစ်ခါတစ်ခါ အဲသလို ဖွတ်သမား။ မာ စိတ်မရှည်စွာ သူနဲ့ မျက်နှာချင်းဆိုင်ပြီး

''ကဲ မေး၊ မေးစေ၊ ဘာ အရေးကြီးတာလဲ''

မေးစေ ဆိုတော့လည်း သူ ချက်ချင်းမမေး။ မာ့ကို အံ့ဩတဲ့ မျက်ဝန်းဝိုင်းကြီးနဲ့

''မာ အသားမှာ ဘာတွေလိမ်းထားလဲ'' တဲ့။

''ဘုရားရေ''

မာ ရင်ဘတ်ဖိ၍ အားရပါးရ ရယ်လိုက်မိသည်။

''ဒါလား၊ အရေးကြီးတဲ့စကား၊ မာ ဘာမှမလိမ်းဘူးဆိုတာ နင်သိတာပဲ''

''ဟုတ်တယ်၊ မာ သနပ်ခါး ပုံမှန်မလိမ်းဘူးဆိုတာ ငါ သိတယ်၊ ဒါပေမယ့် မာ့ အသားက တစ်ခုခုလိမ်းထားသလို မွှေးနေလို့၊ ငါအံ့ဩနေတာ၊ ငါမသိအောင် တစ်ခုခုလိမ်းသလား။ အဲဒါ သိချင်လို့''

''မလိမ်းပါဘူးဟာ၊ မာက ဒီလောက်ပျင်းတဲ့သူ၊ ရေတောင် မှန်မှန်ချိုးချင်တာ မဟုတ်ဘူး''

''ဟုတ်ပါတယ်၊ မာညစ်ပတ်တာ ငါသိတယ်၊ အခု မာ့ အသားမွှေးနေတော့ ငါ အံ့ဩတာပေါ့ဟာ''

''အင်း နင့်နှာခေါင်း မကောင်းတော့ဘူးထင်တယ်၊ မော်ရယ်၊ နှာခေါင်းအထူးကု ဆရာဝန်နဲ့ သွားပြသင့်ပြီ''

သူ့ပုံစံကိုကြည့်၍ မာ ရယ်ကျဲကျဲ ဆိုမိသည်။ သူ





အီလည်လည် ဖြစ်ပြီး

''ဒါ ရယ်စရာလား''

''ရယ်စရာပေါ့၊ နင် ခုတလော ဘာဖြစ်နေတာလဲ၊ နင့်ပုံစံ တစ်မျိုးပဲ၊ နေမကောင်းလို့လား''

မာ လူတတ်ကြီးလုပ်ပြီး နဖူးပေါ် လက်တင်စမ်းလိုက်သည်။

''ကိုယ်က မပူပါဘူး''

''နင် နေလည်းကောင်းပါတယ်၊ ဘာဖြစ်လို့ အဲလို မှုမမှန် ဖြစ်ရတာလဲ''

မာ့ မေးခွန်းကို သူမဖြေ။ သူ့မျက်ဝန်းက မာ့ နှုတ်ခမ်းလွှာ ဆူဆူလေးပေါ်မှာ ယစ်ဝဲနေဆဲ။

''ဖြေလေ၊ မဖြေဘူးလား၊ မဖြေရင် တိုင်ပြောလိုက်မယ်၊ မေမေ ဟောဒီမှာ''

''အို၊ မာ''

မာ့ ပါးစပ်ကို သူ့လက်ဖဝါးနဲ့ အတင်းပိတ်လိုက်ပြီး

''အာပြဲကြီးနဲ့ ဘာလို့အော်နေတာလဲ''

''အော်မှာပေါ့၊ နင့်အလှည့်ကျတော့ နင်မေးရင် မာ ချက်ချင်းဖြေရတယ်၊ အခု မာ မေးတော့ နင်မဖြေဘူး၊ ဒါ တရားလား၊ နင့်မာမိပြောထားတယ်လေ၊ နင် မတရားလုပ်ရင် တိုင်ပါတဲ့၊ အဲဒါ တိုင်မလို့ပေါ့''

သူ့မျက်နှာ နီမြန်းမြန်း အရောင်ဟပ်သွားပြီး

''ဟာ မာနဲ့တော့ ခက်တာပဲ''

''မခက်ချင်ရင် မာမေးတာ ဖြေလိုက်၊ အမြန်ဆုံးဖြေလိုက်၊ ကြားတယ်နော်''

မာ အကျပ်ကိုင်မေးတော့ သူ မလုံမလဲဖြစ်လျက်



www.burmeseclassic.com

www.burmeseclassic.com

''မသိဘူးဟာ၊ နှင့်ဖာသာ နှင် သချာတွက်တော့''

''ဟား ဟား၊ မာ့ကို ဒီလိုလုပ်လို့ မရဘူး။ နှင်မဖြေရင် မာ တိုင်မှာနော်၊ နှင့်ကို အန်တီနဲ့တင်မက အန်ကယ်နဲ့ပါ တိုင်မယ်''

မာ နိုင်ကွက်ရသွားပြီမို့ သူ့ကို ဖိနှိပ်ဖို့ စိတ်ကူးမိသည်။ အံ့ဩစရာကောင်းသည်က ဒီတစ်ခါ သူ ဒေါသမထွက်ပါ။ မာ့ကို မျက်နှာညှိုးညှိုးနဲ့ ငေးကြည့်ပြီး

''မတိုင်ပါနဲ့ဟာ၊ အဲဒီအတွက် မာ့ကို ဘဲတစ်ကောင် ကင်ကျွေးမယ်လေ''

''လာဘ်မထိုးကြေး''

သူ့မျက်နှာရှေ့ မာ လက်ညှိုးလေးနဲ့ ကရော်ကရော်လုပ်၍ မာ လှစ်ခနဲ ပြေးထွက်ခဲ့သည်။

''အန်တီစီရေ၊ အန်တီ့သား မတရားဘူး သိလား''

ဧည့်ခန်းမှာ ဝိုင်းဖွဲ့စကားပြောနေသည့် အန်တီစီကို မာ လှမ်းတိုင်လိုက်သည်။ မိဘလေးဦး စကားရပ်သွားသည်။ မေမေ မာ့ကို မျက်ခုံးပင့်ကြည့်၍

''မော် က ဘာမတရားတာလဲ သမီးရဲ့''

''မာ မေးတာကို မဖြေဘူးလေ၊ မော် အခုတလော မှုမှန်တဲ့ရောဂါဝင်နေတယ်၊ အန်တီ၊ ဆရာဝန်နဲ့ စစ်ဆေးကြည့်ပါဦး၊ တော်ကြာ ရောဂါကျွမ်းနေရင် ခက်မယ်။ မော့် အကြည့်က ကြောင်တောင်တောင်နဲ့၊ နောက်ပြီး မာ့ကိုလည်း ခပ်ရှောင်ရှောင်နေတာ၊ တစ်ခါတစ်ခါဆို မာ့ကိုကြည့်ပြီး အနာကျတဲ့ခွေးလို မှောက်နေတာ အန်ကယ်ရဲ့''

မာ ရှင်ရှင်မြူးမြူးတိုင်တန်းတော့ မေမေတို့ အားလုံး တအံ့တဩဖြစ်ကုန်သည်။ တစ်စုံတစ်ရာကို စိုးရိမ်သလို တွေးတော





ကြဟန် ငြိမ်သက်သွားသည်။ အန်တီစီ စိုးရိမ်တကြီးဖြစ်၍ မော့်ကို အခန်းထဲက ဆွဲထုတ်ခဲ့ပြီး

''သား၊ ဘာဖြစ်တာလဲ၊ ပြောစမ်း၊ ဘာဖြစ်တာလဲ''

အန်တီစီ မေးစဉ် မာ့ကို သူ မျက်နှာရဲရဲနဲ့ လက်သီးထောင်ပြသည်။ သူ မျက်နှာက ရှက်သလို ဘာလိုလိုနဲ့ သူ၏ အီလည်လည်ဖြစ်နေမှုကို ကြည့်၍ မာ ရယ်နေမိသည်။ မေမေကတောင် မာ့ကို မျက်စောင်းခဲကြည့်သေးသည်။

''သားရယ်၊ ဘာဖြစ်နေတာလဲ၊ ပွင့်ပွင့်လင်းလင်းပြောမှပေါ့ကွ''

အန်ကယ်က စိတ်မရှည်သလို ဆိုသည်။ သူ မျက်လွှာချ ငြိမ်ဝပ်လျက်

''ညဘက် စာကြည့်တာများလို့ မျက်လုံးကြောင်နေတယ် ထင်တယ်၊ နောက်ညတွေဆို ညဉ့်နက်တဲ့အထိ စာမကြည့်နဲ့လေ''

မေမေက မေမေ့အထင်နဲ့ မေမေဆိုသည်။ ထိုအခါ သူ ခေါင်းခါပြီး

''စာကြည့်လို့ မဟုတ်ဘူး''တဲ့။

''ဒါဆို၊ ဘာကြောင့်လဲ ပြောလေ''

အန်တီစီ ထပ်ဆင့်မေးတော့ သူ မဖြေချင့်ဖြေချင်နှင့်

''ဟို ဟို၊ မာ့ အသားက အရမ်းမွှေးနေတော့ သား စိတ်ထဲမှာ တမျိုးကြီး ဖြစ်နေလို့ပါ''

'ဟေ''

လူကြီးတွေ အံ့ဩပေမယ့် မာ အားရပါးရ ရယ်မိတော့သည်။ မာ ရယ်ပြီး

''မော် ရူးသွားပြီ ထင်တယ်''


www.burmeseclassic.com

www.burmeseclassic.com



လို့ ခပ်လှောင်လှောင် ဆိုလိုက်သည်။ မိဘလေးဦး တိတ်ဆိတ်ငြိမ်သက်စွာ သူ့ကို စူးစိုက်ကြည့်စဉ် သူ မျက်လွှာချလိုက်သည်။

"အဲဒီတော့"

အန်တီစီ ခပ်ဆဆမေးတော့ သူ မာ့ကိုတစ်ချက်ကြည့်သည်။ ထိုနောက် ဘာတစ်ခွန်းမှ မပြောဘဲ လှည့်ထွက်သွားတော့၏။ ပြောင်းလဲသွားသည့် သူ့ အမူအရာကြောင့် မေမေတို့ သက်ပြင်းကိုယ်စီ ချမိသည်။

အဲဒါ သူ့ရဲ့ ပထမအကြိမ် ပြောင်းလဲမှု။

ဒုတိယအကြိမ် ပြောင်းလဲမှုက၊

"မာ အလှမပြင်ရဘူးနော်" တဲ့။

အလှပြင်ဖို့စိတ်ဝင်စားမှု မရှိသည့် မာ့အတွက် သူ့အမိန့်က လိုက်လျောညီထွေ ရှိလှသည်။

သို့သော်၊

လိုက်လျောညီထွေမရှိသည်က သူ့စိတ်ဖြစ်သည်။

သူ့အမိန့်အတိုင်း မာ အလှမပြင်ပါ။ သနပ်ခါးပါးကွက်နှင့် ကပိုကရိုကျောင်းသွားတက်သည်။

စိတ်ကစားတတ်သည့် ဆယ်ကျော်သက်တို့၏ ထုံးစံအတိုင်း မာ့ကို ရွယ်တူကောင်လေးတွေ ကြည့်သည့်အခါ သူ အပြင်းအထန် ဒေါသထွက်ပြီး၊

"မြင်တယ် မဟုတ်လား။ ဟိုအကောင်တွေ နင့်ကို ပြူးပြူးပြဲပြဲ ကြည့်နေကြတာ၊ အဲဒါ နင့်မျက်နှာကြောင့်"

ဘုရားရေ၊ မာ့ မျက်နှာကြောင့်တဲ့။ သူတို့မျက်လုံးနဲ့ သူတို့ ကြည့်တာ အဆားပွဲပါတာမှ မဟုတ်တာ။





"နင့် မျက်နှာထားက ပြုံးချိုချို ဖြစ်နေတာကိုး၊ မျက်နှာထားကို ခပ်မာမာ တင်းထားပါလား"

"အေးပါ"

သူ တင်းနေတာကြောင့် မာ စောဒက မတက်တော့ပါ။ သူ့စိတ်ကျေနပ်အောင် ရွယ်တူကောင်လေးတွေရှေ့ရောက်ရင် မာ နှုတ်ခမ်းပါးကို တင်းတင်းပိတ်ပြီး မျက်နှာပြင်ကို တင်းမာထားမိ၏။

"နေပါဦး၊ အဲဒီကောင်လေးတွေက ဟို ပဋ္ဌမတန်းတည်းက မာ့ကိုမြင်ဘူးနေတာပဲ၊ ခုမှ ဘာဖြစ်လို့ အထူးအဆန်းလုပ်ပြီး ဂရုတစိုက် ကြည့်ကြတာလဲ"

မာ မေးလိုက်တော့ သူ့မျက်နှာပေါ် လျှို့ဝှက်သည့် အရိပ်တစ်ခု ဖြတ်ပြေးသွား၏။ အတန်ကြာမှ

"နင် တစ်နေ့တခြား လှလှလာတာကိုး" တဲ့။

"ဘုရားရေ၊ မာ လှလာတယ်"

သူပြောမှ မာ မှန်ပြေးကြည့်ချင်စိတ် ပေါက်လာသည်။ သူ့နှုတ်ခမ်းလွှာက မာ လှနေတာကို ဘဝင်မကျသလို ရှုရော်လျက်

"အေးပေါ့ဟ"

"မာ အလှမပြင်ဘဲ ဘယ်လိုလုပ် လှမလဲ"

မာ အရိုးသားဆုံး စောဒက တက်လိုက်သည်။

"အေး၊ အလှမပြင်ဘဲ လှနေတာက ထူးခြားတာ"

"ဟုတ်ရဲ့လား မော်ရယ်"

"ဟာ၊ တကယ်လှလို့ လှတယ်ပြောတာပေါ့ကွ၊ နင်တစ်နေ့တခြား အလှတွေတိုးလာတာ၊ နင့်ကိုယ်နင် မသိပေမယ့် ဟိုကောင်တွေ သိနေတယ်၊ နောက်ပြီး ငါလည်း သိနေတယ်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



မာ မျက်ခုံးပင့်၍ သူ့ကိုကြည့်မိသည်။ မာနဲ့သူ မျက်ဝန်းဖျပ်ခနဲ အကြည့်ဆုံသည်။

''အဲဒါကြောင့်ပြောတာ၊ မျက်နှာထားတင်းထား ဟုတ်ပြီနော်၊ ဒီနေ့ကစပြီး ဒီကောင်တွေ နင့်ကိုငေးမကြည့်မိအောင် မျက်နှာထားတင်းပြီး ခပ်တည်တည်နေ၊ ငါကလွဲပြီး ဘယ်ကောင့်ကိုမှ မကြည့်နဲ့၊ ဒါပဲ''

မာတော့ သူ့အမိန့်တွေအောက်မှာ ပိသေရတော့မယ်ထင်ရဲ့ အံ့သြပါ၏။ သူ့ကိုတော့ ကြည့်ရမယ်တဲ့။

''ငါပြောတာ ကြားရဲ့လား၊''

မာ ငြင်းရင် သူ မျက်ထောင့်နီနီနဲ့ ကြည့်ဦးမှာလေ ဒါကြောင့်

''အင်း၊ ကြားပါတယ်ဟာ''

''အေး ကြားရင်ပြီးရော၊ မာ့ကိုကြည့်တဲ့ အဲဒီကောင်တွေရဲ့ မျက်လုံးဝါဝါတွေကို ထိုးဖောက်ပစ်ချင်တယ်၊ တကယ်''

ဟု ထိုကောင်လေးတွေကို သူ တစ်ကိုယ်တည်း ရေရွတ်မာန်မဲတော့၏။ သူ့ရဲ့ အဖြစ်သည်းမှုကိုကြည့်ပြီး မာ အသက်ရှုကျပ်ပါ၏။ ဘာကြောင့် မာနဲ့ပတ်သက်ပြီးသူ ဒီလောက်ပြင်းထန်ရတာလဲ။ မာ သိတာက မမာချင်ဘဲ မာထားရသည့် မာ့မျက်နှာကို မှန်ထဲကြည့်မိပြီး မာ အလိုမကျဖြစ်ရပါ၏။

နဖူးပြင် ကျဉ်းကျဉ်းလေးအောက်က စိမ်းဖန့်ဖန့်မျက်ခုံး ညွတ်ကွေးကွေးနှစ်သွယ်၊ ရှည်လျားကော့ပျံသည့် မျက်တောင်များနှင့် ဝိုင်းရဲကာဆီးထားသည့် အရှည်လှဲလှဲ မျက်ဝန်းတောက်တောက်လေး အစုံ၊ ခပ်လွှင့်လွှင့်ပေါ်နေသည့် နှာတံ၊ နှုတ်ခမ်းပါး ဖူးဖူးလေး၊ ပါးပြင်ညက်ညက်ကလေး၊ ခပ်ဝိုင်းဝိုင်းသဏ္ဍာန်ရှိသည့် မာ့မျက်နှာ





လေးက မြင်ရုံနှင့်စွဲလမ်းသွားစေလောက်အောင် ချစ်စဖွယ် လှပလွန်းပါရဲ့၊ ဒီလောက်လှတဲ့ မျက်နှာထားကိုမှ အရုပ်ဆိုးအောင် မျက်နှာထား တင်းခိုင်းထားရက်တာ အံ့သြစရာ။ ဒါပေမယ့်လည်း သူ့အမိန့်အတိုင်း မျက်နှာထားတင်းတင်းထားရုံမှတစ်ပါး မာ ဘာမှ မတတ်နိုင်ဘူး။

မာ မျက်နှာထားတင်းထားတာကြောင့် တစ်ချို့ကောင်လေးတွေ မာ့ကို သိပ်မကြည့်ရဲကြ။ အထူးသဖြင့် မော် အနီးကပ်ရှိနေခြင်းကြောင့် သူတို့ အတင့်မရဲတာလည်း ဖြစ်နိုင်တယ်။ ဒါပေမယ့် ခပ်ရဲရဲနိုင်လှတဲ့ တချို့ကောင်လေး သူ့ကို အမြင်ကပ်ပြီး မာ့နားရစ်သီသီလုပ်လာတတ်သောအခါ သူ ကမူးရှူးထိုးဖြစ်ပြီး မာ့ လက်ကို တအားဆွဲ၍ ထိုကောင်လေးတွေနှင့် ဝေးရာသို့ခေါ်ထုတ် သွားတတ်၏။ သူ၏ အဖြစ်သဲမှုကို ထိုကောင်လေးတွေ ဟားတိုက် ရယ်မောခြင်းဖြင့် လှောင်ပြောင်ကြသည်။

ထိုသို့ လှောင်ရယ်ခြင်းခံရတိုင်း သူ ခံခက်ဒေါသထွက်ပြီး ထိုကောင်လေးတွေနှင့် မိုက်မိုက်ကန်းကန်း ရင်ဆိုင်လေတော့၏။

''ဒီမှာ၊ မင်းတို့တွေ သိပ်တရားလွန်လွန်းနေပြီကွ''

ထိုကောင်လေးတွေထဲမှ 'ဒိုက်ဒိုက်' ဆိုတဲ့ ကောင်လေးက အဆိုးဆုံး။ သူနဲ့အပြိုင် မိုက်ဖို့ ဝန်မလေး။ မော့် ရှေ့မှာ ဒိုက်ဒိုက်က ကိုယ်ကို စပရိန်လို တွန့်ပြီး

''ဟ ဟေး၊ တရားလွန်တယ်ဆိုတာ ဘာကိုပြောတာလဲ ကိုယ့်လူ''

''ဟ၊ မင်းတို့တွေ နှမချင်းမစာနာရင် နေပါ။ ယောကျ်ားတစ်ယောက်ရဲ့ သိက္ခာကိုတော့ ထိန်းရမယ်ကွ၊ ကုမာရ နား၊ ရစ်သီ ရစ်သီ လာမလုပ်နဲ့''



www.burmeseclassic.com

www.burmeseclassic.com



"ဟ ဟေ့။ ဒါကလူ့သဘာဝပဲ၊ မိန်းကလေးတစ်ယောက်ကို ယောက်ျားလေးတစ်ယောက်က လွတ်လပ်စွာ ရစ်လို့ရတယ်။ ဒါ ဘယ်သူမှ ပိတ်ပင်လို့ မရဘူး။ ပိတ်ပင်ရင်လည်း 'ဒိုက်ဒိုက်' က လုံးဝ ဂရုမစိုက်ဘူး။ နေပါဦး ဒီကောင်ဘာသာ ကုမာရကို စိတ်ဝင်စားလို့ ပိုးတယ်ပန်းတယ်၊ ဟေ့ မင်းနဲ့ ဘာမှမဆိုင်ဘူး"

"ဆိုင်တယ်ကွ၊ သိပ်ဆိုင်တယ်၊ မင်းပိုးပန်းတာကို မာ လက်မခံဘူးကွ"

"ဟား ဟေ့၊ တကယ်လက်မခံတာ ဟောဒီကောင်မလေး မဟုတ်ဘူး၊ မင်းပဲ မဟုတ်လား"

"အေး၊ ငါလက်မခံဘူး၊ မကျေနပ်ဘူး၊ မင်း ဘာလုပ်ချင်လဲ"

"ဟေ့၊ စောင့်ကြည့်လိုက်ကွာ၊ စောင့်ကြည့်လိုက်"

မြောက်ကြွကြွဟန်နှင့် 'ဒိုက်ဒိုက်'က မာ့အနား တိုးကပ်လာသည်။ မာ့ရှေ့ရပ်၍ မာ့ကို စူးစူးစိုက်စိုက် ကြည့်ပြီး

"ဟေ့ မာ၊ မာ့ကို ဒီကောင်ခိုက်တယ်။ မာ့မျက်နှာလေးက ဒီကောင့်ရင်ခွင်မှာ လမင်းတစ်စင်းလို အေးမြစေတယ်။ မာလေး အပြုံးက ဒီကောင့်နှလုံးသားမှာ လှိုင်းထစေတယ်။ မာလေး ရင်ခုန်သံက ဒီကောင့်ရဲ့ မိုးကောင်းကင်ကို မုန်တိုင်းတစ်စင်းလို ပရမ်းပတာ လှုပ်ရှားဝေ့ရမ်းစေတယ်။ ဟား ဟေ့၊ မာ ရင်ခုန်စေတယ်ဟာ"

'ဒိုက်' စတိုင်ကျကျ ဟန်ရေးပြ ဆိုလာသည့်အခါ မာ စိတ်ရှုတ်စေသည်။ 'ဒိုက်'၏ ရဲရင့်မှု၊ မျက်နှာပြောင်တိုက်မှုက မော့် ဒေါသကို ပွတ်နှိုးသည်နှင့်တူရော့သည်။ ထိုအခါ မော့်လက်သီး ကျစ်ကျစ်က 'ဒိုက်'မျက်ခွက်ဆီ ခွပ်ခနဲ ပစ်သွင်းလိုက်တော့၏။ လျင်မြန်သည့် မော့်တုံ့ပြန်မှုကြောင့် 'ဒိုက်' ရှောင်ချိန်မရတော့။





'ဒိုက်'နှာခေါင်းနှင့် ပါးစပ်မှ သွေးဒလဟော ယိုဆင်းလာတော့၏။

"မှတ်ထား ဒိုက်၊ မာနဲ့ ပတ်သက်ပြီး ငါ့ရဲ့ မကျေနပ်ချက်က အဲဒါပဲကွ"

ထို့နောက် မာ့လက်ကို သူဆွဲ၍ ချာခနဲ လှည့်ထွက်ခဲ့တော့၏။

'ဒိုက်' ဘာလောက် နာကျင်ခံပြင်းသွားမလဲ။ သူ စာနာပြီး မခံစားနိုင်ပေမယ့် မာ ကိုယ်ချင်းစာချင်သည်။ ပြီးတော့ မာ့ကြောင့် ရန်ဖြစ်ရတာဆိုတော့ ဒိုက်အတွက် မာပို၍ စိတ်မကောင်း ဖြစ်မိသည်။

"မော့်"

မာ ခေါ်လိုက်တော့ သူ ခပ်စောင်းစောင်း လှည့်ကြည့်ပြီး

"ပြော"

"ဒီလိုဟာ၊ လူတစ်ဦးမှာ သူ့ရဲ့ ကိုယ်ပိုင်လွတ်လပ်ခွင့် ရှိတာပဲ၊ နင် စဉ်းစားကြည့်စမ်းပါ၊ မာ ရှင်းရှင်းပြောမယ်၊ မာဆို မာ ပေါင်းချင်တဲ့ သူငယ်ချင်းကိုပေါင်းချင်တယ်၊ ကြိုက်တဲ့ အစား အသောက် စားချင်တယ်၊ မာ သွားချင်တဲ့ဆီ မာတစ်ယောက်တည်း လွတ်လွတ်လပ်လပ် သွားချင်တယ်၊ ဒါပေမယ့် အဲဒါတွေအားလုံး နင့်ကြောင့် မာ ဆုံးရှုံးခဲ့ရတယ်။ နင့်ဒေါသတွေနဲ့ ရင်မဆိုင်ချင်လို့ ငါ ငြိမ်နေတာ။ ကျေနပ်လို့ မဟုတ်ဘူး၊ အေး အခု ဒိုက်က မာ့လို ငြိမ်မနေဘူး၊ မကျေနပ်လို့ ရန်ပွဲဖြစ်ပြီလေ၊ နင့်လက်သီးနဲ့ အထိုးခံရတဲ့ ဒိုက် ဒီအတိုင်း ငြိမ်နေမယ်လို့ နင် မထင်နဲ့၊ အဲဒီတော့ နင် ဘယ်လိုရင်ဆိုင်မလဲ၊ မာတော့ နင့်ကြောင့် စိတ်ညစ်တယ်၊ သိလား"

ငယ်သံယောဇဉ်နှင့် မာ စိုးရိမ်တကြီး ဆိုပေမယ့် ရဲရဲတောက်နေသည့် သူ့မျက်ဝန်းက မာ့ကို ပစ်မှတ်ထားကြည့်ပြီး

"မာ၊ မာ တစ်ခွန်းမှဝေဖန်စရာ မလိုဘူး၊ မကျေနပ်လို့



www.burmeseclassic.com

www.burmeseclassic.com



သတ်ပွဲဖန်ဆင်းရမယ်ဆိုရင် နိုက်နဲ့ရင်ဆိုင်ရဲတဲ့သတ္တိ ငါ့မှာ အပြည့်ရှိတယ်။ အေး နင် တစ်ခုပဲ မှတ်ထား မာ၊ ငါ ဘယ်လိုပုံစံနဲ့ပဲ ထားထား နင် စောဒကမတက်နဲ့၊ မငေဖန်နဲ့၊ အခြေအတင်မပြောနဲ့၊ နင့်အနားမှာ ငါ အချိန်မရွေးရှိနေတာကို ကျေနပ်အောင် နေတတ်ဖို့ ကြိုးစား။ ဒါပဲ''

ငယ်ငယ်ကထက် ပို၍ စိတ်ဆတ်လာသည့် သူ့ကို မာ အငေးသားကြည့်မိသည်။ ထို့ပြင် သူ ဒေါသကိုဖော်ပြဖို့ မာ ရှေ့ရှိနေသည့် ရှက်လေ့ပန်းအိုးကြီးကြီးတစ်လုံးဝုန်းခနဲ ပြိုကျအောင် ခြေထောက်နဲ့ကန်ပြီး လစ်ထွက်သွားတော့၏။ ကျောခိုင်းထွက်သွားသည့် သူ့ကိုတစ်လှည့်၊ သူကန်ချက် ကြောင့် ကွဲသွားသည့် ပန်းအိုးကိုတစ်လှည့် ကြည့်ရင်း၊ မာ သက်ပြင်းချရလေ၏။

အဲဒါတွေကြောင့် နင့်ကို မာ စိတ်ကုန်တာ မှော်ရယ်။

ဒီလိုနှင့် မာတို့ အထက်တန်းစာမေးပွဲကြီး ဖြေပြီးခဲ့လေပြီ။

✿ ✿ ✿



အခန်း (၂)

''မာရေ ငါ Model သင်တန်း တက်မလို့ကွ''

ဟု သူအသိပေးလာစဉ် မာ ရင်မှာချိုမြိန်ရှသသွားသည်။

''ကောင်းတယ်''

ဟု မာ အားရဝမ်းသာ ဆိုမိသည်။

သူ Model သင်တန်းတက်တော့ မာ့အပါးမှာ အချိန်ပြည့် သူအနီးကပ် ရှိနေတော့မှာမဟုတ်ဘူး။ သူမရှိရင် မာ စိတ်အနှောင့်အယှက်ဖြစ်မှု ရတော့မှာ မဟုတ်ဘူး။ မာ တစ်ယောက်တည်း လွတ်လွတ်လပ်လပ် နေရမှာ။ ဘယ်လောက် ပျော်စရာကောင်းလိုက်မလဲ။ ထိုအတွေးနဲ့ မာ စိတ်ပျော်ရွှင်သွားသည်ကို သူ မျက်မှောင်ကြုတ်ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"နင်က အဲဒါ ဘာပျော်တာလဲ"

"ဟိုလေ၊ နင် အရမ်းအောင်မြင်ရမယ်လို့ ငါထင်တယ်။ အဲဒါကြောင့် ပျော်တာ"

မာ့ စကားလုံးကို သူ အယုံအကြည်ရှိဟန်မပေါ်၊ သူ့မေးရိုး လှုပ်ချသွားပြီး

"ပျော်ပေါ့၊ အေး ငါသင်တန်းသွားတိုင်း နင်လိုက်ခဲ့ရမယ်"

သူ ဖုပ်ခနဲဆိုစဉ်၊ မာ ပါးပြင် ညှိုးရောင်ဟပ်သွားသည်။ အတွေးနဲ့တောင် မာ အားရပါးရ မပျော်ရတော့။ မာ ပါလိုက်ခဲ့ရမယ်တဲ့။ မာ မကျေနပ်၊ လုံးဝ မကျေနပ်ဘူး။ မာ နှုတ်ခမ်းစူ၍ သူ့ကို ကျောခိုင်းလိုက်မိသည်။ မာ့လက်ကိုဆွဲယူသည့် သူ့အမူအရာက ညင်သာလွန်းလှသည်။

"အန်တီကို ပြောထားပြီးသား" တဲ့။

သူ့လက်ကို ဆောင့်ခါ၍ မာ ဆတ်ခနဲ ထ,လိုက်သည်။ သူ ဘဝင်မကျဖြစ်လျက် မာ့ပခုံးထွေးထွေးကို ဆုပ်ကိုင်ပြီး

"နင် လျှာမရှည်နဲ့၊ နင့်ကို ငါစိတ်မချဘူး။ ညက ဒိုက်ဒိုက်တို့အဖွဲ့ ခြံရှေ့လာပြီး သီချင်းဆိုကြတယ်ဆို"

"အင်း"

"အေး၊ အဲဒါကြောင့် ပိုပြီးစိတ်မချတာ၊ ငါမရှိတဲ့အချိန်မှာ နင် တစ်ခုခုဖြစ်သွားမှာကို စိုးရိမ်ဆုံးပဲ၊ အဲဒါကြောင့် နင်ငါ့အနားမှာ အချိန်ပြည့် ရှိနေဖို့ လိုအပ်တယ်"

"အဲဒါတော့ တစ်ဆိတ်လွန်ကဲပြန်ပြီ မော်"

မာ တစ်ခုခု ပြန်ပြောချင်ပေမယ့် ပြောခွင့်မရတော့။ သူက ဆရာကြီးလေသံနှင့်

"သွား၊ အဝတ်လဲတော့၊ အချိန်သိပ်မရှိဘူး"





မာ မကျေမနပ် ခြေဆောင့်၍ အတွင်းခန်းထဲ ဝင်ခဲ့သည်။ မာ့အခန်းထဲ သန့်ရှင်းရေးလုပ်နေသော မေမေကို မာ ခပ်စူးစူး ကြည့်လိုက်ပြီး

"မေမေ၊ မော် Model သင်တန်းသွားရင် မာ ပါ လိုက်သွားရမယ်ဆို"

"အေးလေ"

ပြတင်းပေါက်မှန်တံခါးကို ကြက်မွေးနှင့် ပွတ်ခါရင်း မေမေ ခပ်ပေါ့ပေါ့ဖြေတော့ မာ့ ဒေါသ အညွန့်လေးပြူထွက်လာပြီး

"ဟာ အဓိပ္ပာယ်မရှိလိုက်တာ မေမေရယ်။ သူ ဝါသနာပါလို့ တက်တဲ့သင်တန်းကို မာပါ လိုက်သွားရမယ်ဆိုတာ လုံးဝသဘာဝ မကျဘူး။ ဒါ တကယ် မဖြစ်သင့်ဘူး"

"ကြော် သမီးလေးတစ်ယောက်တည်း ပျင်းနေမှာစိုးလို့တဲ့၊ နောက်ပြီး မာ့ကို စိတ်မချဘူး၊ ခေါ်သွားမယ်ပြောတာလေ၊ ဘာပဲ ဖြစ်ဖြစ် သမီးရယ် အခန်းထဲ သမီးတစ်ယောက်တည်းနေရတာနဲ့ စာရင် သွားသွားလာလာရှိတာက ပိုပြီး အမြင်ကျယ်တာပေါ့ကွယ်"

"ဟင်အင်း၊ အမြင်မကျယ်ရင်လည်း နေပစေ၊ မာတစ်ယောက်တည်းနေရတာ စိတ်ကျေနပ်တယ်။ သူ့ကို မာ့အနားမှာ လုံးဝ ရှိမနေစေချင်ဘူး။ သူသွားရာနောက် တကောက်ကောက် မလိုက်ချင်ဘူး။ အဲဒါ မေ‌ေ‌မာက်ခုခု သွားပြောလိုက်၊ သူတစ်ယောက်တည်း သွားပစေ"

မာ ခပ်တင်းတင်းဆို၍ ခုတင်ပေါ် စိတ်ပျက်စွာ ထိုင်လိုက်၏။

"မာရေ၊ မြန်မြန်လေး လုပ်ကွာ"

မေမေ တစ်ခုခုပြောဖို့ ပြင်စဉ်ရှိသေး၊ နားကြားကန်လန့်



www.burmeseclassic.com

www.burmeseclassic.com



သည့် သူ၏ငှက်ဆိုးထိုးသံ ပေါ်ထွက်လာသည်။ အရောင်ဖျော့နေသည့် မာ့ နှုတ်ခမ်းပါးကို မေမေ ချစ်စနိုးကြည့်၍

''ကဲ မေမေ ဘယ်လိုပြောရမလဲ မာလေးရယ်၊ မော်က သမီးကို အရိပ်တကြည့်ကြည့် ခင်ရှာတာကွယ်၊ သူနဲ့ဆို မေမေလည်း စိတ်ချတယ်၊ သူလေးက မာ့ကို ဟိုးငယ်ငယ်ကတည်းက အနီးကပ် ဂရုတစိုက် နေလာခဲ့တာ မဟုတ်လား။ သူ့မှာက မောင်နှမလည်း မရှိတော့ သမီးကို သူ့ညီမလေးအရင်းလို ချစ်ရှာတာ၊ မေမေ ဘယ်လိုငြင်းနိုင်မလဲကွယ်''

''မေမေတို့ကို ပြောလိုက်ရင် ဒီအတိုင်းပဲ''

မေ့ယာပေါ်က မွေးပွယုန်ရုပ်ကြီးကို ပစ်ပေါက်ကာ မာ မကျေမချမ်း ရေရွတ်လိုက်သည်။

''ဟော့ မာ၊ ဟာ အဝတ်မလဲသေးပါလား''

မာ့အခန်းဝမှာ ပေါ်လာသည့် သူ့မျက်နှာကို မာ ဆွဲကုတ် ပစ်ချင်တော့၏။

''လာတော့၊ အဝတ်မလဲနဲ့တော့''

ဟု ဆိုပြီး မေမေ့ရှေ့မှ မာ့ကို ဖွတ်အတင်း ဆွဲ၍ ခေါ်ထုတ်သွားတော့၏။ သူ၏ ဖွတ်ဆန်မှုကို မာ ငြင်းပယ်နိုင်ခွင့်မသာတော့။ အဲဒါကိုပဲ မေမေ သဘောကျစွာ တဟဲဟဲရယ်တော့၏။ မေမေနှင့် သူ့ကို မာ ချဉ်တူးတူးဖြစ်လျက် ပွစိပွစိ ရေရွတ်မိ၏။

မေမေလည်း သူနဲ့အတူတူပဲ။ အင်မတန် မုန်းဖို့ကောင်းရဲ့။

သူ့အပေါ် မုန်းကျနပ်ဖြစ်တိုင်း မာ တုံ့ပြန်ချေပခွင့် မရနိုင်တာက မာ့ရင်မှာ တငွေ့ငွေ့ဆူဝေ စေခဲ့သည်။ ထိုဆူဝေမှုကို မာ ဖောက်ခွဲခွင့် ရချင်ပါသည်။ သူ့ဘက်က မေမေ ရပ်တည်နေတော့ မာ ငြိမ်ခံရတယ်လေ။





ဒါပေမယ့် ဒိုက်က လက်သီးတစ်ချက် အထိုးခံရခြင်းနဲ့ ပတ်သက်ပြီး ငြိမ်ခံ မနေဘူးဆိုတာ နောက်နေ့ညမှာ ကောင်းစွာ သိခွင့် ရတော့သည်။

Model သင်တန်းက ပြန်လာစဉ် မာတို့ကားရှေ့ ဆိုင်ကယ်မြင့်မြင့်ထွားထွား လေးစီး ပိတ်ရပ်လာ၏။ ကားမောင်းသူ နေရာမှ မော်သည် ဒေါသတကြီး ဟွန်းတီး၍ လမ်းဖယ်ခိုင်းသော်လည်း ထိုဆိုင်ကယ်တွေ လမ်းမဖယ်။ ရုတ်တရက်တော့ ဘယ်သူဘယ်ဝါမှန်း မသိရပါ။

''ဟ ဟား။ ဘယ်လိုလဲကွ၊ ဟော့ ဒေါသမကြီးစမ်းနဲ့''

ဟုဆို၍ ငွေမှင်ရောင် ဟဲမက်ချွတ်၍ ဆိုင်ကယ်ပေါ်မှ ဆင်းလာသည့် ဒိုက်ကိုတွေ့ရစဉ် သူ့မျက်ဝန်း ရဲရဲတောက်သွား၏။

''ဟော့ မင်း၊ ဒီကောင်ကို မမေ့နိုင်ရက်ဘူး မဟုတ်လား မော်''

ခပ်ရိရိဆိုလာသည့် ဒိုက်စကားလုံးက သူ့ရဲ့ဒေါသအညွန့်ကို ဆိတ်သည်နှင့် တူလေပြီ။

မကြာခင် သူတို့နှစ်ယောက် ပေါက်ကွဲကြမည့် အခြေအနေ တစ်ရပ်ကို မာ ရင်မဆိုင်လို၊ ဒိုက်တို့က လေးယောက်၊ ငမော်က တစ်ယောက်။

ဒိုက် က ကားဘောပေခုံနှင့်မှီ၍ ခြေတစ်ဖက်ထောက်ရပ်ကာ သူ့ကို စိန်ခေါ်သလို စိုက်ကြည့်သည်။ မိုက်မိုက်ကန်းကန်းပြုလိုတဲ့ ဒိုက် မျက်ဝန်းနဲ့ မာ အကြည့်ဆုံစဉ်

''ဒိုက် လမ်းဖယ်ပေးပါ။ မာ တောင်းပန်ပါတယ်''

''နင့် ပါးစပ် ပိတ်ထား မာ''

သူ့ဘက်က မာ ကူပြောရသေး၊ သူကပဲ မာ့ကို



www.burmeseclassic.com

www.burmeseclassic.com



ဟောက်သေး၊ ဟို လေးကောင်က သူ့ကိုဖွဲ့ပစေ မာ မျက်လုံးပြူးပြီး အားရပါးရ ကြည့်နေမယ် သိရဲ့လား။ သူက လူလည်၊ အခြေအနေ မဟန်တာသိတော့ ကားပေါ်က မဆင်းဘဲ''

''ဒီမှာ ဒိုက်၊ ငါ့လက်သီးက ပန်းသီးတစ်လုံးလို စွဲမက်ဖို့ ကောင်းတယ်ထင်တယ်ကွ''

''ဟာ ဟော့ ဟော့၊ ပန်းသီးတစ်လုံးလို စွဲမက်ဖို့ကောင်းတာ ဟောဒီက မာ၊ မာ ဆိုတဲ့ပန်းသီးလေး စားခွင့်ရဖို့ မင်းနဲ့ ဒီကောင် နှလုံးသား စီးချင်းထိုးကြစို့၊ ဟော့ ထိုးကြစို့''

မာ့ကို လက်ညှိုးထိုးဆိုလာသည့် ဒိုက်၏ လှုပ်လှုပ်ရှားရှား သဏ္ဌာန်ကြောင့် သူ နှာမှုန်လေပြီ။

''ဒိုက်ပွဲ မင်းနဲ့ငါကြားမှာ မာ့ကို ဆွဲထည့်စရာ မလိုဘူး နားလည်လားကွ''

''ဟော့ ဆွဲမထည့်ဘူး။ ညင်ညင်သာသာ ပွေ့ဖက်မှာ ပွေ့ဖက်ခွင့်ရဖို့ မင်းနဲ့ ဒီကောင် နှလုံးသားစစ်မြေပြင်မှာ အချစ် ချွန်းဖွင့်ပြီး တိုက်ပွဲဝင်ကြစို့၊ အနိုင်ရသူက မာလေးကို ရင်ခွင်ထဲ ထည့်ခွင့်ရှိမယ်၊ မင်းကို ဒီကောင် စစ်ကြေညာလိုက်ပြီ၊ နှလုံးသား တိုက်ပွဲဝင်ဖို့ ကြေညာလိုက်ပြီ''

''လဲသေလိုက်စမ်း ဒိုက်''

''ဟော့ ဒီကောင်က လဲမသေသေးဘူး။ မတ်တပ်ရပ်ပြီး သေမယ့်ကောင်၊ မာ့ကို ပွေ့ပိုက်ပြီး သေမယ့်ကောင်၊ ဟ ဟား ဟား''

မာ့ကို ပွေ့ဖက်ဟန် သရုပ်ဆောင်၍ ဒိုက် ဟက်ဟက် ပက်ပက် ရယ်လိုက်စဉ် သူ့မျက်နှာတစ်ပြင်လုံး ချွေးစေးတွေ ဖြိုးတက်လာ၏။ ထိုနောက် တောက်ခတ်လေပြီ၊ ကားရှေ့ပိတ်ရပ်





ထားသော ဆိုင်ကယ်တွေကို ရှောင်ရှား၍ သူကားတရကြမ်း မောင်း ထွက်ခဲ့တော့၏။ ဒိုက် ခြေတစ်လှမ်း တိုးလာမှုက သူ့ရင်ကို လှိုင်းကြပြင်းထန်သွားသလို သူ့နှလုံးသားကို ကြိမ်းရှသွားစေ၏။ ဒိုက်၏ ဟားတိုက်ရယ်မောသံက သူ့နှလုံးသားကို အပ်နဲ့ဆွသလို နာမျက်လေ၏။ သူတို့နှစ်ယောက်အဖြစ်ကို ကြည့်ပြီး မာ ရယ်ချင် ပါ၏။ နောက်ပြီး သူတို့နှစ်ယောက်ရဲ့ အနိုင်ဆုက မာ တဲ့။

အဲဒီအတွက် ပိုပြီးတောင် ရယ်ချင်သေးတယ်။ မာ ဟက်ခနဲ ရယ်တော့ သူ ကားကို လမ်းဘေးထိုးရပ်လိုက်ပြီး

''နင်က လာရယ်တာလဲ''

ဒိုက်ကို တုံ့ပြန်ဖို့ သတ္တိကြောင်သလို ဖြစ်နေသည့်သူ့ဒေါသ ပစ်မှတ်က မာ့ဘက် ဦးလှည့်လာပြီး

''ခုနက ဘာရယ်တာလဲ''

''ဟို ညကလေ။ မာတို့ ဟာသဇာတ်ကားကြည့်ကြတယ် မဟုတ်လား၊ အဲဒီဟာသတွေ ရုတ်တရက် သတိရလိုက်လို့ပါဟ''

မာ ခပ်တည်တည်လေးဆိုလိုက်သည်။ သူက တဆတ်ဆတ် ခါနေတဲ့ ဒေါသနဲ့

''ဒီမှာ မာ၊ အခုအဖြစ်အပျက်က ရယ်စရာတစ်ခုမှ မပါဘူး။ နားလည်လား။ ဒိုက်ဆိုတဲ့ကောင်က ကောင်းတဲ့ကောင် မဟုတ်ဘူး။ နင် အဲဒီကောင်ကို စိတ်ကူးနဲ့တောင် မခံစားမိစေနဲ့၊ အရှင်းဆုံး ပြောလိုက်မယ်၊ နင့်နားမှာ ငါ အမြဲတမ်းရှိနေမယ်ဆိုတာ လုံးဝ မေ့မထားနဲ့ မာ၊ ပိုရှင်းအောင် ပြောလိုက်မယ်၊ ဟောဒီ ငါ့ရင်ခွင် ကျယ်ထဲမှာ နင့်ကိုငါ သိမ်းထားပြီးပြီ မာ၊ နင့်ရင်ထဲမှာ ငါရှိနေ အောင် ခံစားလိုက်၊ ဒါပဲ''

တစ်ဖက်သတ် ကြေညာနေသည့် သူ့စကားလုံးက



www.burmeseclassic.com

www.burmeseclassic.com



မှာရင်ထဲမှာ တူးခါးနေစေသည်။

''ဒီမှာ မောင်၊ နင်သိရမှာက မှာရင်ထဲမှာ ဘယ်ယောက်ျ တစ်ယောက်မှ ရှိနေအောင် မှာ မခံစားဘူး။ အထူးသဖြင့် မှာ စိတ်ကျဉ်းကျပ်အောင် ပုံစံအမျိုးမျိုးနဲ့ ချုပ်နှောင်ဖို့ ကြိုးစားနေ နင့်လို ဖွတ်တရွတ်ဆန်တဲ့ ယောက်ျားတစ်ယောက်ကို ခံစားမိ လုံးဝမဖြစ်နိုင်ဆုံးပဲ။ နင် တစ်နေ့ကျရင် ကောင်းကောင်းသိရလိ မယ် မောင်၊ ခုတော့ အနိုင်ရရှိး ထုံးစံအတိုင်း အနိုင်ယူထားဦးပေ အချိန်တန်လို့ မှာရင်ထဲက ထွက်ပေါ်လာမယ့် နှလုံးသားခံစားချ က နင့်ရဲ့အတ္တကို အနိုင်ယူနိုင်ခွင့် ရတဲ့အခါကျရင် နင်ခံနိုင်ရည် ရှိအောင် အခုကတည်းက အားမွေးဖို့ ကြိုးစားစမ်းပါဦး မောင်ရယ်

မှာ ရင်မှာ ခပ်တင်းတင်းလေး ရွတ်လိုက်မိသည်။ မှာ ရွတ်သံကို သူ နားဆင်ရရင် ဘယ်လောက်တောင် ပေါက်ကွဲဦးမည် မသိ၊ ခုတော့ ကားကို ခပ်ကြမ်းကြမ်း မောင်းနေသည့် သူ့ စိတ်က သူ့ဒေါသကို ပုံဆောင်ပြသလိုပဲ။

မောင် ရယ်။

နင့် ဒေါသအတွက် ငါရင်လေးတယ် သိလား။ နင်ကတော့ နင်လုပ်ချင်ရာကို ဖိလုပ်ခွင့် ရတဲ့အတွက် နင်ပျော်နေမှာပေ့ါ။ ငါ့ကို ဒိုက်ရစ်လို့မရအောင် ၊ နင့်ရဲ့ အနီးကပ်ဆုံးမှာ ထားတယ်။ နင်တက်ချင်တဲ့ သင်တန်းကို နင်တက်တယ်။ နင်လိုချင်တဲ့ အောင်မြင်မှု ရဖို့ နင်ကြိုးစားတယ်။ ခုဆိုရင် နင်က Model လောကတွင် အတိုင်းအတာတစ်ခုအထိ ကျော်ကြားလာပြီ။

သူ့ခန္ဓာကိုယ် တည်ဆောက်ပုံ ရှည်မျောမျော၊ ပါးပါး လွှင်လွှင်က အမြင်ဆန်းလှ၏။ ကုတ်ဝဲလောက်ရှိသော သူ့ဆံပင် ပျော့ပျော့ အလယ်ခွဲပုံစံကို လက်ချောင်းသွယ်သွယ်လေးများဖြင့်





ထိုးသပ်လိုက်ရင်ပဲ ညှို့ထားသလို အားပါစေသည်။ သူ့မျက်ဆန် ပြာပြာတောက်တောက်က ရီဝေဝေ၊ ထင်းခနဲပေါ်နေသည့် နှုတ်ခမ်း ပြည့်ပြည့်က စွဲမက်ဖွယ်အတိ။ သူ့ကို မြင်သူတိုင်း စွဲလမ်းတတ် သည်။ သူ့နဖူးမှာ ငွေမှင်ရောင် ကြိုးပြားလေး၊ စည်းထားတတ် သည်။ သူ့စတိုင်တွေကို လူငယ်တိုင်း သဘောကျ နှစ်ခြိုက်ကြသည်။ သူ၏ ဖက်ရှင်သည် ခေတ်စားလာသည်။ Model အဖြစ် သရုပ်ဆောင်၍ ဆီသွပ်ဘူး ကြော်ငြာသည်မှစ၍ မောင်ဆိုသည့် ခပ်ဂျစ်ဂျစ်ကောင်လေးသည် ဟိုးလေးတကျော် အောင်မြင်လာ ခဲ့တော့သည်။

အဲဒီနောက်မှစ၍ ကြော်ငြာတွေ တစ်ခုပြီးတစ်ခု သူလက်ခံ ကာ Model သရုပ်ဆောင်တော့၏။ ထိုအခါ သူ့ဆီမှာ အချိန်က ပို၍ ရှားပါးလာသည်။

သူ မအားလပ်လေ၊ မာလည်း စိတ်ရှုပ်ရလေ။ သူ့နောက် မှာ တစ်ကောက်ကောက် လိုက်ရသလို မလိုက်ချင်ဘူးဟု မှာ ငြင်းဆိုခွင့် မရှိပါ။ သူ၏ကြော်ငြာရိုက်ကွင်းတွေကို မှာ မုန်း၏။

သူ့ဖက်ရှင်ရှိုးတွေကို မှာ မကြည့်ချင်လောက်အောင် ဖြစ်လာသည်။ ဖွင့်ပွဲ အခမ်းအနားတွေကို ဖဲကြိုးဖြတ် ဖွင့်လှစ် သည့်အခါ သူ့အပါးမှ မှာ ထပ်ကြပ်မခွာ လိုက်ပါရသည်ကို ငြီးငွေ့လာ၏။ ဒါတင်မက

ဗွီဒီယိုသရုပ်ဆောင်ရန် သူ့ကို ကမ်းလှမ်းသည်ကို သူလက်ခံ လိုက်သည်။ ထိုနောက် သီချင်းဆိုရန် အသံစစ်ပြန်သည်။ ထို့အတွက် သူ့တက်ကြွလန်းဆန်းလျက် သူလုပ်ဆောင်ရမည့် အပိုင်းကို စိတ် အားထက်သန်စွာ လှုပ်ဆောင်နေသလို မှာကိုတော့ နည်းနည်းမှ နားလည်မှု မပေးခဲ့။ ပိုဆိုးသည်က သူ့အပါးမှာ မှာ အမြဲတမ်း



www.burmeseclassic.com

www.burmeseclassic.com



ရှိနေခြင်းကို သူတို့လောကသားတွေက

''မှော်ရဲ့ ကောင်မလေး''

''မှော်ရဲ့ မဟေသီ''

''မှော်ရဲ့ လှသရဖူ''

ဟု အားမနာ လျှာမကျိုး ကင်ပွန်းတပ်တော့သည်။

ထို့ကြောင့် မှာ အကြီးအကျယ် အနေကျပ်ပေမယ့် သူက ကျေနပ်ပီတိဖြစ်တတ်၏။ ထိုအခါ သူ့ကို မှာ အတော်လေး မကျေမနပ်ဖြစ်လာသည်။

''အဲဒါတော့ လွန်လွန်းပြီ မှော်''

''ဘာကိုလဲ''

သူ့ဆံပင် ပျော့ပျော့လေးကို တစ်ချက်သပ်လိုက်သည့်ဟန်က မှာကို ဆွဲဆောင်နိုင်လိမ့်မည် မထင်။

''ဘာရမလဲ၊ သူတို့ပြောတာ မကြားဘူးလား။ မှော်ရဲ့ ကောင်မလေးလို့ ကမ္ပည်းတပ်နေကြတာလေ''

''ဘာဖြစ်လဲ၊ ငါ့အနားမှာ နင်ပဲရှိလို့ ငါ့ကောင်မလေးလို့ ပြောတာလေ၊ မကျေမနပ် ဖြစ်စရာ မလိုဘူး။ ဘာလဲ နင်က ဒိုက်ကောင်မလေး ဖြစ်ချင်လို့လား''

သူ့ရဲ့ အနှောင့်အသွားမလွတ်တဲ့စကားကြောင့် မှာ စိတ်အချဉ်ဖောက်လာပြီး

''အိုး၊ မှာက ဘယ်သူ့ကောင်မလေးမှ မဖြစ်ချင်ဘူး''

သူ ဟက်ခနဲ ရယ်လိုက်ပြီး

''ငါ့ကောင်မလေးတော့ ဖြစ်ကိုဖြစ်ရမယ် မှာ၊ အခုအချိန်လဲ ငါ့ကောင်မလေးက မှာပဲ၊ နောက်အချိန်မှာလဲ မှာက ငါ့ကောင်မလေးပဲ၊ ငါ့ဘ၀ တစ်သက်တာလုံးအတွက် တစ်ဦးတည်းသော ငါ့ရင်





ထဲက မိန်းကလေးက မှာပဲ၊ ကုမာရ ရယ်''

မှာ့ နားဆွဲလေးကို သူ့လက်ညှိုးနဲ့ တို့ထိရင်း ဆိုလိုက်သည့် သူ့အမူအရာကို မှာ မပျော်ဝင်။ မှာက သူ့ကောင်မလေးလို့ သူ ကြွေးကြော်နေပြီဆိုတော့ မှာ ဘာမှ မတတ်နိုင်တော့။ လှုပ်ရမ်းသွားတဲ့ မှာ့နားဆွဲဟာ မှာရဲ့ ခံပြင်းမှုတွေ ထင်ပါရဲ့။

မှာ့ရင်ထဲက ခံပြင်းမှုကို မှာ နှုတ်ခမ်းလွှာစုကာ သူ့ကို မှာ မျက်စောင်းထိုးကြည့်လိုက်၏။ မှာ မျက်စောင်းထိုးတာမြင်ရင် သူရယ်ဦးမှာ၊ သူမမြင်တာက အင်တာဗျူးသမားတွေ ရောက်လာလို့ပေါ့။ နောက်ဆို မျက်စောင်းထိုးရကောင်းလားဆိုပြီး သူ့ရယ်သံ ပျံ့ထွက်လာဦးမှာ။

''အခု မှော်က အောင်မြင်တဲ့ Model Boy လေးအဖြစ်ကနေ ဗွီဒီယိုသရုပ်ဆောင်အဖြစ်၊ အဆိုတော်အဖြစ် ကူးပြောင်းလာတာဆိုတော့ ညီလေးအနေနဲ့ အခက်အခဲတွေ ရှိရဲ့လား''

အဲဒီ အင်တာဗျူးသမားကို မှာ ကြည့်မရပါ။ အင်မတန် စပ်စပ်စုစု နိုင်လှသည်။ ဒါပေမယ့် မှော် ကတော့ အင်တာဗျူး ဖြေရတာ အင်မတန်မှ ကျေနပ်တတ်၏။ စိတ်ရှည်လက်ရှည် နိုင်လှ၏။

''မရှိပါဘူး''

''အခုရိုက်နေတဲ့ ဗွီဒီယိုဇာတ်ကားနာမည်လေးကကော သိခွင့်မရနိုင်ဘူးလား ညီလေး''

''သိခွင့်ရှိပါတယ်၊ ဇာတ်ကားနာမည်က 'ချစ်သူရှိသည့် မိုးကောင်းကင်' ပါ''

''ဒါနဲ့ ညီလေးအနားမှာ ကောင်မလေးတစ်ယောက် အမြဲ ရှိနေတတ်တယ်လို့ ပရိသတ်တွေက ပြောကြတယ်၊ အဲဒီကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



က ညီလေးနဲ့ ဘယ်လိုပတ်သက်လဲ ပရိသတ်တွေ စိတ်ဝင်တစား ရှိကြတယ်၊ အဲဒီတော့ ညီလေး၊ ပရိသတ်တွေကို ဘယ်လို အသိ ပေးချင်လဲ''

ကြည့်စမ်း။ အလိုက်ကမ်းဆိုးမသိတဲ့ အင်တာဗျူးသမားတွေ သူက မှာ့ကို တစ်ချက် ငဲ့ကြည့်သည်။ စပ်စုတဲ့မေးခွန်းတွေ မေးတာ တော့ သိပ်တရားလွန်ပြီထင်တယ်၊ မှာ မျက်နှာပေးရှုပ်ကို သူ ခပ်ပြုံးပြုံးကြည့်သည်။ မှာ ဖျပ်ခနဲ အကြည့်လွှဲလိုက်သည်။

''ညီလေးရဲ့ ကိုယ်ရေးကိုယ်တာကို စပ်စုတာ မဟုတ်ဘူး နော်၊ ပရိသတ်ကိုယ်စား အစ်ကိုတို့က မေးတာပါ။ အဲဒီကောင်မလေးက ညီလေးရဲ့ ချစ်သူလား။ ဘာလားပေါ့ကွာ''

မရအရ အတင်းဖျစ်ညှစ်မေးနေသည့် အင်တာဗျူးသူကို မှာ့ရင်မှာ ကျိတ်၍ ပွစိပွစိမိသည်။

ထိုမေးခွန်းအတွက် သူ ခပ်ရှက်ရှက်ဟန်လေးရယ်၍ သဘောတကျ ရှိနေသည်။ မှာ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။ အခွင့်အရေးရရင် ရသလို အလိုက်ကန်းဆိုးမသိ မေးခွန်းထုတ်တဲ့ အဲဒီ အင်တာဗျူးသမားတွေရဲ့ မျက်ခွက်ကို ရိုက်ခွဲလိုက်ချင်ရဲ့။ ပြီးတော့ သူ့ကိုလည်း ဖွတ်သတ်ချင်ပါရဲ့။ ဖြေပုံက ကြည့်ပါလား၊ အနှောင့်အသွား၊ မလွတ်ဘူးလေ။

''တစ်နေ့ခုတော့ တစ်ခုခုပေါ့ဗျာ'' တဲ့။

''အဲဒီတစ်ခုခုကို တိတိကျကျ ပြောလိုက်ပေါ့ ညီလေးရဲ၊ ပရိသတ်တွေ အဲဒီတစ်ခုခုကို သိချင်နေတာလေ၊ ချစ်သူဆိုလည်း ချစ်သူပေါ့ ညီလေးရာ''

''အင်း အသင့်တော်ဆုံးဖြေရရင် ကုမာရ က ကျွန်တော့်ရဲ့ တစ်ဦးတည်းသော Girl Friend ပါ''





''ဟာ Girl Friend ပဲဆို ပရိသတ်တွေ ဘယ်ယုံကြည် မလဲ ညီလေးရ၊ ဒီလောက် အနီးကပ်ရှိနေတဲ့ မိန်းကလေးက Girl Friend ထက် အများကြီးပိုတဲ့ ခံစားချက်တွေ ရှိမနေနိုင် ဘူးလား''

''အင်း ရှိပါတယ်''

''ပြောစမ်းပါ ညီလေးရ၊ ညီလေးရင်ထဲက ခံစားချက် အမှန်ကို''

တော်တော်ဆိုးတဲ့ အင်တာဗျူးသမားပဲ။ အတင်းဖျစ်ညှစ်ပြီး မေးနေတာက ရွံစရာကောင်းပါဘိ။

''အမှန်ကန်ဆုံးဖြေဖို့ ကျွန်တော့်နှလုံးသားထဲက အဖြေ မထွက်သေးဘူးဗျာ၊ အဖြေထွက်တဲ့တစ်နေ့ ခင်ဗျားတို့ကို အရင်ဆုံး အသိပေးမယ်''

ဟု မှာ့ကြောပေါ် ဝဲဖြာလွှင့်ကျနေသည့် မှာ့ဆံနွယ်လေးကို ခပ်ငေးငေးကြည့်၍ သူဆိုလိုက်သည်။

သူတို့တွေရဲ့ အမေးအဖြေကို မှာ မကြားချင်လောက် အောင် နားခါးလာ၏။ ထို့ကြောင့် သူ့အနားမှ မှာ ဆတ်ခနဲ ထထွက်ခဲ့သည်။ သူတို့အသံတွေနဲ့ လွတ်ကင်းရာ ခပ်လှမ်းလှမ်းမှ ပန်းခင်းဆီ ရွှေ့လျားလာမိသည်။ အတန်ကြာတော့ သူရန့်လွင့် လာသည်။

''နှင် ဘာဖြစ်လို့ ငါ့အနားမှာ မနေဘဲ ထွက်ခဲ့ရတာလဲ မှာ ရယ်''

သူ့အသံ ပျော့ဆတ်ဆတ်နှင့်အတူ သူ့လက်တစ်ဖက်က ပခုံးပေါ်ကျရောက်လာသည်။ သူ့ကို မှာ မနှစ်မြို့စွာ ကြည့်လိုက်သည်။

''ဘာလဲ နှင် ငါ့ကို မကျေနပ်တာလား''



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး"

"ဒါဆို ဘာဖြစ်လို့ ငါ့အနားမှာ မနေတာလဲ"

"မနေချင်လို့"

"ဘာ"

မာ့ မေးဖျားလေးကို သူကိုင်၍ သူ့ဘက် မာ့မျက်နှာ ဆွဲယူလိုက်စဉ် မာ သူ့လက်ချောင်းကို ဖယ်ချလိုက်သည်။ မာ မျက်နှာပေါ်က စကားလုံးတွေနဲ့ မာ့ခံစားချက်ကို ဘယ်လိုသဘော ပေါက်သည်မသိ

"အေး ဒိုက်ဆီ နှင့်စိတ်ရောက်တဲ့နေ့ ဟိုကောင့်ကို ငါ အရေခွံဆုတ်တဲ့နေ့ပဲ မာ"

သူ ဆတ်ခနဲ ဆို၍ ချာခနဲ လှည့်ထွက်သွားတော့၏။ သူ့အတွက်ကြောင့် မာ သေချင်လာပြီ၊ တကယ် မာ ဘယ်သူ့ဆီမှ စိတ်မရောက်ဘူး။ နှင့်ဆီလည်း စိတ်မရောက်ဘူးဆိုတာ နှင်ကောင်း ကောင်း သိဖို့ကောင်းတယ် မှော်။

ငါ စိတ်ရောက်နေတာ နှင့်အတ္တလောင်းရိပ်အောက်က လွတ်မြောက်ခွင့်ရအောင် ကြိုးစားဖို့ပဲ၊ နားလည်လား။

✿ ✿ ✿



အခန်း (၃)

သူ၏ အတ္တလောင်းရိပ်အောက်က အချိန်အတိုင်းအတာ တစ်ခုအထိ လွတ်ကင်းအောင် ကံကြမ္မာက ဖန်တီးပေးလာပြီ ထင်ရသည်။

"ရုပ်ရှင်ရိုက်ဖို့ ငါ မန္တလေးကိုသွားရမယ် မာ"

ဟု သူဆိုလာစဉ်

မာ လိှုက်ခနဲ ဝမ်းသာမြူးတူးသွား၏။

ကောင်းတယ်။ သူ မန္တလေးသွားတော့ မာ တစ်ယောက် တည်း လွတ်လွတ်လပ်လပ်နေရမှာလေ။ ဘယ်လောက် ပျော်စရာ ကောင်းလိုက်မလဲ။

"နှင့်ကိုပါ ခေါ်သွားဖို့ စီစဉ်ထားတယ်" တဲ့။



www.burmeseclassic.com

www.burmeseclassic.com



''ဟင်''

သူဆိုစဉ် မာ့ရင်ထဲ ဒိုင်းခနဲ ဝမ်းနည်းပက်လက် ဖြစ်ရတော့သည်။ မာ့ လက်ဖမိုးကို သူ ဖွဖွလေး ဆုပ်ကိုင်ပြီး

''ဒါပေမဲ့ ငါ နှင့်ကို ခေါ်သွားလို့ မဖြစ်ဘူး''

''ဟေ''

မာ ပျော်ရင် သူ အမြင်ကပ်တတ်သည်။ မာ့ ရင်မှာ လှိုက်ခနဲ ပျော်သွားပြန်သည်။

သူအမြင်မကပ်အောင် မာ့ရင်ထဲက ပျော်ရွှင်မှုကို မာ ထိန်းချုပ်လိုက်သည်။ သူ့မျက်ဝန်းကို မာ မရှောင်ဘဲ။

''ဘာဖြစ်လို့''

''နှင့်ကို ခေါ်သွားရင် အန်တီ တစ်ယောက်တည်း ဖြစ်နေလိမ့်မယ်၊ ပြီးတော့ အန်တီကလည်း ခုတလော ကျန်းမာရေး သိပ်ကောင်းရှာတာ မဟုတ်ဘူး''

မာ မျက်ခုံးလေး လှုလှုပပ ပင့်လိုက်ပြီး

''အေး ဟုတ်တယ်။ မေမေက သိပ်ပြီးကျန်းမာတာ မဟုတ်ဘူး။ မာရှိနေမှ ကောင်းလိမ့်မယ်နော်''

မာလည်း သူနှင့် သံယောင်လိုက်ပြောလိုက်၏။

မေမေ နေမကောင်းတာက ကြီးကြီးကျယ်ကျယ် ရောဂါဆိုး စွဲကပ်နေတာမဟုတ်။ နာစေး ချောင်းဆိုးဖြစ်ရုံတင်ပဲ။

မာ့မျက်နှာပေါ် ဝဲကျနေသည့် မာ့ ဆံနွယ်ပျော့ပျော့လေးကို သူလက်ချောင်းလေးနဲ့ မာ့နား နားရွက်ကြား သ.ညှပ်ပေးပြီး

''အေး ငါမရှိဘူးဆိုပြီး လုပ်ချင်တာ လုပ်ဖို့ မကြိုးစားနဲ့၊ ခြံပြင်တောင် မထွက်နဲ့၊ ဒိုက်ဆိုတဲ့ကောင်ကို ငါလုံးဝ မယုံကြည်ဘူး။ အဲဒီကောင် ပြောသွားတဲ့စကားလုံးတွေကို နှင် မှတ်မိတယ် မဟုတ်





လား။ ငါ့ကို ထိခိုက်အောင်လုပ်ဖို့ ဒီကောင် ပစ်မှတ်ထားတာ နှင့်ကိုပဲ ကုမာရ၊ ဒါကြောင့် ငါမရှိတုန်း နှင်တိုက်ထဲမှာပဲ ငြိမ်ငြိမ်နေ၊ အပြင်မထွက်နဲ့၊ နောက်ပြီး နှင့်ကို ငါ မန္တလေးခေါ်သွားတယ်ဆိုပြီး ဒိုက်နားထဲရောက်အောင် သတင်းလွှင့်လိုက်မယ်။ အဲဒီတော့ မာ ကျန်ရစ်ခဲ့တယ်ဆိုတာ ဒိုက် အာရုံမရောက်တော့မှာ၊ ငါပြောတာ ကြားရဲ့လား၊''

ဒိုက်နဲ့ ပတ်သက်ပြီး သွေးရူးသွေးတမ်းဖြစ်နေသည့် သူ့ အတွက် မာ တိတ်တခိုး သက်ပြင်းချမိသည်။

''အေးပါ၊ ခြံပြင်တောင် မထွက်ပါဘူး။ တိုက်ထဲမှာပဲ ငြိမ်ငြိမ်လေး နေမယ်။ မေမေလည်း နေမကောင်းဘူးမဟုတ်လား။ မာ အနီးကပ် ရှိနေရမယ်လေ''

''အေး ငါပြောတဲ့အတိုင်း မနေလို့ကတော့ နှင် မလွယ် ဘူးမှတ်၊ ဒိုက်နဲ့နှင် တစ်ခုခု ပတ်သက်ရင် နှင့်ကိုငါ အမှုန့်ကြိတ် ပစ်လိုက်မယ်၊ အဲဒီကောင်ကိုလည်း တစ်စစီ ဖြလိုက်မယ်၊ ကြားတယ်နော်''

လောလောဆယ် သူကျေနပ်အောင် မာ ဦးခေါင်းညိတ် လိုက်သည်။ ဆုပ်ကိုင်ထားတဲ့ မာ့ လက်ဖဝါးနုနုကို သူ ဖြေးညှင်းစွာ လွှတ်၍

''ကဲ နှင် တိုက်ပေါ်တက်တော့၊ ငါသွားတော့မယ်''

''အင်း''

မာ ထပ်ဆင့်ခေါင်းညိတ်၍ တိုက်ပေါ်ပြေးတက်ခဲ့မိ၏။ အခုဆိုရင် မာ တစ်ယောက်တည်း လွတ်လွတ်လပ်လပ်ဖြစ်သွားကာ ဘယ်လောက် အရသာရှိလိုက်သလဲ၊ မာ တိုက်ပေါ်ရောက်မှ သူ့ ကားမောင်းထွက်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေအရ မှာကို ထားခဲ့ရပေမယ့် သူ့ရင်ထဲ မချမ်းမြေ့လှ၊ သူ့ရင်ခွင်မှာ မီးပုံတစ်ပုံ တောက်လောင်နေတော့ဓါ

ငါ့နှလုံးသား မိုးကောင်းကင်မှာ နင်ရှိနေတာ ကြာခဲ့ပြီဆိုတာ မှာ သိအောင် ငါ ကြေညာရလိမ့်မယ်၊ ခုတော့ မဟုတ်သေးဘူး မှာ ရယ်။

သူ့ကား ပုံရိပ်ပျောက်တော့ မှာ ဟေး ခနဲ အသံထွက်သည့် အထိ ဝမ်းသာအားရ ဟစ်ကြွေးလိုက်မိသည်။

မှာ့အနားမှာ သူ မရှိခြင်းအတွက် မှာ စားချင်တဲ့ အစား အသောက်ကို မှာ စိတ်ကြိုက်စားခွင့်ရသလို၊ သွားချင်တဲ့ဆီကိုလည်း မေမေ့ကို အဖော်ခေါ်ပြီး 'စိတ်ကြိုက်သွား၍ ရလေ၏။ တစ်ခါတစ်ခါ မေ့ိမှာမီကို ကပ်၍၊ ဟိုဟိုဒီဒီ လျှောက်လည်တာကြောင့် မှာ ပျော်လိုက်သည့်ဖြစ်ခြင်း။

ပြီးတော့ မှာ အပေါင်းအသင်းတစ်ယောက် ရလိုက်သေး အဲဒီအပေါင်းအသင်းကောင်မလေးနာမည်က 'နှင်းအိ' တဲ့။ ညနေ ဘက် လမ်းထိပ်စာအုပ်ဆိုင်မှာ မှာ စာအုပ်ငှားဖို့သွားရင်း ခင်မိ ခဲ့တာလေ။

နှင်းအိ ကလည်း မှာ့လိုပဲ အဝေးသင်တက္ကသိုလ်တက်နေ တဲ့ ကောင်မလေးပဲ။ မှာတို့နဲ့ မေဂျာမတူ။ နှင်းအိ နဲ့ အပေါင်း အဖော်လုပ်ပြီးတော့ မှာ ပို၍ ပျော်လာတယ်။ တစ်နေ့တစ်နေ့ အိမ်ကပ်သည် မရှိ။ နှင်းအိ နဲ့ ဈေးသွားလိုက်၊ ရုပ်ရှင်သွားလိုက်၊ ဘုရားသွားလိုက် နှင့် ခြေရှုပ်နေတာ မေ့ာ်ဆိုတဲ့ ကောင်ဆိုးလေး ကိုပင် မှာ မေ့ချင်ချင်ဖြစ်လာသည်။

''သမီးနော် လမ်းထွက်တာ များနေပြီ''

ဟု မေမေ ဘဝင်မကျသလို ဆိုလာစဉ်၊ မှာ မေမေ ကို





ချွဲ့ဖက်၍

''မေမေကလည်း မော် မရှိတုန်း မှာ လွတ်လွတ်လပ်လပ် ခံစားပါရစေ၊ မော်နဲ့ဆို မှာ ဘယ်မှသွားရတာ မဟုတ်ဘူး။ သူနား မှာချည်း အချိန်ပြည့်နေရတာ။ ဘယ်သောက် ထွက်ပေါက်မဲ့သလဲ ဆိုတာ မေမေ မစာနာတတ်ဘဲနဲ့''

''ညည်းပြောလိုက်ရင် ဆင်ခြေကြီးပဲ မိကုမာရ။ အခုကော ဘယ်သွားဦးမလဲ''

''နှင်းအိ ကွန်ပျူတာ သင်တန်း တက်နေတာလေ၊ နှင်းအိနဲ့ ကွန်ပျူတာသင်တန်း လိုက်သွားမလို့ ပြီးတော့ မှာလည်း ကွန်ပျူတာ သင်တန်း တက်ချင်တယ်''

''သမီးနဲ့တော့ ခက်ပါတယ်ကွယ်''

''မခက်ပါဘူးမေမေ၊ နှင်းအိ အဖော်ရှိတာပဲ၊ အလွယ်လေး''

''ကဲ မှာရယ်၊ သိပ်စကားများများ မပြောနဲ့၊ မေမေ ခေါင်းကိုက်လာပြီ၊ သွားစရာရှိလည်း မြန်မြန်သွား၊ အကြာကြီး အချိန်မဖြုန်းနဲ့၊ ပြန်လာရင် မေမေ့အတွက် ဆေးဝယ်လာခဲ့''

မေမေက မော်မရှိရင် မှာ့ဆန္ဒကို ဦးစားပေးတတ်သည်။ ဘာပဲဖြစ်ဖြစ် မော်မရှိတုန်း မှာ့ကို အပြင်ထွက်ခွင့်ပေးတဲ့မေမေ့ ပါးပြင်ကို မှာ ချစ်စနိုး နမ်းရှိုက်လိုက်ပြီး

''ဟုတ်ကဲ့ပါ မေမေ၊ ဟော နှင်းအိ ရောက်လာပြီ၊ မှာ သွားတော့မယ်နော်''

ညှော်ခန်းဝမှ နှင်းအိ ပုံရိပ်လေးမြင်သည်နှင့် မေမေ့ရင်ခွင် ထဲမှ မှာ ဖဲ့ခွာလိုက်သည်။ စားပွဲပေါ်မှ လက်ကိုင်အိတ် ဆွဲယူ၍

''သွားမယ် မေမေ''

ဟု မေမေ့ကို နှုတ်ဆက်စကားဆို၍ မှာတို့နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ထွက်ခဲ့ကြသည်။

မေမေက သက်ပြင်းမွေ့မွေ့ချလျက် မာ နောက်ကြောပြင်
အမြင်တဆုံး ငေးကြည့်နေမှာ သေချာသည်။

မော်ရယ်၊ ခုချိန်မှာ မာ အပေါင်းအသင်းတစ်ယော
ရပြီး လည်ပတ်နေတာ သိရင် နင် ဒေါသ ဘယ်လိုပြုကျ
မလဲဆိုတာ မာ မြင်ယောင်သေး။

နင့် ဒေါသတွေကို ငါ ဂရုမစိုက်နိုင်တော့ဘူး မော်ရယ်
ခုချိန်မှာ နင်းအိ တက်နေတဲ့ ကွန်ပျူတာသင်တန်းကို မာ စိတ်လွ
ကိုယ်လွတ် သွားရတာလောက် ပျော်စရာ မရှိဘူး သိလား။ နင်းအိ
တက်နေတဲ့ ကွန်ပျူတာသင်တန်းမှာ မာ တို့အရွယ်တွေ များလိုက်တာ

မာ တို့ သင်တန်းရောက်တော့ သင်တန်းသားတွေ လူ
တက်စုံ မရောက်သေး။

"မာ၊ နင်းအိ နေရာမှာထိုင်နေ၊ နင်းအိ အပြင်ခဏ
ထွက်မလို့"

ဟု ကွန်ပျူတာတစ်လုံးရှေ့က ထိုင်ခုံမှာ မာ့ ကို နင်းအိ
က နေရာချပေးသည်။ မာ ကွန်ပျူတာရှေ့ထိုင်၍

"နင်းအိ၊ သိပ်မကြာနဲ့နော်၊ မာ တစ်ယောက်တည်း
မနေရဲဘူး"

"စိတ်ချပါ၊ သိပ်မကြာပါဘူး"

နင်းအိ ထွက်သွားစဉ်

မာ့ ဘေးထိုင်ခုံမှ သင်တန်းသူတစ်ဦး ကာတွန်းရုပ်လေးတွေ
ရေးဆွဲနေတာကို ငေးကြည့်နေခြင်းဖြင့် မာ အချိန်ဖြုန်းနေမိသည်။
သူတို့တွေလို ကွန်ပျူတာ မတတ်ကျွမ်းတော့ မာ့ရှေ့က ကွန်ပျူတာက
ဘာမှ အသုံးမဝင်၊ တခြားသူတွေ ကာတွန်းရေးဆွဲနေတာကို





ကြည့်ရင်း မာလည်း ကွန်ပျူတာတတ်ချင်တဲ့စိတ်တွေ ပေါ်ဘာသည်။
မာလည်း သူတို့လိုတတ်ကျွမ်းရင် သူတို့လို ရေးနိုင်ပြီပေါ့။
ခုတော့၊ မာရှေ့ ရှိနှင့်နေသည့် ကွန်ပျူတာဖန်သားကို
ငေးကြည့်လိုက်စဉ်

"ကိုယ်နာမည် ကင်းကမ္ဘာ" ဟူသော စာတန်းလေး
တစ်ကြောင်းပေါ်လာသည်။ ထိုစာကြောင်းကြောင့် မာ့ရင်မှာ တအံ့
တသြ ရင်ခုန်သလိုဖြစ်သွား၏။

ကင်းကမ္ဘာ တဲ့။

ထိုနာမည်ပိုင်ရှင်က ဘယ်လိုရုပ်ဆင်းသဏ္ဌာန်နှင့်
လူတစ်ယောက်ပါလိမ့်၊ မော်လိုပဲ ခပ်ဂျစ်ဂျစ်လူငယ်လေး ဖြစ်နေ
မလား။ ဒါမှမဟုတ် ထူးခြားတဲ့အသွင်ဆောင်တဲ့ လူငယ်လား။

ထိုစဉ် မာ့ကို ရှုးရှုးစိုက်စိုက်ကြည့်နေသည့် မျက်ဝန်းတစ်စုံ၊
ထိုမျက်ဝန်းရှင်က ကင်းကမ္ဘာ ဆိုတာလား။

တည်ငြိမ်ရင့်ကျက်၍ တက်တက်ကြွကြွရှိသော ထိုမျက်ဝန်း
ပိုင်ရှင်က မာ့ကို လိုလားခင်မင်မှုယ် ပြုံးတိတိလေးဖြင့်ကြည့်နေ
သည်က မာ့မျက်ဝန်းကို ညှို့ဆောင်ထားသည်နှင့် တူတော့၏။

သူ့မျက်ဝန်း ကြည့်လဲ့လဲ့က မော့်လို အတ္တအရိပ်အယောင်
တွေ ရစ်သိုင်းမထား။ မာ့ရှေ့ ဖျပ်ခနဲ ရောက်လာသည့် ထိုလူငယ်
လေးကို မာ ငေးကြည့်မိသည်။

မော်ရယ်၊ နင်က မာ့ကို ပိတ်လှောင်တဲ့ သော့အိမ်တစ်ခု
ဆိုရင် သူက လှောင်အိမ်ကို ဖွင့်နိုင်စွမ်းမယ့် သော့တံလေးပေါ့လို့
မာ ခံစားမိ၏။ ဘာပဲဖြစ်ဖြစ် ထိုလူငယ်လေးနဲ့ တွေ့ဆုံရခြင်း
ကံကြမ္မာကို မာ ကျေးဇူးတင်မိသည်။

"သင်တန်းသူ အသစ်လား"



www.burmeseclassic.com

www.burmeseclassic.com



ဟု သူ ဦးစွာဆိုစဉ်၊

မာ ဦးခေါင်း ရမ်း၍

"ဟင့်အင်း၊ နှင်းအိ နဲ့လိုက်လာတာ"

"ဪ၊ နှင်းအိနဲ့ လိုက်လာတာကိုး"

ဟု တအံ့တဩဆိုသံလေးက မာ့ အာရုံမှာ နားဝင်ချိုလှလေရဲ့၊

"ကိုယ့်နာမည်က ကင်းကမ္ဘာပါ၊ အားလုံးက ရင်းရင်းနှီးနှီး ကင်း လို့ပဲ ခေါ်ကြတယ်၊ ကင်း လို့ပဲ ခေါ်ပေါ့"

သူ ဆိုစဉ်၊ မာ ခေါင်းညိတ်မိပြန်၏။ ထိုအခါ သူ့မျက်ဝန်းလေး ပိုပြီးကြည်လင်တောက်ပလာစဉ် မာ ရင်ခုန်သလိုလို ဘာကြောင့်လို ခံစားမိသည်။

"ဒီက နာမည်ကရော"

"အို"

သူမေးစဉ်၊ မာ အကြီးအကျယ် ရှက်သွားပါ၏။ ထိုထိမိမိ ရှိလှတဲ့ သူ့အကြည့်ကို မာ ဘာဖြစ်လို့ ရင်မဆိုင်ရဲပါလိမ့်၊ သူ့အကြည့်ကို မာ့ တကယ်ရင်ခုန်လို့လား၊ ဟင့်အင်း မဖြစ်နိုင်ဘူး။ ဒါဆိုရင် ဘာဖြစ်လို့ သူ့အကြည့်နဲ့လွတ်ကင်းရာဆီ မာ ပြေးထွက် ခဲ့မိတာလဲ။

မာ၏ လှည့်ထွက်ခဲ့မှုကို ပြုံးပြုံးချည်း စိုက်ကြည့်နေသည့် သူ့မျက်ဝန်းအစုံကြောင့် မာ့ရင်ခွင်မှာ လှိုင်းတစ်ခု ဖြတ်ပြေးလေပြီ ထင်ရသည်။ သူ့မျက်ဝန်းကို မြင်ယောင်မိတိုင်း မာ့ရင်မှာနွေးလျက်၊ နှင်းအိက မာနှင့်ကင်းတို့ရဲ့ ကြုံဆုံမှုလေးကို မသိခဲ့။ နှင်းအိ သင်တန်းခန်းမထဲ ဝင်လာတော့ မာ့ကို မတွေ့ရတော့။ နှင်းအိ ကြာနေလို့ မာ စိတ်ကောက်သွားပြီထင်တယ်၊ ထို့ကြောင့် ထိုညနေမှာ မာ့ဆီ နှင်းအိ ရောက်လာပြီး

"မာ ဘာဖြစ်လို့ နှင်းအိကို မစောင့်တာလဲ"

နှင်းအိ မေးစဉ် မာ့မျက်နှာပေါ် ရှက်ရိပ်ပြေးသွားသည်။ မာ ဘာပြန်ဖြေရမှန်း မသိတော့။ လက်ထဲရှိနှင့်သည့် ဝတ္ထုစာအုပ်ကိုသာ မာ လှန်လှောနေသည်။

"ဘာလဲ၊ နှင်းအိကို စိတ်ဆိုးလို့လား"

"ဟင့်အင်း"

"ဘာဖြစ်လို့ ထွက်လာခဲ့တာလဲ၊ နှင်းအိက သူငယ်ချင်းတွေနဲ့ စကားပြောကောင်းတာနဲ့ ကြာသွားတာ၊ နှင်းအိ အခန်းထဲ ဝင်လာတော့ မာ ထွက်သွားပြီတဲ့၊ ကင်းကမ္ဘာက ပြောတာလေ"

'ကင်း' နာမည်ပါလာသောကြောင့် မာ ရင်တလှုပ်လှုပ် ခုန်လာသည်။

"ပြောလေ၊ ဘာဖြစ်လို့ တစ်ယောက်တည်းထွက်လာတာလဲ"

မာ မဖြေ။

"တစ်ယောက်ယောက်က တစ်ခုခုပြောလို့လား"

မာ ခေါင်းခါလိုက်သည်။

"ဒါဆို ဘာဖြစ်လို့ ပြောလေ၊ မာက နှင်းအိရဲ့ သူငယ်ချင်းဆိုတော့ မာ စိတ်အနှောင့်အယှက်ဖြစ်စရာ ကြုံရတယ်ဆိုရင် နှင်းအိ စိတ်မကောင်းဖြစ်တာပေါ့"

"မာ ဘာမှမဖြစ်ပါဘူး၊ မာက သင်တန်းသူလည်း မဟုတ်တဲ့ အဲဒီအခန်းထဲမှာ ထိုင်ရတာ သိမ်ငယ်သလိုဖြစ်ရတယ်လေ၊ ဒါကြောင့် ထွက်ခဲ့တာပါ"

နှင်းအိ ယုံအောင် မာ လုလုပပပြောလိုက်မိသည်။ ထိုအခါ နှင်းအိမျက်နှာ ရွှင်ပျလာပြီး







www.burmeseclassic.com

www.burmeseclassic.com

''အိုး၊ မာ သိမ်ငယ်စရာ မလိုဘူး၊ သင်တန်းနည်းပြဆိ
နှင်းအိ ခွင့်တောင်းခဲ့ပြီးပြီ၊ မာ့ကို သင်တန်းတက်ခွင့်ပေးပါလို့
ဆရာက ခွင့်ပေးတယ်လေ၊ နောက်နေ့ကစ နှင်းအိနဲ့အတူ
သင်တန်းလိုက်တက်ပေါ့၊ ဟုတ်ပြီလား''

နှင်းအိ ဆိုစဉ်၊ မာ့ရင်မှာ ပျော်သွားသည်။ ဒါပေမဲ့ 'ကင်း
နဲ့ရင်ဆိုင်ရမှာကို ဖိတ်ကမလုံမလဲတာကြောင့် ခေါင်းမညိတ်ဖြစ်ပါ

''မာပဲ ပြောတယ်လေ၊ ကွန်ပျူတာသင်တန်း၊ တက်ချင်
တယ်ဆို၊ နှင်းအိ စီစဉ်ခဲ့ပြီပဲ၊ လိုက်တက်နော်၊ နော် မာ''

မာ ခေါင်းမညိတ်သရွေ့ နှင်းအိ တတွတ်တွတ်ပြောလေရဲ့

''နော် မာ၊ နှင်းအိကို စိတ်မဆိုးဘူးဆိုရင် သင်တန်း
အတူတူတက်နော်၊ နော့်ဆို''

နှင်းအိ မရပ်မနားဆိုတော့ မာ ခေါင်းညိတ်ရတော့သည်။
မာ လည်း သင်တန်းတက်ချင်တာပဲ၊ 'ကင်း'ကြောင့် ရင်ခုန်သလို
ဖြစ်ရတယ်ဆိုတာ နှင်းအိကို မပြောဖြစ်၊ ဘာဖြစ်လို့လည်းဆိုတော့
နှင်းအိ ကတစ်ဆင့် မေ့ သိရင် မာ့ကို ပိုပြီး ချုပ်ကိုင်မှာလေး
ဒါကြောင့် ထိန်ချန်ရသည်။ နောက်ပြီး နှင်းအိကြောင့် 'ကင်း'နှင့်
ကြုံရတယ်ဆိုတာ သိရင်၊ မေ့ က နှင်းအိကို ခွင့်လွှတ်မှာ
မဟုတ်ဘူး။ မိုက်မိုက်ကန်းကန်းပြုမူတတ်တဲ့ မေ့ စရိုက်အတွက်
မာ အတတ်နိုင်ဆုံး ဟန်ဆောင်ဖုံးကွယ်ရတော့သည်။ ထိုနေ့မှစ၍
နှင်းအိ နှင့်အတူ မာ ကွန်ပျူတာသင်တန်း လိုက်တက်မိသည်။

သင်တန်းသွားရန် မာ တို့ ကားမှတ်တိုင် ကားရပ်စောင့်
ကြသည်။ ဘတ်စ်ကားတွေက တိုးတက်လို့မရအောင် ကျပ်လွန်းသည်၊
ကားကျပ်ကျပ်ကို တိုးစီးဖို့ မာ စိတ်ဝင်တစားရှိလှသည်။ မေ့နဲ့ဆို
မာ ဘတ်စ်ကားတိုးစီးခွင့် မရဘဲ။ ခု မေ့ မရှိတုန်း တိုးစီးဖို့





မာ တက်ကြွလျက် ရှိသည်။ ဘတ်စ်ကား လာရာဘက် မာ ငေးမျှော်
ကြည့်ရင်း

''နှင်းအိ၊ ဒီတစ်စီး ဘယ်လောက်ကျပ်ကျပ် တိုးတက်မယ်
နော်''

''အင်းပါ၊ နှင်းအိက ဘယ်လောက်ကျပ်ပစေ၊ တိုးတက်
နိုင်ပါတယ်၊ မာ သာ တိုးတက်နိုင်အောင် ကြိုးစားပါ''

'အာထင်မသေးနဲ့ မာ တက်နိုင်ပါတယ်နော်၊ မယုံရင်
စောင့်ကြည့်''

မာ ခပ်ဝင့်ဝင့်လေး ဆိုလိုက်သည်။ ထိုစဉ် မာတို့ရှေ့မှာ
မာစ်ဒီး ကားတစ်စင်း ထိုးရပ်လာသည်။ ကားတွင်းမှ တစ်စုံတစ်ဦး
ခေါင်းပြူထွက်လာသည်။ မာ ကြည့်လိုက်တော့ 'ကင်း'။ မာ့ရင်မှာ
နွေးခနဲ ဖြစ်သွားသည်။

''နှင်းအိ၊ သင်တန်းသွားမလို့ မဟုတ်လား။ လာလေ၊
ကားပေါ်တက်''

ကင်း က နှင်းအိ ကို ရင်းရင်းနှီးနှီး ခေါ်လိုက်သည်နှင့်
တပြိုင်နက် ကားနောက်ခန်းတံခါးပါ ကင်း လှမ်းဖွင့်သည်။ ထို့နောက်
မာ့ ကိုပြုံးကြည့်၍၊ ကားပေါ်တက်ပါဟု ကင်း က မျက်ရိပ်ပြသည်။
မာ့ကို နှင်းအိ အဖော်ညှိသလိုကြည့်၍

''မာ ကင်းကားနဲ့ လိုက်စို့လား၊ ကင်း က နှင်းအိတို့
Section ကလေ''

ကင်း ထံမှ မာ အကြည့်လွှဲ၍

''ဟင်အင်း၊ မာ ဘတ်စ်ကား တိုးစီးရတာ ပျော်တယ်၊
နှင်းအိ လိုက်ချင်လိုက်သွား၊ မာ ဘတ်စ်ကားနဲ့ လိုက်ခဲ့မယ်''

မာ့ စိတ်ကို နားလည်သည့် နှင်းအိက ကင်း ကိုခပ်



www.burmeseclassic.com

www.burmeseclassic.com



ဖျော့ဖျော့ကြည့်၍

''ကဲပါ ကင်း၊ ရယ်၊ ရှင့်ဘာရှင် သွားပါတော့၊ မာနဲ့အ နင်းအိ ဘတ်စ်ကားစောင့်စီးမယ်''

'ကင်း'ကို အားမနာတမ်းဆိုသည့် နင်းအိကို မာ အံ့ မိသည်။ နင်းအိက ကင်းထက် မာ့ကို အလေးပေးတာလား၊ ဘာ ဖြစ်ဖြစ် မာ့ကို လိုက်လျောတတ်တဲ့ နင်းအိလို သူငယ်ချင်းမျိုးရတ မာ ကံကောင်းတာပေါ့ ကင်း။

''ဒါဆို နင်းအိတို့နဲ့အတူ ကျွန်တော်ပါ ဘတ်စ်က စောင့်စီးမယ်လေ၊ ရတယ်နော်''

မာ့ကို ကြည့်၍ ခွင့်တောင်းသလို 'ကင်း'ဆိုသည်။ မာ တစ်ခွန်းမှ ပြန်မပြောဘဲ နှုတ်ဆိတ်နေလိုက်သည်။ နင်းအိ မာနဲ့ကင်းကို အကဲခတ်သလိုကြည့်ပြီး

''ကင်း၊ ရိုးမှရိုးရဲ့လား၊ မာ့ကို စိတ်အနှောင့်အယှက်ဖြ အောင် မလုပ်နဲ့၊ မာက လွတ်လွတ်လပ်လပ်ရှိမှ ကြိုက်တ နင့်ကြောင့် မာ စိတ်ကျဉ်းကျပ်နေရင် နင်းအိ လက်မခံဘူး''

''မရှုပ်ပါဘူးဗျာ၊ ကျွန်တော့်ကြောင့် နင်းအိသူငယ်ချင်း စိတ်မရှုပ်စေရဘူး၊ အာမခံတယ်''

မာ့ကို ခပ်ပြုံးပြုံးလေးကြည့်၍ ကင်း ဆိုစဉ်၊ မာ အကြည် လွဲမိသည်။ နင်းအိက မျက်ခုံးလေး ပင့်ကာ မာ ကို တစ်စုံတစ် နားလည်သဘောပေါက်သလို ကြည့်သည်။ ကင်းက ပြောပြောဆို ကားမောင်းသူနေရာမှ ဖျပ်ခနဲ ဆင်းသည်။ ကားမောင်းသူ ဘေးမှ ထိုင်နေသည့် ဦးလေးကြီးကို ငဲ့ကြည့်၍

''ဦးမောင်၊ သင်တန်းဆင်းချိန်မှ လာကြိုတော့၊ ဒီက သူငယ်ချင်းတွေနဲ့အတူ၊ ဘတ်စ်ကားစီး သွားလိုက်မယ်''





ဦးမောင် 'ကင်း' ပြောသည့်အတိုင်း ခေါင်းညိတ်နာခံ၍ ကားမောင်းထွက်သွားသည်။ နင်းအိဘေးမှာ ကင်း ရပ်လိုက်သည်။ အနီရောင် ကိုယ်ကျပ်ဖက်ရှင်နှင့် လင်းလင်းစိုစို လှနေသည့် မာ့ကို ကြည်နူးစွာ ကင်း ငေးကြည့်လိုက်သည်။

''ကားစောင့်တာ ကြာပြီလား''

နင်းအိကို မေးသလိုလိုနှင့် မာ့ကို အကဲခတ်ကြည့်၍ ကင်း ဆိုသည်။

''သိပ်မကြာသေးဘူး'' ဟု နင်းအိ ဖြေသည်။

''နင်းအိ သူငယ်ချင်းက စကားနည်းတယ်နော်''

ဘတ်စ်ကား လာရာဘက်သာ မျက်နှာလှည့်ထားသည့် မာ့မျက်နှာပေါ် ဆံပင်ခွေလိမ်လိမ်လေးက ပြန့်ကျနေသည်က ကြည့်မဝနိုင်အောင် ရှုမော့ဖွယ် ကောင်းလှသည်။

အံ့မြင်အရ ကင်း က မော့ လို တဖွတ်ထိုး မဆန်တတ်။

''နင်းအိ သူငယ်ချင်းပါ သင်တန်းတက်မှာဆို၊ မနေ့က ဆရာပြောတာ ကြားလိုက်တယ်''

''ဟုတ်တယ်''

ကင်း ဆိုစဉ် နင်းအိ ခေါင်းညိတ်လိုက်သည်။ ထိုစဉ်

''ဟော၊ ကားလာပြီ''

မာ့ အသုံးအဆုံး ကင်းတို့ရှေ့ ဘတ်စ်ကားတစ်စီး ထိုးဆိုက် လာသည်။ ကားပေါ်မှ ဆင်းသူနည်းပြီး တက်သူက များသောကြောင့် မာ တိုးတက်၍ မရ၊ မာ ဘတ်စ်ကားတိုးမစီးဘူးပါ၊ ဘယ်သွားသွား မော်ရဲ့ ဖိမ်ခံကားကြီးနဲ့လေ၊ ဘတ်စ်ကားတိုးစီးဖို့ မာ့ကို မော် ခွင့်မပြုခဲ့။

''ဟိုလူတိုး ဒီလူတိုးနဲ့ မာအသက်ရှုကျပ်ပြီး သေသွားမှာပေါ့



www.burmeseclassic.com

www.burmeseclassic.com



မစီးရဘူးကွာ''

ဟု အမိန့်ထုတ် ပိတ်ပင်ခဲ့သည်။ မှော် မရှိလို့ နှင်း
နှင့်ခင်ရသည်။ နှင်းအိနဲ့ ခင်ပြီးမှ မာ ဘတ်စ်ကား တိုးစီးပွဲသည
မှာ နှစ်ကြိမ်ရှိပြီ၊ ဒီတစ်ကြိမ်ဆိုရင် သုံးကြိမ်မြောက်။ ပထမနှစ်ကြိမ်
ဒီလောက်ထိ လူမတိုး။ ကားပေါ်ကို မာ လွယ်လွယ်ကူကူ တက
နိုင်သည်။ သည်တစ်ကြိမ်တော့ ဆင်းသူနှင့်တက်သူ ရှုပ်ထွေးတ
ကြောင့် မာ ဘယ်လိုတက်ရမှန်း မသိတော့၊ နှင်းအိက ကားပေ
ရောက်သွားပြီ၊

''မာ၊ မြန်မြန်တက်'' ဟု လှမ်းခေါ်သည်။

''မာ၊ ဟောဒီလက်တန်းကိုင်ပြီး လှမ်းတက်၊ အနီးဆုံး
နောက်မီးကို ဆွဲကိုင်၊ ကျန်လက်တစ်ဖက်နဲ့ အပေါ်တန်းကို ကိုင်ထ
ပြီးတော့ နှင်းအိနား တိုးသွား''

ဟု မာ့နောက်က ကင်း ညွှန်ကြားသည့်အတိုင်း နှင်း
ဆီ မာ ရွေ့လျားသွားသည်။ ကားထွက်သည့်အခါ မာ့ တစ်ကိုယ်
လုံး ယိုင်နဲ့သွားသည်။

''နှင်းအိ၊ မာ့ကို ထိန်းထား''

နှင်းအိကို ကင်း သတိပေးလိုက်သည်။ ကင်း သတိပေ
လို့သာပေါ့၊ နှင်းအိ ဆွဲမထားရင် မာ လဲကျမှာသေချာသည်
ကင်း က မာ နောက် ခပ်ခွာခွာမှာရှိလျက် မာ့ကို ဘယ်သူမှ
ဝင်မတိုးအောင် ကာကွယ်သလို ကင်း ရင်ခွင် ဆီးကာထားသည်က
မာ့ရင်မှာ ရှိုးတိုးရှန့်တန့် ဖြစ်စေသည်။

ကင်းက ဘာဖြစ်လို့ မာတို့နဲ့ ဘတ်စ်ကား အတူ တိုးစီး
ရတာလဲ၊ မာ စဉ်းစားရင် တသိမ့်သိမ့် ရင်ဖိုလှုပ်ရှားလာသည်။

မှတ်တိုင်ရောက်လို့ ကားပေါ်မှ ဆင်းတဲ့အခါ ကင်း





ဦးဆောင်တိုးထွက်ကာ နောက်မှ မာတို့ တိုးဆင်းခဲ့တဲ့အဖြစ်က
စိတ်လှုပ်ရှားစရာ ကောင်းသား။

ကားပေါ်မှဆင်းပြီး အသက်ဝအောင် ဖိရှူရတာ မာ့အတွက်
အရသာတစ်ပါးပဲ။

''မာ ကားတိုးစီးကျင့် မရှိဘူးထင်တယ်''

ကင်း တိုးကိုးဆိုစဉ်၊ မာ ခေါင်းညိတ်မိသည်။ မာ့ကို
ဂရုတစိုက်ရှိသည့် ကင်း အမူအရာကြောင့် နှင်းအိ ပြုံး၍

''ဟုတ်တယ် ကင်း၊ မာက နှင်းအိနဲ့ခင်ပြီးမှ ကားတိုးစီး
ခွင့်ရတာ၊ မာ့သူငယ်ချင်းက မာ့ကို ကားတိုးစီးခွင့် မပေးဘူးတဲ့လေ''

နှင်းအိက မှော့်အကြောင်း သိထားသမျှ ဖောက်သည်
ချလေပြီ၊ နှင်းအိ စကားအဆုံး မာနှင့် ကင်း ဖျပ်ခနဲ အကြည့်
ချင်းဆုံသည်။

''ဟုတ်လား၊ ဘာဖြစ်လို့လဲ''

''မှော်က စိုးရိမ်တတ်လို့ပါ၊ မာ ခုလို ကားတိုးစီးခွင့်ရတာ
ပျော်တယ်လေ၊ မှော် မရှိတုန်း တဝ စီးဦးမှာ''

''ဒါဆို သင်တန်းကအပြန် ကျွန်တော်လည်း မာနဲ့အတူ
လိုက်စီးမယ်လေ၊ ရမလား''

မာ အကြည့်လွှဲ၍ ခေါင်းညိတ်လိုက်သည်။ မှတ်တိုင်ကနေ
သင်တန်းခန်းမဆီသို့ မာ စကားတပြောပြောနဲ့ လျှောက်လာကြသည်။
ခန်းမထဲ ဝင်ရန်ပြင်တော့ နှင်းအိတို့ သူငယ်ချင်းတစ်စုက

''ဒီနေ့ ဆရာ၊ တစ်ချိန်နောက်ကျဝင်မယ်တဲ့၊ တို့တွေ
မုန့်သွားစားမလို့''

ဟုဆို၍ ထွက်သွားသည်။ မာတို့သုံးယောက် ခန်းမထဲ
လှမ်းမဝင်ဖြစ်ဘဲ တွေတွေချည်း ရပ်နေမိသည်။ ထိုအခါ ကင်း



www.burmeseclassic.com

www.burmeseclassic.com



ရင်မှာ အတွေးတစ်ခု ဝင်လာသည်။

"နှင်းအိ၊ တစ်ခုခု သွားစားကြစို့လား။ မာနဲ့ ခင်မင်မှု အထိမ်းအမှတ်အတွက်" တဲ့။

"ကောင်းသားပဲ၊ မာ တစ်ခုခု စားရအောင်နော်"

နှင်းအိက ကင်း၊ အဆိုကို အားတက်သရော ထောက်ခံသည်။ ကင်းကို မာ တစ်ချက်ကြည့်တော့ ကင်းက ကြည်စင်သည့် အပြုံးနှင့်

"မာ၊ ကျွန်တော့်ကို ခင်မင်ခွင့် ပြုနိုင်မလား။ မာ့ကို စတွေ့ကတည်းက ခင်ချင်စိတ် ဖြစ်တာပါ။ ဒါကြောင့် ကွန်ပျူတာ ကတစ်ဆင့် ကျွန်တော့်နာမည်ကို မိတ်ဆက်လိုက်တာ"

ကင်းက မာ့ဆန္ဒကို အလေးအနက်ထား တောင်းခံတာ ဘာကြောင့်ပါလိမ့်၊ ဘာပဲဖြစ်ဖြစ် မောင်လို တဖွတ်ထိုးမဟုတ်တဲ့ အတွက် မာ ခင်ချင်ပါတယ်။ နှင်းအိက အခြေအနေကို ရိပ်မိဟန်နှင့်

"ကင်းက နှင်းအိ မရှိတုန်းက မိတ်ဆက်ထားတာကိုး မဟုတ်မှလွဲရော၊ နှင်းအိကို မစောင့်ပဲ တစ်ယောက်တည်း လစ်ထွက် ခဲ့တာ ဒါကြောင့်ပေါ့၊ ဟုတ်လား၊ မာ"

နှင်းအိ သိပြီဆိုတော့ မထူးတော့၊ မာ အပြုံးနှင့် ခေါင်းညိတ်လိုက်သည်။ မာတို့ သုံးယောက် အပြုံးဝေဖြာသွားသည်။

"ကဲ မာရယ်၊ ကင်းကို ခင်ခွင့်ပေးလိုက်ပါတော့နော်၊ ခင်မယ် မဟုတ်လား"

နှင်းအိ ဆိုစဉ်၊ မာ နှုတ်ခမ်းရဲရဲလေး စိုလက်သွားသည်။

"အရမ်း ဝမ်းသာတာပါ မာရယ်"

"ကင်း၊ အရမ်းဝမ်းသာတယ်ဆို တစ်ခုခုစားဖို့ လစ်စို့၊ တော်ကြာ ဆရာလာလိမ့်မယ်"





နှင်းအိ နှိုးဆော်တာနှင့် မာတို့ စားသောက်ဆိုင်ဆီ ရွေ့လာခဲ့သည်။ မာ့ဘဝမှာ မာ့စိတ်နှင့်မာ သွားလာလှုပ်ရှားခဲ့ရတာမျိုး မရှိခဲ့ပါ။ အခုလို သွားခွင့်ရတာက မောင် မရှိလို့သာပေါ့။ မောင်သာသိရင် ဘယ်လောက်များ ဒေါသဖြစ်လိမ့်မလဲ။

စားသောက်ဆိုင်တွင် မာနှင့် နှင်းအိက ဘေးချင်းကပ်ထိုင်ပြီး၊

"မာ ဘာစားမလဲ" ဟု ဂရုတစိုက် မေးသည်။

မောင်က မာ့ကို ဘယ်တုန်းကမှ အရေးတယူမေးလေ့မရှိ။

"မာက ကြာဇံကြော်စား။ စတော်ဘယ်ရီရှိတ် သောက်"

"ထမင်းပေါင်း စား"

"ကတ်ကြေးကိုက် စား"

စသည်ဖြင့် မောင် စားစေဆိုတဲ့ အစားအသောက်ကို မာ စားခဲ့ရတယ်။ ဒါကြောင့် မာ့ဆန္ဒကို ရှေ့တန်းတင် အရေးပေးတဲ့ ကင်းရဲ့ စရိုက်ကို မာ ကြည်နူးမိတယ်။ မောင်သာ ကင်းလိုမျိုး မာ့ကို ဂရုတစိုက်ရှိရင် ဘယ်လောက်ကောင်းလိမ့်မလဲ။

"မာ စားချင်တာ မှာလေ"

ကင်း၊ ထပ်ဆင့်ဆိုစဉ်၊ မာ နှုတ်ခမ်းပါးလေးဆူလျက်၊ မာ့မျက်ဝန်းလှလှက အငွေ့တစ်ထောင်းထောင်းထနေသည့် မုန့်ဟင်းခါးဆီ ရောက်သွားသည်။

"အင်း၊ မာ မုန့်ဟင်းခါး စားမယ်"

"အကြော်နဲ့လား"

"အင်း"

ကင်း၏ အလိုက်သိမှုအတွက် မာ ကြည်နူးပီတိ ဖြစ်ရသည်။ နှင်းအိက အခြေအနေကို အကဲခတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



''ကင်း၊ နှင်းအိလည်း မေးဦးလေ၊ ဘာစားမလဲလို့''
ဟု ရယ်ကျဲကျဲ ဆိုသည်။

''နှင်းအိက တို့ဟူးသုပ်ကြိုက်တာ ကျွန်တော် သိပြီးသားပဲ တို့ဟူးသုပ်၊ ပြီးတော့ ကြာဆံဟင်းခါးပါ မှာမယ်လေ''

ကင်း ဆိုတော့၊ နှင်းအိ ကျေနပ်သွားသည်။ ကင်းက သူငယ်ချင်းတွေရဲ့ သဘောကိုနောကြေအောင် သိတဲ့သူ၊ သူငယ်ချင်းတွေရဲ့ ဆန္ဒကို လိုက်လျောတတ်တဲ့သူ။

''ကင်း အတွက်လည်း မေ့နေဦးမယ်''

နှင်းအိက ခပ်နောက်နောက်ဆိုတော့ ကင်းက ရှက်သလို ပြုံးပြီး မာ့ကိုကြည့်သည်။ မာ ခေါင်းငုံ့ထားမိသည်။ စားပွဲထိုးက ကင်း မှာထားတဲ့ အစားအစာတွေ လာချပေးသည်။ မုန့်ဟင်းခါး ပန်းကန်ကို မာ့ရှေ့သို့ ကင်း ရွှေ့ပေးပြီး

''ရေတ်သီး၊ အချဉ်၊ အငန် ထည့်ဦးမလား''

''အင်း၊ နည်းနည်းစီ ထည့်မယ်''

ကင်းက မာ့ မုန့်ဟင်းခါးပန်းကန်ထဲ အချဉ်၊ အငန်၊ အစပ် အနည်းငယ်စီ ထည့်ပေးသည်။ မာ ဇွန်းနဲ့ မွှေစဉ်

''မာ၊ မြည်းကြည့်ဦး'' ဟု ဂရုတစိုက် ဆိုသည်။

မာ တစ်ဇွန်းမြည်းကြည့်တော့ အနေတော်ပဲ။

''ရပြီ''

ဦးခေါင်းလေးငုံ့လျက် မုန့်ဟင်းခါး တစ်ဇွန်းပြီးတစ်ဇွန်း ခပ်စားနေတဲ့ မာ့ကို ကင်းမျက်တောင်မခတ်တမ်း ငေးကြည့်မိသည်။ မုန့်ဟင်းခါး ပူပူနွေးနွေး၊ မာ နှုတ်ခမ်းပတ်လည်မှာ ချွေးဥကလေးများ စို့လာသည်။ ငရုပ်သီးစပ်သည့်အရှိန်ကြောင့် မာ့ နှုတ်ခမ်း ပါးပါးလေး ရှူချွန်လျက် တရှူးရှူး တရှဲရှဲဖြစ်နေစဉ်၊ ကင်း အလိုက်





သိသိ သောက်ရေခွက် ကမ်းပေးလိုက်သည်။ အခုမှ ခင်ရတဲ့ မာ့အပေါ် အရိပ်တကြည့်ကြည့် ဂရုစိုက်နေသည့် ကင်းကို မာ မျက်ခုံးပင့်ကြည့်၍

''ကင်းရယ်၊ ကော်ဖီတွေ အေးကုန်တော့မယ်၊ သောက်ပါတော့''

ဟု သတိပေးမှ ကင်း ကော်ဖီတစ်ကျိုက်သောက်သည်။ အရိပ်တကြည့်ကြည့်ရှိလှတဲ့ ကင်း ဟာ မာ့ရဲ့ ငယ်သူငယ်ချင်း ဖြစ်ခဲ့ရင် သိပ်ကောင်းမှာပဲ၊ ခုလို လွတ်လွတ်လပ်လပ်စားသောက်ခွင့်ရတော့ ဘယ်လောက် ပျော်စရာကောင်းမလဲ။

စားသောက်ပြီးတဲ့အခါ ကင်းက ပိုက်ဆံရှင်းတာကြောင့်

''ဟင်အင်း၊ မာ ရှင်းပါရစေ''

''ရပါတယ်၊ ကျွန်တော်ပဲ ရှင်းပါ့မယ်''

''ဟင်အင်း၊ မာ့ရင်ထဲမှာ အကြွေးတင်သလို ခံစားရတယ်၊ မာ့ကို ခင်တယ်ဆိုရင် ဒီဝိုင်းကို မာ့ကို ရှင်းခွင့်ပြုပေးပါနော်''

မာ ဖွတ်ဆိုတော့၊ ကင်းမျက်နှာ အရောင်တစ်မျိုး ပြောင်းသွားသည်။

''မာက ကျွန်တော့ကို တကယ်မခင်လို့ ထင်တယ်''

''အဲလို မဟုတ်ပါဘူး၊ ခင်တာတော့ ခင်ပါတယ်။ အခုပဲ ခင်ရသေးတယ်၊ အခုပဲ ကင်းဆီက စားသလိုဖြစ်တော့ မာ စိတ်မလုံဘူးလေ၊ အဲဒါကြောင့်ပါ''

အဖြူရောင်သန့်စင်နေသည့် မာ့သဘောထားသန့်သန့်ကြောင့် ကင်း ပြုံးလိုက်ပြီး

''မာက မိန်းကလေးပဲ၊ ကျွန်တော်က ယောကျ်ားလေးတန်မဲ့ မာ့ဆီက ကပ်စားသလိုဖြစ်နေမှာပေါ့ဗျာ၊ ဒါကြောင့် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com


ရှင်းချင်တယ်''

စားသောက်တာ ရှင်းဖို့အတွက် မာနဲ့ ကင်း အလုအယက်ဖြစ်တော့ နှင်းအိက

''အဲဒါဆို မဲလိပ်နှိုက်၊ မဲပေါက်တဲ့သူ ရှင်း၊ နှင်းအိက ဒိုင်လုပ်မယ်''

''အေး ကောင်းတယ်၊ နှင်းအိ အစီအစဉ်ကောင်းတယ်''

နှင်းအိဆိုစဉ်၊ မာ အားတက်သရောထောက်ခံမိသည်။

''ကျွန်တော်လည်း ကြိုက်တယ်၊ မဲလိပ်နှိုက်ရတော့ ရင်ခုန်ရတာပေါ့ဗျာ၊ ဟုတ်တယ်နော် မာ''

မာ ခေါင်းညိတ်လိုက်သည်။ နှင်းအိက ချက်ချင်း မဲလိပ်နှစ်လိပ်လုပ်၍ လက်ခုပ်ထဲ ဆုပ်ကိုင်သည်။

''ကဲ မဲလိပ်နှိုက်''

နှင်းအိ ဆိုစဉ်၊ မာနဲ့ကင်း အကြည့်ချင်းဆုံသည်။ ကင်း မျက်စပစ်၍ မဲလိပ်နှိုက်ရန် ဆိုစဉ်၊ နှင်းအိ လက်ထဲက မဲလိပ်တစ်လိပ် မာ နှိုက်လိုက်သည်။ နောက်တစ်လိပ်ကို ကင်း နှိုက်သည်။ နှစ်ယောက်သား မဲလိပ်ပြိုင်တူ ဖွင့်ကြည့်သည်။

''အင်း၊ မာ ရှင်းခွင့် မရဘူး''

မာ မျက်နှာတွန့်သွားသည်။ ကင်း ပြုံး၍

''ကျွန်တော် ရှင်းခွင့်ရတယ်၊ မာ ကျေနပ်လား''

''ကျေနပ် ရမှာပေါ့''

မာ နှုတ်ခမ်းစူထော်၍ဆိုတော့၊ ကင်း ပခုံးလေးပင့်၍

''တကယ်လား''

''အင်း''

မာ ကျေနပ်စွာခေါင်းညိတ်လိုက်သည်။ မာ ရှင်းခွင့်





မရပေမယ့် ဒီဖြစ်စဉ်လေးတွေကို ဖန်တီးခွင့်ရသည်က ကြည်နူးချမ်းမြေ့စရာ ကောင်းလှသည်။ မာတို့ သင်တန်းတက်ကြ၊ သင်တန်းပြီးရင် ဘတ်စ်ကားစီးပြန်ခဲ့ရင် မာတို့လမ်းထိပ်အထိ ကင်း လိုက်ပို့တတ်သည်။ ဘာပဲဖြစ်ဖြစ် ကင်းကို မာ အရမ်းခင်မိပါတယ်။ ကင်းနဲ့ ခင်မင်ခွင့်ရတာက လွတ်လပ်မှု ထွက်ပေါက်အဖြစ် မာ ခံစားမိတယ်ဆိုတာ မေမေ့ သိရင် ဘယ်လောက်ပေါက်ကွဲနေမလဲ။ အခုလောလောဆယ် မေမေ့ မသိပေမယ့် သိနေတဲ့ မေမေက

''သမီးနဲ့တော့ ခက်တယ်။ အခုနက မေမေ့ ဖုန်းဆက်တယ်။ မေမေညာရတယ်၊ သမီး အိပ်နေတယ်လို့''

မာ သင်တန်းက ပြန်ရောက်ရောက်ချင်း၊ မေမေဆီး၍ဆူတော့သည်။ မာဦးခေါင်း အသာပုလိုက်သည်။မေမေ ဘဝင်မကျဖြစ်ပြီး

''သမီး အိပ်နေတယ်လို့ ညာလိုက်ရတယ်၊ တော်သေးတာပေါ့ အိပ်ပစေတဲ့၊ မာ အိပ်ရာကနိုးလောက်မှာ ပြန်ဆက်မယ်တဲ့၊ နောက်နေ့ကစပြီး သမီး သင်တန်းမသွားပါနဲ့တော့နော်''

မေမေခပ်တင်းတင်း ဟန့်တားစဉ် မာ အလိုမကျစွာ နှုတ်ခမ်းစူပြီး

''သွားမှာပဲ၊ အလကားသက်သက် အိမ်မှာထိုင်ပြီး အချိန်ဖြုန်းတာနဲ့စာရင် သင်တန်းတက်တာက အကျိုးရှိတယ် မေမေ၊ မာ့ကို မတားပါနဲ့လား''

''မေမေ မတားချင်ပါဘူး၊ သမီး တက်ချင်တယ်ဆိုလည်း မေမေ့ လာတော့ မေမေ ပြောပေးမှာပေါ့''

''ဟာ၊ နေရာတကာ မေမေ့ဆန္ဒကို တောင်းခံစရာ မလိုပါဘူး။ မာက မေမေ့သမီးပါ၊ မေမေခွင့်ပြုရင် ပြီးတာပဲ''



www.burmeseclassic.com

www.burmeseclassic.com



''အဲလိုချည်း ပြောလို့မရဘူးလေ၊ မော့်က ခပ်ဆတ်ဆတ် နိုင်ပေမယ့် အရာရာမှာ အလေးအနက်ထားတယ်။ ဘယ်ကိစ္စကိုမှ ပေါ့ပေါ့ဆဆ မလုပ်တတ်ဘူး။ ဒါကြောင့် မော့် မပါရင် မေမေ စိတ်မချနိုင်ဘူး သမီး၊ ကလေးဆိုး မဆန်စမ်းပါနဲ့၊ မေမေပြောတာ နားထောင်၊ ကဲ အဝတ်လဲ၊ ထမင်းစားရအောင်၊ မြန်မြန်လုပ်''

ပေကပ်ကပ်ဖြစ်နေသည့် မာ့ကို အတင်းတွန်းလွှတ်သည်။ မာ နှုတ်ခမ်းထော်ပြီး ခြေဆောင့်၍ အခန်းထဲ ဝင်ခဲ့သည်။

အဲလိုပဲ မေမေဟာ မော့်အတိုင်းပဲ။ ဘယ်တော့မှ မာ့ဆန္ဒကို ဦးစားမပေးဘူး၊ ဘာပဲဖြစ်ဖြစ် ကင်းနဲ့ ခင်ခွင့်ရတာ မာ့အတွက် ဖြေသိမ့်စရာကောင်းတယ်၊ နေပစေ၊ မော့် မရောက်ခင်အထိ မေမေ့ကို လှည့်ပြီး သွားမှာပဲ၊ ကင်း နဲ့ခင်ရတာ မာ စိတ်ပျော် ရွှင်တယ်လေ။'

မာ စိတ်ပျော်ရွှင်မှု ရဖို့အတွက် စွန့်စားရမှာပဲ၊ ထိုစဉ် မော့်ထံမှ ဖုန်းဝင်လာသည်။ မော့်နဲ့ မာ စကားမပြောချင်ပါ။ ဒါပေမဲ့ မာရှောင်လွှဲမရ။ ဖုန်းကိုင်လိုက်ရသည်။ မော့် အသံစူးစူးက နားဝင်မချို။

''မာ''

''ပြော''

မာ အလိုမကျစွာ ဆိုမိသည်။

''မာ့ အသံက ထန်လှချည့်လား''

''ထန်မှာပေါ့၊ မာတစ်ယောက်တည်း အခန်းအောင်းနေရတာ ပျင်းတာပေါ့''

''အဲဒီတော့''

''အပြင်ထွက်လည်ချင်တယ်။ နောက်ပြီး သင်တန်းတစ်ခုခု





တက်ချင်တယ်''

''ဟာ၊ ကောင်းတာပေါ့ မာ၊ မော့်ဒယ်သင်တန်း တက်မလား''

''မတက်ချင်ဘူး''

''ဒါဆို ဘာသင်တန်း တက်ချင်လဲ''

''ကွန်ပျူတာ''

မာ အားရဝမ်းသာ ဆိုလိုက်သည်။ မော့်ခွင့်ပြုတယ်ဆိုရင် လက်ရှိသင်တန်းကို ဆက်တက်ရုံပေါ့။ မော့်ဘက်က အသံတိတ်သွားသည်။ တအောင့်ကြာမှ

''ကောင်းပြီလေ၊ မာ တက်ချင်တယ်ဆိုရင် အကောင်းဆုံး သင်တန်းဆရာ ငှားပေးမယ်၊ ငါ့မှာ ကွန်ပျူတာ ရှိတယ်လေ''

''ဟာ၊ မာက အိမ်မှာ သင်ချင်တာ မဟုတ်ဘူး။ လူအများနဲ့ သင်တဲ့ သင်တန်းကို တက်ချင်တာ''

''မိမာ သိပ်အကဲမပိုနဲ့၊ ဘယ်မှာပဲသင်သင် အဓိက နင် ကွန်ပျူတာ တတ်ဖို့ပဲ မဟုတ်လား''

မာ အသံတိတ် ကျိန်ဆဲမိသည်။

''နေပါဦး၊ ငါမရှိတုန်း မာ ခြေငြိမ်ရဲ့လား''

သူ မယုံသလို မေးလာသည်။ မာကလည်း ခနဲ့ဖို့ဝန်မလေး။

''ငြိမ်သမှ မငြိမ် လို့တောင် ခေါ်လို့ရတယ်''

''သေချာလို့လား''

''မယုံရင် မေမေ့မေးကြည့်၊ ဒါနဲ့ နင် ဘယ်တော့ ပြန်လာမလဲ''

''ခု ချက်ချင်းတောင် လာခဲ့ချင်တာ၊ ငါက နင်နဲ့ ခွဲဖူးတာ မဟုတ်တော့ နေရတာ တမျိုးကြီးဟာ''



www.burmeseclassic.com

www.burmeseclassic.com



အပိုတွေ လာမချွဲနဲ့။

''နင် ဘယ်နှစ်ရက် ကြာမလဲ''

''ဘာဖြစ်လို့လဲ''

''မေးကြည့်တာပါ''

''မနက်ဖြန်ည ဆင်းဖြစ်မယ်ထင်တယ်''

''ဟယ်၊ ခဏလေးနော်''

''ဘာလဲ၊ ငါ့ကို အကြာကြီး ခွဲနိုင်လို့လား''

မာ မဖြေ။ အမှန်အတိုင်းဖြေလိုက်ရင် ခုချက်ချင်း ဆင်းလာမှာ စိုးရိမ်ရသည်။

''ဖြေလေ၊ အကြာကြီး ခွဲနိုင်လို့လား''

''ဟင်အင်း''

မာ စိတ်ရှုပ်စွာ ဖြေလိုက်သည်။ အကြာကြီးမဟုတ်ဘူး၊ တစ်သက်လုံး ခွဲနေနိုင်တယ်လို့ စိတ်အချဉ်ဖောက်စွာ ပြောလိုက်ချင်ရဲ့။

''ငါလည်း နင့်လိုပဲ မာရယ်၊ မန္တလေးလက်ဆောင် ဘာလိုချင်လဲ ပြော''

''မုန့်ဝယ်ခဲ့''

''ဒါပဲလား''

''အင်း''

''တစ်ခုခု ပြောကွာ''

''ဘာပြောရမလဲ''

''မာ ငါနဲ့မခွဲနိုင်ဘူးလို့ဆိုတယ်၊ မာ့အသံက စိတ်ရှုပ်နေသလိုပဲ''

''နင်ထင်လို့ပါ။ ဒါပဲနော်၊ ဖုန်းချလိုက်တော့မယ်''





''နေဦး၊ မာ''

''ပြော''

''ငါ နင့်ကို လွမ်းတယ်ဟာ''

မာ နှာခေါင်း တွန့်လိုက်သည်။

''ကဲ မှော်၊ နင် အနှားယူတော့၊ ဒါပဲနော်''

မာ ဦးစွာ ဖုန်းချလိုက်သည်။ ဖုန်းချပြီးမှ အသက်ဝအောင် ရှူမိသည်။ မေမေက မာ့ကို မျက်စောင်းထိုးလေရဲ့။ နက်ဖြန်ည ဆင်းမှာဆိုတော့ သဘက်ခါ နံနက်ရောက်မှာပေါ့။

ဟွန်း၊ မာ ဝင့်ခံရတော့မယ်။

ဒီတစ်ခါ မာ့ကို အတင်းအကျပ်လုပ်လို့ကတော့ မာ လုံးဝ သည်းမခံတော့ဘူး။

မာစိတ်ကို တင်းလိုက်သည်။

''မှော်က ဘာတဲ့လဲ သမီး''

''သဘက်ခါ ပြန်ရောက်မယ် ထင်တယ်''

''ကောင်းတယ်၊ မှော်ရောက်မှ သမီးခြေငြိမ်မယ်''

မာ့ဘက်၌ မရှိသည့် မေမေကို မှော်နဲ့ ထပ်တူ မာ အမြင် မကြည် ဖြစ်မိသည်။ အလကား မာ့ကို ချုပ်ချယ်နေကြတာ၊ မာ နည်းနည်းမှ ဘဝင်မကျပါ။ မှော်မရောက်ခင် အချိန်ကလေးမှာ မာ လွတ်လွတ်လပ်လပ် နေချင်ပါတယ်။ ဒါပေမဲ့ မှော် ပြန်ရောက်တော့မှာဆိုတော့ မာခြေငြိမ်မှ တော်ကာကျမည်၊ ဒါကြောင့်

''မာ မနက်ဖြန် သင်တန်း မလာဘူး''

''ဘာဖြစ်လို့''

မာ ခပ်လေးလေးဆိုစဉ်၊ နင်းအိ အံ့သြစွာ ကြည့်သည်။ ကင်း က ခပ်ငေးငေးကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ မာ၊ သင်ခန်းစာတွေ မလိုက်နိုင်လို့လား... မလိုက်နိုင်ရင်ပြောပါ၊ ကျွန်တော်ကူပြီး လေ့ကျင့်ပေးမယ်"

ဟုဆိုသည်။

မာ ခေါင်းအသာ ယမ်းမိသည်။

'မဟုတ်ဘူး၊ မော်ပေါ့၊ မော် မန္တလေးက ပြန်ရောက်မယ်... လေ၊ မာ သင်တန်းတက်တာ သူမသိဘူး"

"မော် ဆိုတာက"

"မာ့ ငယ်သူငယ်ချင်းပါ။ မော်လေ မန္တလေးမှာ ရွှေ့... သွားရိုက်နေလို့ မာ ခုလို အပြင်ထွက်ခွင့်ရတာ၊ မော် ရှိရင် မာ... အပြင်ထွက်ခွင့် မရဘူး၊ အဲဒါကြောင့်ပါ"

မာ ရှင်းပြလိုက်တော့ ကင်း၊ နှုတ်ဆိတ်လျက် မာ့... ကရုဏာသက်သလို ငေးမောကြည့်သည်။

"အေးနော်၊ အဲဒီမော်က ဘယ်လိုချည်းလဲ မသိဘူး၊ မာ့... သိပ်ပြီး အနိုင်ကျင့်တာတဲ့ ကင်းရယ်၊ နှင်းအိကို အဲလိုနိုင်ကြ... ပါလား၊ နှင်းအိ သည်းခံမှာ မဟုတ်ဘူး"

နှင်းအိက မာဘက်က ဆတ်ဆတ်မခံဆိုသည်။ ကင်း... အတန်ကြာ ငြိမ်သက်နေပြီးမှ

"မာ၊ အဲ့ဒီအတွက် စိတ်ညစ်လား"

"သေလောက်အောင် စိတ်ညစ်တာပေါ့၊ မေမေက... လေ" မော့်ဘက်ကလေ၊ ဖေဖေကလည်း ဒီအတိုင်းပဲ၊ မော့်မာမီ၊ ဒယ်ဒီ... ရောပေါ့"

"ဒါဆို မာ ဘာဖြစ်ချင်သလဲပြော၊ ကျွန်တော် တတ်နိုင်... ဆက်သွယ်မယ်လေ" ...သမျှ ကူပါ့မယ်"

"အင်း၊ လောလောဆယ်တော့ မော် မရိပ်မိအောင်နေမှ... ဖြစ်မယ်"

"ဘာဖြစ်လို့"

နှင်းအိ သိချင်လိုစိတ်လောစွာဆိုသည်။ မာနှုတ်ခမ်းပါးလေး... ရွှန့်၍

"မော်သိရင် မလွယ်ဘူး၊ ပြဿနာက ဝုန်းခနဲ ထကြွ... မှာလေ၊ နောက်ပြီး နှင်းအိနဲ့ ကင်းကို ပြဿနာရှာမယ်၊ မိုက်မိုက်... ကန်းကန်း လုပ်မယ်လေ၊ မော့် စိတ်ဓာတ်ကို မာ သိတယ်"

"ဒါဆို ဒီလိုလုပ်ပါ မာ"

"ပြောပါ၊ ဘယ်လိုလုပ်ရမလဲ"

ကင်း မျက်နှာ ခပ်တည်တည်တဲ့တဲ့ကို အားကိုးတကြီး... မာ ကြည့်၍ မေးသည်။

"လောလောဆယ် မာ သင်တန်း ခဏဖျက်ထား"

"ဒါဆို ကင်းနဲ့ နှင်းအိပါ အဆက်ဖြတ်ရမှာပေါ့၊ အဲဒါဆို... မာ ပိုပြီးစိတ်မကောင်းဖြစ်ရမယ် ကင်းရယ်"

မာ ညည်းတွားဆိုမိသည်။ မာ့မျက်နှာလေးကို ကင်း... တနာစွာ ကြည့်ပြီး

"မော် မသိအောင် ကျွန်တော်နဲ့ နှင်းအိ ဆက်သွယ်မယ်"

ကင်း အကြံကောင်းကြောင့် မာ လှစ်ခနဲ ပျော်သွားသည်။

"ဟုတ်တယ် မာ၊ နှင်းအိ မာ့ဆီ လျှပ်တစ်ပြက် လာပြီး... ဆက်သွယ်မယ်လေ"

နှင်းအိ စကားကြောင့် မာပိုပြီး အားတက်မိသည်။ မာ့... မျက်နှာ လှလှလေး ပို၍ လန်းရွှင်သွားသည်။

"ကောင်းတယ်၊ မော် မရိပ်မိအောင် မာတို့ ဆက်သွယ်







www.burmeseclassic.com

www.burmeseclassic.com



ကြမယ်၊ ကဲ မာ ဒီနေ့ စောစောပြန်မယ်''

''ကျွန်တော် လိုက်ပို့မယ်''

''နှင်းအိ ကော''

''လိုက်ပို့မှာပေါ့''

''လာ သွားစို့''

ထိုနောက် ကင်းနဲ့ နှင်းအိက မာတို့လမ်းထိပ်အ လိုက်ပို့သည်။ လမ်းထိပ်ရောက်တော့ မာ့ကို ကင်းတို့နှစ်ယော နှုတ်ဆက်ထွက်သွားသည့်အခါ မာတစ်ယောက်တည်း လမ်း လျှောက်ဝင်လာသည်။ မာတို့တိုက်ဘက် ချိုးဝင်မည့်လမ်းကျေ ဒိုက်နှင့် အမှတ်မထင် ဆုံတွေ့တော့၏။

မဆုံဖြစ်တာ ကြာပြီဖြစ်တဲ့ ဒိုက်အသွင်က အရင်ထ မြူးကြွနေသည်ဟု ထင်သည်။

''ဟိုင်း၊ မာ၊ မာ မန္တလေးသွားတယ်ဆိုလို့၊ ဒီကော ရင်ကျမ်းရတာဟာ၊ အခု ဘယ်ကလာတာလဲ မာ''

မာ့ ရှေ့ပိတ်ရပ်၍ ဟန်ရေးပြ ဆိုသည့် ဒိုက်အမူအရာ မာ့ စိတ်ကို ရှုပ်ထွေးစေသည်။

''မာ ရယ်၊ ကျောက်စိမ်း မဆန်ပါနဲ့ကွာ၊ မာ့ ဟောဒီကောင် ဘယ်လောက်ကြွေခဲ့လည်းဆိုတာ သိသားနဲ့ဗျာ''

မာ ဆံပင် ပျော့ပျော့ခွေခွေလေးကို စိတ်ရှုပ်စွာ ထိုးဖွ

''အေး၊ နင်ကြွေတာ မာသိတယ်၊ ဘေးဖယ်ပါ''

မာ တိုးထွက်ဖို့ ကြိုးစားသော်လည်း၊ ဒိုက် ရယ်ကျဲ မျက်နှာပေးနဲ့ မာရှေ့က ဆီးကာနေဆဲ။ ဒိုက် နှုတ်ခမ်းပါ တွန့် ကာ လုပ်ချင်ရာကို ဖွတ်လုပ်လေ့ရှိသည့် စိတ္တဇဆန်ဆန် အသွင် မာ့လည်တိုင်နှင့် မာ့မေးဖျားလေးကို စူးစူးနစ်နစ်ကြည့်ပြီး





''မာ သိတယ်ဆိုရင်၊ ဒီကောင့် ရင်ဘတ်ကြွေစမ်းပါ၊ မာ့ နှလုံးသားကို ခံစားချင်လို့ပါ၊ မာ နော်''

ဒိုက် တရစပ်ဆို၍ မာ့ဆီ တိုးဝင်လာသည်။ မာ ခြေတစ်လှမ်း၊ နောက်ဆုတ်လိုက်၍

''ဒိုက်နော်၊ နင့်ကို ကျောင်းနေဘက်ဆိုလို့ ငါသည်းခံ နေတာ၊ ဒီထက်ဆိုးလာရင် လူကြီးတွေနဲ့ တိုင်ပြောရလိမ့်မယ်၊ ဖယ်ပါ''

''နို၊ နို၊ မတိုင်ပါနဲ့ မာလေးရယ်၊ မာလေး မကြိုက်ရင် ဒီကောင် မလုပ်ရက်ဘူး။ ဒါပေမဲ့ မာလေး ကိုယ့်ကို စဉ်းစားပေးပါ''

''ဘာ စဉ်းစားပေးရမလဲ''

''မာလေးကို ဒီကောင် ရင်ခုန်ခဲ့တာ၊ ဟောဒီ ရင်ဘတ်ထဲက အစစ်အမှန် ချစ်ခဲ့တာလေ၊ ဟိုကောင် မော်ကြောင့် ဒီကောင့်ကို အစိမ်းချည်းမကင်ပါနဲ့ကွာ၊ ကိုယ် တောင်းဆိုတာပါ၊ Request မာ''

လက်နှစ်ဘက်ယှက်ပြီး အရိုအသေပေး၍ မာ့ထံ တောင်းခံ ဟန်က ရယ်ဖို့ကောင်းပါ၏။ ဒါပေမဲ့ ဒိုက်က မော်ထက် မိုက်ရဲတဲ့ စရိုက်ရှိတာ မာ သိနိုင့်တယ်၊ နောက်ပြီး ဒိုက်က ပုတ်သင်ညိုလို အရောင်ပြောင်းတတ်တယ်လေ၊ ဒိုက်ကို ခပ်ရင့်ရင့် မာ်ရှောင်ထွက် လို့ ရမှာ မဟုတ်ဘူး၊ မာက ရင့်ရင် သူက ပိုရင့်မယ်။

ဒီတော့ မာ့ဘက်က ခပ်အေးအေးရှောင်မှ

''ကဲ ဒိုက်ရယ်၊ နင်လည်း မာ့ကို နားလည်ပေးပါ။ လောလောဆယ် နင့်ခံစားချက်ကို မာ မစဉ်းစားရသေးဘူး။ စဉ်းစား ချင်တဲ့စိတ်ဖြစ်တဲ့အခါ စဉ်းစားပေးမယ်၊ ဟုတ်ပြီလား''

''တကယ်''



www.burmeseclassic.com

www.burmeseclassic.com



ပခုံးလေးပင့်၍ ခပ်ကြွကြွမေးလာသည့် ဒိုက်ကို မာ စိ
မကြည့်ဘဲ ကြည့်မိသည်။

''တကယ်ပေါ့''

မာ နှာခေါင်းတွန့်ရှုံ့ပြီး ဦးခေါင်းညိတ်လိုက်သည်။ ထိုအ
ဒိုက်မျက်နှာပေါ် ကြယ်ရောင်တွေလိုလင်းဖြာသွားပြီး

''ဒါဆိုရင် ဒီကောင့်ကို အချိန်နည်းနည်းပေး''

''ဟာ ဒါတော့ မဖြစ်နိုင်ဘူး''

''မော်ကို ကြောက်လို့လား''

မာ မဖြေ။

''ဒီကောင်က မော်ဆိုတဲ့ကောင်ကို ဂရုမစိုက်ဘူး မာလေ
မာလေး ခွင့်ပြုမယ်ဆိုရင် မာလေးအနားက မော်ခွာသွားအော
ဒီကောင်လုပ်ပေးမယ်၊ ဘယ်လိုလဲ မာတစ်ခွန်းပဲပြော၊ လုပ်ပေး
မလား။ ပြော''

မိုက်ကန်းဖို့ ဝန်လေးဟန်မတူသည့် ဒိုက်ကို မာ လျှော့
တွက်လို့ မရဘူး။ သူ့အပေါင်းအသင်းသုံးယောက်ကလည်း သူ့နည်းတူ
မိုက်သွေးကြွရန် အဆင်သင့်ရှိကြသည်။ မော်မရှိသည့် အချိန်မှာ
သူတို့နဲ့ ရင်ဆိုင်ရတာ မာ စိတ်အနည်းငယ်ရှုံ့မိသည်။ မေမေ
သိရင် ဆူဦးမယ်၊ မော်သိရင် မလွယ်ကြောပဲ။

''ဒီကောင်က မာလေးအတွက် ဘယ်သူ့မဆို ရှင်းရဲတယ်
နော်၊ မော်ကို ဂရုမစိုက်နဲ့၊ တစ်နေ့ကို တစ်မိနစ်လောက်ဖြစ်ဖြစ်
အချိန်ပေးပါ။ မာလေး နော်၊ မာလေးကို မတွေ့ရရင် ဒီကောင်
ရင်ကျုံးတယ်၊ နွမ်းတယ်ကွာ၊ ခွင့်ပြုပါ၊ Please ''

''မဖြစ်ဘူး၊ မေမေသိရင် မာ့ကိုဆူမယ်၊ အဲဒါကြောင့်''

မာ ခပ်ပြတ်ပြတ်ငြင်းတော့ ဒိုက်မျက်နှာ ဘဝင်မကျဟန်





ဖြစ်တွန့်လျက် မာ့ကို စူးစူးစိုက်စိုက်ကြည့်လာသည်။ ဒိုက်အကြည့်
က မာ့စိတ်ကို မငြိမ်မသက်ဖြစ်စေသည်။ ဒီအချိန်မှာ ကင်းရှိရင်
ဘယ်လောက်ကောင်းလိမ့်မလဲ၊ မော်ရှိရင်တော့ ထိုးပွဲဖြစ်မှာ
သေချာတယ်။ မာ ဘယ်လို ရှောင်ထွက်ရမလဲ၊ စိတ်ညစ်လိုက်
တာနော်။

''ကဲ မာလေး မေမေ မသိအောင်လေ ညနေတိုင်း မာ
ဖြတ်ထဲ ဆင်းပြီး လမ်းလျှောက်ပေါ့၊ ဒီကောင် ခြံပြင်က
ဖြတ်လျှောက်ရင်း ဘယ်သူမှ မရိပ်မိအောင် မာလေးမျက်နှာကို
ကြည့်မယ်လေ၊ ဟုတ်ပြီလား။ ဟုတ်ပြီလား''

တကျိုက်ျိုတောင်းဆိုနေသည့် ဒိုက်ကြောင့် မာ စိတ်ပျက်
သွားသည်။

''အဲဒါကို ခွင့်မပြုဘူးဆိုရင် ခုချက်ချင်း မာလေးကို
ဒီကောင့်ရင်ခွင်မှာ တစ်သက်လုံးအတွက် သိမ်းထားတော့မယ်''

''ဟာ''

မာ့ရှေ့ တိုးကပ်လာသည့် ဒိုက်ကြောင့် မာ အထိတ်တလန့်
ဖြစ်ပြီး

''အို၊ အဲလို အကျပ်မကိုင်နဲ့၊ မာ့ကိုယ်မာ သတ်သေ
လိုက်မယ်''

''ဟော့ မာလေးသေရင်၊ ဒီကောင်ပါ လိုက်သေမှာပေါ့''

''ဒိုက်နော်၊ နင်လည်း မော့်လိုပဲ မာ့ကို စိတ်ဒုက္ခ
ပေးနေတာလား''

မာ့ အသံလေးတုန်သွားသည်ကို ဒိုက် သတိထားမိသည်။
ဒိုက်ကြောင့် မာ ဝမ်းနည်းနေဖို့ မလိုပါ။ နောက်ပြီး ဒိုက်က
မော်နဲ့ နှိုင်းတာကို ဒိုက် ဆတ်ဆတ်ထိမခံ ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မာလေးရယ်၊ မာလေးထင်တာ မှားနေပြီ၊ ဒီကောင်[illegible] မာလေးကို ချစ်တာ၊ မာလေးကို စိတ်ဒုက္ခပေးတာ မဟုတ်[illegible] မာလေး မှော့ရင်ခွင်ထဲ ရောက်သွားမှာစိုးလို့၊ ဒီကော[illegible] ကြိုးစားတာပါ။ တလွဲမထင်ပါနဲ့၊ မာလေး တစ်သက်လုံး စိတ်ချ[illegible] သာအောင် ဒီကောင်ထားမှာနော်၊ မာလေး ရယ်"

ရှေ့တိုးလာတဲ့ သူ့လက်ကို မာ ဘေးဖယ်ပစ်ပြီး

"တကယ် စိတ်ချမ်းသာစေချင်ရင် မှော့ဆန္ဒကို လိုက်လျော[illegible] ပါနော် ဒိုက်"

"ပြော မာ ဘာဖြစ်ချင်သလဲ"

"မှော့ကို အတင်းအကျပ်မလုပ်နဲ့၊ မာတစ်ယောက်တည်း အေးအေးဆေးဆေး နေချင်တယ်၊ မှော့ရှေ့က ဖယ်ပေးနော် နော်"

မာ မျက်နှာငယ်နဲ့ဆိုတော့ ဒိုက်က လိမ္မာတဲ့ ကလေးလေး လိုပဲ၊ မှော့ရှေ့က ကိုယ်ရို့၍ ဘေးဖယ်သည်။

"မှော့ကို ချစ်လို့ ဖယ်တာနော်"

"အေးပါ"

လမ်းပေါက်ရသည်နှင့် ဒိုက်ရှေ့က မာ ပြေးထွက်ခဲ့မိသည်၊ မှော့ခြံရှေ့ရောက်တော့ မာ ပြန်လှည့်ကြည့်မိသည်။ မှော့ကို မျက်တောင် မခတ်တမ်း ကြည့်နေသည့်ဒိုက်၊ မာ သက်ပြင်းချ၍ ခြံထဲ ပြေးဝင် ခဲ့သည်။

ခုချိန်မှာ မာ တစ်စုံတစ်ဦးကို သတိရမယ်ဆိုရင် အဲဒီ တစ်စုံတစ်ဦးဟာ ဘယ်သူဖြစ်မယ် ထင်လဲ မှော် ရယ်။

✿ ✿ ✿



အခန်း (၄)

"အို"

အမှတ်မထင် ဆီးကြိုခံလိုက်ရသည့် မာ၊ ရင်ခွင် ရှိန်းတိန်း ခွေ့မို့သွား၏။ မာ ရင်ဖိုစွာ ကြည့်လိုက်တော့ မှော်။ မှော့ရင်မှာ ဒေါသလှိုင်းကလေး ပုတ်ခတ်လျက်

"ဖယ် စမ်းပါ"

မာ မနှစ်မြို့စွာ ရွတ်လျက် မှော့ခါးဆီမှ မှော့လက်ချောင်း တွေကို ဖယ်ရှားလိုက်သည်။ ရှက်ရောင်လဲ့လဲ့ပြေးနေသည့် မှော့ ပါးပြင်လေးကို မှော် တစ်ချက်နမ်းလိုက်ချင်သည်။ ဒါပေမဲ့ မှော် ရင်ခုန်စိတ်ကို ဖိသိပ် မျိုချလျက် မှော့ဆံနွယ်ပျော့ပျော့လေးကို မွှတ်သိပ်စွာ သ,ကိုင်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



မော် မန္တလေးက ရောက်ရောက်ချင်း မာ့ကို ရင်ခုန် တွေးမွေ့ထားမိသည်အထိ ဖြစ်သွားသည့် မော့်ကိုယ်မော် အံ့ နေမိသည်။ မာနဲ့ ပတ်သက်ရင် သူ့ရင်ခုန်သံက အဲလော လွမ်းမောပြီး တောင့်တစိတ်များ ဖွာကျနေသတဲ့လား။ မာ့ကို သူ့ရင်ခွင်ထဲမှ ဆွဲမထုတ်နိုင်လောက်အောင် ဖွဲ့စွဲလန်းလန်း ခံစား လာသည်။ မာ ရှန်းဖယ်နေသည့်ကြားမှ မော် တွေးမွေ့ထားပြီ

"မာရယ်၊ မာနဲ့ဝေးရတဲ့ ငါ့ရင်ခွင်က ပေါက်ကွဲတော့မယ့် မီးတောင် တစ်လုံးလိုပဲ၊ စက္ကန့်မလပ် ဆူပွက်နေတာ သိလား မာရဲ့ ၊ ခုမှပဲ ရင်အေးရတော့တယ် ဟာ"

ဟု မွတ်သိပ်စွာ မော်ဆိုစဉ် မာ စိတ်ရှုပ်လျက်

"ကဲ ဖယ်ပါမော်၊ မေမေ ရှိနေတယ်လေ၊ နင် ဘယ်လို ဖြစ်နေတာလဲ"

မာ တရစပ် ရှန်းဖယ်လိုက်သည်။ ညှော်ခန်းထဲရောက် တော့ မေမေမျက်နှာက-ချိုမြလျက်၊ မာ့ကို မော် ဖက်ထားသည်ကို မြင်လျက် ဘာမှ မပြောတဲ့အပြင် တဟဲဟဲ ရယ်နေသေးတယ်။

မေမေနဲ့ မော့်ကို မာ အမြင်ကတ်တယ်၊ တကယ်၊ မော် ဘာပြောပြော၊ ဘာလုပ်လုပ်၊ မေမေ ပြုံးပြုံးချည်း နားထောင်နေ တော့ မာ့မှာ ခက်ရချည့်ရဲ့။

"မေမေ ပြောစမ်းပါဦး၊ မော်စုတ်ကို"

မာ စစ်ကူတောင်းလိုက်မှ ပိုဆိုးသေး။

"မာနဲ့ ဆယ်ရက်တောင် ခွဲနေရတော့ သား ရင်နွမ်းနေ တာအန်တီရဲ့၊ ခုမှ သားရင်မှာ လန်းဆန်းတာလေ၊ နောက်တစ်ခါ ခရီးထွက်ရင် မာ့ကိုပါ ခေါ်သွားမယ် အန်တီသက်ရယ်" တဲ့။

မော့်ဘက်က မေမေရပ်တည်လျက် "ခေါ်သွားပါ ရယ်" တဲ့။

"အို၊ မာ မလိုက်ချင်ဘူး"

မာ ငြင်းတော့လည်း အလကား။ မေမေက မော့်ဘက် က်ထားပါပီ

"သားခေါ်သွားရင် အန်တီ မျက်စိနောက် သက်သာတယ် သ ဟင့် ဟင့်"

မေမေ့အားပေးမှုကြောင့် သူ့အားရဝမ်းသာဖြစ်ပြီး

"တွေ့လား မာ၊ အန်တီက ခေါ်သွားတဲ့"

မာ မျက်စောင်းထိုးလိုက်တော့ မာ့ကို တင်းကျပ်စွာ က်ထားတဲ့ မော်လက်ချောင်းတွေ ဖြေလျော့သွားသည်။ ပြီးတော့ ့အတွက် မန္တလေးပြန်လက်ဆောင်တွေ မော် ပုံချပေးသည်။ ့တွေလည်း အများကြီးပဲ။ မုန့်တွေများများပါတော့ မာ စိတ် ည်းနည်းပျော်လာသည်။ မာ့မျက်နှာကို စိုက်ကြည့်နေသည့် မော်ကို ာ နှုတ်ခမ်းစူပြီး မုန့်ထုပ်ထွေ ပွေ့ပိုက်လိုက်မိသည်။

"မာ ရယ်၊ နင်ဟာ ပိုလှလာတယ်။ ဒိုက် လာရစ်သေး လားဟင်"

မာ့ကို တစိမ့်စိမ့်ကြည့်၍ ဒိုက်အတွက် စိတ်မဖြောင့်နိုင်စွာ မော် ရွတ်လိုက်သည်။ မာ နှုတ်ခမ်းတွန့်၍

"မာ မြဲပြင်မှ မကျက်တာ၊ ဘယ်လိုလုပ် ရစ်လို့ရမလဲ"

မာ လှလှပပညာလိုက်တော့ မော် မျက်နှာပြင် ကြည်လင် သွားသည်။

"ဟုတ်ပါ့ သားရယ်၊ သမီးက မြဲပြင် တစ်လက်မမှ ထွက်တာမဟုတ်ဘူး"

ဟု မေမေ ခပ်ရွှဲ့ရွှဲ့ဆိုစဉ် မာ စိတ်ဆိုးချင်လာသည်။







www.burmeseclassic.com

www.burmeseclassic.com



"သားရောက်ပြီဆိုလို့ သားအခန်းပြေးကြည့်ရတာ အမေ
သားက မာမီဆီ ရောက်နေတာကိုး"

မော့် မာမီရဲ့ အသံကြည်ကြည် ပေါ်ထွက်လာသည်။ မော
ရောက်နှင့်သည့် သားကို အန်တီစီ အပြစ်မဆိုတဲ့အပြင် ပီတိဖြ
နေသေးသည်။ မော့်က အချွဲကောင်း။ ခုမှ အန်တီစီ ရင်ခွင်ထဲ
ပြေးဝင်၍

"မာမှီကို သိပ်လွမ်းတာပဲ" ဟု ချွဲတော့သည်။ မာ
မျက်စောင်းခဲကြည့်တော့

"တွေ့လား မာမီ၊ မာမှီကို လွမ်းတယ်ပြောတာ မာ
မကျေနပ်ဘူးထင်တယ်" တဲ့။

"ဟုတ်လား သမီးလေး"

အန်တီစီ အပြုံးနုနုလေး မှာ့ထံ ရောက်လာသည်။ အန်တီ
ရင်ခွင်ထဲက မှာ့ကို နှုတ်ခမ်းရှုပြသည့် မော့်ကို မာ ကုတ်
ချင်တယ်တကယ်၊

"အလကား၊ အဲဒီမော့် လျှောက်ပြောနေတာ အန်တီ"

အန်တီစီ ကြည်နူးစွာ သားကို ပွေ့လျက်

"သမီးလေး မကျေနပ်ရင် မာမီကို မလွမ်းပါနဲ့သားရယ်
သမီး မာကိုလွမ်းရင်ပဲ မာမီတို့ကျေနပ်ပါတယ်။ ဟုတ်တယ်နော်
သက်သက်"

"ဟုတ်ပါ့ မမစီ ရယ်" တဲ့။

ကဲ ပြောလိုက်မှ ပိုဆိုးတော့တယ်၊ တကယ့် မေမေ
မာမီနဲ့ မော့် အတူတူပဲ၊ မှာ့ကို စိတ်ကျဉ်းကျပ်အောင် ပြောတတ်
တာ မာ အခံရခက်ဆုံးပဲ။

အဆိုးဆုံးက မော့်ပဲ။ သပြေညှိရောင်ဆေးခြယ်ထားတဲ့
နှုတ်ခမ်းပါးစူတော်ထော်ကို ချစ်စနိုးကြည့်၍

"မာမီတို့က မှာ့ကိုပဲ လွမ်းပါတဲ့၊ ကြားတယ်နော်"

"ကြားတယ်၊ လွမ်း ကြိုက်သလောက် လွမ်း၊ သေလောက်
အောင် လွမ်း၊"

မာ ဘုဆတ်ဆတ်ပြော၍ အခန်းထဲပြေးဝင်မိသည်။ မော့်နဲ့
တွေ့ မေမေ သဘောကျလျက်၊

ဘယ်ဘဝက ရေစက်ကြောင့် မာ ခုလို စိတ်ကျဉ်းကျပ်
ရတာလဲ ကံကြမ္မာ။

မော့် မန္တလေးက ရောက်ကတည်းက မော့်နောက်က မာ
ကောက်ကောက်လိုက်ရတော့သည်။ ညနေဘက် နှင်းအိ လာတာ
ည်း မာ မတွေ့ရ။ ကင်း နဲ့လည်း အဆက်အသွယ်ပြတ်နေပြီ။
ိတ်နဲ့ မာကိုယ်ဖြစ်နေရသည်က မာ သည်းမခံချင်တော့။ အချိန်
ှင့်အမျှ မော့်ကို မျက်စောင်းခဲကြည့်ရင်း ဒေါသဖွဲ့နေမိသည်။
ခုလည်း မော့် ရိုက်ကွင်းသွားတာ မှာ့ကို အပါခေါ်ခဲ့သည်။ မာ
ွင်းတာလည်း မရ၊ ခုချိန်မှာ မော့်ကလွှဲပြီး နှင်းအိနဲ့ဖြစ်ဖြစ်၊
ကင်းနဲ့ ဖြစ်ဖြစ်၊ မာ စကားတွေ ပြောချင်မိသည်။ ထိုစဉ် မှာ့ကို
တစ်စုံတစ်ယောက် ကြည့်နေသလို ခံစားရတာကြောင့် မာငဲ့ကြည့်
လိုက်တော့ ကင်း။ မှာ့ရင်မှ လှိုက်ခနဲ ဝမ်းသာသွားသည်။ မီးနီ
မိနေသည့် မာတို့ကားဘေးမှ ... လျက်ရပ်ထားတာက ကင်းရဲ့ကား။
ဘယ်လောက် တိုက်ဆိုင်လိုက်မလဲ၊ ကင်းရဲ့ အပြုံးနုနုလေးက
မှာ့ရင်ကို လှုန်းဆွဲသွားစေသည်။

မာ ကားမှန် အသာလေးချသည်။ မှာ့ဘေးမှာ မော့်ရှိနေ
တာကြောင့်ကိုယ်ရှိန်သတ်ရသည်။ မော့်ကို အကဲခတ်ကြည့်တော့
ဓာတ်ညွှန်းတစ်ခုကို မော့် စိတ်ဝင်တစားကြည့်နေသည်၊ ဒါ မော့





www.burmeseclassic.com

www.burmeseclassic.com



အတွက် အခွင့်အရေးပဲ၊ ကင်းက တစ်စုံတစ်ခု ကမ်းပေးလိုက်
မာ ကမန်းကတန်း လှမ်းယူလိုက်သည်။ ဟင် စာခေါက်သေးသေး
လေးတစ်ခု၊ မာ လက်ကိုင်အိတ်ထဲ ထိုးထည့်လိုက်သည်။ မာ
လှုပ်လှုပ်ရှားရှားဖြစ်မှုကို မော် ဇာတ်ညွှန်း ဖတ်နေရာမှ ခပ်ရေးရေး
သတိပြုမိတာကြောင့် မော် မျက်ခုံးတွန့်ကြုတ်ကြည့်ပြီး

"မာ ဘာဖြစ်တာလဲ"

"ဘာ ဘာမှ မဖြစ်ဘူး"

မာ ထစ်ထစ်ငေါ့ငေါ့ဖြေပြီး၊ မလုံမလဲဖြစ်မှုကို ထိန်းချုပ်
လိုက်ရသည်။

"မာ ဘာဖြစ်လို့ ကားမှန်ဖွင့်တာလဲ"

"အိုက် အိုက်လို့ပါ"

"အိုက်ရင် အဲကွန်းဖွင့်နိုင်းပါလား၊ ကဲ မှန်ပိတ်"

"ကိုတာကြီး၊ အဲကွန်းဖွင့်ဗျာ"

မော်စိတ်ရှုပ်စွာကြည့်ပြီး ဒရိုင်ဘာကို ဆိုလိုက်သည်။ မာ
ကားမှန်တင်၍ ငြိမ်သက်နေမိသည်။ မော်က မငြိမ်၊ မာ့ကို
ခပ်စူးစူးကြည့်ပြီး

"မာ နေ့၊ မာ့အမူအရာတွေ အရင်ကနဲ့ မတူဘူး"

ဟု ဘဝင်မကျသလိုရွတ်သည်ကို မာ ပြန်မပြောတော့
လက်ကိုင်အိတ်ကို ကျစ်ကျစ်ပါအောင် မာ ဆုပ်ကိုင်ထားလျက်
မော်ဇာတ်ညွှန်း ဆက်ဖတ်စဉ် မာ သက်မအသာချမိသည်
တော်သေးတာပေါ့၊ ဟိုဘက်ကားပေါ်က ကင်း ကို မော်
သတိမထားမိလို့။

ကင်းကလည်း အကင်းပါးလို့သာပေါ့။ စာခေါက်လေး
ပေးပြီးတာနဲ့ မာ့ကိုမကြည့်တော့။ မီးစိမ်းတော့ ကင်းကားက





...ကလမ်းခွဲသို့ ဖဲ့ထွက်သွားသည်။ ကင်းပေးတဲ့ စာခေါက်လေးကို
...ာ ဖြန့်ဖတ်လိုက်ချင်လိုက်တာ အသည်းယားနေပြီ။ ဒီတစ်နေ့လုံး
...တ်ခွင့် ရနိုင်ပါ့မလား။ ကင်း ဘာတွေရေးထားမလဲ။

"ဟော့ မာ ဆင်းလေ။ ဘာငေးနေတာလဲ"

မော့်အသံ ဆတ်ဆတ် ထွက်ပေါ်လာမှ မာ အသိ
ဝင်လာသည်။ ရုပ်ရှင်ရိုက်တဲ့ ခြံကိုရောက်လို့ ကားရပ်ထားတာ
တောင် မာ မသိတော့။ အတွေးလွန်နေတဲ့မာကို မော်ဆိုမှ မာ
ယောင်ယောင်နနနဲ့ ကားပေါ်က ဆင်းလိုက်သည်။ မော့် ရိုက်ကွင်း
ဝယ်ဆိုတော့ ရိုက်ကွင်းနဲ့ ခပ်လှမ်းလှမ်းမှာ မာ ထိုင်လိုက်သည်။
မော်က မာ့ကို ရွတင်းတင်းကြည့်၍

"မာ ငြိမ်ငြိမ်နေနော်၊ ငါ့ Love Scene ရိုက်ရမှာ၊
သိပ် Feel မလာလို့၊ စိတ်ရှုပ်နေတယ်"

"အင်းပါ"

ရိုက်ကွင်းဆီသို့ မော် ထွက်သွားစဉ်၊ မာ သက်ပြင်းချ
လိုက်သည်။

မော်နဲ့ မင်းသမီး အချစ်ခန်းရိုက်ရန် ဒါရိုက်တာက
ညွှန်ကြားမှုကို မော် နားဆင်နေသည်။ အချစ်ခန်းရိုက်ရန် ပန်းဆင်း
ဘေးရှိ လွှဲပုခက်ဘောင်ကို မင်းသမီးက မှေးမှီရပ်၍ မော်က
မင်းသမီးဘေးမှာ ရိုက်ကွင်းစလျှင် မော့်အာရုံက မာ့ထံမရှိတာ
သေချာပြီ။ ကင်းပေးတဲ့စာက ဘာအကြောင်းအရာ ပါမလဲ။ မာ
စိတ်စောစွာ သိချင်တယ်။ ထို့ကြောင့် လက်ကိုင်အိတ်လေး မာ
အသာဖွင့်၍ စာခေါက်ကို ဆွဲယူလိုက်သည်။ ပြီးတော့ ရိုက်ကွင်းကို
ကြည့်လိုက်သည်။ မာ့ထံ ဘယ်သူမှ အာရုံမရောက်နေ။ ဒါ အခွင့်
အရေးပဲ။ စာခေါက်ကို မာဖြန့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကင်းလက်ရေး လှလှလေးက မာ့ရင်ကို ကြည့်နေ
စေသည်။

မာ တဲ့။

ကင်း စာလုံးက တမ်းတမ်းတတ ခေါ်ဟန်ကြားယော
သလို မာ ခံစားမိသည်။ ထိုစဉ်

''ကဒ်၊ ကဒ်''ဆိုတဲ့ ဒါရိုက်တာ၏ အလိုမကျအော်
မာ့ နားထဲ စူးခနဲ တိုးဝင်လာသည် မာ မော့ကြည့်မိတော့ မော့်
ဒါရိုက်တာက အလိုမကျစွာဆို၍ ညွှန်ကြားနေသည်။ မော့် မျက်
သုန်မှုန်လျက် မင်းသမီး ရယ်နေသည်။ အားပေးက မော့်
ကြည့်ပြီး ပြုံးနေကြသည်။

ဘာဖြစ်တာလဲ၊ ထိုစဉ်

မော့်မျက်ဝန်းက မာ့ထံ ဖျပ်ခနဲ ရောက်နေသည်။ ထိုအ
မာ စာခေါက်ကို လက်ကိုင်အိတ်ထဲ ထိုးထည့်ပြီး မှင်သေသေ
နေမိသည်။ မာ့ထံ မော့် ခြေလှမ်းလေးလေးချည်း ရွေ့လာသည်
မာ့ဘေးမှာ ခုံတန်းလုံးဆွဲထိုင်ပြီး ဇာတ်ညွှန်းစာရွက်ကို မော့် အသေ
အလဲ ကျက်နေသည်။ ဇာတ်ညွှန်းအပိုင် ကျက်ပြီးနောက် မော့်
မျက်ဝန်းက မာ့ ထံ စူးခနဲ ကျရောက်လာသည်။

မော့်အကြည့်က မာ့ရင်မှာ ထူးခြားသလို ခံစားမိသည်။
ဒီအကြည့်က ဘယ်လိုခံစားမှုကို ဆောင်ပွေ့နေတာလဲ။ မော့်ရဲ့
အကြည့်တိုင်းကို မာ ရဲရဲချည်၊ ကြည့်ဝံ့ခဲ့ပေမယ့် ဒီတစ်ခါ မာ
မကြည့်ရဲသလို မာ ရင်မှာ တလှုပ်လှုပ် နွေးဖိုသည်။

ဘာဖြစ်လို့ပါလိမ့်။ မာ့ကိုယ်မာ ပြန်ဆန်းစစ်လို့ အဖြေ
မရသေးခင်။

မော့်လက်ချောင်းလေးများ မာ့ လက်ဖမိုးပေါ် ရွရွလေး





ကျလာသည်။ မော့်လက်ချောင်းလေးတွေကို မာ ရှောင်ဖယ်ဖို့
...းရပေမယ့် ဖွဖွလေး ဆုပ်ကိုင်လာတဲ့ မော့်ရဲ့ အယုအယ
မှာ မာသွေးကြောမျှင်လေးများ တလှုပ်လှုပ်ဖိုကာ မာ မိန်းမူး
သို ဖြစ်သွားသည်။

ဘုရား၊ ဘုရား။

မာ ဘာဖြစ်လို့ မော့်ရဲ့ အမူအရာနောက် စီးမျောနေရ
...ါ မာ့ လက်ဖဝါးလေးက မော့်ရဲ့ နူတ်ခမ်းပါးဆီ တရွေ့ရွေ့
...ဆောင်ခြင်းခံရတဲ့ ပွင့်လွှာလေးလား။

ဖွေးအိ နုထွေးလှတဲ့ မာ့ လက်ဖမိုးပေါ် အနွေးလှိုင်းလေး
...ခနဲ ယှက်သန်းသွားသည်နှင့် တပြိုင်နက် ညှို့ဆွဲယူခံရသည့်
...ှင်ထဲ မာ့ကိုယ်လုံးလေး နစ်ဝင်လျက်သား ဖြစ်သွားတော့၏။

''မာ ရယ်''

မော့်ရင်ခွင်နွေးနွေးက မာ အာရုံကို ယစ်သိုင်းလာဆဲ

''ငါလေ နင့်ကို သိပ်ချစ်တယ် မာရယ်''

''ဟင်''

လှိုက်ကြွနေသည့် မော့်အကြည့်မှာ မာ မျက်ဝန်း ငြိတွယ်
သွားပြီလား။

''ချစ်တယ် မာ၊ ငါ နင့်ကို ဘယ်လောက်ချစ်သလဲဆိုရင်
အပြောကျယ်လှတဲ့ ဟော ဟို မိုးကောင်းကင်ကြီးထက် ကျယ်ပြော
လှတယ် ချစ်ရယ်''

မော့်စကားလုံး နုနုလေးက မာ့ ရင်ခွင်ထဲ တအိအိနွေးသလို
ခံစားလိုက်ရသည်။ မာ့ လည်တိုင်လှလှလေးက တစ်စုံတစ်ရာ
ယှက်သိုင်းထားသလိုလို မော့် ကိုယ်သင်းနံ့က ပို၍ သင်းထုံ
...ကြသလိုလို၊



www.burmeseclassic.com

www.burmeseclassic.com



''အရမ်းချစ်တယ် မာ ရယ်''

မေ့ာ် စကားလုံးလေးများ၊ စီးဆင်းရာနောက် မာ လွှ
နေတာ ဘာကြောင့်ပါလဲ ကွယ်။ မာ ရင်ခုန်နေတာလား။

မာ မိန့်မူးနေတာလား။

မာ နှလုံးသား ရွက်လွှင့်နေတာလား။

မေ့ာ် စကားလုံးတွေနဲ့အတူ မာ တိငြိမ့်ငြိမ့်မျှော့လျ
ခဲ့တာ မိနစ်၊ စက္ကန့်ကတွေ ဘယ်လောက်ကြာမြင့်ခဲ့ပြီလဲကွယ်
ထိုစဉ်

''ဖြောင်း၊ ဖြောင်း''

လက်ခုပ်သံတွေ ပျံ့ထွက်လာစဉ် မာ့ တစ်ကိုယ်
လှိုက်ဖြာလျက် မာ အသိဝင်လာစဉ် မေ့ာ်ရင်ခွင်ကို ဆောင့်တ
မိတော့၏။

''အစကတည်းက ဒီလိုFeeling သွင်းပြီး Lo
scene ကို သရုပ်ဆောင်သင့်တာကွ၊ ခုတော့ မေ့ာ်က မင်းသ
ခံစားလို့မရဘဲ မာ့နဲ့မှ Mood ဝင်သွားတာကိုး ဟား ဟား

ဒါရိုက်တာ ကိုထင် သဘောတကျဆိုစဉ် မေ့ာ် ခပ်ရှက်ရှ
ရယ်လိုက်မိသည်။ ခုနက ရိုက်ကွင်းပေါ်မှာ သူ ဘယ်လိုမှ Mo
သွင်းလို့ မရခဲ့၊ မာနဲ့မှ သူ့နှလုံးသား ပွင့်ထွက်သွားသည် ဖြစ်စဉ်
သူကိုယ်တိုင် မယုံနိုင်လောက်အောင် ဖြစ်သွားတော့၏။ ရှက်ခြ
ဒေါသဖြစ်ခြင်းတွေနဲ့ နီမြန်းရဲစိုသွားသည့် မာ မျက်နှာလေး
သူ ကြင်ကြင်နာနာ ဆုပ်ကိုင်ပြီး

''ဆောရီး မာ ရယ်''

''တောက်''

မာ ရင်ထဲက ခံပြင်းသံ လှိုမ့်ထွက်လာသည်။ လက်စသ





သူ့အနုပညာကို အသက်သွင်းဖို့ မာ့ကို ခုတုံးလုပ်ခဲ့တာကိုး၊
မျက်နှာ နီစိုစိုကို မာ ဒေါသတကြီး စိုက်ကြည့်မိပြီး

''မေ့ာ် နင်တော်တော် ရက်စက်တယ်၊ နင် မာ့ကို အရှက်
ယ်၊ နင့် အနုပညာအတွက် မာ့ကို အလွဲသုံးစား လုပ်ပစ်တယ်၊
ရက်တယ် ဟာ''

သိသိသာသာ တုန်ခါနေသည့် မာ့အသံကို သူ
ဆင်ရက်၊ မာ ကိုယ်လုံးလေးကို သူ တယုတယ ထွေးဖက်
သည်။

''လွှတ်စမ်းပါ၊ နင်ဟာ ငါ့ကို အစဉ်အမြဲ အသုံးချခဲ့တာ၊
ခုမှ ကောင်းကောင်းသိသွားပြီ၊ နင့်ကို ငါခင်လို့ မရတော့
ဟာ''

ဝမ်းနည်းတကြီး တရစပ် ရွတ်နေတဲ့ မာ့ စကားလုံးတွေ
က်မှာ မာ့ မျက်ရည်တွေ ဖြာကျလာတော့၏။ သူ သက်မ
ချ၍

''မာ ရယ်။ နင်ထင်တာ တစ်ခုမှ မဟုတ်ဘူးဟာ''

''ဘာ မဟုတ်ရမှာလဲ၊ မေ့ာ်စုတ်။ နင့်ရဲ့ Love Scene
ွက် ငါ့ရဲ့ ဂုဏ်သိက္ခာနဲ့ တန်ဖိုးကို နင် မငဲ့ကွက်ဘဲ''

''တော်ပါတော့ မာ ရယ်''

အရှက်သည်းလွန်းသည့် မာ့မျက်ရည်တွေကို သူ သုတ်ပေး
မရတော့ဘူး ထင်တယ်။

''နင် ဘာမှ ဆက်မပြောနဲ့တော့၊ ဒီနေ့ ဒီအချိန်ကစပြီး
ကိုငါ လုံးဝပဲ မေ့ာ်။ နင့်ကို ငါ မမြင်ချင်တော့ဘူး။ လုံးဝ
ကြည့်ချင်တော့ဘူး။ ရွံတယ်၊ သိပ်ရွံတယ် သိလား''

သူ့ရင်ဘတ်ကို ဆောင့်တွန်း၍ လှည့်ထွက်သွားသည့်



www.burmeseclassic.com

www.burmeseclassic.com



မှာနောက် သူ တရစပ် လိုက်ပါခဲ့မိသည်။

''မာ ငါပြောတာ၊ တစ်ဆိတ် နားထောင်ဦးဟာ''

''နားမထောင်ဘူး''

''နင် ဖွတ် မလုပ်နဲ့ မာရယ်။ ငါ ရှင်းပြင့်ပါရစေ''

''ဘာမှ ရှင်းပြင့်စရာ မလိုဘူး။ နင့် ရှင်ဘတ်မှာ… အနုပညာနဲ့၊ နင့် အတ္တပဲရှိတယ်။ နင့် အသိုင်းအဝိုင်းကြ… ငါ့ကို အရှက်ခွဲတာ၊ ငါ ဘယ်တော့မှ မေ့နိုင်မှာ မဟုတ်… မော်။ နင် မလာနဲ့၊ ငါ့နောက် လိုက်မလာနဲ့နော်''

သူ အနူးအညွတ် တားနေသည့်ကြားက တကျ… ဒေါသတကြီး လှမ်းတက်သွားသည့် မာ့ ပေါက်ကွဲမှုက… ကောင်းကင်ကို ဖရိမ်းဆွတာ ဖြစ်သွားစေသည်။ မာ၏ အရှက်သ… ကြေကွဲမှုတွေက မာ့နလုံးသားကို ဖွဲ့ခြွေသလို ခံစားရစေသည်…

''နင့်ကို မုန်းတယ်၊ ရွံတယ်''

ဝမ်းနည်းတကြီး၊ ရေရွတ်သံနှင့်အတူ မျက်ရည်ဖြိုင်… ကျလျက် လှမ်းဝင်လာသည့် မာကို မြင်စဉ်၊ ဒေါ်သက်သက်… ဒေါ်စီစီ စိုးရိမ်တကြီး ဖြစ်သွားသည်။ ခုထာကလေးတင် … သမီးက ရွှတစ်သွားတာ၊ အခု သမီးက ဝမ်းနည်းတကြီး ငို… ပြီး ပြန်ရောက်လာတာဆိုတော့

''သမီး မာ၊ ဘာဖြစ်တာလဲ။ မေမေ့ကို ပြောစမ်း''

''မပြောဘူး၊ မပြောဘူး''

''အန်တီစီ ကို ပြောပါကွယ်''

''မပြောဘူး''

မိခင် နှစ်ဦးစလုံးကို မာ ဒေါသတကြီး၊ ရွှတ်လိုက်သ… သမီးနောက်က မော်က ထပ်ကြပ်မကွာ ပေါ်လာသည်။





''ဘာဖြစ်တာလဲ သားရယ်၊ မာမိကို ပြောစမ်းပါ''

မာမိ စိုးရိမ်တကြီး လှမ်းမေးစဉ်၊ သူ ဘာမှ ပြန်မပြော… တ်လောက်အောင် ဖြစ်သွားသည်။ အန်တီသက်နဲ့ မာမိ မာ့ကို… တင်းဆွဲ၍

''ဘာဖြစ်လာလဲဆိုတာ ပြောမှပေါ့ကွယ်၊ မော်နဲ့ ရန်ဖြ… တာလား''

''ဟုတ်လား သမီး၊ သားက သမီးကို အနိုင်ကျင့်လို့လား။ …ပြောပါသမီးရယ်။ အန်တီစီ စိုးရိမ်လိုက်တာ၊ ပြောပါကွယ်''

အလိုက်ကမ်းဆိုးမသိ မေးနေတဲ့ မေမေနဲ့ အန်တီစီ ကို … ဘဝင်မကျတော့။ မော့် အတ္တကို မာ ဘယ်လိုပြောပြရမလဲ။

''မပြောဘူး၊ ပြောလည်း ထူးမှာ မဟုတ်ဘူး။ မေမေတို့ … အန်တီစီတို့က မော် ဘက်သားတွေလေ၊ မာ မပြောတာပဲ … ကောင်းတယ်၊ မပြောဘူး''

မာ ဒေါသတကြီး အသံကုန်ဟစ်၍ အခန်းထဲ ဖွတ်ဝင်ကာ … အခန်းတံခါးကို ဂျိန်းခနဲ ဆောင့်ပိတ်လိုက်သည်။ သူ သက်ပြင်း … ကြိမ်ကြိမ်ချလျက်

''မာ ငါ့ပြောပါရစေ ဟာ''

''ဘာမှ လာမပြောနဲ့''

ပုံမှန်နဲ့ မတူတဲ့ သားနဲ့ သမီး အမူအရာအတွက် မိခင် … နှစ်ဦး မပြောသာတော့၊ သက်မ အသာချ၍ အခြေအနေကို … စောင့်ကြည့်တော့သည်။

''မာ''

မာ အခန်းတံခါးကို သူ တဝုန်းဝုန်းထု၍ တတွတ်တွတ် … ခေါ်နေသည့် မော့်အသံကို မာ မုန်းတီးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မာ တံခါးဖွင့်စမ်းပါဟာ၊ မြန်မြန်ဖွင့်ပါ မာရယ်"

ဟင်အင်း၊ မာ မဖွင့်နိုင်ဘူး။ မာ့ကို ခုတုံးလုပ်ပြီ သူ့အောင်မြင်မှုအတွက် အခွင့်အရေးယူတာလေ။ မာ သည်း မတဲ့လား။ သူ သွေးတိုးစမ်းတာကို မာ ခေါင်းငုံ့ခံမတဲ့လား။ ဟင်အ

"မဖွင့်နိုင်ဘူး၊ သွား၊ သွားနော် မော်စုတ်"

"မြန်မြန်ဖွင့်လို့ ပြောနေတယ်နော်၊ မဖွင့်ရင် တံခါးဖျက် လိုက်မယ်နော်၊ ဖွင့်ဆိုဖွင့်"

သူ့အသံက သိသိသာသာ တုန်ခါလာသည်။ ဒီဖြစ်စဉ်မှ သူ့ကိုယ်သူ အစိုးမရနိုင်တော့၊

"မဖွင့်ဘူး၊ လုံးဝ မဖွင့်ဘူး။ နင်သွားနော် မော်၊ နင့်ကို အရမ်းစိတ်ဆိုးတယ်။ နင့်လုပ်ရပ်က ငါ့ကို အရှက်ခွဲတာ သိလား၊ မော်၊ နင် ငါ့ကို အရှက်ခွဲတာ၊ ငါ မကျေနပ်ဘူး"

"မကျေနပ်ရင် ဘာလုပ်ချင်လဲ ပြော"

"သတ်ချင်တယ်"

"လာသတ်ပါလေ၊ နင် သတ်ချင်ရင် ငါ အသေခံပါ့မယ် မာ ရယ်"

"ဟွန်း၊ သတ်မယ်၊ နင်သေမှ အေးမယ်၊ နင့်ကို ငါ သတ်ရလိမ့်မယ်"

မာ့စိတ်က ဝုန်းခနဲ ကြွတက်သွားသည်။ တံခါးကို မာ ချက်ချင်းဖွင့်လိုက်သည်။ မာ့အခန်းဝမှာ တွေတွေရည်းရပ်နေသည့် မော်ကို မာ ဒေါသတွေနဲ့ ပစ်ခတ်နေမိတော့သည်။ မာရဲ့ ပေါက်ကွဲမှု တွေက မော့်ဆံပင် ထောင်ထောင်ကို တင်းကျပ်စွာ ဆုပ်ကိုင်ပြီ၊ စိတ်ရှိလက်ရှိ မာ အားကုန် ဆွဲဆောင့်လိုက်မိသည်။ မာ့လက်သည်း ရှည်တွေနဲ့ မော်မျက်နှာကို တရစပ် ကုတ်ဖဲ့ ဆွဲဖြစ်ပြီ၊





"နောက်တခါ နင် ငါ့ကို အဲလို ခုတုံးမလုပ်နဲ့၊ မာ ...ဝ သည်းမခံဘူး၊ သိရဲ့လား"

"ငါ ခုတုံးလုပ်တာ မဟုတ်ဘူး။ မာ ရယ်၊ အတည်ပြောတာ"

"မပြောနဲ့"

ဆွဲအားပြင်းသည့် သူ့အသံ လှိမ့်ဝင်လာစဉ် မာ ...နှစ်ဖက်ကို အတင်းအကျပ် ဖိပိတ်လိုက်ပြီး အသံကုန် မာ ...အော်လိုက်သည်။

ထိုအခါ မာတို့နှစ်ယောက်ကို ကြည့်နေတဲ့ အန်တီစီက

"သား၊ ဘာပြောလို့လဲ သမီး မာ" တဲ့။

"အို မပြောဘူး"

အဲဒီအကြောင်းကို မာ မပြောရဲ၊ ရှက်ခြင်း၊ စိတ်လှုပ်ရှား ...ခြင်းတွေနဲ့ ရောထွေးကာ မာ့တစ်ကိုယ်လုံး လှိုက်တုန်လာသည်။

"မပြောလို့ ဖြစ်မလား၊ သားက သမီးကို အနိုင်ကျင့်တဲ့ ...ကားမျိုးဆို အန်တီစီ ဆုံးမရမှာပေါ့၊ ပြောစမ်း သားက ဘာပြော ...လို့လဲ"

အန်တီစီ အတင်းအကျပ်မေးတော့အခါ မာ အကြီးအကျယ် ...ရှက်သွားသည်။ မာ ပြုသမျှ ခေါင်းငုံ့ခံနေသည့် မော်ကို မာ ...တွန်းထုတ်လိုက်မိသည်။ မာ့ လက်သည်းရာနဲ့ သွေးစိမ်းစို့ထွက် လာတဲ့ မော် မျက်နှာကို မာ မကြည့်ရက်တော့၊

"သွားတော့"

မော့်ကို မာ မျက်စောင်းခဲကြည့်၍ နှင်ထုတ်လိုက်သည်။ မာ ဒေါသပြယ်လာစဉ် သူ့ရင်မှာ ကြည်နူးခြင်းတွေ ဆွတ်ပျံ့ သွားသည်။

"အန်တီ့သားကို ကြည့်ပြော"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောရမလဲ သမီးရယ်"

"အို၊ ဘာမှ မပြောနဲ့တော့"

မာ ရင်မဆိုင်ရဲအောင် အရှက်သည်းလျှက် အခန်း ထိုးဝင်လိုက်မိသည်။ မထင်မှတ်ဘဲ ပေါ်ကြွလာတဲ့ ဖြစ်စဉ်မှ ရင်ခုန်သံကို သူ ခံစားခွင့်ရစဉ် သူ့နှလုံးသား အတိုင်းမသိ လိုက် သွားသည်။ မာမီနဲ့ အန်တီသက်က သူတို့နှစ်ယောက်ဖြစ်စဉ် လိုက်မမီတော့။

မာမီ မျက်ခုံးပင့် မေးစဉ်

"မာ၊ မာမီကို ပြောလိုက်ရမလား"

မော်ဆိုစဉ်၊ မာ့ရင်မှာ ရှိန်းခနဲ ပူနွေးသွားသည်။ မာ့ကို အနိုင်ရတဲ့ သူ့အိုင်ထူင် ဖြစ်နေတော့ သူ ပြောရဲမှာပေါ့ ပြောလိုက်ရမလားတဲ့၊ ဒေါသဖြစ်ဖို့ ကောင်းလိုက်တာ။

"မပြောနဲ့ နော်"

မာ ဟန့်တားသံကြောင့် 'သူ ပို၍ ကြည်နူးသွားသည်၊

"မာမီ၊ မာက မပြောနဲ့တဲ့"

သူ ပေါ့ပါးစွာ ဆိုစဉ်၊ အန်တီစီနဲ့ မေမေက မာ့ကိုကြည့်ပြီး ပြုံးလိုက်သည်။ မော်က မာ အမြင်ကတ်အောင် ပြုံးပြီး နှာခေါင်း ပွပြသည်။

"မော်နော်"

"ကဲ တော်ပါတော့ မီမာ၊ ညည်းကြောင့် မေမေတို့ အလုပ်ပျက်ရတယ်၊ မော်လည်း အလုပ်ပျက်ရတယ်၊ နောက် ဒီလို တဖွတ်ထိုး မလုပ်နဲ့ ကြားလား"

"ဟာ၊ မေမေက ဘာမှမသိဘဲနဲ့ မာ့ကိုချည်၊ အပြစ်တင် နေတယ်"





မာ ခြေဆောင့်လိုက်တော့ မာ့လက်ကို မော်ဆွဲယူတာကြောင့်

"မော်နော်၊ မာ့ကို ဒေါသထွက်အောင် မလုပ်နဲ့"

"မလုပ်ပါဘူး။ မာ ကျေနပ်ပြီနော်"

မာ မကျေနပ်ဘူး ပြောရင်လည်း မော်က ခေါင်းတိုးဝင် လာဦးမှာ၊ ကျေနပ်တယ် ပြောရင်လည်း သူက ပြုံးဦးမှာ၊ ခေါင်းတိုးဝင်တာရော၊ ပြုံးတာရော မာ မမြင်ချင်ဘူး။ဒါကြောင့်

"နောက်တစ်ခါ ဆင်ခြင်ပါ၊ ဒါပဲ"

သူ့လက်တွင်းမှ မာလက်ကို အတင်းဆွဲခါထုတ်ပြီး တံခါးကို တအားကုန်ဆောင့်ပိတ်လိုက်သည်။ မော် ကျေနပ်စွာ ပြုံး၍

"မာရေ၊ ငါ ရှူတင်သွားပြီဟေ့၊ နင် အခန်းအောင်းပြီး ပီတီတွေ ဖြစ်မနေနဲ့နော်၊ Love Sceneက ငါ့အတွက် အရမ်း ခက်နေတာ၊ မာနဲ့ Rehearsal လုပ်လိုက်မှ Feel လာတာလေ၊ အဲဒီအတွက် ငါ အရမ်းကျေးဇူးတင်တယ်၊ သွားပြီနော်၊ Bye" တဲ့။

'အတည်ပြောတာ' ဆိုတဲ့ မော့်စကားကို မာ ပြန်ဆန်း စစ်ဖို့ စိတ်ကူးစဉ်ရှိသေးတယ်၊ ထိုသို့ပြောလာသည့်အခါ မာ အကြီးအကျယ်ဒေါသဖြစ်တော့သည်။ အို။ မာ့ရင်ထဲက ဒေါသတွေ ပွက်ပွက်ဆူကြွလာသည်။ ထိုနောက် ကျောခိုင်းထွက်သွားသည့် သူ့ကျောပြင်ကို မာ လက်ကိုင်အိတ်နဲ့ တအားပစ်ပေါက်မိတော့သည်။

ဒေါသကြီးနေတဲ့ မာ့မျက်နှာကို လှည့်ကြည့်ပြီး လှလှပပ ရယ်၍ ထွက်သွားသည့် သူ့ကို မာ ကျစ်ကျစ်ခဲခဲ ကျိန်ဆဲ မိတော့၏။

မော့် ကျောပြင်နဲ့ထိပြီး ပြန်အကျမှာ မာ့ လက်ကိုင်အိတ် ထဲရှိ ပေါင်ဒါဘူး နှုတ်ခမ်းဆိုးဆေးဘူးတွေနဲ့အတူ ကင်း၏ စာခေါက် လေးပါ လွင့်စင်ကျတာကြောင့် မာ ကမန်းကတန်းပြေးကောက်မိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မာ စာခေါက်လှမ်းကောက်တော့ မေမေတို့နှစ်ယောက် နားလည်မှုလွဲကာ ပြုံးကြသည်။ ထိုအပြုံးထဲမှာ မော်စာပေးလို့ မာ ဒေါသထွက်ခြင်းလို့ နားလည်ဟန်တူသည်။ မာ ရှင်းမပြတော့၊ ရှင်းလို့လည်း ဖြစ်မှာမဟုတ်ဘူး၊ ဒီဖြစ်စဉ်က မာ့ကို နှိပ်စက်လွန်းလှပြီ၊ မော်ရတ်၊ နင့်ကိုငါ မခံစားမိအောင် နေမယ် သိရဲ့လား၊ နင် မယုံရင် စောင့်ကြည့်လိုက်ပေါ့။ မာ နှလုံးသားမှာ ကျစ်ကျစ်ခဲခဲ ရေးခြစ်လိုက်တော့တယ်။

✿ ✿ ✿



## အခန်း (၅)

''မာ''

မာ့ အကြောင်းတွေ စုံစမ်းလိုက်တော့ မာ့ ကို အရမ်း သနားတာပဲ၊ ကျွန်တော့်စိတ်ရင်းအတိုင်းပြောရရင်၊ မာ့ ကို စိတ်လွတ် ကိုယ်လွတ် ပျော်စေချင်တယ်၊ တကယ် ဗျာ။ ဒါပေမဲ့ မာ က ဖော့် ကို မလွန်ဆန်ချင်တာလား၊ မလွန်ဆန်ရဲတာလား၊ ဒါမှမဟုတ် မော်က မာ့ရဲ့အားနည်းချက်ကို ချုပ်ကိုင်ထားတာလား၊ ချုပ်ကိုင်ထားတယ်ဆိုရင် ကျွန်တော်ကူချင်ပါတယ်။ မာ့ စိတ် ထဲမှာ တင်းကျပ်မှု တစ်ခုခုရှိရင် ကျွန်တော့်ကို ရင်ဖွင့်ပါလား။ ဖုန်းနံပါတ်



www.burmeseclassic.com

www.burmeseclassic.com



ရေးပေးလိုက်တယ်။ အချိန်မရွေး ဖုန်းဆက်ပါ။ ကျွန်တော်
မျှော်နေမယ်။ ဒါပါပဲ။

ကင်း

ထိုစာလေးကို မာ အခေါက်ခေါက် အခါခါဖတ်ရင်း မာ
သွေးကြောလေးများ နွေးကြွလာသလို ဖြစ်လာသည်။ ထို့ပြင် မာ
ရင်ထဲက တင်းကျပ်မှုတွေကို ရင်ဖွင့်ချင်နေတဲ့ အချိန်မှာ ကင်းက
ထွက်ပေါက်လေးနှင့် တူမနေဘူးလား။ ဟုတ်တာပေါ့၊ ထွက်ပေါက်
တွေ့တုန်း မာ ရုန်းထွက်ဖို့ ကြိုးစားချင်တယ်။ မှော် လစ်တုန်း
ဖုန်းနိုးဆက်ဦးမှ၊

မာ အခန်းတံခါး ညင်သာစွာဖွင့်၍ ဧည့်ခန်းသို့
ချောင်းကြည့်လိုက်သည်။ မေမေနဲ့ အန်တီစီ စကားပြော
ကောင်းနေဆဲ။ အန်တီစီ မြန်မြန်သွားပါစေလို့ မာ ကြိတ်၍
ဆုတောင်းမိသည်။ တော်ကြာ မှော် ရူတင်ပြီးလို့ ရောက်လာမှဖြင့်
ဖုန်းဆက်ဖို့ အချိန်မရ ဖြစ်နေဦးမယ်။ မေမေကို နှုတ်ဆက်၍
အန်တီစီထွက်သွားစဉ် မာ ကြိတ်၍ပြုံးမိသည်။ ထိုအပြုံးလေးနှင့်
ဧည့်ခန်းထဲ လှမ်းဝင်တော့ မေမေက မျက်ခုံးတွန့်ပြီး

"မိမာ၊ သတိထား" တဲ့။

မဆီမဆိုင် ခပ်ကျိန်းကျိန်းဆိုနေသည့် မေမေ့စိတ်ကို မာ
အံ့သြရသည်။ ခုလောလောဆယ် ကင်း ဆီ ဖုန်းဆက်ချင်စိတ်ဖြစ်
တာကြောင့် မေမေ ကျေနပ်အောင် လိမ္မာချင်ဟန်ဆောင်ရသည်။

"အင်းပါ၊ မေမေ ဘာလုပ်စရာ ရှိသေးလဲ"

မာ့အကြောင်းနဲ့ မာမို့ မေမေ့ကို မာ မျက်နှာချိုသွေး
ကြည့်၍ ဆိုလိုက်သည်။





"ညစာအတွက် ပြင်ဆင်ရဦးမယ်၊ ဘာလုပ်ဖို့လဲ" တဲ့။

"မေးကြည့်တာပါ၊ မာ ကူရဦးမလားလို့၊ ဟဲ ဟဲ"

"မာနော်၊ ခုတစ်မျိုး၊ တော်ကြာ တစ်မျိုးနဲ့၊ မှော့်ကို
ထိပ်အနိုင်မကျင့်နဲ့၊ မာ ဒီထက်ဆိုးလာရင် မေမေတို့ အစီအစဉ်
အတိုင်း အတင်းအကျပ် လုပ်ရလိမ့်မယ်"

မေမေ လွှတ်ခနဲ ဆိုလိုက်စဉ် မာ ကိုယ်လုံးလေး
တောင့်တင်းသွားပြီး

"ဟင် မေမေတို့ အစီအစဉ်"

"ဟုတ်တယ်"

မေမေ အလေးအနက်ဆိုစဉ် မာ အံ့သြရသည်။
ဘာအစီအစဉ်တွေလဲ မာ လည်း မသိရပါလား။

"မေမေတို့ ဘာတွေ စီစဉ်ထားလို့လဲ"

"အေး၊ စီစဉ်ထားတာ ရှိတယ်။ အခုလောလောဆယ်
ပြောပြဖို့ မအားသေးဘူး၊ နောက်မှ ပြောမယ်" တဲ့။

မေမေ စိတ်မရှည်သလိုရွတ်၍ မီဖိုခန်းဆီ ထွက်သွား
တော့သည်။ မေမေ့ ကျောပြင်ကို မာ အလိုမကျစွာ နှုတ်ခမ်းရှူ
ကြည့်လိုက်သည်။

အိုး၊ ဘာတွေပဲ စီစဉ်ပစေ၊ မာ လက်ခံမှ ဖြစ်တဲ့ကိစ္စပဲ၊
အရေးစိုက်ဖို့ မလိုဘူး။ အခု လောလောဆယ် မာ့ရင်ထဲက တင်းကျပ်မှု
တွေကို ဖောက်ခွဲပစ်မှ၊ မာ့ရဲ့ တင်းကျပ်မှုတွေကို နားထောင်ပေးမယ့်
'ကင်း' ရှိလို့သာပေါ့၊ ကင်း ဖုန်းနံပါတ်ကို ခပ်သွက်သွက်
နှိပ်လိုက်သည်။

"ဟဲလို" တဲ့။

ကြည်လင်တဲ့ ကင်း၊ အသံကြောင့် မာ ရင်မှာ လှိုက်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



ပျော်သွားသည်။

''ကင်းလား''

''ဟုတ်တယ် မာ၊ မာ ပြောလေ၊ အခုဘယ်ကဆက်တာ

ဒီနေ့ သင်တန်းလာဖို့ အခွင့်အရေး ရမလား''

ကင်း အားရဝမ်းသာနှင့် တရစပ် ဆိုလာသည်။

အပေါ် အလေးအနက်ရှိသည့် ကင်း ခံစားမှုအတွက် မာ ကျေနပ်

ကြည်နူးခံစားမိသည်။

''ဖြည်းဖြည်းပေါ့ ကင်းရယ်၊ မောနေပါဦးမယ်''

''ကျွန်တော်က မာ့ အတွက်၊ စိတ်ပူလို့ပါ''

''သိပ်စိတ်မပူပါနဲ့၊ ကင်းရဲ့စာက မာ့ရဲ့စိတ်ကျဉ်းကျ

တွေကို ဖွင့်လှစ်ပေးနိုင်တဲ့ ထွက်ပေါက်ပဲလေ''

''တကယ်''

ကင်း အသံလေး လှိုက်မြူးနေသလို မာ့အသံကလည်း

လှိုက်မြူးလို့၊

''တကယ်ပျော့၊ အဲဒါကြောင့် မော်လစ်တုန်း ဖုန်းဆ

တာပေါ့''

''မာ ဘာပြောချင်လဲ၊ ပြော၊ ကျွန်တော် နားထော

ပေးမယ်''

''အင်း၊ ဒါနဲ့ နှင်းအိ ကော''

''သင်တန်းပြီးလို့ ပြန်သွားပြီ''

''နှင်းအိ နောက်နေ့ သင်တန်းလာရင် ပြောလိုက်

မာ့ဆီ ညနေဘက် လာပါလို့၊ မာ သင်တန်းတက်ဖြစ်တော့မ

မဟုတ်ဘူး''

''ဘာဖြစ်လို့''





''မော်က အိမ်မှာပဲ နည်းပြခေါ်သင်ဖို့ စီစဉ်ထားလို့ပါ''

''မာ ငြင်းလို့ မရဘူးလား''

''ဟင်အင်း''

''အဲဒါဆို ကျွန်တော်နဲ့ မတွေ့ရတော့ဘူးပေါ့''

''အခုလို ဖုန်းဆက်ကြတာပေါ့နော် ကင်း''

မာ ခပ်ဖျော့ဖျော့ဆိုမိစဉ်၊ ကင်း အသံလေး တိတ်ဆိတ်

တော့၏။

''ကင်း မာပြောတာ ကြားရဲ့လား''

ကင်း သက်ပြင်းမျှင်မျှင်ချ၍

''ကြားပါတယ်ဗျာ၊ ဒါပေမဲ့ မာနဲ့ မတွေ့ရရင် ကျွန်တော့်

မှာ ဟာတယ်ဗျာ၊ နှင်းအိနဲ့အတူ လာလည်လို့ဖြစ်မလား''

ကင်း အသံအဆုံးတွင် မာ လှုပ်လှုပ်ရှားရှားဖြစ်သွားပြီး

''မဖြစ်ဘူး ကင်း၊ မဖြစ်ဘူး။ ကင်း လာလည်ရင် မေမေ

သွားမယ်၊ မေမေကတစ်ဆင့် မော် သိသွားမှာပေါ့၊ မော်သိလို့

တော့ မလွယ်ဘူး။ ကင်းကို ရန်ရှာမှာ၊ နောက်ပြီး မော်က

သကြီးတယ်လေ''

''အဲဒါဆို မော် မသိအောင် တွေ့ကြမယ်ဗျာ''

''မာ ကြောက်တယ်''

''မာ မကြောက်နဲ့၊ ကျွန်တော် ပိပိရိရိ စီစဉ်မယ်။ မော်

နိုင်မိစေရဘူး၊ စိတ်ချ''

''ဘယ်လို စီစဉ်မှာလဲ''

''မာ ဘယ်လိုအချိန်မျိုးမှာ မော့်အရိပ်က လွတ်တတ်သလဲ၊

တစ်ယောက်တည်းနေရတဲ့ အချိန်ကို မေးတာ''

''အင်း၊ ပြောရမှာ ခပ်ခက်ခက်ပဲ''



www.burmeseclassic.com

www.burmeseclassic.com



''မာ ညအချိန် ဆိုရင်ကော''

''ပိုဆိုးတာပေါ့၊ မာနဲ့ သူက တစ်ယောက်အိမ်တစ်ယေ
လိုက်ဖို့ မာ့ မေမေက ခွင့်ပြုတယ်။ ခွင့်မပြုလို့မှ မရဘဲ၊ မေ
ငယ်ငယ်ကတည်းက မာတို့အိမ်မှာ အိပ်နေကျ၊ ငယ်ငယ်
မာ့ဘေးမှာ အိပ်တာလေ၊ အဲဒါနဲ့ပဲ မေမေက မော့်အတွက် အ
တစ်ခန်းကို အပိုင်စားပေးလိုက်တယ်''

''အင်း၊ မော်က တစ်မျိုးချည်းပါလား''

''ဟုတ်တယ်၊ မာ အဲဒါကြောင့် စိတ်ညစ်ရတာ
မေမေတို့ကလည်း မော့်ဘက်တော်သားလေ၊ မော့်မာမီက ပိုတေ
ဆိုးလေးတယ်၊ မော် ဘာလုပ်လုပ် မော့်ဆန္ဒကို ဘယ်တေ
မကန့်ကွက်ဘူး။ မာ့အတွက် မော့်အိမ်မှာ အခန်းတစ်ခန်း
ပေးထားတာပဲ ကြည့်တော့၊ မော် သူ့အိမ်ပြန်အိပ်တဲ့ညဆို
မေမေက မော့်အိမ် လိုက်အိပ်ရတယ်၊ အဲလိုကြောင့်
လှတ်ကင်းတဲ့ အချိန်ဆိုတာ ပြောဖို့ခက်တယ် ကင်းရယ်''

ကင်း သက်ပြင်းချ၍

''မာ့ ဘဝကျမလွယ်ပါလား၊ အဲဒါဆို ခုလောလော
ဖုန်းနဲ့ ဆက်သွယ်ကြတာပေါ့ဗျာ၊ အချိန်ယူပြီး စဉ်းစားပြီးမှ
တွေ့ဖို့ စီစဉ်ကြမယ်လေ''

''အဲဒါကောင်းတယ် ကင်း။ နောက်ပြီး မော် နယ်တွ
ရရင် လွတ်လွတ်လပ်လပ် တွေ့လို့ရတယ်လေ၊ မော့်ရဲ့ ရှုတ
ဒိတ်တွေကို မာ စပ်စုကြည့်မယ်''

''ကောင်းပြီ၊ စပ်စုကြည့်ထား၊ ထူးခြားရင် ချက်ချ
ဖုန်းဆက်လိုက် မာ''

''အင်းပါ၊ ဒါပဲနော် ကင်း''





''Bye''

''Bye''

ဘာတတ်နိုင်သေးလဲ မော် လို့၊ မာ တစ်ကိုယ်တည်း
တစ်ကြွေးမိသည်။

မော့်ရယ်၊ နင်ဘယ်လောက်ပဲ အနိုးကပ်ချုပ်ကိုင်ထားပစေ၊
မာ့မှာ ထွက်ပေါက်တစ်ခု ရှိတယ်လေ၊ မာ ဖုန်းခွက်ချ၍ မာ့
ကိုယ်လုံးလေး လှည့်လိုက်စဉ်

''အို''

မာတို့ ညှော်ခန်းထဲရောက်နှင့်သည့် ဒိုက် ကို တွေ့ရစဉ်
မာ အံ့ဩသွားသည်။ ဒိုက် ဘယ်အချိန်ကတည်းက ရောက်နေပါ
လိမ့်။ ခွင့်မတောင်းဘဲ မာတို့ ညှော်ခန်းထဲ ရောက်နေတဲ့ ဒိုက်စရိုက်က
အဲဒီလောက် အတင့်ရဲနေသတဲ့လား၊ မာ့ကို နစ်မျောသလို စူးစိုက်
ကြည့်နေသည့် ဒိုက်မျက်ဝန်းကို မာ ရှောင်လိုက်မိသည်။ ဒိုက်က
ပြုံးလျက်

''မာ့ကို မတွေ့ရရင် မနေနိုင်လို့ပါ မာ၊ ရော့ ယူပါ''

သူ့နောက်မှာ ဝှက်၍ကိုင်လာသည့် ပန်းစည်းကို မာ့ထံ
ခပ်ရဲရဲ ကမ်းပေးသည်။ ဒိုက် အမူအရာကို မာ မနှစ်မျို့တော့။

''နင် ဘာလာလုပ်တာလဲ''

ခပ်ဆတ်ဆတ်မေးတာကို ဒိုက် စတိုင်ကျကျ ပခုံးလေး
တွန့်၍

''ချစ်သူကို လာဖူးတာဗျာ'' တဲ့။

လွတ်လွတ်စင်စင် မရှိသည့် ဒိုက်စကားလုံးတွေအတွက်
မာ စိတ်ညစ်ရ၏။

''ဘာ ချစ်သူလဲ၊ ဒိုက်နော်၊ ငါ စိတ်ဆိုးရလိမ့်မယ်''



www.burmeseclassic.com

www.burmeseclassic.com



“အို၊ မာကလည်း ဒါ စိတ်ဆိုးစရာမှ မဟုတ်
ဒီကောင့် မိုးကောင်းကင်က ချစ်တဲ့မိန်းကလေးက ဒီကောင့်ချ
ပေါ့၊ ဘာမှားသလဲ”

ရင်ဖွင့်လျက် ဟန်ပါပါဆိုနေသည့် ဒိုက်အသွင်က မျ
ရူးစရာ ကောင်းလှသည်။

“ဟာ နင်၊ ပြောလေ ကဲလေပါလား”

“ကဲတာဆိုတာ တစ်စိပ်ကို တစ်အိတ်လုပ်ပြောတာ မ
ဒီကောင်က အရှိကိုအရှိအတိုင်းပြောတာ မယုံဘူးလား။ မယုံ
မာ ယုံကြည်အောင် ဆလေးအနက် ကြေညာမယ်၊ မာ့ကိုချစ်တယ်
သိဝ် ချစ်တယ်၊ ဦးနှောက်ထဲ၊ အသည်းနှလုံးထဲ၊ သွေးထဲ၊ သားထဲ
အိုး အဆီထဲကလဲ ချစ်တယ်လေ၊ မယုံရင် ဟောဒီပန်းစည်းလေ
ကို မေးကြည့်လိုက်၊ ဒီကောင့်အချစ်တွေကို ဒီပန်းစည်းက
ကဗျာတစ်ပုဒ်လို ရွတ်ပြနိုင်တယ်၊ ဒါကြောင့် ရင်ဖွင့်ပြီး
လက်ဆောင်လာပေးတာ၊ ယူပါ၊ ရော့ ယူပါ”

သူပြောချင်ရာပြောပြီး ဖွတ်အတင်း ပန်းစည်းထိုးပေး
လ·တော့၊ မာ ဒေါသထွက်လာသည်။ မာ မယူရင် မာ့လက်ကို
အတင်းဆွဲပြီး ထည့်ပေးရန် ကြိုးစားတာကြောင့်

“ဒိုက်နေဦး၊ မာ့ကို စိတ်ဒုက္ခမပေးစမ်းနဲ့၊ နင့်ပန်းစည်းနဲ့
နင် အမြန်ဆုံး ထွက်သွားပါ”

မာ မနှစ်မြို့စွာ အတင်းငြင်းတော့ ဒိုက် မျက်နှာကြော
တင်းသွားပြီး

“ဘာလဲ မာ၊ ဒီကောင် အရူးအမူးချစ်တာကို
သရော်တာလား”

မာ့ဆံပင်တွေထဲ မာ့ လက်ချောင်းတွေ ထိုးထည့်၍ ကုတ်ဖွ





“မဟုတ်ဘူး”

“ဒါဆို ဘာကြောင့်လဲ၊ ပြတ်ပြတ်သားသား ပြောပါ မာ”

သူ့မျက်နှာကြောတင်းတင်းသည့် ဖွတ်လုပ်ချင်တဲ့ သူ့ဆန္ဒကို
်းကုန် အားဖြည့်တာနဲ့ တူတာကြောင့် ၊ မာ အနည်းငယ်
်လာမိသည်။ မာ အပြတ်ငြင်းလိုက်လို့ မာ့ကို အတင်းဆွဲခေါ်
ရင်၊ ခက်ရချည့်ရဲ့။ မေမေသိရင် မာ့ကိုပဲ ဆူမှာ၊ ဒိုက်ပုံစံက
ကိစ္စကိုမဆို မိုက်မိုက်ဝံ့မလေးသူ။ မာ ခြေတစ်လှမ်း နောက်ဆုတ်
့ ဒိုက် ခြေတစ်လှမ်း ရှေ့တိုးလှမ်းပြီး

“ဘာလဲ မော်ကြောင့်လား၊ မော်က ငြင်းနိုင်းလို့လား”

အရေးထဲ နှမ့်ကို ဆွဲသွင်းပြန်ပြီ၊

“မဟုတ်၊ မဟုတ်ဘူး ဒိုက်၊ မာ မာ ဒီအကြောင်းတွေ
ဉ်းစားချင်သေးဘူး”

“ဟာ မာ၊ ဒီလိုမပြောနဲ့၊ မာ အချစ်အကြောင်း၊ ရင်ခုန်
ရာအကြောင်းကို မာ မစဉ်းစားလို့ မရဘူး။ အခု မစဉ်းစားချင်
သေးရင် မာ စဉ်းစားချင်တဲ့ အကြောင်းကို ဒီကောင် ဝိုင်းစဉ်းစား
ပေးမယ်။ မာ ခံစားလိုတဲ့ ခံစားမှုကို ဒီကောင် ခံစားမှု ပေးနိုင်တယ်၊
ပြော မာ၊ မာ့ ဆန္ဒကို ပြော”

မော်၏ ဖွတ်တရွတ်ဆန်မှုများသည် မာ့အတွက် ထွက်ပေါက်
ရှိနိုင်ကောင်းသေးသည်။ ဒိုက်၏ ဖွတ်တရွတ် ဆန်မှုများသည်
ထွက်ပေါက်မဲ့လှသည်။ ဒီလိုဖွတ်တရွတ်ချင်မှုတွေ အောက်မှာ မာ
ခွန်းကြပ်လာသည်။ ဒိုက် ရင်ဘတ်ကို မာတွန်းလိုက်သည်။ ထိုအခါ
ဒိုက်ကိုယ် တင်းကြပြီ၊

“ဒီမှာ မာ၊ မာနဲ့ ပတ်သက်ရင် ဒီကောင် မော့်ကို



www.burmeseclassic.com

www.burmeseclassic.com



လုံး၀ ဂရုမစိုက်ဘူး။ မှာကို ချစ်လွန်းလို့ ဒီကောင့်စိတ်ကို ...
အကောင်ရှည်အောင် ဆွဲဆန့်ထားတာ။ ဒီကောင် စိတ်မရှည်...
ဘူးဆိုတာ မှာ သိတယ်နော်၊ ရော့ လက်ခံပါ''

ပြောချင်ရာပြောပြီး ပန်းစည်းကို မှာ့လက်ထဲ ထိုးပေး...
သည်။

''မယူဘူးလား''

ဒိုက် ဖွတ်အဆန်ဆုံးမေးလာစဉ် မာခေါင်းမမာရဲ...
တော်ကြာ မှော် ရောက်ခဲ့လို့ ထိပ်တိုက်ဆုံသွားရင် ပြဿနာတွေ...
မတွေးရဲစရာ၊ ဒိုက် ကမ်းပေးတဲ့ ပန်းစည်းကို မှာ ဆတ်...
ဆွဲယူလိုက်သည်။ မှာ ပန်းစည်းလက်ခံတော့ ဒိုက်တစ်ယော...
သူ့ကိုယ်သူ တစ်ပတ်လည်သွားအောင် လှည့်ပတ်အောင်ပွဲခံပြီး...

''အို၊ ကျေးဇူးတင်တယ်၊ အရမ်းကျေးဇူးတင်တယ် မှာ...
တရစပ်ဆိုရင်း မှာ့နား ဒိုက် တိုးလာတာကြောင့်

''ဒီမှာ ဒိုက်၊ မှာ့ကို စိတ်ညစ်အောင်လုပ်မယ်ဆိုရင် ...
ဒေါသထွက်မိလိမ့်မယ်၊ မှာ့ကို ဖွတ်မဆက်ဆံပါနဲ့၊ နင် ပြန်တော့...

''ဟာ အချစ်ရယ်၊ ဒီကောင် နှလုံးသားက...
စက်စက်ရက်ရက် မနှင်စမ်းပါနဲ့၊ နှလုံးသားထဲ ၀အီသွားအော...
အချစ်မျက်နှာကို ကြည့်ချင်သေးတယ်၊ ခွင့်ပြုပါ၊ Please''

မှာ့မျက်နှာကို အနီးကပ် စိုက်ကြည့်လာတဲ့ ဒိုက်မျက်ဝ...
ရဲရဲကြောင့် မှာ စိတ်ရှုပ်လာလို့ ဒေါသလည်း ဖြစ်ချင်လာသည်...

''ဒါဆို ဟိုခုံမှာထိုင်၊ ထိုင်ပြီးကြည့်''

မှာနဲ့အဝေးဆုံး ဆိုဖာပေါ်ထိုင်ရန် မှာ ညွှန်မိသည်...
ဒိုက်ဆိုတာ၊ ဘယ်လိုသတ္တဝါဆိုးမှန်း မှာ အကဲမခတ်နိုင်တော့...
မှာ့ စကားလုံးလေးကို သဘောတကျဖြစ်လျက်





''အေး၊ Yes အချစ်စေစားသလို ဒီကောင် နာခံပါ့မယ်''

မှာ ညွှန်တဲ့ ဆိုဖာခုံမှာ ဝင်ထိုင်၍ အသံကျယ်ကြီးဆိုပြန်...
မှာ့ကိုယ်မှာ ထုဖွဲ့ချင်လောက်အောင် ဖြစ်တော့၏။

''အိုး တိုးတိုး၊ မေမေ ရှိနေတယ်''

''ဟုတ်လား၊ သိပ်ကောင်းတာပဲ''

''ဟင်''

မှာ သေချင်စိတ်ပါ ပေါက်တယ်။ ဖြစ်နိုင်ရင် ဒိုက်မျက်နှာ...
...ပြင်လုံး စုတ်ကြေသွားအောင် ကုတ်ဖွဲ့ပစ်လိုက်ချင်သည်။

''မာက ဘာကို စိတ်ပျက်တာလဲ''

''အို မေမေသိရင် မှာ့ကို''

''သိပစေပေါ့ မှာ၊ နားဖောက်ရုံတင်မကာ၊ နှာခေါင်းပါ...
...ကိုပြီးသား ဖြစ်မယ်လေ၊ ယောက္ခမကျေနပ်အောင် ဒီကောင်...
...တောင်းပါ့မယ် အချစ်ရယ်၊ စိတ်မပူပါနဲ့''

''ဟွန်း''

စိတ်ရှိလက်ရှိလုပ်လိုက်ရရင် ရှုပ်ကုန်တော့မှာပဲ၊ မထူးတော့

''ကဲ ပြန်ပါတော့ နော်၊ မှာ ဒီလောက် အချိန်ပေးတာကို...
...နပ်ပါတော့''

''မာလည်း ဒီကောင်ကျေနပ်အောင် တစ်ခုခုပေးပါ''

အရေးထဲ ဒိုက်က တစ်ခေါင်တက်တောင်းလာစဉ် မှာ ဒေါသ...
...ကြီးကြည့်မိပြီး

''ဘာပေးရမလဲ''

သူ ပခုံးလေးပင့်၊ မျက်နှာလေးဝင့်ပြီး

''One Kiss ''



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

မာ မျက်ဝန်း စူးခနဲ ကျရောက်သွားစဉ် ဒိုက်မျ
ပြုံးဖြလျက်

"မများပါဘူး။ One Kiss တည်းပါ"

"ကောင်းပြီ၊ ခဏလေး"

ညှော်ခန်းဗီရိုထဲက သံပတ်ပေးထားတဲ့ သံပတ်ရုပ်
မာ ထုတ်ယူ၍

"ရော့၊ One Kiss မကဘူး။ နင်လိုတဲ့ Kiss
ပေးလိမ့်မယ်၊ ယူပြီး သွားတော့"

ဒိုက်လက်ထဲ အတင်းထိုးထည့်ပေးလိုက်သည်။
ဝမ်းမြောက်ဝမ်းသာဖြစ်လျက် ဘိုမရုပ်လေးကို မွှေးပိုက်လိုက်
"ဘာပဲဖြစ်ဖြစ်၊ ချစ်သူပေးတဲ့လက်ဆောင်က ဒိ
အတွက် တန်ဖိုးအရှိဆုံးပဲ၊ ချစ်သူမျက်နှာလည်း အဝကြည့်ရ
ချစ်သူကိုယ်စား Kiss တွေလည်း ရမယ်၊ ဒီကောင် ကျေနပ်ပါ
နောက်တစ်ခါဆိုရင် ဒီကောင့်ကို မငြင်းနဲ့နော်၊ ငြင်းရင် ဒိ
ပေးတဲ့ Kiss ကို မာလက်ခံရလိမ့်မယ်၊ သွားပြီ ဘိုင်"

အရုပ်လေးပိုက်ပြီး ထွက်သွားသည့် ဒိုက်ကို မာ စိတ်ပျ
ငေးကြည့်မိသည်။ ဘယ်ဘဝက ရေစက်မှန်း မသိတော့၊
မှော်သာသိရင်၊

✿ ✿ ✿



အခန်း (၆)

"ဟင်"

စားပွဲပေါ်က ပန်းစည်းကို မြင်မြင်ချင်း မှော် ဒေါသတွေ
လိုက်တက်လာသည်။ စားပွဲပေါ်က ပန်းစည်းကို မှော် ဆတ်ခနဲ
ကောက်ယူလိုက်ပြီး

"အန်တီသက်၊ ဒီပန်းစည်းက ဘယ်ကရောက်လာတာလဲ"

"မသိဘူးလေ၊ အန်တီသက် ချက်ပြုတ်နေတာ၊ ခုပဲ
မီးဖိုချောင်က ထွက်လာတာ၊ သမီးမှာ ဒီပန်းစည်း ဘယ်သူ
ပေးတာလဲ"

မေမေ့ အသံကြောင့် မာ ခေါင်းနဘမ်းကြီးသွားသည်။
ဒိုက်ပေးသွားသည့် ပန်းစည်းကို မာ မသိမ်းမိခဲ့၊ ဒိုက် ပန်းစည်းက



www.burmeseclassic.com

www.burmeseclassic.com



မော် လက်ထဲမှာ၊ မာ အကြီးအကျယ် စိတ်နောက်သွား၏။ မော်က မာ့ကို တအားခံကြည့် ကြည့်ပြီး

"ပြော ဒီပန်းစည်း ဘယ်သူလာပေးလဲ"

မာ မဖြေ။ ဘယ်လိုဖြေရမှန်း မာ မသိတော့၊ မာ မဖြေတော့

မော် မျက်ဝန်း ပို၍ ရူးလက်သွားပြီး

"ဒိုက် ပေးတာ မဟုတ်လား"

"မဟုတ်ဘူး"

မာ မလုံမလဲ ငြင်းလိုက်ပေမယ့် မော် ဒေါသမပြယ်သေး။

"ဒါဆို ဘယ်သူပေးတာလဲ ပြော"

မာ စိတ်နောက်စွာ ဆံပင်တွေပွတ်လိုက်မိသည်။ မော် စိတ်မရှည်သလိုဖြစ်လာပြီ

"မပြောဘူးလား။ မပြောဦးကွာ"

စိတ်လက်မြန်သည့်မော်သည် ဒိုက်ပေးထားသည့် သစ်ခွပန်းစည်းလှလှကို အငြိုးကြီးစွာ တစ်စစီဆွဲဖြဲပစ်လိုက်တော့သည်။ မော် အပြုအမူကြမ်းကြောင့် မာ အံ့သြခြင်း၊ ဒေါသထွက်ခြင်း၊ ခံပြင်းခြင်းတို့ဖြင့် မော်ရှေ့မှ ချာခနဲ လှည့်ထွက်ခဲ့မိသည်။

"ဟ မာ"

ပန်းစည်းဖျက်ဆီးခြင်းခံရသည့်အတွက် မာ ဝမ်းနည်းမိတာ အမှန်ပါပဲ၊ မာ. အခန်းတံခါးပိတ်နေခြင်းဖြင့် မော်ကို မကျေနပ်ကြောင်း ဆန္ဒပြနေမိသည်။ မော် ဘယ်လောက်ပင် တံခါးထုထု မာ မဖွင့်။ မော်ကို မကျေနပ်သည့် စိတ်အစဉ်က အခန်းထဲမှ ပစ္စည်းတွေကို စိတ်ရှိလက်ရှိ လွှင့်ပစ်နေမိသည်။

ဘယ့်နှယ် မာ့ရဲ့လွတ်လပ်ခွင့်တွေကို အစဉ်အမြဲ အနိုင်ယူနေတဲ့ မော်။





မာ မုန်းတယ်၊ သိရဲ့လား။ ဒိုက် ပေးတာဖြစ်ဖြစ်၊ ဘယ်သူ ...ဘာဖြစ်ဖြစ်၊ မော်နဲ့ ဘာမှမဆိုင်ပါ။ တားပိုင်ခွင့်၊ မေးပိုင်ခွင့် ...ဦးမရှိပါဘူး။ မာ တံခါးမဖွင့်တော့ မော့်ရင်မှာ ထိနိုက်သလို ...ရသည်။ မာ့ကို သူဘယ်လောက် လေးနက်စွာ ချစ်ခဲ့သလဲဆိုတာ ...မစားမိတာ မော် ဝမ်းအနည်းဆုံးပဲ၊ မော် ထွက်သွားတော့ ...နှတ်သက် သက်ပြင်းချမိသည်။ သမီးဖြစ်သူရဲ့ ခေါင်းမာမှုကို ...တ်မျက်မိသည်။ မော်လေးအပေါ် ဒီလိုပင် ကြမ်းကြမ်းတမ်းတမ်း ...က်ဆံနေမယ်ဆိုရင် သူတို့အစီအစဉ်တွေ ပျက်နိုင်သည်ကို ...မိတာကြောင့်

"သမီးမာ၊ ထံခါးဖွင့်စမ်း"

တင်းမာတဲ့ မေမေ့အသံကြောင့် မာ အလိုမကျစွာ တံခါး ...ွင့်လိုက်ရသည်။ မာ့ကို အပြစ်ဖို့တဲ့မျက်လုံးနဲ့ စိုက်ကြည့်နေသည့် မေမေ့မျက်ဝန်းနှင့် မာ ရင်မဆိုင်ချင်၊ မာ နုတ်ခမ်းစူကာ ...မျက်လွှာချထားသည်ကို မေမေ ဘဝင်မကျကြည့်ပြီး

"သမီးမာကို မေမေ ရှင်းရှင်းပဲပြောမယ်၊ မော့်ကို စိတ်အနှောင့်အယှက်ဖြစ်အောင်း ဆက်ဆံတာ မေမေ မကြိုက်ဘူး"

မာ တစ်ခုခုပြန်ပြောဖို့ ဟန်ပြင်တော့

"ဘာမှထပ်မပြောနဲ့၊ မေမေမကြိုက်တာကို သမီးဆင်ခြင်ပါ။ ...မဆင်ခြင်ဘဲ ဒီလိုပဲ ဖွတ်လုပ်နေမယ်ဆိုရင် မေမေတို့ အစီအစဉ် အတိုင်း အချိန်မဆွဲတော့ဘဲ ချက်ချင်းလက်ထပ်ပေးလိုက်မယ်၊ ကြပ်ကြပ်သတိထား" တဲ့။

မေမေ အပြတ်သားဆုံး ကြေညာလိုက်စဉ် မာ ဝမ်းနည်း သွားသည်။ မော့်ကို မကျေနပ်ခြင်း၊ မေမေတို့ အစီအစဉ်ကို ဒေါသထွက်ခြင်းတို့ကြောင့် မာ ရှုံ့မဲ့ချ ငိုကြွေးမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလောက် တင်းကျပ်တဲ့ ဘဝကလွတ်မြောက်အောင် ကယ်ပါ
ကင်၊ ရယ်၊ မာ စိတ်ကုန်လှပြီ။

မေမေ့ကို ဆန္ဒပြသည့်အနေနှင့် ညစာထမင်းမစားတော့
မာ တငိုတည်၊ ငိုနေတော့သည်။ မေ့ာ် အခန်းပြတင်းပေါက်
လှမ်းကြည့်လိုက်စဉ် မာ ငိုနေတာ တွေ့ရတော့ မေ့ာ်ရင်
စိတ်မချမ်းမြေ့။

ပန်းစည်းကို ဖျက်ဆီးလိုက်တာ သူ့မှာ အပြစ်ရှိလို့
မာ ငိုခြင်းက သူ့ရင်ကို ကျွမ်းလောင်စေသည်။ ဘာပဲဖြစ်
သူ့ကြောင့် မာ မျက်ရည်မကျစေရဘူး၊ ပြီးတော့ အန်တီသ
မဆူစေရဘူး။

"မာမီ အန်တီသက်ကို ပြောပေးစမ်းပါ။ မာ့ကို မဆူ
လို့၊ ဟိုမှာ မာ ငိုနေတယ်၊ မာမီ ပြောပေးပါ"

မာမီ ဆိုင်ကပြန်လာပြီးတာ မနားရသေး၊ သားပူဆာတ
သားနဲ့အတူ သက်တို့ခြံဘက် ကူးခဲ့ရပြီ၊

"ဘယ်လိုဖြစ်တာလဲ သက်ရယ်"

ဒေါ်စိစိ မိုးရိမ်လျက် မေးစဉ်၊ သက် မျက်နှာပေးရင့်လျက်

"မမစိ မသိပါဘူး၊ သမီးအကြောင်း သက် သိတယ်"

"ကလေးဆိုတော့ ဒီလိုပဲပေါ့ သက်ရယ်၊ မာ့ ခမျ
သက်ဆူတော့ ဝမ်းနည်းမှာပေါ့။ မာ ဝမ်းနည်းနေရင် သားကလည်
စိတ်မကောင်းဘူး။ သားစိတ်မကောင်းတော့ မမစိတို့ လူကြီးတွေလည်
ဘယ်စိတ်ကောင်းပါ့မလဲ၊ မာ စိတ်ရှိသလိုနေပါစေ၊ မဆူပါနဲ့"

မာ ငိုရင်း သူ့ရင်မှာ ချမ်းမြေ့ခြင်းတွေ ဆိတ်သုဉ်းလာသည်

"အခု မာ ငိုနေသေးလား၊ အန်တီသက်"

"ငိုနေမှာပေါ့၊ ငိုရုံတင်မကဘူး။ ညစာထမင်းလည်





ဘူးလေ။ မစားပစေပေါ့၊ ဆာတဲ့အခါ နိုးစားမယ်လေ"

"ဟာ သက်ကလည်း၊ ချော့ပြီး ကျွေးလိုက်ပါ။ မဟုတ်
ပါဘူး။ မမစိပဲ ကျွေးပါ့မယ်ကွယ်"

"ရတယ် မာမီ၊ သားပဲ ချော့လိုက်ပါ့မယ်"

ညနေခင်းထဲက အသံတွေကြောင့် မာ ကြိတ်၍ ပြုံးမိသည်။
ခြေသံကြားတာကြောင့် မာ မငိုချင်ငိုချင်ဘဲ ဖျစ်ညှစ်ငိုနေ
ည်။ ငိုရတာလည်း ပင်ပန်းလိုက်တာ၊ အပင်ပန်းခံပြီး ငိုမှ
င်းနဲ့ မေ့ာ်ကို အနိုင်ယူထားမှ၊ နောက်ဖြစ်ဆို 'ကင်း' နဲ့
သက်လာရင် မချုပ်ချယ်ရဲတော့မှာ။

"မာ"

မေ့ာ် ခေါ်သံကို မာ ဂရုမစိုက်။ ရှိုက်ပြီရှိုက်နေတော့၊

"မာ ငါမှားတယ်ဆို တောင်းပန်ပါတယ်ကွာ၊ တိတ်ပါ
ရုတ်တရက် ပန်းစည်းမြင်တော့ ငါ ဒေါသထွက်သွားတာ၊
ကို ထိခိုက်စေချင်လို့ မဟုတ်ပါဘူး။ မာ့အတွက် စိတ်ပူလို့ပါ။
တော့ ဒိုက် ဆိုတဲ့ကောင်က သူ့ဘက်ပါအောင် လိပ်တစ်ကောင်
ယက်နေတာလေ။ ဒီကောင် ဘယ်လောက်ခြေရှုပ်သလဲဆိုတာ
မသိဘူး။ ငါ့ကို မကျေနပ်လို့ လက်တုံ့ပြန်ချင်တဲ့ အနေနဲ့
ကိုချဉ်းကပ်ပြီး၊ မာ့အသည်းကို ခွဲဖို့ ကြိုးစားနေတာ။ အဲဒါ
ကြောင့် ငါ စိတ်ဆူသွားတာ၊ မာ စိတ်မဆိုးနဲ့နော်"

"ဆိုးတယ်၊ ဆိုးတယ်၊ သွား နင် ဘာမှလာမပြောနဲ့၊
ဒီပန်းစည်းက ဒိုက်ပေးတာ မဟုတ်ဘူး၊"

ဒီ ဒိုက်ဆိုတဲ့ကောင်အတွက် ရှုးသွပ်နေတဲ့ မေ့ာ်စိတ်ကို
ယ်ချင်တယ်။ ရယ်ချင်စိတ်ကို ကြိတ်မှိတ်မျိုသိပ်ပြီး၊ ပြောင်ကျကျ
ပ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



''မဟုတ်ဘူး'' တဲ့။

မှော်ရင်ထဲ လှိုက်ခနဲ ဝမ်းသာသွားသည်။ သူ့လုပ်
အတွက် မှာ့ကိုလည်း သနားမိသည်။

''ဒါဆို ဘယ်သူပေးတာလဲ''

''မှာ့သူငယ်ချင်း နှင်းအိ ပေးတာ''

နှင်းအိ အကြောင်းတော့ မှော်သိပြီးသား။ အန်တီသ
ပြောပြလို့လေ။ အန်တီသက် စာအုပ်ဆိုင်သွားရင်း နှင်းအိနဲ့ ခင်တ
အန်တီသက်ကတစ်ဆင့် မှာနဲ့ခင်တယ်လို့ သိထားပြီးသ
(အန်တီသက်က မှော် စိတ်အနှောင့်အယှက် မဖြစ်အောင် ထို
ခပ်ပေါ့ပေါ့ အသိပေးထားခြင်း) ထိုအခါ မှော် စိတ်အေးသွားသည
''ဆောရီးဟာ၊ ငါ တကယ် မသိလို့ပါ၊ မှာ တော
ကတည်းက ပြောရောပေါ့၊ မှာ ဗိုက်ဆာရောပေါ့၊ ထမင်းမ
သေးဘူးဆို''

အခုမှ ဗိုက်ထဲက ဟာနေမှန်း သတိရတော့သည်
စားချင်စိတ်ကို မျိုသိပ်ရင်း

''မစားချင့်ဘူး၊ မစားဘူး၊ လုံးဝ မစားဘူး''

လို့ မူလိုက်သည်။ မှော့အကြောင်း မှာ နောကျေအော
သိပြီးသားလေ။ မှာငြင်းလေ သူဖွတ်လုပ်တတ်လေပဲ။

''အို မစားလို့ ဘယ်ဖြစ်မလဲ၊ ထမင်းမစားရ
ဘဲတစ်ကောင် ကင်ပေးမယ်လေ၊ မှာ ဘဲကင်ကြိုက်တာ ငါသိတယ်
အချဉ်ရည် ကောင်းကောင်းလေးနဲ့နော်၊ နှင်စိတ်ကောက်တိုင်း ထမ
မစားရင် ငါကိုယ်တိုင် ဘဲကင်၊ အချဉ်ရည်ကောင်းကောင်းလေ
လုပ်ပေးတာလေ၊ နှင်ခံတွင်းတွေ့တယ် မဟုတ်လား''

ဘဲကင် ဆိုသည့်အသံကြောင့် မှာ့ သွားရည်ကျပြီး





''ဟုတ်တယ်''

နောက်မှ သတိရပြီး

''အို မဟုတ်ဘူး၊ မကောင်နဲ့၊ မှာ မစားဘူးနော်''

''ခဏလေး စောင့်ပါဟာ၊ အမြန်ဆုံး ကင်ပေးမယ်''

မှော် ကြွကြွလေးဆိုပြီး မှာ့အခန်းထဲက ထွက်သွားစဉ်
ခေါင်းကလေးရမ်းကာ ပြုံးမိတော့သည်။ အန်တီစိနဲ့ မေမေက
ကြည့် ပရိုသတ်လေ။

ထိုင်ကြည့်ပေါ့ ဟွန်း။

မှော်က ဘဲကင်တစ်ကောင် အမြန်ဆုံးကင်သည်။
ချဉ်ချဉ်စပ်စပ် အချဉ်ရည်တစ်ခွက် ဖျော်သည်။ မှာတို့တိုက်ရှေ့
ပန်းခြံ ဂေဟာလေးရှိ စားပွဲဝိုင်းပေါ် ဘဲကင်ထည့်ထားသည့်
ပန်း၊ အချဉ်ရည်ခွက်၊ ကော်ဖီ၊ သစ်သီးတစ်ချို့ကို စနစ်တကျ
မှော် ခင်းကျင်းလိုက်သည်။ ဆယ်ရက်လသား အလင်းရောင်က
လင်းဝင်းနေသည်။ ထိုလရောင်အောက်မှာ ထူးခြားတဲ့စားပွဲဝိုင်း
အလယ်မှာ ဖယောင်းတိုင်ကြီးကြီးတစ်တိုင်ကို ထွန်းညှိ၍ အလင်း
အားဖြည့်သည်။ မှော်ပြင်ဆင်နေသည်ကို ခိုးကြည့်ရင်းနှင့် မှာ
သွားရည် တမြမြကျလာသည်။ စားသောက်ဖို့ ဘယ်တော့များ
လာခေါ်မလဲလို့ နှုတ်ခမ်းတပြင်ပြင်နဲ့ စောင့်ရတာ စိတ်မရှည်
နိုင်တော့၊ မှော့ခြေသံကြားတော့ စားချင်စိတ်တွေကို ဖျောက်ဖျက်
ပစ်၍ အလိုမကျဟန် ဆူတူတူနေလိုက်သည်။

''မှာ လာလေ၊ အဆင်သင့်ဖြစ်ပြီ'' လို့

မှော်ခေါ်စဉ်၊ မှာ နှုတ်ခမ်းစူပြီး ကျောခိုင်းလိုက်သည်။

''မှာရာ၊ စိတ်ပြေပါတော့၊ နှင်းအိ ပေးတဲ့ ပန်းစည်းမှန်း
မသိလို့ပါဟာ၊ ဒီမှာ အဲဒီပန်းစည်းလေးအစား ပန်းစည်းတစ်စည်း



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပေးမယ်လေ၊ ရော့ ယူပါ''

သစ်ခွပန်း လှလှ တစ်စည်းကို မာ့ရှေ့သို့ မော် ထိုးပေး ပြန်သည်။ ပန်းစည်းက လှလိုက်တာ၊ သစ်ခွရနံ့ သင်းပျံ့နေသည်က ထွေးပွေ့ချင်စရာ အကောင်းသား။

''ယူပါ''

မာ့လက်ထဲ အတင်းထည့်ပေးတော့လည်း မာ မှိန်းပြီး ယူလိုက်မိသည်။ မာ ပန်းစည်းလက်ခံတော့ မော် အားတက်သွား သည်။ ပြီး မာ့လက်တစ်ဖက်ကို အတင်းဆုပ်ကိုင်၍ အခန်းထဲမှ ဆွဲခေါ်သွားသည်။ ဖြစ်နိုင်ရင် စားပွဲရှိတဲ့ဆီ ပြေးပြီး သွားလိုက်ချင်ရဲ့ ဟန်ဆောင်ရတာ ပင်ပန်းလွန်းသည်။ ဟန်မဆောင်လို့လည်း မရ မော်ဆိုတဲ့ ဖွတ်တချွတ်ကောင်ကို အနိုင်ယူခွင့်ရတုန်း ကောင်းကောင်း နိုင်ထားမှ၊ နောက်ဆို ခက်ရချည့်ရဲ့၊ တွန့်ဆုတ်တွန့်ဆုတ်နဲ့ မော် ဆွဲခေါ်ရာနောက် ပါလာတော့ မေမေက လှမ်းကြည့်ပြီး နှာခေါင်း ရှုံ့တယ်။

''မစားဘူးမစားဘူး'' လို့ မေမေ့ကို စိတ်ကောက်ဟန် ခြေဆောင့်ငြင်းမိတယ်။

''မစားနဲ့ပေါ့၊ နောက်မှ ခိုးမစားနဲ့ပေါ့'' လို့ အလိုက်မသိ စွာ မေမေ ပြောတော့ မာ မငိုချင်ငိုချင်ဘဲ မျက်ညှိုစ်ငိုလိုက်သည်။ မာငိုတော့ အန်တီစိန့် မော်က စိုးရိမ်သွားတယ်။

''အို၊ သက်သက် ကလည်းကွယ်၊ သမီးလေးကို မပြော ပါနဲ့၊ သား မြန်မြန်သွားကျွေးချေ''

အန်တီစိ ဆိုတော့ မေမေ ငြိမ်သွားသည်။ မာ မျက်လုံး ပွတ်သပ်ရင်း တိတ်တိတ်လေး ပြုံးမိသည်။

''လာပါ မာ၊ အကင်တွေ အေးကုန်လိမ့်မယ်၊ အေးသွားရင်





မကောင်းတော့ဘူး''

မော် ဆွဲခေါ်ရာနောက် ခပ်တွန့်တွန့် ပုံစံလေးနဲ့ မာ ပါခဲ့သည်။ စိတ်ထဲမှာတော့ ကြိတ်ပျော်နေမိသည်။ ဘဲကင်ကို တစ်ကောင်လုံးကို ကိုင်ပြီး စားရမလား။ ပေါင်တစ်ပေါင်ဖြုတ်ပြီး စားရမလား။ မော်ခွံ့ကျွေးတာပဲ စားရမလား။ စဉ်းစားမိရုံနဲ့ သွားရည် ကျလာတယ်၊ ဖရောင်းတိုင် အလင်းရောင်အောက်က စားပွဲက ဘဲကို မျက်စပစ်နေပြီး စားပွဲပေါ်မှာ ထိုင်မိပြီးတာနဲ့ မော်က လက်သို့မားကို ကိုင်ပြီး ပေါင်တစ်ပေါင်ကို အရင်ဖြုတ်သည်။ အသားတွေကို ခက်ရင်းနဲ့ ထိုးခွာပြီ၊ အချဉ်ရည်နဲ့ တို့သည်။ ပြီး မာ့ ပါးစပ်ရှေ့ ထိုးပေးသည်။

''စားလေ၊ မာ''

''ဟင်အင်း၊ မာ့ ဘာသာ စားမယ်''

''အို မာ့ ဘာသာစားတော့ ပါးစပ်တစ်ပိုက်ပေကုန်မယ် လေ၊ မာက အစားစားရင် အရုထိ ကလေးလိုပဲ၊ စနစ်တကျ လှလှပပ မစားတတ်ဘူး။ ငါ ခွံ့ကျွေးသလို စားစမ်းပါ၊ မာက သိမှာပါတယ် ဟာ''

သိတယ်လေ၊ သိလို့ကို တမင်ပြောတာ၊ နှုတ်ခမ်းရှေ့ ရောက်လာတဲ့ ဘဲပေါင်သားကို တာရှည် ဟန်မဆောင်နိုင်၊ မာ့ ခံတွင်းရှေ့ ရောက်နှင့်သည့် ခက်ရင်းနဲ့ထိုးပေးသည့် ဘဲကင်ကို အလိုက်သင့်စားမိသည်။ သူ့ ဂရုတစိုက် ကျွေးသမျှ မာစားတော့ မော် စိတ်ကြည်နူးနေတာလေ၊ မာက တစ်ခါတစ်ခါ ဖွတ်ခေါင်းမာ တတ်သည်၊ ပေကတ်ကတ်နိုင်လှသည်။ အဲဒီခေါင်းမာမှု၊ ပေကတ် ကတ်နိုင်မှုနဲ့ မော်ကို အနိုင်ယူထားရမည်။

''နောက်ဆို ငါမေးရင် ဖြေနော်၊ မဖြေဘဲ မနေနဲ့ မာ



www.burmeseclassic.com

www.burmeseclassic.com



မဖြေတော့ ဒေါသထွက်တာပေါ့ဟ''

''မာ့ကို မချုပ်ချယ်နဲ့ပေါ့''

''ဟ ချုပ်ချယ်တာမှ မဟုတ်တာ၊ ဒိုက် ဆိုတဲ့ကော
ကင်းနေရမယ်လေ၊ မာ သိတယ် မဟုတ်လား၊ ဒိုက် ဆိုတဲ့ကော
ဖွတ်ဆန်တဲ့ကောင်''

''မော်လည်း ဖွတ်ဆန်တာပဲ''

''ငါက ဖွတ်ဆန်တာ မဟုတ်ဘူး၊ မာ့ကို၊ မာ့ကို''

မော့်ရဲ့ စကားလုံးလေး တန့်သွားသည်။ အသာ
ဖဲ့နေတဲ့ မော့်ရင်ခွင်ကိုလှက် ငြိမ်သွားသည်။
ဘာဖြစ်သွားတာလဲ၊ မာ့ကို ရွှန်းရွှန်းတောက်နေတဲ့ မျက်ဝန်းအ
စိုက်ကြည့်လာသည်။

''ပြောလေ ဘာဖြစ်လဲ''

မာ အလိုမကျစွာ မေးတော့

''ချစ်လို့ပေါ့'' တဲ့။

မာ့ အာရုံတစ်ခုလုံး ငြိမ့်ခနဲ ဖြစ်ကာ မော့်စကားလုံး
နစ်ဝင်သွားသည်။ မာ့လက်ဖဝါးကို ဆုပ်ကိုင်လာသည့် မော့်လ
နွေးနွေးကြောင့် မာ အသိဝင်လာသည်။

''တကယ်ချစ်တယ် မာရာ'' တဲ့။

မာ့လက်ကလေးကို ဆွဲယူနမ်းရှိုက်ဟန်ပြုစဉ် မာ တစ်
တစ်ရာကို သတိရလိုက်သည်။ Love Scene တစ်ခု အတွ
အခွင့်အရေးယူ ရင်ဖွင့်လိုက်သည့် မော့်ဖြစ်စဉ်က မာ့ရင်
မကျေနပ် နိုင်သေး၊ ဒါ ဘယ်နည်းနဲ့မှ မော်ဆန္ဒအစစ်အ
မဖြစ်နိုင်။

''အိုး''





မော့်လက်ထဲက မာ့ လက်ဖဝါး နုနုလေးကို ရုန်းယူမိသည်။
က် မော့်မျက်နှာကို စေ့စေ့ကြည့်၍ မာ ရယ်သည်။ မာ
တော့ သူ မျက်မှောင်ကြုတ်ကြည့်ပြီး

''ဘာရယ်တာလဲ''

''ရယ်ချင်လို့ပေါ့''

''ဟာ မာ၊ ဒါ ရယ်စရာမဟုတ်ဘူးလေ၊ ငါ အတည်
ပြောတာ''

မာ ပခုံး အသာပင့်၍

'' နိုးနေပြီ မော်ရာ၊ မော်တို့ သရုပ်ဆောင်တွေက မော်တို့ရဲ့
ဇာတ်ဝင်ခန်းအတွက် Mood ရလာမယ် ဆိုရင် အချစ်တွေ၊
နှလုံးသားတွေကို အရေးစိုက်တဲ့ သူတွေ မဟုတ်ဘူး၊
ဇာတ်လမ်းတစ်ခုအတွက် အချစ်တွေတစ်ခါ မွေးဖွားသူတွေလေ၊
အခုကော ဘယ်ဇာတ်လမ်းအတွက် Love Scene လဲ''

''ဟာ''

မာ့ စကားလုံးက သူ့နှလုံးသားကို ထုချေခံရသလို နာမျက်
သည်။ မာ့တုံ့ပြန်ချက်က ပြင်းထန်လွန်းသည်။ ဒါတင်မကာ သူ့
နှလုံးသား ခံစားချက်အစစ်အမှန်ကို ထိပါးစော်ကားရာ
ရောက်သည် ကို ခံစားလိုက်ရသည်။ မာ့နေရာမှာ
မိန်းမတစ်ယောက်သာဆိုရင် သူ့ ပေါက်ကွဲမှာ သေချာသည်။ ခုတော့
ချစ်ရသူ ဖြစ်နေ တာကြောင့်

''ဒီမှာ မာ၊ ငါ့ဝါသနာနဲ့ ငါ့ နှလုံးသားကို မရောပါနဲ့ဟာ''

''ရောအောင်လုပ်တာ ဘယ်သူလဲ၊ နင်ပဲ မော်''

''မဟုတ်ဘူး''

နားကွဲအောင် အော်ဟစ်ငြင်းသည့် သူ့ကို မာ အံ့သြစွာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပြီး

"ဒီမှာ မော်၊ နင် ငါ့ကို အဲဒီလောက် အော်မ
နင် သိထားဖို့က နင့်ဘာနင် အတည်ဖြစ်ဖြစ်၊ Love S
အတွက် ခံစားတာပဲဖြစ်ဖြစ်၊ မာ့ရင်ဘတ်ထဲက မခံစား
ဦးနှောက် ကတော့ လက်မခံဘူး၊ အဲဒါ နင် မြဲမြဲမှတ်"

မာ့ရင်ထဲက ဒေါသ အမောက်ကလေး ထောင်ထလာ
မှာ ဒေါသကို သူ မယုံသလို ငေးကြည့်လိုက်သည်။

ဟာ့စကားလုံးတွေက သူ့ရင်ကို မှန်စေပြီ၊ ကောင်း
မှန်ပစေ၊ မော် မျက်နှာပြင် ရေနွေးအိုးလို ငွေ့ပြီး

"ဒီမှာ မာ"

မာ လက်ချောင်းလေးကို ဖျပ်ခနဲ ဆုပ်ကိုင်၍ဆိုစဉ်
ခါပစ်လိုက်ပြီး

"တော်ပါတော့၊ မာ မကြားချင်ဘူး၊ နင် မပြောနဲ့တော့
နင်ပေးတဲ့ပန်းစည်း မာ မလိုချင်ဘူး၊ ဒါပဲ"

ပန်းစည်းကို မော့် လက်ထဲထိုးထည့်ပြီး မာ လှည့်ထွက်
အခန်းထဲ ဝင်နေလိုက်သည်။ မော် ဘယ်လိုဖြစ်နေ မလဲ၊ သိချင်
ကြလာ့တော့ ပြတင်းပေါက်လိုက်ကာ အသာ ဖယ်
ကြည့်လိုက်သည်။ ကြက်ကြီးလည်လိမ်ထားသလို ခေါင်းငိုက်စိုက်
သည့် မော့်ပုံစံကိုကြည့်၍ မာ သဘောကျစွာ ပြုံးမိသည်။

ကောင်းတယ်၊ မာ့ လွတ်လပ်မှုကို မမေတို့ အားကိုး
ချုပ်နှောင်တဲ့ မော်၊ မာ့ အချစ်ကို နင့် အနုပညာလှည့်ကွက်
တွေနဲ့ ချုပ်ကိုင်လို့ မရဘူးဆိုတာ သိရအောင် မာ တုံ့ပြန်တာ
ဘယ်လိုလဲ မြိန်ရဲ့လား၊ ဟီဟိ။

မော်ရယ် နင့်ကို အရမ်းသနားတာပဲ၊ မာ့ အချစ်





ကိုချုပ်ကိုင်ဖို့ ကြိုးစားရင် မာလည်း ဒီထက်ပိုပြီး တုံ့ပြန်ရ
မှာ မော်ရဲ့ ဟွန်း။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



...သားမှာ နွေးညံ့သိမ်မွေ့မှုတစ်ခု ပျော်ဝင်သလို ခံစားရသည်။ ...က်ချောင်းလေးများမှာ နွေးညံ့အိထွေးလာသလို ခံစားရသည်။ ...မျက်လုံးဖွင့်ကြည့်လိုက်တော့

"ဟင်"

မာ မျက်လုံးဝိုင်းစက်သွားရသည်။ မာ့လက်ထဲမှာ နှင်းဆီ...လေး တစ်ပွင့်၊ နှင်းဆီပွင့် ရိုးတံလေးမှာ ရှည်မျော့မျော့ကတ်...တစ်ခု၊ ကတ်ပေါ်မှ စာလုံးလေးတွေက မော့်လက်ရေးမှ မော့်...လက်ရေးစစ်စစ်၊ ဘယ်အချိန်က မာ့လက်ထဲ လာထည့်သွားတာလဲ၊ ...တ်ပေါ်က စာလုံးလေးများက သက်ဝင်လှုပ်ရှားသလို မာ ခံစား...ရသည်။

"မာ

လမင်းကြီးက သာတယ်

စမ်းရေက အေးတယ်

ပန်းခင်းကြီးက လှတယ်

ပန်းပွင့်ကလေးတွေ နွေးညံ့တယ်

ကျေးငှက်တွေ တေးသီတယ်

Kiss me quick ပန်းလေးက ဖိတ်ခေါ်တယ်၊

ဒါကြောင့်

ငါ ရင်ခုန်တယ်

မာ့ကို ချစ်တယ်

အတည်ချစ်တာပါ

ယုံပါ မာရယ်" တဲ့။

ကဗျာလိုလို စာလိုလို မော့်စာသားလေးကို မာ အထပ်ထပ် ...ဖတ်မိသည်။ ဟုတ်ရဲ့လား၊ မော့်မျက်နှာကို သေသေချာချာကြည့်ပြီး



## အခန်း (၇)

ထိုညက မာ အိပ်မပျော်၊ မော့်ချစ်တယ်ဆိုတာ... လက်မခံနိုင်အောင် ထွေပြားနေမိသည်။ ချစ်ခြင်းရသကို... နှလုံးသားမှာ လွတ်လပ်စွာ ခံစားခွင့်ရချင်ပါတယ်။ မာ့လွတ်... ခွင့်ကို ချုပ်ကိုင်လိုတဲ့ ချစ်ခြင်းဆိုရင် ဆောရီးပဲ မော့်ရယ်၊... အခန်းဆီ လှမ်းကြည့်တော့ အခန်းမီး လင်းနေဆဲ၊ မော့် အခ... လမ်းလျှောက်နေဆဲ။ ကောင်းတယ်၊ မာ အိပ်မရသလို မော့်... အိပ်မရတာ ကောင်းတယ်။ မီးလင်းခါနီးမှ မာ မှေးခနဲ အိပ်... သွားသည်။

မာ နိုးလာစဉ် မွှေးပျော့တဲ့ နှင်းဆီပန်းရနံ့လေး ...ခွင့်ရသည်။ ထိုရနံ့ကြောင့် မာ အာရုံမှာ ကြည့်ချင်လန်းဆန်း...



www.burmeseclassic.com

www.burmeseclassic.com



အကဲခတ်လိုက်ချင်ရဲ့၊ မာ မေ့ယာထက်မှာ ကမန်းကတန်း …
ထလိုက်သည်။ ပြတင်းပေါက်တံခါးဖွင့်ပြီး မော့်အခန်းကို လှမ်း…
တော့၊ မော်အခန်းတံခါး ပိတ်ထား၏။ ဘာကြောင့် ပိတ်ထား…
လဲ၊ မာ့လက်ထဲက နှင်းဆီနီလေးကို တစ်ချက်ကြည့်ပြီး မာ အ…
ထဲက ပြေးထွက်ခဲ့သည်။

''သမီး နိုးပြီလား''

မာ အခန်းထဲက ထွက်သည်နှင့် မေမေ မေးစဉ်၊ …
ဦးခေါင်းညိတ်ကာ

''ဟုတ်''

''ဘယ်သွားမလို့လဲ''

''မော့်ဆီ''

မာ ကမန်းကတန်း ဖြေ၍ မော်တို့ခြံဘက် ကူးတော့…

''အဖြစ်သည်းလိုက်တာ သမီးရယ်၊ ညဝတ်အ…
လဲပါဦးလား''

မေမေ အမြင်မကြည့်သလို ပြောလာစဉ် မာ အရေးမစိုက်…
တော့၊ မော်တို့ တိုက်ဘက် ကူးခဲ့၏။ မော့် အခန်းတံခါးကိုခပ်သွ…
သွက်ဖွင့်ကြည့်တော့အခန်းထဲမှာ မော့်ကိုမတွေ့ရ မော့်ကို မမြင်ရတော့…
မာ့ရင်မှာ ဟာသလိုဖြစ်လာသည်။ ဝမ်းနည်းသလိုလို ကြေကွဲသလို…
လွမ်းမောသလိုနှင့် မာ့နှလုံးသား လှုပ်လှုပ်ရှားရှား လာသည်။

နင်ဟာ မာ့ရင်ကို နှိပ်စက်သလိုပါလား မော်ရယ်၊

မာ တွေ့ချင်တယ်၊ နင် ဘယ်မှာလဲ မော်၊

''မော်၊ အန်တီ မော် ဘယ်မှာလဲ၊ မော်''

မာ အသံနစ်နစ်နှင့် လှမ်းမေးမိတယ်။

''သြော်၊ သမီးမာ''





ထမင်းစားခန်းထဲကထွက်လာတဲ့ မော့်မာမီ အံ့ဩတဲ့မျက်လုံး…
…လေးနဲ့ မာ့ကို လှမ်းကြည့်ပြီး

''လာလေ သမီး။ အိပ်မှုန်စုံမွှားနဲ့ ကယောင်ကတမ်း
…တာထင်တယ်''

မာ့အသွင်ကို အန်တီ နားမလည်စွာ ကြည့်၍ ဆိုစဉ် မာ
…ခေါင်းခေါ်မ်း၍

''မဟုတ်ဘူး။ မော်နဲ့ တွေ့ချင်လို့''

မာ ဝမ်းနည်းသလို ဆိုမိသည်။ အန်တီ့မျက်နှာ အံ့ဩရိပ်
…က်ကာ ခပ်တည်တည်ဖြစ်သွားပြီး

''ဟေး၊ ဒီကလေးတွေ၊ ဘာဖြစ်နေကြတာလဲ၊
…သက်သက်ရေ''

မာ့နောက်က လိုက်လာသည့် မေမေ့ကို အန်တီစိ
…လှမ်းပြောစဉ် မာ ရင်ခုန်သံတွေ မြန်လာသည်။ ဘာတွေဖြစ်တာလဲ။
…မာ မသိနိုင်တဲ့ အကြောင်းတစ်ခု ရှိနေပြီ ထင်တယ်။

''အဲဒါပြေ မမစီရယ်၊ သမီးနဲ့ သိပ်ခက်တယ်။ အိပ်ရာက
…ထပြီးကတည်းက မော်နဲ့ တွေ့ချင်သတဲ့။ သက်ပြောမယ့်အချိန်
…မစောင့်ဘဲ မစီဘက် ကူးလာတယ်''

''ဟုတ်တယ်၊ မစီလည်း အံ့ဩသွားတယ်၊ မော် မရှိတာ
သိသိချည်းနဲ့ သမီးမာက ဘာလို့တွေ့ချင်ရတာလဲ၊ ထူးထူးခြားခြား
ပါလား''

''ဟင်''

အန်တီ စကားအဆုံးမှာ မာ မျက်ဝန်းစူးလက်တောက်ပ
လာသည်။

''ဘာ၊ မော် မရှိဘူး''



www.burmeseclassic.com

www.burmeseclassic.com



"အင်း၊လေ"

အမှတ် ထပ်ဆင့်ဆိုစဉ်၊ မှာ့ ရင်မှာ နွမ်းဟိုက်သွားသ

"မောင် ဘယ်သွားလဲ၊ မာလည်း မသိရပါလား။ မှာ့
ပြောမသွားပါလား"

မှာ့ အသံက ဝမ်းနည်းတကြီး အစ်ဆို့သွားသည်။ မှာ့
ကြည့်ပြီး မေမေနဲ့ အန်တီစီ သဘောကျသလို ရယ်သည်။ မေမေ
ရယ်မောခြင်းက မှာ့ရင်ကို ဝမ်းနည်းမှုတွေ ပိုလာစေသည်
မျက်ဝန်းအိမ်မှ မျက်ရည်စတွေ စုဝေးလာပြီး ဘာကိစ္စမဆို မှာ့
ဦးစားပေးတတ်တဲ့ မောင်က အခုမှ မှာ့ကို ဘာလို့ အရေးမပိုင
ရတာလဲ။

"မောင် ဘယ်မှာလဲ၊ မောင်နဲ့ တွေ့ချင်တယ်"

ပထမဦးဆုံးအကြိမ် မောင့်အတွက် မာ မျက်ရည်ကျမိသည်
မျက်ရည်တွေနဲ့ ဝမ်းနည်းတဲ့ မှာ့ အသံကြောင့် မေမေတို့ အရယ်ရပ်
အံ့ဩသလို၊ နားမလည်သလို ကြည့်သည်။ အန်တီစီက မှာ့အနာ
တိုးကပ်၍ မှာ့ကို ကြင်နာစွာသိုင်းဖက်ပြီး

"အို၊ ဘာဖြစ်လို့ ငိုရတာလဲ သမီး၊ တကယ်မသိတာလား"

"မသိဘူး၊ မာ ဘာမှ မသိဘူး"

မှာ့ ရှိုက်ငိုစဉ် အန်တီစီ စိတ်မကောင်းဖြစ်လျက်
မျက်နှာညှိုးသွားပြီး

"အိုး သားနဲ့တော့ ခက်ပါတယ်၊ အန်တီက သမီးမာ
သိပြီ ထင်နေတာ၊ ညက သမီးကို သား ဘာမှမပြောဘူးလား"

"ဟင့်အင်း"

"သမီးကို နောက်ချင်လို့ မပြောတာ ဖြစ်မယ်ကွယ်၊
သားတို့ ရုပ်ရှင်အဖွဲ့ ပဲခူး ဆင်းသွားတယ်လေ"





"ဟင်"

မာ ရင်မှာ တလှိုက်လှိုက် ဝမ်းနည်းသွားလေ၏။ ဘာကြောင့်
မသိ၊ မာ အကြီးအကျယ် ဝမ်းနည်းစွာ ရှိုက်ငိုမိတော့သည်။

"အို သမီးမာ၊ ဒါ ငိုစရာလား။ ညည်းကိုက ကဲလွန်းတယ်၊
ာ် ရှိရင် တမျိုး၊ မောင် မရှိရင် တမျိုးနဲ့၊ ညည်းကြောင့် မေမေ
တ်ညစ်ရတယ်ကွာ်၊ မောင်က အလုပ်နဲ့သွားတာ၊ ညည်းမျက်ရည်
ကြောင့် မောင့်အလုပ်ထိခိုက်လိမ့်မယ်၊ တိတ်တော့"

မေမေဆူစဉ် မာ ပို၍ ဝမ်းနည်းလာ၏။ မှာ့ မျက်ရည်တွေ
လဟော ကျသည်အထိ ငိုစဉ်၊ အန်တီစီ စိတ်မချမ်းမသာ ဖြစ်ရ၏။

"သားနဲ့တော့ ခက်ပါတယ်၊ ဘာလို့ မှာ့ကို ပြောမသွား
တာလဲ၊ ပြန်လာပစေ၊ အန်တီစီ ဆုံးမပေးပါ့မယ်ကွယ် နော်၊ မာ
ငိုနဲ့တော့နော်၊ သမီးက လိမ္မာပါတယ်"

အန်တီ ချော့လေ၊ မာ ဝမ်းနည်းလေ၊ ရှိုက်ငင် ငိုလေ။
မာ အငိုတိတ်အောင် အန်တီ ဘာပဲဖြစ်ဖြစ်လုပ်ပေးရန် အသင့်
ရှိတာကြောင့်

"သမီး၊ မငိုပါနဲ့ကွယ်၊ ငိုရင် ပင်ပန်းလိမ့်မယ်၊ မောင့်ကို
တွေ့ချင်တယ်ဆို အန်တီ ခုချက်ချင်း လိုက်ပို့ပါ့မယ်ကွယ် နော်၊
အန်တီကိုယ်တိုင် ပို့ပေးမယ်"

"အို မစီ၊ သိပ်အလိုမလိုက်နဲ့၊ သမီးကြောင့် မစီ ဆိုင်
ထွက်ရပျက်လိမ့်မယ်၊ သမီးလိုက်သွားလို့ မောင်လည်း အလုပ်
ဖြောင့်ဖြောင့် လုပ်နိုင်မှာ မဟုတ်ဘူး၊ လာ အိမ်ပြန်မယ်"

မှာ့ လက်ကို မေမေ အတင်းဆွဲခေါ်တော့၏။ မေမေက
မှာ့ကို ဘယ်တော့မှ မျက်နှာသာပေးတာ မဟုတ်ဘူး၊ မှာ့ရင်ထဲက
ဆန္ဒကိုလည်း နားလည်တာ မဟုတ်ဘူး၊ မေမေ့အဆိုကို အန်တီစီ



www.burmeseclassic.com

www.burmeseclassic.com



ဘဝင်မကျဘဲ

''သက်သက်ရယ်၊ သမီးအတွက် မစီ ဆိုင်မထွက်... ဘာမှမဖြစ်ပါဘူးကွယ်၊ သမီးမှာ ငိုနေရင် မစီ ဘယ်စိတ်ဖြေ... နိုင်မလဲ၊ လာ သမီး၊ မေ့ဆီ ပို့ပေးမယ်နော်''

''ဟင့် ဟင်အင်း၊ မသွားဘူး၊ ဒီလောက်ဆိုရင် မေ့စိတ်... မှာ သိသွားပြီ''

မှာ မကျေမနပ်ရွတ်၍ အန်တီ့လက်ထဲက မှာ ရုန်းထွ... ခဲ့တော့သည်။ မှာ့ကြောင့် မေမေ စိတ်ပျက်မှာ သေချာတယ်၊

''သမီးနဲ့တော့ ခက်တာပဲ''

မေမေ့ငြီးတွားသံကို မှာ ဂရုမစိုက်တော့၊ မာတို့ခြံဘ... ကူးလာပြီး စိတ်ကြိုက် မှာ ငိုမိတော့သည်။ ငိုရလွန်းလို့ ... စိတ်တွေတင်းလာတယ်။ မျက်ရည်တွေ ခန်းလာတယ်။ မှာ့လက်မှ... ဆုပ်ကိုင်ထားဆဲ မေ့ပန်းပွင့်ကို ငေးကြည့်မိသည်။ မေ့ကမျာလေး... တစ်ခေါက်ဖတ်ပြီး မှာ နှလုံးသားကို မာကျစ်အောင် မာန... တင်းလိုက်မိ၏။

အင်းပေါ့လေ၊ မေ့ဆိုတာက အောင်မြင်နေတဲ့ အနုပညာ... သမားတစ်ယောက်၊ မှာ့ထက်လှတဲ့ မိန်းကလေးတွေ ဝိုင်းဝိုင်းလည်... နေတဲ့ လူရွယ်တစ်ယောက်၊ မှာ့လို ခေါင်းမာတဲ့ မိန်းကလေးကို အရေးစိုက်စရာမလိုတော့ဘူးပေါ့၊ အရေးမစိုက်ချင်လို့ ပဲရှုး ဆင်းတာ... အသိမပေးဘဲ သွားရက်တဲ့သူ၊ ဒီတော့ မေ့ကြောင့် မှာ မျက်ရည်... ကျနေဖို့မလိုဘူး။ တမ်းတနေဖို့ မလိုဘူး။ မှာ့ကို တကယ်ချစ်တာ... မဟုတ်လို့ ဥပေက္ခာပြုနိုင်တယ်ဆိုတာ ရှင်းနေတာပဲ၊ ထို့ကြောင့်... မှာ့ပါးပေါ် ထင်ကျန်နေတဲ့ မျက်ရည်စတွေကို မှာ ခပ်ကြမ်းကြမ်း... သုတ်လိုက်သည်။ တိုက်ထဲ လှမ်းဝင်ပြီး မေ့ အခန်းတံခါးကို





...ချိတ်ဆွဲထားသည့် မေ့... ...သည်။ မေ့ခုတင် ခေါင်းရင်းမှာ ...လက်ထဲ ထည့်ပေးထားသည့် နှင်းဆီပန်းနှင့် ...ဆီသို့ မှာ့... ...ကြမ်းကြမ်း ဆွဲပိတ်၍ ...လိုက်သည်။ ထို့နောက် တံခါးကို ခပ်ကြမ်း ...သို့ ထွက်ခဲ့သည်။ ဖုန်းမြည်လာစဉ် မှာ ဖုန်းကိုင်လိုက်သည်။

''ဟဲလို''

''မှာ''

ထိုအသံရှင်ကြောင့် မှာ စိတ်ကို ပိုတင်းမိသည်။ မေ့နဲ့ ...သက်သည့် တင်းကြပ်မှုတွေကို မေ့ချင်သည်။ ဟုတ်တယ်၊ ...ကို မေ့နိုင်အောင် ကြိုးစားရမယ်။ မေ့ဟာ မှာ့နှလုံးသားကို ...ဆဲတဲ့သူ၊ ဒါကြောင့် မှာ ဖုန်းခွက်ချလိုက်သည်။ ဖုန်းက ...မပြတ် မြည်လာသည်။ မြည်ချင်သလောက် မြည်စမ်း၊ ...နင်နောင်တရသွားအောင် မှာ နေသွားမှာပါ၊ စိတ်ချ။

''ဟဲ့ သမီး၊ ဖုန်းဒီလောက် မြည်နေတာ မကိုင်ဘဲ ...ထိုင်ငေးနေတာလဲ၊ ညည်းနော် ညည်း၊ သတိထား''

မေမေနဲ့တော့ စိတ်ညစ်ရသည်။ ပြောပြောဆိုဆို မေမေ ...သာဖုန်းကိုင်သည်။ ကိုင်ပေါ့၊ မေ့က မေမေ့ဘက်တော်သား ...လေ။

''ဟဲ့ မှာ၊ ကင်း တဲ့''

''ဟင် ကင်း၊ ...လား''

မှာ ရင်မှာတစ်မျိုး လှိုက်ဖိုသွားသည်။ မေမေ့လက်ထဲက ...ခွက်ကို ကမန်းကတန်း လှမ်းယူမိ၏။ မေမေ အမြင်ကြည်ပုံ ...ဘဲ၊

''မှာနော်၊ ရှုပ်ရှုပ်ရှက်ရှက် လုပ်မယ်တော့ စိတ်မကူးနဲ့၊ ...နောက်မှ မေမေ့ကို အသိုးမဆိုနဲ့၊ ဒါပဲ''



www.burmeseclassic.com

www.burmeseclassic.com



မေမေ ပွစိပွစိရွတ်၍ ဖုန်းခွက်ကိုလှမ်းပေးပြီး အ
ခန်းထဲ ဝင်သွားသည်။ မေမေဆူတာလောက်တော့ မာ မ
စိတ်ချမ်းသာမှု ရချင်တယ်။ မာ့ နှလုံးသားကို လန်းလန်းဆန်း
ရှင်သန်စေချင်တယ်၊ ကင်း က မာ့ နှလုံးသားကို လန်းဆ
ပေးနိုင်မယ့် ရေစင်ရေသန့်ပဲလေ၊ ဟုတ်တယ်။

"မာ"

ကင်း အသံက နူးညံ့သိမ်မွေ့လျက် မာ့ကို မ
အလေးအနက်ထားလွန်းခြင်း ပေါ်လွင်တာကြောင့် မာစိတ်ကို
အပေါ် လမ်းကြောင်းပြောင်း သွင်းမိပြီ

"ကင်း ပြောလေ"

"မာ့ကို အရမ်းသတိရလို့"

ကင်း က မာ့ကို သတိရတယ်တဲ့၊ မာ့ရင်မှာ လိုက်
ကျေနပ်သွားသည်။

"မာ အရမ်းစိတ်ညစ်တယ်၊ သိလား ကင်း"

"ဟင် မာစိတ်ညစ်ရတယ်၊ ဟုတ်လား၊ ဘာကြောင့်
ကျွန်တော် ဘာလုပ်ပေးရမလဲ၊ ပြောလေ"

မာ့ အတွက် ပူပန်သွားသည့် ကင်း ကြောင့် မ
ကျေနပ်မိသည်။

"ပြောလေ မာ၊ ညစ်နေတဲ့ မာ့စိတ်ကို သန့်စင်သွားအော
လုပ်ပေးချင်တယ် မာရယ်၊ ဘယ်လိုလဲ၊ ကျွန်တော့်ကို အသိမှ
ပြုမလား၊ မာ ဖုန်းဆက်မလာလို့ ကျွန်တော်မျှော်နေတာ၊ မ
စိတ်ညစ်နေရင် ဖုန်းဆက်ပါလား မာရယ်"

"အင်း အခု ကင်း ဖုန်းဆက်တာနဲ့ အတော်ပဲ၊ နင်း
လည်းခေါ်လေ၊ မာတို့သုံးယောက် စိတ်လွတ်ကိုယ်လွတ် စကာ





ယ် လျှောက်လည်မယ်လေ"

"တကယ်လား မာ"

ကင်းဖေါ်ဝမ်းမြောက်ကြည်နူးသံကမာ့ရင်ကိုကူးစက် စေသည်။

"တကယ်ပေါ့၊ ကင်း မယုံလို့လား"

"ယုံပါတယ်"

"ယုံရင် မာတို့ လမ်းထိပ်က လာစောင့်နှင့်၊ မာ မေမေ့ကို
ပြီး ထွက်ခဲ့မယ်"

"စိတ်ချပါ၊ မာသာ မြန်မြန်ထွက်လာခဲ့နော်၊ ကျွန်တော်
မာတို့ လမ်းထိပ်ရောက်နေတာ"

"အိုး ဟုတ်လား"

"အင်း"

"စိတ်ချ၊ ဆယ်မိနစ်အတွင်း မာ လာခဲ့မယ်၊ ဒါပဲနော်"

မာ ကမန်းကတန်း ဖုန်းချပြီး၊ အခန်းထဲ ပြေးဝင်၍
တ်လဲသည်။

"မီမာ၊ မနက်စာ လာစားတော့လေ၊ အဆာလွန်နေလိမ့်
ယ်"

မီဖိုခန်းထဲက မေမေ့အသံကြောင့် မာ့ခြေလှမ်း တန့်၍
ဖိုခန်းထဲ မာ ကုတ်ချောင်းချောင်း ဝင်လိုက်သည်။ မာ့မျက်နှာကို
န်ကုတ်၍ နှုတ်ခမ်းစူလိုက်သည်။ ဟလေးဆိုးလို အမူအရာနှင့်
မေမေ့ကို မာ ပြေးဖက်လိုက်ပြီး

"မေမေ မာ လမ်းထိပ်ဆိုင်မှာ မုန့်ဟင်းခါး သွားစား
ယ်နော်၊ နော် မေမေ"

မေမေ့ကို ချွဲနွဲ့လိုက်သည်။ မာ့စတိုင်ပဲလေ၊ မာ တစ်ခု
ချင်ပြီဆိုရင် ဒီလိုပဲ ချွဲနေကြ။ မေမေက ဆူတတ်တာကလွဲရင်



www.burmeseclassic.com

www.burmeseclassic.com



မာချွဲသမျှကို လိုက်လျောနေကြ။ မာ့ကို ဂရုဏာသက်သလို ကြ…

"သွားစား။ မကြာစေနဲ့နော်"

"ဟေး"

မာ အားရဝမ်းသာ ခုန်ပေါက်မိတော့ မေမေ မျက်… ကြုတ်ပြီး

"ဟော့ မိမာ၊ နေဦး။ ညည်း ရိုးမှ ရိုးရဲ့လား"

"ဟာ မာ ရိုးပါတယ်၊ ရိုးလွန်းလို့ မာ့တစ်ကိုယ်လုံ… အရိုးချည်း သက်သက်လေ မေမေရဲ့၊ အသားတောင် သိပ်မ… မတွေ့ဘူးလား"

မာ ခန္ဓာကိုယ် သွယ်လျလျကို တစ်ပတ်လှည့်ပြလိုက်… မေမေ သဘောကျလို့ ပြုံးပြီး

"မိမာ၊ အဲဒီအရိုးတွေကို ပြောတာ မဟုတ်ဘူး။ … ကင်းဆိုတဲ့ ကောင်လေးနဲ့၊ ရိုးရဲ့လား၊ အဲဒါ မေးတာ"

"ရိုးပါတယ်၊ ကင်း က နှင်းအိ သူငယ်ချင်းလေ၊ … လည်းခင်ပါတယ်၊ မော့်လို မာ့ကို အနိုင်မကျင့်ဘူး။ သိလားမေ…

"ကျင့်ကျင့် မကျင့်ကျင့်၊ သမီးမာကို မေမေသိပ် မပြ… ဘူးနော်၊ ကင်းနဲ့ ပတ်သက်ပြီး ဇာတ်လမ်းတော့ မဖြစ်စေ… မေမေ တာဝန်ကြီးက ရွှေတိုးလာရင် ညည်းဆန္ဒကို ရိုက်ချ… အခန်းပိတ်လှောင်လိုက်မယ်။ သတိထား"

မေမ့ ကြေညာချက်ကြောင့် မာ ကျောချမ်းသွားသ… မာ ပန်းလေးတွန့်၍ မေမ့ရှေ့က လှစ်ခနဲ ထွက်ခဲ့တော့သည်…

မော့် ရေ၊

နင်မရှိတာ ငါ ဘယ်လောက် ပျော်နေမယ် ထင်လဲ…

✿ ✿ ✿



## အခန်း (၆)

"မာ လာလေ၊ ကားပေါ်တက်"

မာ လမ်းထိပ်ရောက်သည်နှင့် ကင်း ကားတံခါးဖွင့်၍ …ကြိုသည်။ မာ ကားပေါ်လှမ်းကြည့်တော့ နှင်းအိကို မမြင်၊ …ကားပေါ် မတက်သေးဘဲ၊

"နှင်းအိ ကော"

"နှင်းအိ မရှိဘူး။ သူ့အစ်မနဲ့ ဈေးလိုက်သွားတယ်လို့ …အမေပြောတယ်၊ ဘာလဲ မာ ကျွန်တော့်ကို မယုံလို့လား"

"အို မယုံလို့ မဟုတ်ပါဘူး။ မာက နှင်းအိကို ပါစေချင် …နှင်းအိ မရှိဘူးဆိုတော့ မာနဲ့ကင်းပဲ သွားကြတာပေါ့နော်"

မာ လိုက်မယ်ဆိုတော့ ကင်း မျက်နှာပြုံးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



''တက်လေ''

''အင်း''

မာ ကားရှေ့ခန်းမှာ ဝင်ထိုင်လိုက်သည်။ ကင်းမှာ အရိပ်တကြည့်ကြည့် ဂရုစိုက်တတ်သူ ပီသလွန်းသည်။

''မာ ဘယ်သွားချင်လဲ ပြောလေ၊ မာ စိတ်ကြ သွားအောင် ကျွန်တော် အစွမ်းကုန်ဖြည့်ဆည်းပေးမှာပါ''

''အင်း''

မာ စဉ်းစားလိုက်သည်။

လောလောဆယ် ဗိုက်ဆာနေတာဆိုတော့၊

''မာ မနက်စာ မစားရသေးဘူး''

''ဟေး၊ ဆယ်နာရီတောင် ထိုးတော့မယ်''

ဘယ်ဘက်လက်ကောက်ဝတ်မှ နာရီမြှောက်ကြည့်၍ အံ့ဩစွာ ဆိုသည်။ မာ ဦးခေါင်းဆတ်၍

''ဟုတ်တယ်၊ မာ ညက အိပ်မပျော်ဘူးလေ''

''ဘာဖြစ်လို့''

''သေနာကောင်၊ မော့်ကြောင့်ပေါ့''

မော်ကြောင့် ဆိုတော့၊ ကင်း မျက်နှာတည်သွားသ

''ခုနောက်ပိုင်း မော် မာတို့တိုက်မှာပဲ အိပ်လား''

''အင်းပေါ့၊ ညက မာ့ကို စိတ်ကောက်ပြီး ပြန်သွား သွားပေါ့၊ မာ ဂရုမစိုက်ပေါင်''

မာ နှုတ်ခမ်းစူလိုက်သည်။ မော့် အကြောင်းပါလာ မာ စိတ်နောက်လာသည်။ တော်ပြီ၊ မော့်အကြောင်း မတွေ တော့ဘူး။

''ကဲပါ မော့်အကြောင်း မတွေးပါနဲ့ မာရယ်၊ မာ့အနားပါ၊ ကျွန်တော် ဟိုဘက်စားပွဲမှာ ပြောင်းထိုင်ပေးမယ်''





တော် ရှိနေတာပဲ မာ စိတ်ညစ်စရာတွေ မတွေးပါနဲ့နော်''

''အင်း''

''ဒါဆို မာ ဘာစားချင်လဲ၊ ဘယ်ဆိုင်မှာ စားချင်လဲ၊ပြော''

''မုန့်ဟင်းခါး စားချင်တယ်၊ ဟိုလမ်းဘေး မုန့်ဟင်းခါး နော်၊ ဆိုင်ကြီးမှာ မစားချင်ဘူး''

''အိုကေ၊ မာ စိတ်တိုင်းကျ ဖြစ်စေရမယ်''

ထို့နောက် ကင်း ကားကို ညင်သာစွာမောင်း၍ မာ့ဆန္ဒ ဆိုင်၊ လမ်းဘေး မုန့်ဟင်းခါးဆိုင် ပို့ပေးသည်။ ညောင်ပင်ကြီး ဘက်မှာ ခုံပုလေးတွေ ခင်းထားသည့်ဆိုင်ကို မာ သဘောကျ သည်။ မုန့်ဟင်းခါး ရောင်းတဲ့ အဒေါ်ကြီးမျက်နှာက ချိုလို့ လို့၊ မာတို့ ကားပေါ်ကဆင်းသည်နှင့်

''ထိုင်ကြ၊ ထိုင်ကြ၊ မုန့်ဟင်းခါး အလွတ်စားမလား၊ ကြော်နဲ့ စားမလား၊ အကြော်သက်သက် စားမလား။ စိတ်ကြိုက် လို့ရတယ်နော်''

လို့ ဆီးကြို၍ ဖော်ဖော်ရွေရွေဖိတ်ခေါ်သည်။ မာ လှုရှင်သည့် ားပွဲလွတ်မှာ ဝင်ထိုင်သည်။ ကင်းကို တစ်ချက်ကြည့်ပြီး

''ကင်းရော၊ ဘာနဲ့ စားမလဲ''

''ဟင်အင်း၊ ကျွန်တော် မုန့်ဟင်းခါး မကြိုက်ဘူး''

မာ မျက်ခုံးလေး ပင့်သည်အထိ အံ့ဩသွားသည်။

ကင်း ပြုံး၍

''မာ စားတာကို ထိုင်ကြည့်မယ်လေ''

''ဟာ၊ အဲလိုချည်း မကြည့်ရဘူးနော်၊ မာ ရှက်တယ်''

''မာ မကြည့်စေချင်ရင် မကြည့်ပါဘူး၊ မာ စိတ်ကြိုက်



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်၊ မာ့ကို မကြည့်ရင် ပြီးရော"

"မာ့ သဘောအတိုင်းပါဗျာ"

"အိုကေ၊ အခေါ် အကြော်နဲ့ နှစ်ပွဲ"

မာ လှမ်းမှာတော့ ကင်း မျက်လုံးပြူးသွားသည်၊

"နှစ်ပွဲလုံး အပြတ်စားမလို့"

"အင်းပေါ့၊ ဘာဖြစ်လို့လဲ"

"ဘာ ဘာမှ မဖြစ်ပါဘူး"

"မဖြစ်ဘူးဆို ပြီးရော၊ မှော့်လို တစ်ပွဲပဲ စားလို့ ပြော... မာ စိတ်ဆိုးမှာနော်"

"မပြောရဲပါဘူး မာရယ်၊ ကျွန်တော်က မာ့ဆန္ဒအ... ခေါင်းညိတ်မယ့် သူပါဗျာ"

"ဒီလိုမှပေါ့၊ ဒါကြောင့် မာ ကင်းကို ခင်တာ"

"ခင်ရုံပဲလား မာရယ်၊ ဒီထက် မပိုတော့ဘူးလား"

"ပိုတယ်လေ၊ ခင်တာထက်ပိုလို့ မာ စိတ်ညစ်... အကြောင်း ရင်ဖွင့်တာပေါ့"

မာ့ စကားလုံးလေးကြောင့် ကင်း ကျေနပ်သွားသည်...

"မာ တကယ်ပြောတာလား ဟင်"

"တကယ်ပေါ့ မယုံဘူးလား"

"ယုံပါတယ်၊ မာ့ကို နှင်းအိထက် ကျွန်တော် ပိုခင်တ... ဆိုရင် မာ ယုံမလား"

ကင်း၊ နှစ်နှစ်ပိုင်ပိုင်ဆိုစဉ် မာ တစ်ချက် စဉ်းစားလိုက်...

"ယုံပါတယ်"

ဝင်းပသွားတဲ့ ကင်း မျက်နှာလေးကို မာ ကရုဏာသက်... ငေးကြည့်မိသည်။ ကင်းရဲ့ လိုက်လိုက်လှဲလှဲ အပြုံးက ရွှန်းစိုဝင်း...





...သည်။ ထို အပြုံးနှင့် မာ့ကို ရစ်နှောင်ကြည့်ပြီး

"ယုံတယ်ဆိုရင် ကျွန်တော့်နှလုံးသားထဲက ရင်ခုန်သံစဉ်...တွေ ရင်ဖွင့်ချင်တယ်၊ မာ နားသောတ ဆင်ပေးပါနော်"

"အိုး"

ကင်း အသနားခံသလို တောင်းဆိုလာစဉ် မာ ရင်မှာ ...မြန်းသွားသည်။ မာ ရင်တဖျပ်ဖျပ်ခုန်သလို ဖြစ်လာပြီး

"ဟိုး ဆရာ၊ ရှင် ရင်မဖွင့်ခင် မာ့ရင်ထဲက စာလုံးလေးကို ...ဖတ်ကြည့်"

"ဖတ်မယ်လေ"

"ရှင် မျက်လုံးမှိတ်ထား"

"ဘာလုပ်ဖို့လဲ"

"စာလုံးရေးမှာပေါ့"

"အိုကေ"

မာ့ အဆိုအတိုင်း ကင်း၊ မျက်လုံး အသာမှိတ်လိုက်သည်။ ...လက်ကိုင်အိတ်ထဲက စာရွက်အလွတ်တစ်ရွက်နဲ့ ဘောပင် ...ချောင်းထုတ်ပြီး စာလုံးတစ်လုံးရေးချ၍ ကင်းလက်ထဲ ...ပေးလိုက်သည်။ ကင်း ရင်ခုန်သံတွေ မြန်လာသည်။

"ဖွင့်ကြည့်လေ"

မာ ဆိုလာတော့ ကင်း မျက်လုံးအသာဖွင့်ကြည့်လိုက်သည်။

"STOP"

ဆိုတဲ့ စာလုံးကို မြင်ရစဉ်၊ ကင်းမျက်နှာပေါ် ရှက်ရိပ် ...တက်လာသည်။

"ဟာ၊ မာ ရက်စက်တယ်ကွာ၊ ကျွန်တော့်နေရာမှာ မှော့်... ...ဖို့ မာ ဒီလိုစကားလုံးလေးနဲ့ ဟန့်တားမှာလား မာ"



www.burmeseclassic.com

www.burmeseclassic.com



ရှက်ရယ်ရယ်ပြီးနောက် ဝမ်းနည်းသံစွက်၍ဆိုလာသည့် ...
စကားလုံးကြောင့် မာ တွေဝေသွားသည်။ ထိုစဉ် အ...
မုန့်ဟင်းခါးနှစ်ပွဲ မာ့ရှေ့ရောက်လာသည်။ မာ သက်ပြင်း...

"မော့်အကြောင်းကို မာ ရပ်ထားချင်တယ် ကင်း...

ကင်း သက်မ အသာချ၍

"ကဲပါ မာ၊ စိတ်မကောင်း မဖြစ်ပါနဲ့၊ ကျွန်တော် ...
ပြောမိတာပါ၊ မာက STOP ဆိုရင် ကျွန်တော် ရင်မဖွင့်ပါ...
မာ၊ ကျွန်တော်က မာ့ဆန္ဒအတိုင်း ခေါင်းညိတ်မယ့် သူပါ ...

ကင်း လိုက်လိုက်လျောလျော ချော့မော့ပြီး

"စားလေ မာ၊ မာ စားရင် ကျွန်တော် မကြည့်ပါ...
စားပါ၊ အချဉ်၊အငန် ထည့်ဦးမလား၊ ကျွန်တော် ထည့်ပေးမ...

"အင်း"

မာ ဦးခေါင်းညိတ်စဉ် ကင်းက အချဉ်၊အငန် ...
ပေးသည်။ မာ ဝမ်းဟာနေပေမယ့် မုန့်ဟင်းခါးက ခံတွင်းမ...
စားရတာ နင်သူ့လိုလို ဘာလိုလိုနဲ့၊ မော့်သာရှိရင် မုန့်ဟင်းခါ...
ခုလို တို့ကနန်းဆိတ်ကနန်း စားတာမြင်ရင် ဘဝင်မက...
ဆူမှာလေ။ မော့်က စားစရာရှိတာကို သွက်သွက်လက်လက်...
ကြိုက်တာလေ။

မော့်ရယ်၊ နင် မာ့ နှလုံးသားကို မခံစားတတ်ဘူး...

မျက်ဝန်းအိမ်မှာ ခိုတွဲလာတဲ့ မျက်ရည်ကြည်ကြောင့်...
အသိဝင်လာသည်။ မာ ကိုယ်ဆတ်ခနဲ မတ်၍ မာ မျက်ရည်တွေ...
မျက်တောင်နဲ့ ပြန်သိမ်းလိုက်သည်။

"အို၊ နင်မခံစားတတ်ရင် မာ ဝမ်းနည်းနေဖို့ မလို...
နင့်လိုပဲ မာလည်း မခံစားတတ်သလို နေရမှာပေါ့။





...ခံတွင်းမတွေ့ပေမယ့် မုန့်ဟင်းခါးနှစ်ပန်းကန်ကုန်အောင်
...ခွင်းမိသည်။ မာ့ကိုယ်မှာ ပျော်အောင်နေရမည်။ ထိုနေ့က
...နှလုံး ကင်းနဲ့ လျှောက်လည်လိုက်သည်။ ရုပ်ရှင်ရုံ၊ ပန်းခြံ၊
...ကွင်း၊ ဘယ်နေရာမှ ချန်မထားတော့၊ နင်နဲ့သာဆိုရင် မာ
...နေရာမှ သွားလို့ရတာ မဟုတ်ဘူး။ နင်က ပရိသတ်ဇော
...ခံရမှာ ကြောက်တဲ့သူ။ အောင်မြင်မှုတွေနောက် တကောက
...က်လိုက်နေတဲ့ သူဆိုတော့ လူစည်ကားတဲ့နေရာကို ရှောင်ရ
...လေ၊ မာက ရှောင်နေစရာ မလိုဘူး။ လွတ်လွတ်လပ်လပ်ပဲ
...တယ်ဟာ။ လည်တယ်ဟာ။ မကျေနပ်ရင် လဲသေလိုက်။ မာ
...လို ကင်းလည်း ပျော်ရတယ်လေ။

"မာရယ်၊ မာနဲ့ ခုလို လည်ခွင့်ရတာ ကျွန်တော့်နှလုံးသား
အမှတ်တရပါဟာ၊ အဲဒီအတွက် ကျေးဇူးတင်တယ် မာရယ်၊
အမြဲတမ်း စိတ်ညစ်ပါစေလို့ ဆုတောင်းရမလိုပဲ"

"ဘာဖြစ်လို့လဲ"

"မာနဲ့ တစ်နေကုန် လည်ခွင့်ရလို့"

"အိုး၊ လည်တာပဲ၊ မာ စိတ်ညစ်မှ မဟုတ်ဘူး။ ပျော်နေ
...ခါလည်း လည်မှာပဲ"

"တကယ်"

"တကယ် ပေါ့"

"ဒါဆို နေ့တိုင်း လည်ရအောင်လား"

"အင်း၊ မေမေ့ကို ညာလို့ရသလောက် ထွက်လည်တာ
...နော်၊ နောက် မောတယ်လို့ မပြောနဲ့နော်"

"မပြောရက်ပါဘူး မာရယ်။ မာနဲ့ဆို မောဖို့နေနေသာသာ
...ပျော်လို့တောင် ဝမှာမဟုတ်ဘူး။ ဒါကြောင့် မာ အခွင့်ရရင်



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဆက်လိုက်နော်၊ ကျွန်တော် လမ်းထိပ်က စောင့်နှင့်မယ်"

"အင်းပါ၊ သွားတော့လေ၊ ကင်း"

မာ ကားပေါ်ကဆင်း၍ နှုတ်ဆက်လိုက်သည်။ ခေါင်းညိတ်သည်။ မာ လမ်းကြားထဲ ချိုးဝင်ခဲ့သည်အထိ ကြည့်နေဆဲဆိုတာ မာ သတိမထားမိ။

"သိပ်ချစ်တယ် မာ" ဆိုတဲ့

ကင်းနှလုံးသားက ခံစားချက်လေးကို မာ နားသော မဆင်ခဲ့။ မာ စိတ်နောက်မှုကို ပျော်ရွှင်မှုပေးခဲ့တဲ့အတွ ကျေးဇူးတင်တယ် ကင်း ရယ်။

ထိုနောက် မာ ခြေလှမ်းသွက်သွက်နှင့် ခြံထဲလှမ်း သည်။ ခြံထဲမှာ ဒေါ်သမျက်လုံးနဲ့ ဆီးကြိုမည့် သတ္တဝါတစ်ကော ရှိနေမယ်လို့ မာ လုံးဝ ထင်မှတ်မထားခဲ့။

"မာ"

ဒေါသတွေတွန်းပြိုကျလာသည့် အသံရင်းကြီးကြောင့် ခြေလှမ်းတန့်သွားသည်။ ဒေါသတွေနဲ့ ဆူပွက်ရှုမကာ အငွေ့လိုင် ထွက်နေသည့် မော့်မျက်ဝန်းကို မာ မကြည့်ချင်။ တိုက်ထဲလှ ဝင်ရန် မာ ခြေလှမ်းပြင်တော့

"မာ"

ခေါ်သံနက်နှင့်အတူ မာ့ကိုယ်လုံးသွယ်လျလျကို ပြေး လာသည့် မော့်ရင်ခွင်ကို မာ ရုန်းခါမိသည်။ မော်၏ ဖွတ်တရွ ဆန်မှုကို မာ မုန်းသည်။ မာ အတင်းရုန်း၍

"မော်နော်၊ နင် မာ့ကို ဘယ်လိုထင်နေသလဲ၊ မာ စက်ရု မဟုတ်ဘူး။ နားလည်လား။ စက်ရုပ်ဆိုရင်တောင် သံပတ်ပေး လှုပ်ရှားလို့ရတယ်။ မာဟာ နှလုံးသားနဲ့ ခံစားချက်နဲ့ နားလည်လား





ရဲ့ အမေ့ဆန်မှုတွေကို မာ မသတီဘူး။ နားလည်လား။ နားလည်လား"

မာ့ရင်ထဲ ရှိသမျှ သွန်ချလိုက်မိသည်။ မော့်နှလုံးသားကို တတ်တတ်တဲ့ မာ့အတွက် ဝမ်းနည်းရသည်။ ကြေကွဲရသည်။

"မာ ဘာတွေပြောနေတာလဲ မာရယ်၊ ငါ မာ့ကိုချစ်နေ တာကို ဘာဖြစ်လို့ မာ မခံစားတတ်ရတာလဲ၊ ဘာလို့မခံစား တတ်ရတာလဲ ဟာ"

ကြေကွဲရိပ်တွေ လျှပ်တိုက်ပြေးလွှားနေတဲ့ မော့်မျက်နှာ။ ာကို အတင်းဖက်ထားတဲ့ မော့်လက်ချောင်းတွေကို ဆွဲခွာမိသည်။ မော့်အတွက်က သံလိုက်နဲ့ ဆွဲကပ်ခံရတဲ့ သံတစ်စလို မာ့ကိုယ်ခန္ဓာက မော့်ရင်ခွင်မှာ ကပ်ငြိနေတော့၏။

"ဖယ်၊ နင် ဖယ်နော်"

"မဖယ်ဘူး။ မဖယ်ဘူး မာ၊ ငါပြောတာ နားထောင်စမ်းပါ၊ ငါ့ခံစားချက်တွေကို မာ ရင်ခုန်စမ်းပါဟာ၊ မာ့ကြောင့် ငါ ဘယ်လောက်ပေါက်ကွဲရတယ်ထင်လဲ၊ မာ ငါ့ကိုမြင်ချင်တယ်ဆို၊ ငါလာခဲ့တယ်၊ ရှုတင်ဖျက်ပြီး ချက်ချင်းလာခဲ့တာ။ ငါရောက်တော့ မာ မရှိဘူး။ မာ့ကို တစ်မြို့လုံးအနှံ့ ငါလိုက်ရှာတယ်၊ မတွေ့ရ ဘူး။ မာပြန်လာချိန်ကို ကြေကြေကွဲကွဲ စောင့်နေတာ၊ ငါ့ရင်ဘတ် ဘယ်လောက်ထိ တောက်လောင်နေသလဲဆိုတာ ကြည့်စမ်းပါ၊ ကြည့်စမ်းပါ မာရာ"

မော့်ရဲ့ အပြုအမူ၊ မော့်ရဲ့ ရင်ဖွင့်မှု၊ မော့်ရဲ့ စကားလုံး တွေက ဇာတ်ကွက်တစ်ခုဆိုရင် ပရိသတ်တွေ မော့်ကို အမှတ်ပြည့် ပေးမှာသေချာသည်။ ဒါပေမဲ့ မာ့ကို ဇာတ်ကွက်တစ်ခုလို အသုံးချ နေတဲ့ မော့်ကို မာ ဘယ်နည်းနဲ့မှ အမှတ်ပေးနိုင်မှာ မဟုတ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဆူကြွကြွ ရင်ဖွင့်လာတဲ့ မော်မျက်နှာကို မာ ခံစားလို့မှ မရော

"မကြည့်ဘူး၊ ဘာမှကြည့်စရာ မလိုဘူး"

"နင် ဘယ်လိုပြောလိုက်တာလဲ မာ"

နှလုံးသား တဆတ်ဆတ်တုန်ခါနေသည့် သူ့အသံကို မ

မပျော်ဝင်နိုင်ပါ။ သူ့အတွက်ကို မာ အသိအမှတ် မပြုနိုင်ဘူး။

"မာ နင်ဘယ်လိုဖြစ်နေတာလဲ၊ မနက်က မာ ငိုတယ်ဆ

ငါ့ကိုမတွေ့ရလို့ ငိုတယ်ဆို"

မာ မျက်နှာဆတ်ခနဲ တင်းသွားသည်။ သူ့လက်ချော

တွေကို မာအတင်းဆွဲခွာ၍ သူ့ရင်ခွင်ထဲက ရုန်းထွက်က

သူ့မျက်နှာကို စေ့စေ့ကြည့်ပြီး

"ဟုတ်တယ်၊ ငိုတာက နင့်လောင်းရိပ်အောက်က လွတ်

ရလို့ ပျော်လွန်းလို့ ငိုမိတာ၊ နင့်ကိုတွေ့ချင်တယ်ဆိုတာ မာမ

အောင် မာ့လက်ထဲထည့်ပေးတဲ့ ပန်းတစ်ပွင့်ကို ပြန်ပေးဖို့၊ သိရဲ့လား

"ဒါဆို၊ ဒါ မာ"

သူအံ့ဩသွားသည်။ ကြေကွဲသွားသည်။ သူ့ရင်မှ

သူ့အတွက် မာ ခံစားမိလို့ ဝမ်းနည်းပြီး နွမ်းသွားတယ်လို့ ခံစ

မိတာ။ ဒါကြောင့် မာမိုးဆက်တော့ သူ ကမန်းကတန်း လစ်ခဲ့တာ

ခတော့၊ ဟာ သွားပြီ၊ သူ့တစ်ကိုယ်လုံး ပြာနှမ်းသွားသည်။

"ဟုတ်တယ်၊ မယုံရင် နင့်အခန်းထဲ နင်ဝင်ကြည့်

နင်ပေးတဲ့ ပန်းပွင့်နဲ့ နင့်အခန်းထဲက နင့်ဓာတ်ပုံကို ပစ်ပေါက်

ပစ်ခဲ့တယ်။ နင်သွားကြည့်ပါ၊ သွားကြည့်"

တကယ်လား၊ မာ တကယ်ပြောတာလား၊ ဟင်အင်း၊ သ

မယုံချင်ဘူး။

"ဘာလဲ၊ မကြည့်ရဲဘူးလား၊ မယုံဘူးလား၊ လာ"





မာ သူ့လက်တစ်ဖက်ကို အတင်းဆွဲ၍ တိုက်ထဲဆွဲသွင်း

သည်။ သူ့အခန်းတံခါးကို မာ ဆွဲဖွင့်၍

"ဟောဟိုမှာ ကြည့်၊ မျက်လုံးပြူးပြီး ကြည့်"

ဓာတ်ပုံပေါ် ပစ်ပေါက်ခံရသည့် နှင်းကလေးက ခုတင်ပေါ်က

ခေါင်းအုံးပေါ်ကျ၍ နွမ်းနေရှာသည်ကို သူ့နှလုံးသားနှင့်ထပ်တူ

ကျသည့် ပန်းလေးရဲ့ဖြစ်စဉ်ကို မြင်ရစဉ် သူ့နှလုံးသား လှိုက်ခနဲ

ဝမ်းနည်းသွားပြီ၊ ကျပ်စည်းထားသလို တင်းအစ်လာသည်။

နှလုံးသား တဆတ်ဆတ်တုန်လာသည်။ ပန်းပွင့်လေးကို ကောက်၍

သူ့ရင်ဘတ်ပေါ်တင်မိကာ ပန်းပွင့်ရိုးတံလေးမှာ ချိတ်ဆွဲထားသည့်

သူ့နှလုံးသား ကဗျာလေးကို အကြိမ်ကြိမ်ရွတ်ဖတ်မိရင်း မာ့ကို

ငေးကြည့်မိသည်။ မာ့မျက်နှာမှာ မချိပြုံးလေးပွင့်လာစဉ် သူ

ဝမ်းနည်းကာ မျက်ရည်စတချို့ လျှံကျလာသည်။

ကျစမ်း၊ မာ မျက်ရည်ကျရသလို ကျစမ်း။ မာ ကြေကွဲ

သလို ကြေကွဲစမ်း။

မာ မြိန်မြိန့်ချည်း စိုက်ကြည့်မိသည်။

ထိုစဉ်

သူ့မျက်ဝန်း အရောင်ပြောင်းလဲလာသည်။ ကြေကွဲရိပ်တွေ

ပျောက်၍ အစိမ်းရောင်ရင့်လာသည်။ ဒေါသရိပ်၊ မကျေနပ်ရိပ်

လိုက်တက်လာကာ မာ့ရှေ့ လွှားခနဲ ရောက်လာပြီး

"ဒါဆို မာ ငါ့ ငါ့ကို ငါ့နှလုံးသားကို ရင်မခုန်ဘူးပေါ့။

ငါ့အချစ်ကို ရင်မခုန်ဘူးပေါ့၊ ဟုတ်လား"

မော် ရူးသွပ်စွာဆိုစဉ် မာ ခေါင်းမညိတ်ချင်ဘဲ

ညိတ်လိုက်သည်။

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့နှလုံးသား တကယ် ရှုံးသွပ်သွားလေပြီ။

''ဒါ ဒါဆို မာ ဘယ်သူ့ကို ရင်ခုန်တာလဲ''

မော်ဝှန်းခနဲ လှိုက်ကြွစွာ မေးစဉ်၊ မာ ရင်ခုန်သံ
မာ ဖျစ်ညှစ်ဆုပ်ကိုင်ပြီး

''ဘယ်သူ့ကို ဖြစ်ဖြစ်''

''ဟင်''

ဘယ်သူ့ကို ဖြစ်ဖြစ်တဲ့၊ ဒါဆို ဒိုက် ပဲ။

သူ့မျက်ဝန်းအစုံ ဝေဝါးသွားသည်။ သူ့ရင်ခုန်သံက
မီးရထားခုတ်သလို ကျယ်လာသည်။ သူ့အာရုံထဲမှာ မြောက်ကြ
မြောက်ကြွနိုင်လှသည့် ဒိုက် အသွင်က ပီပြင်လာသည်။ ထိုအ
သူ့ဒေါသ ဝုန်းခနဲ ပြိုကျလာတော့၏။

''ဒါဆို ဟို ဒိုက်ဆိုတဲ့ကောင်ကို ရင်ခုန်တယ်ပေါ့
ဟုတ်လား။ ဒီနေ့ ထစ်နေ့လုံး ဒိုက်နဲ့ လည်တာပေါ့ ဟုတ်လား
ဟုတ်လား၊ ပြောစမ်းပါ၊ ပြောစမ်း''

သူ၏ ဆူပွက်မှုကို မာ ရယ်ချင်မိသည်။ မာ မျက်နှာလေ
လေး ဆတ်ခနဲခါလိုက်တော့ သူ အစွမ်းကုန် ပေါက်ကွဲတော့၏။

''ပြော၊ ဒီကောင့်ကြောင့် ငါ့ရင်ဘတ်ကို ပေါက်ခွဲတာလား
မာ ဒီကောင့်ကြောင့် ငါ့ကို မစာနာတာလား၊ ဒီကောင့်အကြောင်း
မာ ဘယ်လောက်သိလဲ၊ ဘာသိလို့ ဒီကောင်နဲ့လိုက်လည်တာလဲ၊
ဒီကောင် မာ့ကိုလှည့်ဖျားပြီး နင်းချေပစ်မယ့်အကောင်။ ငါ့ကို
အနိုင်လိုချင်လို့ နင့်ကို စော်ကားမယ့်အကောင်၊ ငါ့ကို ကလဲ့စား
ချေဖို့ မာ့ကို ပစ်မှတ်ထားတဲ့ ဒိုက်ကောင်၊ ဒီကောင့်ကိုမှကွာ၊
ဒီကောင် ငါနဲ့ တွေ့ကြသေးတာပေါ့၊ ဟေ့ကောင် ဒိုက်၊ မင်းနဲ့ငါ
ကြိုးဝိုင်းပေါ် တက်ကြမယ်ဟေ့၊ ငါလာပြီဟေ့''





မော်၏ ပေါက်ကွဲမှုကို မာ ပါးစပ်ပေါက်ဟသည်အထိ
ကြည့်သွားသည်။ မာ့ကိုတွန်းဖယ်၍ ထွက်သွားသောမော့်ကြောင့်
ထိတ်တလန့်ဖြစ်ပြီး

''ဟိတ် မော်၊ မဟုတ်ဘူး၊ မဟုတ်ဘူး။ နင်ထင်တာ
ဟုတ်ဘူး၊ မာ ပြောတာ နားထောင်၊ နားထောင်''

မာ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ကာ ဟန့်တားမိ၏။
ဟန့်တားမှုကို မော် အရေးမစိုက်ဘဲ မာ အတင်းဆွဲတားရင်း
က မာ့ကို တွန်းဖယ်၍ ထွက်သွားတော့သည်။

မာ ဘယ်လို လုပ်ရမလဲ။

ဘုရား၊ ဘုရား။

မော်နဲ့ဒိုက် ထိပ်တိုက်ရင်ဆိုင်လို့ မဖြစ်ဘူး၊ ပြဿနာတွေ
တွေ တက်တော့မှာပဲ၊ မာ ဘယ်လိုဟန့်တားနိုင်ပါ့မလဲ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

### အခန်း (၉)

"ဖော့ကောင် ဒိုက်၊ မင်းဘယ်မှာလဲ၊ ထွက်ခဲ့၊ထွက်

ဒေါ်သမုန်တိုင်းနဲ့ လွင့်လာသည့်မော့်ကို မိုက်တိမိုက် ကြည့်၍ ဒိုက် ဆီးကြိုလာသည်။ မော့်နဲ့ ထိပ်တိုက်ရင်ဆိုင် အခွင့်အရေးတစ်ရပ်ကို စောင့်နေတာ နှစ်ချီကြာခဲ့ပြီ။ မော့်လက် အကျွေးခံထားရသည့် ဒိုက်ပါးစပ်တစ်ဘက်က ဒဏ်ကြွ တဆတ်ဆတ်နာနာလာ၏။ ဒိုက် ပါးပြင်ကို လက်နဲ့ပွတ်သည်

"ဖြောင်း ဖြောင်း ဖြောင်း ဖြောင်း"

တဖြောင်းဖြောင်းနဲ့ ပေါ်လာသည့် ဒိုက် လက်ခုပ်သံ သူ့နှလုံးသားကို အပ်ကလေးနဲ့ ထိုးဆွသလို နာမျက်လှ၏။

"ဖော့ကောင်၊ ဒိုက်၊ မင်းကို နောက်ဆုံးအ





တိပေးမယ်၊ မင်း မှာရေ့ မရပ်ရဘူး။ ငါ ခွင့်မပြုဘူး"

"ဟ ဟ၊ မင်းက ဘာကောင်မို့လဲကွ၊ ဟ ဟ"

ဒိုက်၏ ဂျစ်တစ်တစ် လေသံနှင့် တဆတ်ဆတ်ခါနေသည့် တိုင်လ်သည် မော့်ဒေါသကို ဓာတ်ဆီပြန်း၍ မီးရှို့လိုက်သည်နှင့် တော့၏။ မော့်ဒေါသ ဟုန်းခနဲ တောက်လောင်ပြီး

"ဟေ့ ငါက အကောင်မဟုတ်ဘူး၊ လူကွ၊ လူ၊ အမိန့်ပေး ခွင့်ရှိတဲ့လူ"

"ဟ ဟ၊ မင်းအမိန့်ကို ဒီကောင့်လှိုင်းကြားထဲ ထည့် ားလို့ အမြှစ်တွယ်ပြီး ရှည်လာတယ်"

ညစ်ကျယ်ကျယ်ဆိုလာသည့် ဒိုက်ကို သူ ရှုံလာသည်။

"ငါ့လက်သီးက မင်းမျက်နှာကို တစ်ချက်နမ်းရတော့မှာ ပါကွ"

"ဟ ဟ၊ မင်းလက်သီးကို ဒီကောင် တစ်ခါနမ်းမှုးပြီးပြီကွ၊ နှံးသီးတစ်လုံးလို သိပ်ခံစားလို့ မကောင်းဘူး။ နှာခေါင်းက သွေးထွက်ရုံပဲ၊ ဟ ဟ မင်းရဲ့ အခြောက်လက်သီးကို ဒီကောင်၊ မှုဘူး ဟေ့၊ မမှုဘူး"

"တောက်"

သူ့လက်သီးချက်ကို အခြောက်လက်သီးလို့ စွပ်စွဲတာ သည်းခံဖို့ မကောင်း။ သူ့လက်သီးကို တင်းကျပ်စွာ ဆုပ်၍ ဒိုက် မျက်ခွက်ဆီ ဒေါသတကြီး ပစ်သွင်းလိုက်၏။ ဒိုက်ရှောင်၍ ဒိုက် လက်ခုပ်နှစ်ချက်တီးစဉ် ဒိုက် ဘော်ဒီဂတ်နှစ်ယောက် ထွက်လာ သည်။ ပြေးဝင်လာသည့် မော့်လက်သီးကို ဒိုက် ဆတ်ခနဲ ရှောင် နေဆဲ မော့်လက်နှစ်ဘက်ကို ဒိုက်ဘော်ဒီဂတ်နှစ်ယောက် တစ်ဘက်စီ ဆုပ်ကိုင်လိုက်တော့၏။ လက်နှစ်ဘက် အချုပ်ခံလိုက်ရတဲ့မော့်



www.burmeseclassic.com

www.burmeseclassic.com



အကြီးအကျယ်ဒေါသထွက်လာပြီး

"ဟေ့ ဒိုက်၊ သတ္တိရှိရင် တစ်ပွဲချင်းကွ၊ သတ္တိရှိရင် ငါ့လက်တွေ လွှတ်စမ်းကွ၊ လွှတ်"

အော်ဟစ် ရုန်းကန်သည့် မော်ကို ဒိုက် မျက်ခုံးလေး ပင့်ကာပင့်ကာ ကြည့်၍ တဟဲဟဲ ရယ်၏။

"ဟေ့ ဟ ဟ၊ လွန်ခဲ့တဲ့ ငါးနှစ်က မင်းကျွေးထားတဲ့ ပန်းသီးတစ်လုံးရဲ့ ရသကို မင်း တန်ပြန်ခံစားရစေမယ်ကွ"

မော့်မျက်နှာနားဆီ ကပ်ပြောလာသည့် ဒိုက်မျက်နှာကို အမြင်ကပ်လာသည်။ လက်နှစ်ဘက်ဖမ်းချုပ်ခံရလို့ ဒေါသထွက်နေတဲ့ မော် အနားကပ်လာသည့် ဒိုက်မျက်နှာကို မော့်ဦးခေါင်းနဲ့ တအား တိုက်လိုက်သည်။ ဒိုက် ရှောင်၍ ရယ်သည်။

"ဟ ဟား"

ရယ်ပြီး ဒိုက် လက်ခုပ်တစ်ချက်တီးသည်။ ထိုအခါ ဒိုက် ဘော်ဒီဂတ်တစ်ယောက် ထွက်လာသည်။ မော်ခေါင်းတိုက်လို့ မရအောင် မော့်ဦးခေါင်းကို နောက်မှ ကိုင်ဆွဲထားတော့ မော် နေရခက်လှသည်။ မော်၏ဒေါသ ဆူလာသည်။

"ဟေ့ကောင် ဒိုက်၊ အခြောက်သတ္တိမျိုးနဲ့ ငါ့ကို အနိုင်ယူဖို့ မကြိုးစားနဲ့၊ သတ္တိရှိရင် မင်းဘော်ဒါတွေကို ဖယ်နိုင်။ ဖယ်နိုင်းကွ"

"ဟ ဟား၊ မော်ဒယ်လ်ရုပ်ရှင်မင်းသားလေး၊ Dialogue တွေ ရွတ်ပြနေပါလားကွ၊ ဟေ့ ရုပ်ရှင်ရိုက်နေတာ မဟုတ်ဘူး မော်၊ မင်းသရုပ်ဆောင်တဲ့ ကားတွေကိုကြည့်ပြီး ဒီကောင် ဒိုက် ဟ ဟား။ ဟ ဟား၊ နဲ့ ရယ်တာမဟုတ်ဘူး။ ဟက်ဟက်ပက်ပက်နဲ့ ခနဲ့သဲ့သဲ့ ရယ်တာကွ၊ လူကြမ်းဆယ်ယောက်နဲ့ မင်းတစ်ယောက်၊





တ်ပလေးတာ နောက်ဆုံးတော့ မင်းနိုင်သွားတာချည်းပဲ၊ အခုလဲ ကြည့်စမ်းကွ၊ ဒီကောင် လေးကောင်ပဲ လွှတ်အောင် ရုန်းကြည့် ပါ။ မင်းလက်သီးတွေ သုံးကြည့်စမ်းပါ၊ ဘယ့်နှယ်လဲ"

ဒိုက်စကားလုံးများက မော့်နှလုံးသားကို အကြိမ်ကြိမ် ာင်းခံရသလို နာလှသည်။ ဒီကောင်တွေ လက်ထဲက ထွက်သော်လည်း၊ မရ၊ ဒီကောင်တွေ လက်တွေက သန်မာ ွန်းသည်။ သရော်ရိပ်ပြေးနေတဲ့ ဒိုက်မျက်လုံးတွေကို မော့် ထိုးထိုးဖောက်ပစ်ချင်စိတ် ကြွလာသည်။

"ဟေ့ကောင် ဒိုက်၊ မင်းသတ္တိရှိရင် ထိုးကြည့်စမ်းပါကွ"

ဒိုက် လက်မောင်းသားကို ဖောင်းကြွအောင် အားတောင့် ရေးပြလျက်

"ဟ ဟား ထိုးမှာကွ၊ ထိုးမှာ၊ ဒီကောင့်လက်သီးကို ိုးခင် ဒီကောင့် Dialogue ကို အရင်မြည်းကြည့်စမ်းပါကွ၊ ာင့် စကားလုံးကို မင်းနှလုံးသား၊ မင်းရင်ဘတ်၊ မင်းဦးနှောက်နဲ့ ောင်၊ ဟေ့ ဒီမှာ မော်၊ ဒီကောင် ဒိုက်ရင်ဘတ်မှာ ကမ္ပည်း ထားတဲ့ မိန်းကလေးက မာ လေ၊ မယုံဘူးလား။ မယုံရင် ာင့် ရင်ဘတ်ကို ကြည့်"

ဒိုက် ဝတ်ထားသည့် ကိုယ်ကျပ်အင်္ကျီချွတ်၍ ရင်ဘတ်ကို ရှု တိုးပြသည်။ ဒိုက်ရင်ဘတ်မှာ ဆေးမင်အနီရောင်နဲ့ ိုးထားသည့် ချစ်စရာ မာ့ရုပ်သွင်နဲ့ 'ချစ်သူရှိသည်ကောင်းကင်' ည့် စာကြောင်းတစ်ကြောင်း။

"မြင်လားကွမော်၊ မာ့ကို ဒီကောင် ဒီလောက်ထိ ရူးတယ်ကွ ာင် ရူးတာကို မင်းတားမြစ်လို့ မရဘူး။ မာဟာ မင်းနှမ ် ဒီကောင် ဂရုမစိုက်ဘူး။ မရရအောင် ယူမယ်။ ရတဲ့နည်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြီးစားမယ်။ ဟော့ မင်း နားလည်ရမယ်။ မာ့ကို ချုပ်ကို
မရဘူး။ မာဟာ လွတ်လပ်တဲ့ အပျိုလေး၊ ဒီကောင်က
လူပျိုလေး။ ရင်ခုန်သံချင်း တတ်လိုက်အောင် လုပ်ခွင့်ရှိ
နှလုံးသားချင်း စကားပြောလို့ရအောင်လမ်းဖောက်ခွင့် ရှိ
မျက်လုံးချင်း၊ အကြည့်ဆိုက်အောင် ကြိုးသွယ်ခွင့်ရှိတယ်။
မင်းကြားဝင်ပြီး လက်သီးတစ်လုံး ခံထားလို့ မရဘူး၊ မင်း
တဲ့ လက်သီးတစ်လုံးကို ဒီကောင် လက်သီးတစ်လုံးနဲ့ တ
ရလိမ့်မယ်။ ဟော့ မော်၊ ဟောဒီမှာ ဒီကောင့် လက်သီး။

သူ့မျက်နှာပေါ် ဝေ့ဝဲလာသည့် ဒိုက်လက်သီးက အ
ယားစရာကောင်းလှသည်။ ထို့ပြင် သူ့နှာခေါင်းပေါ် ကျလာ
ဒိုက် လက်သီးချက်သည်

''ခွပ်''

ခနဲ အသံမြည်လာသည်နှင့် တစ်ပြိုင်နက် သူ့
မှုးမိုက်ကာ တဆစ်ဆစ်နာလာသည်။ ပူနွေးသော သွေးတွေ
လာသည်။ သူ့မျက်လုံး ဝေလာသည်။ သူ့အာရုံတစ်ခုလုံး ချား
လိုလည်နေသည်။ ဒိုက် မြိန်မြိန်ကြီး ပြုံးကြည့်၍ လက်ခုပ်သုံ
တီးသည်။ ဒိုက် ဘော်ဒီဂတ်သုံးယောက် သူ့လက်နှစ်ဘ
သူ့ခေါင်းကိုလွှတ်သည်။ သူ ပို၍ မူးမိုက်လာသည်။

''ဟ ဟား။ ဘယ်လိုလဲ၊ မော်ဒယ်လ်သရုပ်ဆောင်မင်
ရဲ့၊ ကော်ဖီပလိန်းလို အရသာရှိရဲ့လား''

ဒိုက် စကားလုံးက သူ့အနာကို ဆွသလို နာကျင်
သည်။

''ဖေတာက်''

လျှံကျလာသည့် သွေးတွေကို ပွတ်သုတ်ရင်း ဒေါသ





နှင့် ကြည့်မိ၏။

''ဟော့ မော်၊ ဒီကောင့်ကို မင်းဘယ်တော့မှ လျော့မတွက်နဲ့
နှလုံးသားမှာ ဒီကောင် ကြေညာစာကပ်ပေးမယ်။ ဒီအချိန်က
မာ့ကို ဒီကောင့်ရင်ဘတ်မှာထားဖို့ နေရာဖွင့်ထားပြီးပြီ၊ မင်းနဲ့
ကောင် ကြိုက်သလို ယှဉ်ပြိုင်လို့ရတယ်၊ လက်သီးချင်းထိုးမလား။
ချင်း၊ ယှဉ်ချင်လား။ အချစ်နည်းဗျူဟာချင်း၊ ရင်ဆိုင်ချင်လား။
ကြိုက်တဲ့ပုံစံနဲ့ ယှဉ်လို့ရတယ်။ မာ့ကိုရဖို့ ဒီကောင် နှလုံးသ
ဟာကို ကြိုက်သလို ဆန်းစစ်လို့ ရတယ်ကွ၊ နားလည်းပြင်
။ ဟား ဟား''

ဒိုက်ရယ်သံက သူ့ကိုအကြိမ်ကြိမ်ထိုးသလို နာကျ:အစုံ
သည်။ ထိုကြောင့် သူအားတင်း၍ ဒိုက်ကို ရူးရူးရဲရဲစိုက်ကြည့်လက်ကို
သည်။ သူလက်သီးကို တင်းကျပ်အောင်ဆုပ်၍ အောက်နှုတ်ခမ်းကို
ကိုက်လိုက်သည်။ ဒိုက် ဝမ်းသာအားရ လက်ခုပ်တီး၍ ဖိတ်ခေါ်
သည့်အခါ သူ လက်သီးဆုပ်နဲ့အတူ ဒိုက်ရှေ့ လွှားခနဲပြေးဝင်စဉ်

''မော်''

မာ့ အသံကြောင့် မော် တန့်သွားသည်။ မော့် နှာခေါင်းမှ
ဆိုဆင်းနေသည့် သွေးမြင်ရစဉ် မာ ဝမ်းနည်းသွား၏။

''ဟ ဟား။ အခုမှ ဇာတ်ရှိန်တက်တော့တယ်။ မင်းသမီး
လာပြီဆိုတော့၊ ဟော့ မင်းသား၊ အားတက်ပြီး ဒီကောင့်ကို လာထိုးလေ
ပါမှ မင်းသမီး အထင်ကြီးမယ်၊ ကရုဏာ နှင်းမှုန်တွေကျလာမယ်၊
ဖြောင်း ဖြောင်း ဖြောင်း''

ဒိုက် လက်ခုပ်တီး၍ ဆိုလာတော့ သူဒေါသတွေ လွင့်စင်
တော့၏။ သူ ဒိုက် မျက်ခွက်ကို ထိုးချစဉ်

''အိုး မလုပ်နဲ့''



www.burmeseclassic.com

www.burmeseclassic.com



မာ၏ တားမြစ်သံနှင့်အတူ မာ့ လက်နှစ်ဘက်
သူ့လက်သီးဆုပ်ကို ဆွဲကိုင်ဟန့်တားတော့၏။ ထိုအခါ သူ့ဒေါ
အရှိန် အပြင်းထန်ဆုံး လွှင့်စင်ပြီး

"မာ ငါ့လက်ကိုလွှတ်၊ လွှတ်စမ်း"

"ဟင်အင်း။ မလွှတ်ဘူး၊ နင် ဒိုက်နဲ့ ရန်မဖြစ်နဲ့ဟ
မာ တောင်းပန်ပါတယ်၊ တောင်းပန်ပါတယ်ဟာ"

မာ့ စကားလုံးတွေက သူ့ရင်ကို မုန်စေသည်။ ဒိုက်ဘက်
လို့ ကာကွယ်ရတာလဲ၊ ပါးပြင်ရောင်ပြီး နှာခေါင်းက သွေးထွ
ရ သူ့ကို မသနားတဲ့အပြင်ကွာ။ သူ့လက်ကို အတင်းဆွဲဟ
ာသည်က နှလုံးသားမှာ အနာကိုက်သလို ခံစက် နာမျ
ယ်၏။ ထို့ပြင်

"ဓါး ဟား ဟား"

လက်ခုပ်တီး၍ တဟားဟားရယ်နေသည့် ဒိုက်ကို
အခဲမကျေနိုင်ရော့၊ ဒီကောင်နဲ့ မာ၊ သူ ဘာမှ မတွေးတော့

"ဟေ့ ဒိုက်၊ မင်းနဲ့ငါ ပြိုင်ပွဲ မပြီးသေးဘူး၊ မ
မှတ်ထား၊ မော်ဆိုတဲ့ငါ့ကို မင်း ဘယ်တော့မှ အနိုင်မရစေရဘူ
မိမာ၊ နောက်တစ်ခါ ငါ့အမိန့်မရဘဲ နင်အခန်းထဲက မထွက်ရဘူ
ကြားလား၊ ကြားလား"

မော်နဲ့ ဒိုက် ဖြစ်စဉ်မှာ မာ့ပယောဂ မကင်းသလိုဖြ
သည်။ နောက်ပြီး မော့်ဒေါသက ကြောက်စရာကောင်းလှတာကြော
မာ ခေါင်းညိတ်လိုက်မိသည်။ မာခေါင်းညိတ်တော့ သူကျေနပ်လ
သည်။ အထူးသဖြင့် ဒိုက်ဆိုတဲ့ ကောင်ရှေ့မှာ သူ့ပါဝါ မာ့အပေ
ဘယ်လောက်စိုးရသလဲဆိုတာ လက်တွေ့ပြနိုင်တာကြောင့် သူ ပို
ကျေနပ်သည်။ ဒိုက်ကို မဖြုံတဲ့မျက်ဝန်းနဲ့ ကြည့်ပြီး





"ဟေ့ ဒိုက်၊ ဒီလောက်ဆို မင်းသဘောပေါက်၊ မာဆိုတာ
က တစ်ဆိုရင် နှစ်လုပ်လို့မရတဲ့ မိန်းကလေး၊ ငါ့လက်ခုပ်ထဲက
ပွင့်လေးကွ၊ နားလည်လား"

"ဟ ဟား၊ ဘယ်သူ့လက်ထဲက ပန်းဖြစ်ဖြစ်၊ ဒီကောင်
ဘူး။ ဒီကောင် ဂရုမစိုက်ဘူး၊ ဒီကောင်မှတာ ဟောဒီက မာ
၊ ဟိုင်း ချစ်သောမာ၊ မာ့အတွက် ဒီကောင်ရင်ဘတ်မှာ
ချထားပြီးပြီ၊ ယုံရဲ့လား မာ"

မာ့ရှေ့မှာ ရင်ဘတ်ထိုးပြလာတဲ့ ဒိုက်ကြောင့် မာ ပါးပြင်
မြန်းသွား၏။ မော်၏ စူးရဲစိုက်လက်သည့် မျက်ဝန်းအစုံ
ကြည့်လာသည့်အခါ မာ ထူပူလာသည်။ ထိုအခါ မော်လက်
ဘက်က မာလက်ကောက်ဝတ်ကို ဆတ်ခနဲဆုပ်ကိုင်ပြီး ဒိုက်ကို
ိုင်ကြည့်ကာ

"ဟေ့ ဒိုက်ကောင်၊ နှာခေါင်းပိတ်ပြီး သေလိုက်ကွာ"

လို့ အသံကုန် ဟစ်ကြွေး၍ မာ့ကို ဒိုက်ရှေ့မှ ပိုင်ပိုင်
ိုင် အတင်းဆွဲခေါ်ခဲ့တော့၏။

"ဟ ဟား။ ဟေ့ မော် မာလေးသာ ဒီကောင့် နှာခေါင်း
ပိတ်သတ်မယ်ဆိုရင် ဒီကောင် ကျွမ်းထိုးပြီး သေမှာကွ၊ ဟ
"

ဒိုက်၏ လက်ခုပ်လက်ဖြီး တီးဆိုသံက သူ့နောက်ကို တစ္ဆေ
ကောင်လို ကပ်ပါလာသည်။ အထူးသဖြင့် ဒိုက်လက်ချက်ဖြင့်
လောင်ကာ မော့်နှလုံးသား ပွက်ပွက်ဆူလာ၏။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"အမလေး၊ သွေးတွေနဲ့ ဘယ်လိုဖြစ်လာတာလဲ သားရယ် ဘယ်သူလုပ်လိုက်တာလဲ။ မာမီ့ကို ပြောစမ်းပါကွယ်"

မောင့်ကို မြင်ရသည်နှင့် အန်တီ သည်းသည်းလှုပ် ဆို တော့သည်။ အန်တီ အဖြစ်သည်းသလို မော်ကလည်း သည်းလှု လျက် သူ့မာမီ ရင်ခွင်ထဲ ခေါင်းထိုးဝင်တော့သည်။

"အို သားရယ်၊ ဘယ်လိုဖြစ်တာလဲ၊ သမီး မာ၊ ဒေါက်တ ကျော်နိုင်ကို ဖုန်းဆက်ခေါ်ပါကွယ်၊ မြန်မြန်လာပါလို့၊ သား ဘ လိုနေလဲ၊ ပြောပါကွယ်၊ မာမီ ရင်တုန်လိုက်တာ"

အန်တီ ကျေနပ်အောင် မာ ဒေါက်တာကျော်နိုင်ကို ဖု ဆက်ခေါ်ရသည်။





"ဘယ်သူလုပ်တာလဲ သား၊ ဘယ်သူနဲ့ စကားများလို့လဲ၊ ...က်ကွင်းက ရတဲ့ဒဏ်ရာလားဟင်၊ ဒီလို ဒဏ်ရာတွေရမယ်ဆိုရင် ...ဒီယို မရိုက်ပါနဲ့ကွယ်၊ နော် သား"

"မဟုတ်ဘူး မာမီ၊ ဟို ဒိုက်ကောင်ကြောင့်"

"ဟင်"

မာမီ ရင်ဘတ်ဖိလေ၏။

"ဟို ဒိုက်ကောင်၊ ဟိုတက်လမ်းက ဒိုက်ဗိုက် မဟုတ်လား"

"ဟုတ်တယ် မာမီ"

"ဟာ၊ ဒိုက်က ဒီလောက် ရိုင်းစိုင်းတဲ့ကောင်လေး၊ မိမနိုင် ...မနိုင်၊ လူ့ဘော်ကြော၊ ခဏခဏ ရန်ဖြစ်တတ်တဲ့ကောင် ဟုတ်လား။ ...ဒါဆို မဖြစ်ဘူး။ ရဲစခန်းတိုင်ရမှာပေါ့"

"ဟာ မတိုင်ပါနဲ့ မာမီ"

"မတိုင်လို့ ဘယ်ဖြစ်မလဲ၊ သားကို အနိုင်ကျင့်နေမှာပေါ့"

"သတင်း ပျံ့သွားမယ် မာမီ"

"ပျံ့ပျံ့ပေါ့ သားရယ်"

"ဟင်အင်း မာမီ၊ ဒီဒိုက်ကောင်ကြောင့် သားအထိုးခံရ တာ ပရိသတ်သိသွားရင် ဘယ်ကောင်းမလဲ၊ နောက်ပြီး ဒိုက်ကောင် က အချောင် နာမည်ကြီးသွားမှာလေ။ မမှုပါဘူး မာမီ၊ ဒိုက်ကို လည်း သားလက်သီးကျွေးပြီးသားပါ"

"သားရယ်၊ ဒီလူမိုက်လေးနဲ့ ပြိုင်မမိုက်နဲ့ကွယ်၊ သား တစ်ခုခုဖြစ်ရင် မာမီ ရင်ကျိုးရချည့်ရဲ့၊ နောက်ဆို ရိုက်ကွင်းသွားရင် သန်းဝင်းတို့အုပ်စုကို ခေါ်သွားရမယ်၊ ကြားလား သား၊ နောက်ဆို မာမီ စိတ်ဖြောင့်မှာမဟုတ်ဘူး၊ နော် သား နော်"

မာမီ စိုးရိမ်မှုပြေအောင် သူခေါင်းညိတ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဘယ်နေရာထိသွားသေးလဲ၊ ဒီတစ်နေရာတည်းလာ
အခြားနေရာတွေကော''

''ဒီတစ်နေရာပဲ - မာမီ''

မော်ကလည်း ကလေးလို တတွတ်တွတ်ချွဲနေတာ မ
အမြင်ကတ်လာသည်။ ဝင်ပြောချင်ပေမယ့် မပြောရဲ၊ ဒီဖြစ်စဉ်က
မာန့်ပတ်သက်နေတာဆိုတော့ ပြောလို့မဖြစ်ဘူး။ မော်ကျွန်ုပ်အော
မျက်နှာသေလေး ငြိမ်နေရသည်။

''လာ၊ လာ၊ ကိုကျော်နိုင်၊ သား နှာခေါင်း ဘာဖြစ်လဲ
ကြည့်ပေးပါ၊ သွေးအရမ်း ထွက်နေတာပဲ''

ဒေါက်တာ ရောက်တော့ အန်တီစီက အဖြစ်ကဲစွာဆိုသည်
ဒေါက်တာ စစ်ဆေးကြည့်တော့ ဒဏ်ရာက သိပ်မပြင်း၊ နှာနှ
တစ်စုံတစ်ရာနဲ့ ရုတ်တရက် ထိခိုက်ခံရလို့ သွေးယိုခြင်း၊ အခုတော့
သွေးတိတ်နေပြီ။

''ဘာမှ မဖြစ်ပါဘူး မမစီ၊ ရုတ်တရက် ထိခိုက်မိလို့
သွေးယိုထွက်လာတာ၊ ရေနွေးနည်းနည်း လိုချင်တယ်''

''ရမယ်၊ ခဏလေး၊ မမ ယူပေးမယ်''

''နေ ဒ့နေ၊ မာ ယူပေးမယ်၊ အန်တီ မော့်နားမှာ နေပေ
ဒါမှ မော် အားရှိမှာ''

မော့်အနားမှာ မာ မနေချင်၊ ဒါကြောင့် အချက်ရတုန်း
ရှောင်ထွက်လိုက်သည်။ အန်တီက နားလည်မှုလွဲပြီး မာ့ကို အမှတ်
ပေးလေရဲ့၊

''လိမ္မာလိုက်တဲ့ သမီးရယ်'' တဲ့။

အန်တီ မမြင်အောင် မာ နှာခေါင်းတွန့်လိုက်သည်။ မီးဖို
ခန်းထဲမှာ အသင့် ကိုတွေ့တော့ မာ ဝမ်းသာသွားသည်။





''အသင့် ဒေါက်တာကျော်နိုင်ကို ရေနွေးဖလုံ သွားပေးခဲ့၊
မာ့ကိုမေးရင် ကော်ဖီဖျော်နေတယ်လို့ ပြောလိုက်၊ ကြားလား''

ဓာတ်ဘူးထဲကရေ ငှဲ့ထည့်ထားသည့် ရေနွေးဖလုံကို အသင့်
လက်ထဲ ထည့်ပေးလိုက်သည်။ အသင့် စောဒက မတက်ဘဲ မ
သွားတော့မှ ကော်ဖီတစ်ခွက် ကမန်းကတန်းဖျော်သည်။ ကိတ်တစ်ချပ်
လှီးသည်။ ကော်ဖီနဲ့ကိတ်ချပ်ကို ခပ်သွက်သွက် မျိုချလိုက်သည်။

''မမာ ကော်ဖီဖျော်တာနဲ့ အတော်ပဲ၊ အစ်ကိုလေး၊ ဆေး
သောက်ဖို့ ကော်ဖီတစ်ခွက် ယူခဲ့ပါတဲ့''

အသင့် ရောက်လာပြီး ဆိုစဉ် မာ နှာခေါင်းရှုံ့၍
ကော်ဖီတစ်ခွက် ပြန်ဖျော်ရသည်။

''အသင့် ပဲ သွားပို့နော်''

''မမာ ဆေးတိုက်ရမှာလေ၊ မမာ ဆေးမတိုက်ရင်
အစ်ကိုလေး ဆေးသောက်မှာ မဟုတ်ဘူး။ မမာ သိသားနဲ့''

သိတာပေါ့၊ သိလွန်းလို့ ခက်နေတာ၊ မော် နေမကောင်း
ဖြစ်ရင် မာက မော်နဲ့ အနီးကပ်ဆုံးမှာ နေရတယ်။ ဆေးထိုးရင်
မော့်လက်ကို မာ ဆုပ်ကိုင်ထားမှ ဆေးထိုးခံတယ်။ မာ ဆေးတိုက်မှ
သောက်တယ်။ အန်တီ ဘယ်လောက်ပဲ ချော့ပြောပြော မရ။ မာ
မှ မာ၊ ဒီလိုနဲ့ မာက မော့်ရဲ့ နာ့စ်လို ဖြစ်ရတော့တယ်။ တစ်ခါ
တစ်ရံ မော်က နေမကောင်းဟန် ဆောင်တတ်သေးတယ်။ အဲဒါ
မာ့ခမျာ ဒိုင်ခံပြုစုရရှာတယ်။ မာက တကယ်နေမကောင်းဘူးထင်လို့
ကရုဏာသက်ပြီး ပြုစုလိုက်ရတာ။ မှတ်မှတ်ရရ ပြောရရင် မိုးဦးကျ
ကပေါ့။

မော် အအေးမိပြီး ဖျားသတဲ့။

မာမှာ စိုးရိမ်စိတ်တွေဝင်ပြီး နေ့အိပ်ညအိပ်စောင့်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရတာ၊ မော် အိပ်ပျော်ရင်တောင် မာ မအိပ်ဘူး၊ ငုတ်တုတ်ထိုင်စောင့်နေခဲ့အထိ ဒေါက်တာပေးတဲ့ဆေးကို အချိန်မပျက်အောင် ဂရုစိုက်တိုက်ရတာ၊ အစားအသောက်ကို ခွံ့ကျွေးရတာ အမော ငါးရက်တိတိ နေ့ညမအိပ်ဘဲ စောင့်ရတာလေ၊ လူနာလုပ်တဲ့မော်က နိုပြေပြည့်ဖြိုးလာတယ်၊ မာ ဖျော့တော့ပြီး ချောင်ကျလာတယ်လေ

''မော်ရယ်၊ နင် အဖျားမြန်မြန်ပျောက်ပါစေဟယ်၊ နင် အဖျားမကောင်းခင် မာ ဖျားသွားရင် နင့်ကို မာ ပြုစုနိုင်တော့မှာ မဟုတ်ဘူး။ သိရဲ့လားကွယ်''

အိပ်ပျော်နေတဲ့ မော့်မျက်နှာကို ငေးကြည့်၍ မာ ဆိုမိ၏ ထိုအခါ မော် မျက်လုံးအစုံ အသာပွင့်လာသည်။ မာ့ကို စူးစိုက်ကြည့်ပြီး

''မာ တကယ်ပြောတာလား''

''တကယ်ပေါ့''

အိပ်ရေးပျက်များလို့ မျက်ဝန်းချောင်ကာ နွမ်းဖျော့နေသည့် မာ့ကို မော် ကရုဏာသက်စွာကြည့်မိသည်။ သူ့ကို ဂရုတစိုက်ပြုလှသည့် မာ့အပြုအစု အယုအယတွေက သူ့နှလုံးသားကို ရှင်သန်နိုးကြားစေသည်။ မာက ကာကာကာလန်အောင် စွာတာက လွဲလို့ သူ့ကို သူမတူအောင် သံယောဇဉ် ရှိသူဖြစ်ကြောင်း သူကောင်းစွာ အကဲခတ်မိသည်။ ထို့ကြောင့် ခုတင်ပေါ်က ထပြီး

''အဲဒါဆို ငါ မဖျားတော့ဘူး မာရယ်''

မော်ဆိုစဉ် မာမျက်လုံး ဝိုင်းစက်သွားပြီး

''ဟ နင်မဖျားချင်တော့ဘူး ပြောလို့ရမလား။ ဒါ နေမကောင်းဖြစ်နေတာ၊ ဆေးတွေ အဖာရတွေ မှီဝဲမှ နေကောင်းမှာလေ နင့်သဘောနဲ့နင် မဖျားချင်လို့ ရမလား''





''ရတာပေါ့''

ပြုံးဖြဖြဖြစ်လာသည့် မော့်ကို မာ ဂုဏ်မလည်သလို ကြည့်မိ၏။

''ဘာဖြစ်လို့''

''ငါ တကယ်ဖျားတာမှ မဟုတ်တာ''

''ဟင် ဒေါက်တာကျော်နိုင် ပြောတော့ အအေးမိပြီး ဖျားတာဆို''

မော် ဟက်ခနဲ ရယ်၍

''ဘာ အအေးမှ မမိဘူးဟ၊ ငါနဲ့ ဒေါက်တာကျော်နိုင် လက်ဝါးရိုက်ပြီး ဖျားတာလို့ ခေါင်းစဉ်တပ်လိုက်တာ''

''ဟာ ဒါဆို ဆေးတွေသောက်တာကရော''

''ငါသောက်နေကျ အားဆေးတွေလေ''

''ဟေး''

မာ မျက်ဝန်း အရောင်လင်းသွားသည်။

''ဒါဆို မာ ပြုစုတာကို နင်''

မော် ပြုံးပြုံးချည်း ခေါင်းညိတ်၍

''ဟုတ်တယ်၊ မာ ပြုစုတာကို ခံချင်လို့၊ နေမကောင်း ဟန်ဆောင်လိုက်တာလေ''

''ဟင်''

မာ မျက်ဝန်းစူးစူး၌ ဒေါသအရောင်တွေ လက်လာသည်။

''နင် တော်တော် လူဝါးဝပါလား။ မာက နင် တကယ် နေမကောင်းဘူးထင်လို့ နေ့မအိပ် ညမအိပ် ပြုစုလိုက်ရတာ၊ နင် ကလိမ်ကကျစ်သမား၊ သွားမယ်၊ နောက်တစ်ခါဆို တကယ်နေမကောင်းရင်လဲ နင့်ကို လုံးဝမကြည့်ဘူး၊ သိရဲ့လား ဟွန်း''



www.burmeseclassic.com

www.burmeseclassic.com



မာ ဒေါသမျက်ဝန်းနှင့် ဆို၍ ခြေဆောင့်ပြီး လှည့်ထွက်
သွားတော့ ဇမ့် ခေါင်းကလေးခါကာ သဘောတကျ ပြုံးရယ်၍
မာ့ကို အတင်းဆွဲပြီး

"မာကလည်း ဟာ"

"သွား၊ လာမကိုင်နဲ့၊ နင့်စိတ်ဓာတ်ကို မုန်းတယ်၊ နင်
ဟာ ကလိမ်ကကျစ်သမား၊ နင်က မာ့ကိုဆို ဇာတ်ဝင်ခန်းတစ်ခန်း
အတွက် ခံစားသလို ခံစားတဲ့သူ၊ နင့်ကို ငါမုန်းတယ်၊ သိလား"

သူဆွဲထားတဲ့ မာ့လက်ကို အတင်းရုန်းမိသည်။ သူ မျက်နှာ
ပိုးမသေဘဲ

"ချစ်လို့ စတာပါဟာ"

"ဟ ဒါ စ,စရာလား။ မာ ဘယ်လောက် စိတ်ပူပြီး
အိပ်ရေးပျက်ရသလဲ"

"အဲဒီအတွက် လျော်ကြေး ပေးမယ်လေ"

"ဘာလျော်ကြေးမှ မလိုချင်ဘူး၊ နောက်တစ်ခါဆို
နင်နဲ့ပတ်သက်ပြီး ဘာမဆို မယုံမိအောင် မာ့စိတ်ကို ပြုပြင်ရမယ်
ဟုတ်တယ်၊ နင့်ကိုတင် မကဘူး။ ဒေါက်တာကျော်နိုင်၊ မေမေ
နှင့်မာမီ၊ အားလုံးပေါင်းပြီး မာ့ကို ဒုက္ခပေးတာ၊ ဘယ်သူ့ကိုမှ
မယုံဘူး၊ မယုံဘူး။ အို ဖယ်ပါဆို၊ ဖယ်ပါ"

မာ ဒေါသတကြီး ရွတ်နေသလောက် သူက ပြုံးဖြီးဖြီး
စိုက်ကြည့်၍ မာ့ကို သိုင်းဖက်ထားတော့၏။

"နင် ဘယ်လိုဖြစ်နေတာလဲ မော်၊ နင် မာ့ကို စိတ်ဒုက္ခ
ပေးတာပဲ၊ လွှတ်နော်၊ လွှတ်"

"မာရယ်၊ မာ့ကို အရမ်းချစ်လို့ ကောင်းတာပဲ၊ ငါ
နေမကောင်းဖြစ်ချင်ဟန်ဆောင်တာက တခြားအကြောင်းပါဟာ၊





ကာရိုက်ရက်တွေ စိပ်နေတော့ ငါ အရမ်းပင်ပန်းတယ်ဟာ၊ ငါ
နားယူချင်တယ်၊ အပန်းဖြေချင်တယ်၊ ဒါပေမဲ့ ဒါရိုက်တာတွေက
ကောင်းအကျပ် ရက်ချိန်းယူနေတော့ ရှောင်ချင်တဲ့သဘောနဲ့ပါဟာ၊
တစ်မျိုးမထင်ပါနဲ့၊ မာ ပြုစုလိုက်တော့ ငါ အတော်လန်းသွားတာပဲ၊
ဒါထက်ပြီး ဟန်ဆောင်နေရင် မာ နေမကောင်းဖြစ်သွားမယ်လေ၊
ဒါကြောင့် ငါ ဟန်မဆောင်နိုင်တော့တာ၊ မာ ငါ့ကိုတောင်
ကျေးဇူးတင်ရမယ်"

"အောင်မယ်၊ မော်စုတ်။ နင့်ပဲ ထိုင်ကန်တော့ရမလိုပဲ၊
တော်ပြီ၊ လွှတ်စမ်းပါဟာ"

"လွှတ်မှာပါ။ မာ စိတ်မဆိုးဘူးဆိုရင် လွှတ်မယ်၊
ဘယ်လိုလဲ၊ စိတ်မဆိုးဘူး မဟုတ်လား"

လိပ်မျိုး။ သူ့ဘက်သူယက်လွန်းသည့်သတ္တဝါ။

မာ မျက်စောင်းထိုးကြည့်ပြီး

"မဆိုးဘူး။ မဆိုးဘူး"

မာ အသံကုန်အော်မိတော့ မာ့ ကိုယ်လုံးလေးကိုလွှတ်၍
သူ ကရော်ကရော် လှောင်တော့သည်။ မာ စိတ်ဆိုးဆိုးနဲ့ သူ့
ခါးပင်ကို ဆုပ်ကိုင်၍ ဆွဲဆောင့်မိ၏။

"မော်စုတ်၊ လူလိမ် လူညာ"

"မာမီရေ၊ သားကို မာ သတ်နေပြီ။ လာကယ်ပါဦး၊
ကယ်ပါဦး"

မာ အသည်းယားအောင် မော် အော်ဟစ်တိုင်တန်း
တော့သည်။

"မော်နော်၊ နင့် ပါးစပ်ပေါက် ပိတ်၊ ပိတ်"

ခေါင်းအုံးတစ်လုံးနဲ့ မော့်ပါးစပ်ကို မာ အကြိမ်ကြိမ်



www.burmeseclassic.com

www.burmeseclassic.com



ဖိဖိတ်မိတော့ မော့်အသံပျောက်သွားသည်။ မာ တွန်းလိုက်တဲ့ အရှိန်
မော့် ခုတင်ပေါ်လဲကျ၍ မျက်လုံးလေးလည်ကာ ပြူးကြောင်ကြောင်
ဖြစ်ပြီး ပါးစပ်ပေါက်ဟ၍ အရုပ်တစ်ရုပ်လို ငြိမ်သွားသည့် မော့်ကို
မာ အလန့်တကြား ကြည့်မိသည်။

''ဟေ့ မော့်၊ မော့်။ မော့်''

မာ ကမန်းကတန်းလှုပ်၍ ခေါ်မိသည်။ မော့်ကိုယ်က
တောင့်တင်းလျက် ငြိမ်နေဆဲ၊ မာ သွေးတွေ ပွက်ပွက်ဆူလာသည်။
ဘုရားရေ၊ မာ ခေါင်းအုံးနဲ့ အတင်းဖိလိုက်၍ အသက်ရှုရပ်သွား
တာလား။

''မော့် မော့်''

မာ့ အသံက ဝမ်းနည်းလှိုက်တက်လာသည်။ မော့်နှာခေါင်း
ကို လက်ချောင်းလေးနဲ့ စမ်းသပ်ကြည့်မိသည်။

ဟင် အသက်မရှုတော့။ မာ ထိတ်လန့်သွားသည်။ မာ
မျက်လုံးပြူးကျယ်လာသည်။ မာ့နားကို သူ့ရင်ဘတ်မှာကပ်၍
နားထောင်မိသည်။ မာ့ရဲ့ စိုးရိမ်စိတ်က မာ့ရဲ့ မှားယွင်းမှုဖြစ်တော့
၏။ မော့် အစုတ်ပလုတ်ကု မာ့ကို သူ့ရင်ခွင်မှာထွေးပိုက်ထား
တော့၏။

''သွား မော့် အစုတ်အပြတ်''

မော့်၏ ဝမ်းသာမြူးတူးသည့်ရယ်သံ၊ မော့်၏ ရင်ခွင်
နွေးနွေးက မာ့နလုံးသားကို ညှို့ခံထားရသလို ငြိမ်သက်မိတော့
ထိုခံစားမှုက မာ့ရင်မှာ နစ်ချိန်ထိ နူးညံ့သိမ်မွေ့စွာ နေရာယူထား
မော့် လိမ်ညာနေမှန်း သိလျက် မာ မက်မောနေမိတာ မာ့အလွန်
အခုလည်း နှာခေါင်းသွေးထွက်တဲ့ဖြစ်စဉ်ကို ဘယ်နစ်ရက်
လောက် လွှနာလုပ်ဦးမလဲ မသိဘူး။ ဆေးသောက်ဖို့ အရေး





မာက ချော့ရဦးမယ်။

''မမာ၊ အစ်ကို ဆေးသောက်တော့မယ်၊ ကော်ဖီခွက်
ယူခဲ့ပါတဲ့''

အသင့် အသံစူးစူးကြောင့် မာ အသိဝင်လာသည်။

''အင်း အင်းပါ၊ လာပါပြီ''

''ကဲ သောက်ပါ၊ ကော်ဖီတွေ အေးသွားတော့မယ်''

မော့်လက်ထဲ ဆေးထည့်ပေးတာ မော့် မသောက်၊ မာ့ကို
ခပ်စူးစူးကြည့်၍ ကလေးဆိုးကြီးလို ဆိုးနွဲ့ချင်ပုံရသည်။

''သောက်လေ''

''မသောက်ဘူး''

''ဟ မသောက်ရင်၊ နင် နှာခေါင်း နာနေမှာပေါ့''

''နာပစေ''

မာ စိတ်ရှုပ်လာသည်။ ဒေါက်တာကျော်နိုင်၊ မေမေနဲ့
သူ့မာမိက သဘောကျသလို ပြုံးကြည့်ကြသည်။ အဲဒါ သက်သက်
မာ့ကို ကျီတိုက်တာ။ မာ့ကြောင့် ဖြစ်ရတာဆိုတော့ မာ သိပ်တင်းလို့
မဖြစ်ဘူး။ မေမေရှိနေတော့ ပိုခက်တယ်။

''သောက်လိုက်ပါနော်၊ နင် နှာခေါင်းနာနေရင် မာလည်း
နာသလို ခံစားရတယ်ဟ''

''အဲဒါဆို မာ သောက်လိုက်''

''တကယ် သောက်ရမလား''

''သောက်''

သူ အသံပြတ်နဲ့ ဆိုစဉ်၊ သူ့ကျေနပ်အောင် မာ
ဆေးသောက်ဖို့ ဆုံးဖြတ်လိုက်သည်။ မော့်လက်ထဲက ဆေးပြားနှစ်ပြား
ယူ၍ ခံတွင်းထဲထည့်တော့ မော့် ရယ်ချင်မိသည်။ သူ့ပြောတဲ့အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



လုပ်လေ့ရှိတဲ့ မာ့ကို အရမ်းချစ်မိပါ၏။ ဒါကြောင့် မာ့လက်ထဲက ဆေးပြားကို ပြန်ယူပြီး

"ပေးပါ၊ ငါပဲသောက်မယ်"

သူဆိုစဉ်၊ မာ မျက်စောင်းထိုးလိုက်သည်။ မေမေတို့ပြုံး၍ အခန်းထဲက ထွက်သွားစဉ် မော်ဆေးနှစ်ပြားကို ခံတွင်းထဲထည့်၍ မာ ကမ်းပေးသည့် ကော်ဖီနှင့် မျှောချလိုက်သည်။

"ဒီနေ့ နင် ရှုတင်ပျက်ပြီပေါ့"

"ပျက်ပစေ"

သူ့လေသံက မာနေဆဲ၊

"ဆေးသောက်ပြီး မှိန်းနေလိုက်"

"မာ လူနာစောင့်လုပ်၊ ငါက လူနာလေ"

"အင်းပါ"

"နောက်တစ်ခါ မာ ဘယ်သူနဲ့မှ လည်စရာမလိုဘူး၊ ကြားလား"

"အင်းပါ"

"အင်းပါ၊ အင်းပါ ဆိုပြီးလည်လို့ကတော့၊ ငါ့ကို အဆိုးမဆိုနဲ့၊ ဒီမှာ မာ၊ နင့်ကို ငါသနားလို့ ငြိမ်နေတာ၊ နင်ကလန်ရင် ငါ ဒီထက်ပိုပြီး ကြမ်းရလိမ့်မယ်၊ နားလည်လား"

"အင်းပါဆို"

မာ နှာခေါင်းတွန့်၍ ဆိုမိသည်။ မာ နှာခေါင်းတွန့်တော့ မော် ဘဝင်မကျ။

"နှာခေါင်းက ဘာရောဂါထတာလဲ"

"နင့်လိုပဲ နာလို့ပေါ့ဟ"

မာ ခပ်ချွဲချွဲပြောလိုက်တော့ မော် ကျေနပ်သွား၏။





"ငါ တစ်ရေးမှိန်းလိုက်မယ်၊ မာ စောင့်နော်၊ ငါနိုးလာရင် မာ ရှိနေမှ ဖြစ်မယ်"

"အင်းပါ"

ဒီလိုဆိုတော့လည်း ကောင်ဆိုးလေးက လိမ္မာသားပဲ၊ ခုတင်ပေါ်လှဲ၍ မျက်လုံးကို မှေးစင်းလိုက်သည်။ မာက သူ့ကိုယ်ပေါ် စောင်ပါးတစ်ထည် လွှမ်းခြုံပေးလိုက်သည်။ ဆေးအရှိန်နဲ့မို့ထင်သည် သိပ်မကြာခင် မော် အိပ်ပျော်သွားသည်။ မော် အိပ်ပျော်သွားမှ မာ သက်ပြင်းချနိုင်သည်။ အိပ်ပျော်နေတဲ့ မော့်မျက်နှာကို စေ့စေ့ကြည့်၍ မာ နှုတ်ခမ်းချွန်ပြလိုက်သည်။ မော့်စုတ်

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"မိမာ"

"ရှင် မေမေ"

မေမေ့ခေါ်သံကြောင့် မာ အခန်းထဲက ပြေးထွက်ခဲ့သည်။ မာ့ကို အလိုမကျဟန် ပေါ်နေသည့် မေမေ့ကို ငေးကြည့်မိပြီး

"ပြောလေ၊ ဘာပြောစရာရှိလို့လဲ မေမေ"

"ရှိတယ်၊ ပြောရမယ်၊ သမီးဓာတ်လမ်းတွေကို ဖြတ်စမ်း"

မာ နှုတ်ခမ်းပါးတွန့်၍

"ဘာဓာတ်လမ်းလဲ မေမေ"

"မိမာ မသိချင်ယောင်ဆောင်မနေနဲ့ မော် နာခေါင်းသွေ… ယိုတဲ့ကိစ္စက ညည်းပယောဂ မကင်းဘူးဆိုတာ မေမေသိတယ်"





မာ နှာခေါင်းရှုံ့၍ ခေါင်းငုံ့နေမိသည်။ မေမေက မာ့ကို …ဘယ်တုန်းကမှ မျက်နှာသာပေးတာ မဟုတ်ဘူး။ မာ နှုတ်ခမ်းစူ၍

"အို၊ အဲဒါ၊ မော့ဘာသာ ဖွတ်တရွတ်ဆန်လို့ဖြစ်တာ၊ …ဟာနဲ့ မဆိုင်ဘူး မေမေ"

"ဘာ မဆိုင်တာလဲ၊ မုန့်ဟင်းခါး စားမယ်ဆိုပြီး ဘယ် …ပျောက်သွားလဲ၊ ဒိုက်နဲ့ လျှောက်လည်တာ မဟုတ်လား"

"မဟုတ်ဘူး"

"ဒါဆို ဘယ်သူနဲ့လဲ"

"ကင်း နဲ့၊ ဟာ မဟုတ်ဘူး။ မဟုတ်ဘူး။ နှင်းအိနဲ့"

မာ ပီပြင်အောင် လိမ်ရတော့သည်။ မေမေက မာ့ …အကြောင်း နောကြေပြန်တာမို့ မာကို မျက်ဝန်းရှူးရှူးနဲ့ စိုက်ကြည့်ပြီး

"နှင်းအိနဲ့ ဟုတ်လား"

"ဟုတ်တယ် မေမေ့"

မာ ခပ်ကျစ်ကျစ်ဆိုစဉ် မေမေ ဝှန်းခနဲ ထ,ရပ်လိုက်ပြီး

"ဒီမှာ မိမာ၊ လိမ်တတ်မှ လိမ်၊ မေမေ နှင်းအိဆီ …လိုက်သွားတယ်။ နှင်းအိ ဈေးကပြန်လာတာနဲ့ ဆုံတယ်လေ၊ ကင်း …လာခေါ်တာ၊ နှင်းအိ ဈေးသွားလို့ မတွေ့ရဘူးတဲ့၊ ဒါဆို ကင်းနဲ့ …သွားတယ် ထင်တယ်တဲ့၊ မိမာ လိမ်ချင်သေးလား"

မာ နှုတ်ခမ်းစူ၍ ခေါင်းငုံ့ပြီး

"နှင်းအိနဲ့လွဲသွားတော့ ကင်းနဲ့ လည်မိတာ မာ မှားလို့ …ပါ။ တစ်ခါတစ်လေ လည်မိတာ"

"ဒီမှာ မိမာ၊ ညည်းကိုယ်ညည်း နပ်ချေးတွဲလောင်းကျတဲ့ …လေးလို မှတ်မနေနဲ့၊ ကင်းနဲ့ ဒိုက်ကို မေမေ သဘောမတွေ့ဘူး။ …ကြောင့် ဒီဓာတ်လမ်းကို ဖြတ်"



www.burmeseclassic.com

www.burmeseclassic.com



မာ စောဒက တက်ချင်ပေမယ့် မေမေ့မျက်နှာထားတ
နေတာကြောင့် ငြိမ်နေရသည်။

"ညည်းကို ဒီလောက် ကျပ်မတ်တာတောင် ညည်းဒီလို
လှစ်ခနဲ လှစ်ခနဲ ထွက်သွားမယ်ဆိုရင် မေမေတို့ စိုးရိမ်စရာရှိတာ
စိုးရိမ်ရမှာပဲ"

"ဘာ စိုးရိမ်မှာလဲ"

"မှော်မာမီက မင်္ဂလာကိစ္စ တောင်းဆိုလာတယ်၊ သမီး
ဖေဖေက လက်ခံတယ်တဲ့"

"ဟာ ဘာလို့လက်ခံရတာလဲ၊ ဖေဖေ လက်မခံရဘူး
မာ ဖေဖေ့ဆီ ဖုန်းဆက်မယ်"

မာ တစ်ကိုယ်လုံး တုန်ခါသွားသည်။ ဒီကိစ္စ မာ လက်
ချင်ဘူး။ မာ့ အပေါ် အနိုင်ကျင့်ဆိုးလွန်းတဲ့ မှော့်ကို မာ မလိုချင်ဘူး
မာ ချက်ချင်း ဖေဖေ့ဆီ ဖုန်းဆက်ဖို့လုပ်တော့ မေမေဦးစွာ ဖုန်းခွ
ကိုင်လိုက်ပြီး

"ညည်းအဖေကို စိတ်ဒုက္ခ မပေးနဲ့၊ သမီးဖေဖေ အသ
ကိစ္စတွေ ဖြတ်ပြီး ပြန်လာဖို့ စိုးရိမ်နေပြီ"

"ဟာ မာ့ကို အတင်းအကျပ် မစီစဉ်နဲ့၊ မာ လက်မခံဘူး

"ဒါ ညည်းရွေးချယ်တဲ့လမ်းပဲ၊ ညည်းကို အစကတည်းက
ပြောထားပြီးပြီ၊ မေမေ့ကို လိမ်ညာပြီး လှစ်ခနဲထွက်သွား
လုပ်ချင်ရာလုပ်ပြီး ပျော်သလိုနေတာကို ဒီအတိုင်းလွှတ်ထား
မရတော့ဘူး"

"ဟာ မေမေကလည်း။ မာ လက်လွှတ်စပယ် နေတာ
မဟုတ်တာ"

မာ ဝမ်းနည်းကြီးစွာ ဆိုမိ၏။ မေမေ မေးငေါ့ပြ





တင်းကြွလာပြီး

"မာ ပျောက်ပျောက်သွားရင် မေမေ ဘယ်လောက် စိတ်ပူ
တယ်ထင်လဲ"

တင်းမာနေဆဲ မေမေ့မျက်နှာကို မာ မကြည့်မိ၊

"အရှင်းဆုံးပြောရရင် သမီးကို မေမေ မထိန်းနိုင်တော့ဘူး။
သမီးဖေဖေ မရောက်ခင်အထိ သမီး မှော့်အနားမှာပဲ နေရမယ်။
မှော့် တောင်ကြီးမှာ ကားရိုက်စရာရှိတယ်။ မှော်နဲ့ လိုက်သွားရ
လိမ့်မယ်"

"ဟင် မာ၊ မာ လိုက်ရမယ်"

မေမေ ဆိုစဉ်၊ မာ မယုံနိုင်လောက်အောင် မျက်လုံးပြူး
သွားသည်။

"လိုက်ရမယ်၊ အဲဒါ အမိန့်ပဲ"

"ဟာ"

မာ သည်းမခံချင်လောက်အောင် ဒေါလောင်သွား၏။ မာ
အသံမှာ ဝုန်းခနဲ ပေါက်ကွဲလာပြီး

"မေမေ မတရားဘူး၊ မာ့ ဆန္ဒကို မေမေတို့ အရေး
မထားဘူး၊ မှော်ကြောင့် မာ ဘယ်လောက် စိတ်ညစ်ရလဲ၊ မေမေ
သိရဲ့လား"

"သိတယ်၊ သမီးကြောင့် မေမေတို့ ပိုပြီး စိတ်ညစ်ရတယ်၊
သမီးကြောင့် မေမေတို့အားလုံး စိုးရိမ်လိုက်တာပဲ၊ မှော်နဲ့ တောင်ကြီး
လိုက်သွားဖို့ စိုးရိမ်စရာရှိတာ စိုးရိမ်တော့ ၊ ဒါပဲ"

မေမေ၏ တင်းမာပြတ်သားမှုကို မာ ချေပခွင့် မရတော့။
ဘာကြောင့်လဲ ကံကြမ္မာ။ မာ့စိတ်နဲ့မှာ နေခွင့်မရတာ မှော်ကြောင့်။
မှော်နဲ့ဆုံပြီးကတည်းက မာဟာ ထောင်ကျသလိုပဲ၊ အရာရာ မှော့်



www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒတွေနဲ့ ရှင်သန်ရတာ ဘယ်လောက်ထိနိုက် ကြေကွဲ ကောင်းလိုက်သလဲ။

''မေမေ''

အယူခံဝင်ချင်တဲ့ မာ့ခေါ်သံကို မေမေ ဂရုမစိုက် မီးဖိုခန်းဘက်သို့ မေမေလှည့်ထွက်သွားစဉ် မာ စိတ်ထိနိုက် ကြေ ရတော့၏။ မာ့ဆန္ဒကို ပိုင်းဝန်း ပိတ်လှောင်သည့် အရာအားလုံး မာ မုန်းတီးပြီး ဒေါပွတက်လာသည်။ ထို့ကြောင့် မာ့ဆန္ဒနဲ့ အားလုံးကို အရွဲ့တိုက်ခွင့်ရချင်သည်။ ဟုတ်တယ်၊ မာ အရွဲ့တို ရလိမ့်မယ်။ မာ အပြင်ထွက်ရန် ခြေလှမ်းပြင်တော့ မေ ရောက်လာပြီး

''မာ၊ တောင်ကြီးသွားကြမယ်။ အဆင်သင့်လုပ်ကွာ''

ပိုင်စိုးပိုင်နင်း ပြောလာတဲ့ မေ့အပေါ် မာ ဒေါ မဖြစ်ဆုံးပဲ။ မာ ဒေါသကြီးလွန်းလျှင် ဘယ်သူ့နဲ့မှ ရင်မဆိုင် ရေချိုးခန်းထဲ ဝင်နေလေ့ရှိသည့်အတိုင်း ရေချိုးခန်းထဲ မာ လှ ပြေးဝင်လိုက်သည်။

''ဟော့ မာ၊ နင့် အဲလို မလုပ်နဲ့လေ''

လုပ်မှာပဲ၊ နင့်ကြောင့် မာ လွတ်လပ်ခွင့် မရတာ ခုလို ရေချိုးခန်းထဲ ဝင်နေလိုက်တော့ မာ ဘယ်လော လွတ်လပ်သလဲ။ နင်လည်း ဝင်လို့ မရဘူး။ မေမေလည်း ဝင် မပေးဘူး။ ရေချိုးခန်းတံခါး အသေပိတ်ပြီး ရေပန်းဖွင့်ချလိုက်သည် ရေစက်တွေ ဖြန့်ကျလာသည့် ရေပန်းအောက်မှာ မာ ငြိမ်နေ တော့သည်။

''ဟော့ မာ၊ မာ့''

ရေချိုးခန်းတံခါး တဝုန်းဝုန်းထု၍ ခေါ်နေသည့် မေ့အ





မကြားအောင် မာ နားထဲ လက်ညှိုးထိုးပိတ်ထားမိ၏။ ပြန်ကျလာ သည့်ရေစက်ရေပေါက်တွေကိုသာ အာရုံနှစ်ခံစား၍ မာ ငြိမ်သက် နေမိသည်။

မာ ခံစားမိစဉ် မာ့တစ်ကိုယ်လုံး ရေတွေ ရွှဲနစ်ပြီး အေးစက်ထုံကျင်ကာ တောင့်တင်းနေတော့၏။ မာ့ နားစည်မှ ရေစက်ကျသံ၊ တံခါးထုသံ၊ မေမေနဲ့ အန်တီစီခေါ်သံ၊ မေ့အသံ တွေ့ လုံးထွေး နေသည်။ ထို့နောက် မာ့ကိုယ်မှာ ထိန်းမနိုင်လောက် အောင် တုန်လျက် နံရံမှာ မာ့ကိုယ်မှာ မှီမိသည်။ ရေပန်းက ရေစက်ရေပေါက်တွေ မာ့ကိုယ်ပေါ် ကျနေဆဲ။ မာ တံခါးဖွင့်ဖို့ တဖြည်းဖြည်း အင်အားဖျော့ကာ မာ့ကိုယ် အေးခဲစွာ လဲပြိုကျ တော့၏။ တံခါးဖျက်ဝင်လာသည့် မေ့မျက်နှာမှာ စိုးရိမ်စိတ်တွေနဲ့ လှိုက်ဆူနေသည်။ ပျော့ခွေနေသည့် မာကို ကမန်းကတန်းပွေ့၍ ထုတ်ရသည်။ မာ့တစ်ကိုယ်လုံး အေးစက်တောင့်တင်းကာ နှုတ်ခမ်း ပါးတွေ ပြာနေပြီ။

''မာမီ ဒေါက်တာကို ခေါ်ပါ။ အန်တီ မာ့ အဝတ်တွေ လဲပေးပါ''

မာ့ကို အခန်းထဲ ထည့်ရင်း မေ့စိတ်တွေ ဆူဝေနေသည်။ အန်တီသက် မာ့အဝတ်စိုစိုတွေကို ချွတ်ပစ်၍ နွေးထွေးမယ့် အဝတ်တွေ လဲဝတ်ပေးသည်။ ထို့နောက် မာ့ကို ခုတင်ပေါ်တင်၍ စောင်ထူထူ လွှမ်းခြုံ၍ နွေးထွေးအောင် ထားသည်။ ဖြစ်နိုင်ရင် မာ့ကို သူ့ရင်ခွင်မှာ ပွေ့ထားချင်မိသည်။ သူ့ရင်ငွေ့နှင့် မာ့ကို နွေးထွေးနေစေချင်သည်။

''မာ မာ ငါခေါ်နေတာ ကြားလား၊ မာ''

စိုးရိမ်တကြီး ခေါ်သည့်မေ့အသံကို ခပ်တိုးတိုး၊ မာ



www.burmeseclassic.com

www.burmeseclassic.com



ကြာရသည်။ မာ မျက်ခွံပေါ် တောင်းတစ်လုံးဖိထားသလို လေးလံနေသည်။

"ဒေါက်တာ ကြည့်ပါဦး။ မာ ဖျားပြီထင်တယ်၊ ကျွန်တော့်ကို စိတ်ကောက်ပြီး ရေချိုးခန်းထဲ ရေစိမ်နေတာလေ"

မာ့လက်ဖဝါးကို ဆုပ်ကိုင်၍ ဝမ်းနည်းစွာဆိုသည့် မော့်အသံကို မာ မသဲမကွဲ ကြားရသည်။ ထို့နောက် ဒေါက်တာ စမ်းသပ်ပြီး ဆေးတစ်လုံး ထိုးပေးသည်။

"သောက်ဆေးပေးခဲ့မယ်၊ စိတ်မပူပါနဲ့၊ အအေးလွန်ပြီး ဖျားတာပါ၊ မကြာခင် ကောင်းသွားမှာပါ"

ဒေါက်တာကျော်နိုင် နှစ်သိမ့်စကားဆို၍ သောက်ဆေးသုံးခွက်စာ သူ့လက်ထဲ ထည့်ပေးသည်။ မေမေနဲ့ အန်တီသက်က စိုးရိမ်လွန်နေဆဲ၊

BURMESE CLASSIC .com

"ညနေ လာကြည့်ပေးပါဦး။ ကိုကျော်နိုင်"

"လာမှာပါ မမစီ၊ ဆေးရုံသွားခါနီး ဝင်ကြည့်မှာပါ၊ မော့် စိတ်အေးအေးထားပါကွယ်၊ မင်းပုံစံကြည့်ရတာ ပင်ပန်းလိုက်တာ"

မျက်လုံးမျက်ဆံပြူးနေသည့် မော့်ကို ဒေါက်တာ ကရုဏာသက်စွာ ဆိုလာသည်။ မာနဲ့ ဇတ်သက်ရင် မော့် ဟန်မဆောင်နိုင်ပါ။ မာဟာ သူ့အသက်နှင့် တူသည်။ ဆေးအရှိန်နှင့် အိပ်ပျော်နေသည့် မာ့နဖူးပေါ် သူ့လက်ဖဝါးနှင့် လက်တင်စမ်းမိသည်။

"သိပ်လည်း စိတ်မပူပါနဲ့ကွာ၊ မင်း ခရီးထွက်စရာ ရှိတယ် မဟုတ်လား"

ဒေါက်တာဆိုဆဲ၊ သူ ခေါင်းမညိတ်ချင်တော့၊ ဒီခရီးကို သူ မထွက်ချင်။ မာ့ကို သူစိတ်မချနိုင်တော့။ ဒေါက်တာနဲ့ မာမီတို့ အခန်းပြင်ထွက်သွားကြသည့်အခါ မော့် တစ်ခုခုကို ဆုံးဖြတ်၍





ဒါရိုက်တာ ကိုအောင်မြင့်ကို ချက်ချင်းဖုန်းဆက်ပြောမိသည်။

"ကိုအောင်"

"ဟော့ မော့်၊ အသင့်ဖြစ်ပြီလား။ ဖြစ်ရင် ကားလွှတ်လိုက်မယ်ကွ"

အရေးထဲ ကိုအောင် က တစ်မျှောင့်။

"နေဦး ကိုအောင်၊ ကိုအောင် တို့သွားနှင့်၊ ကျွန်တော် နှစ်ရက်လောက် နောက်ကျပြီး လိုက်ခဲ့မယ်ဗျာ"

"ဟာ မဖြစ်ဘူး။ မဖြစ်ဘူးကွ၊ မင်း ဘာဖြစ်နေတာလဲ"

"ကျွန်တော် ဘာမှမဖြစ်ဘူး။ မာ နေမကောင်းလို့"

"အဲဒါဆို မာ့ကို ထားခဲ့ပေါ့ကွာ"

"ကျွန်တော် စိတ်မချဘူး"

"ဟာ မင်းက ကဲလွန်းတယ်။ ကလေးမဆန်စမ်းနဲ့ကွာ"

ကိုအောင်နဲ့ ဖုန်းပြောလို့မပြီးခင် မာမီ အခန်းထဲရောက်လာသည်။

"ဟဲ့သား မော့်၊ ဘယ်လိုပြောနေတာလဲ၊ သားကြောင့် သူတို့တစ်ဖွဲ့လုံး ကသိကအောင့် ဖြစ်ရမယ်။ သွားစရာရှိတာ သွား"

မာမီ တတွတ်တွတ် ရွတ်၍ သူ့လက်ထဲက ဟမ်းဖုန်းလုလိုက်သည်။

"ဟော့ မောင်အောင်လား"

"ဟုတ်တယ် အန်တီ၊ မော့် ဂျစ်လုပ်နေလို့ ပြောပေးပါဦး"

"စိတ်ချ၊ အန်တီကိုယ်တိုင် သားကို လာပို့မှာပါ၊ ဒါပဲနော်"

မာမီ ဖုန်းပိတ်ပြီး သူ့ဘက်လှည့်၍

"သား၊ သားကြောင့် သူများလုပ်ငန်းကို မထိခိုက်စေနဲ့၊ မာ့နားမှာ မာမီတို့ ရှိမှာပါ။ စိတ်မပူပါနဲ့နော်၊ မာမီပြောသာ

www.burmeseclassic.com



နားလည်တယ်နော်၊ နားလည်လား၊''

သူ ခေါင်းမညိတ်ချင်။ မာ့လက်ဖဝါးလေးကို ခပ်တင်းတင်း ဆုပ်ကိုင်ထားမိ၏။

''သားကလည်းကွယ်၊ အန်တီတို့ ရှိတာပဲ၊ စိတ်ဖြောင့်ဖြောင့်ထားပြီး သွားပါကွယ် နော် နော်''

အန်တီကလည်း ချော့ချော့မော့မော့ ဆိုလာပြန်သည်။ လူကြီးတွေဆန္ဒကို မလွန်ဆန်ဝံ့တာကြောင့် သူ သက်မအသာချပြီး

''မာရယ်၊ နောက်ဆို မာ စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ပါဘူးဟာ နော်၊ မာ ပျော်အောင် ထားပါ့မယ်၊ ငါ ကတိပေးပါတယ် ဟာ၊ မာ ငါ့ကို ယုံပါနော်၊ ယုံကြည်ပေးပါနော်၊ နောက်ပြီး မာ့ကို ငါတကယ်ချစ်တယ်ဆိုတာ ယုံပေးပါ''

မာ့ မျက်နှာပြင်နုနုလေးကို တစိမ့်စိမ့်ကြည့်ကာ သူ့ရင်မှာ ဟာစ်ကြွေးနေမိသည်။

''ကဲ သား၊ သွားတော့လေ''

''ကဲ လာပါ၊ မာမီ လိုက်ပို့ပေးမယ်၊ ဟိုမှာ မောင်အောင်တို့စောင့်နေရတာ ကြာနေ့လိမ့်မယ်ကွယ်''

အန်တီနဲ့ မာမီ ချော့ချော့မော့မော့ဆို၍ သူ့ကို ဆွဲခေါ်သွားသည်။ မာ့လက်ဖဝါးလေးကို မလွှတ်ချင်ဘဲ ဖြည်းညင်းစွာ လွှတ်၍ ထွက်ခဲ့ရသောသူ့ရင်မှာ မချမ်းမြေ့တော့၊ မာ မပါသော ဒီခရီးဟာ သူ့ရင်ကို လွမ်းမောရစေပြီ။

မာရယ်၊ ငါ့ကို နားလည်ပေးပါကွယ်။

မာ နိုးလာစဉ် မောင် ခရီးထွက်သွားပြီဆိုသည့် အသိကြောင့် မာ စိတ်သက်သာရာ ရသွား၏။ မောင့်မာမီတိုက်သည့် ဆေးတစ်ခွက်ကို မာ မငြင်းဆန်ဘဲ သောက်မိသည်။ အခန်းထဲ လဲလျောင်းနေရတာ





မွန်းကျပ်သလို ဖြစ်တာကြောင့်

''မာ ခြံထဲမှာ ထိုင်ချင်တယ်။ အခန်းထဲမှာ လှောင်ပိတ်ထားသလို မွန်းကျပ်လို့ပါ မေမေ နော်''

မာ ဖျော့တော့စွာ အသနားခံ တောင်းဆိုမိသည်။ မာ့ကို မေမေစိတ် မသက်မသာကြည့်၍

''လေစိမ်း မိမှာပေါ့ကွယ်''

''ဟင်အင်း၊ မာ အနွေးထည် ဝတ်ထားတာပဲ''

''ကဲပါ၊ သမီးထိုင်ချင်ရင် ထိုင်လေ၊ သိပ်အကြာကြီး ထိုင်လို့တော့ မရဘူးနော်''

အန်တီ လိုက်လျောတာကြောင့် မာ့ရင်မှာလန်းပျော်သွားသည်။ ခြံထဲမှာ လေကောင်းလေသန့် ရှူရှိုက်ရတာ မာ့ရင်မှာ ပေါ့ပါး လန်းဆန်းလာသည်။ ခုလိုချိန်မျိုးမှာ မာ့ဆန္ဒကို လိုက်လျောတတ်သည့် ကင်း ကို သတိရမိသည်။

ကင်း ရယ်၊ မာ့ဆီ လာခဲ့ပါကွယ်။ မာ တောင့်တတဲ့ ကင်းက မာ့ဆီ ရောက်မလာ။

မာ့ဆီ တကယ်ရောက်လာသည်က ဒိုက် ဖြစ်တော့၏။

''ဟေ့ မာလေး၊ မာလေး ဖျားတယ်ဆို၊ မာလေးဖျားတယ် ကြားတော့ ဒီကောင့်ရင်မှာ အပူချိန်တိုးလာတယ်ကွာ''

ခြံစည်းရိုးအပြင်ပကနေ ရွှတ်နေသည့် ဒိုက်ကြောင့် မာ စိတ်နောက်လာသည်။

''ပြန်ပါတော့၊ မေမေနဲ့ အန်တီစီ ရှိနေတယ်''

''ရှိရှိပေါ့ကွာ၊ လူနာ သတင်းမေးလာတာ၊ မာလေးရယ်၊ ဒီကောင့်ကို မနှင်ပါနဲ့''

မောင်နဲ့ ဒိုက် ခေါင်းမာပုံချင်းမတူ၊ မောင်က ချုပ်ကိုင်သလို



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဒိုက်က စကားလုံးတွေနဲ့ တုပ်နှောင်တတ်သည်။ တော်သေး၏။ ခြံတံခါး သော့မတ်ထားပေလို့၊ မှာ သက်ပြင်းချလို့ မဆုံးသေး၊ ခြံတံခါးကို ကျော်တက်နေသည့် ဒိုက်ကို တွေ့ရစဉ် မှာ မျက်လုံးပြူးလာ၏။

"ဟေ့ ဒိုက်၊ မလာနဲ့လေ၊ မလာနဲ့"

မှာ တားလို့မဆုံးခင် ခြံစည်းရိုးပေါ်က လွှားခနဲခုန်ချသည်။ လူနာအတွက် အာဟာရဓာတ်စာထည့်ထားသည့် အိတ်တစ်လုံးဆွဲကိုင်လျက် မှာ့ရှေ့ရောက်ခဲ့သည်။ မှာ လှည့်ထွက်ဖို့ပြင်တော့

"ဟိုင်း၊ ချစ်သောမှာ၊ ဒီကောင့်ကို မျက်လုံးစိမ်းကြီးနဲ့ မကြင်နဲ့ဟာ၊ ထိုင်ပါဟာ၊ မှာလေး စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ဘူး၊ ထိုင်ပါ၊ ထိုင်နော်၊ Please "

မှာ့ကို အတင်းဆွဲထိုင်ဖို့ ကြိုးစားလာတဲ့ ဒိုက်လက်ကို ရှောင်၍ ဒုံးခနဲ ထိုင်ချမိသည်။ မှာ့ကို ကရုဏာမျက်ဝန်းနှင့် ဒိုက် စိုက်ကြည့်လာစဉ် မှာ မျက်နှာလွှဲမိ၏။

"မှာလေးရယ်၊ မော့်ကို လက်သီးစာကျွေးလိုက်လို့ စိတ်ဆိုးနေတာလား၊ အဲဒါဆို ဒီကောင် အယူခံဝင်ချင်တယ်ကွယ်၊ မှာလေးကို ဒီကောင်ချစ်တာ အပြစ်လား၊ ပြောပါ မှာလေး"

ဒိုက်၏ လှုပ်လှုပ်ရွရွဟန်ကို မှာ ငေးကြည့်မိ၏။

"ဒီကောင်က မှာလေးကိုမြင်ကတည်းက ချစ်ခဲ့တာ၊ ငယ်ငယ်လေးကတည်းက မော်ဆိုတဲ့ကောင်က မှာလေးကို ချုပ်ကိုင်ဖို့ ကြိုးစားတာ၊ ဒီကောင် သည်းမခံနိုင်ဘူး၊ မှာလေး၊ မော် လက်သီးတစ်လုံးကျွေးထားလို့ ဒီကောင်ပြန်ကျွေးတာ တရားပါတယ် မှာလေးရာ၊ မှာလေး မကျေနပ်ရင် ဒီကောင့်လက်သီးကို ကြိုက်သလိုစီရင်ပါကွာ။ ကြိုက်သလို စီရင်ပါနော် မှာလေး"





မှာ့ရှေ့သို့ ဒိုက်လက်သီးဆုပ်ကြီး ရောက်လာသည်။ မှာက ဘာစီရင်ရမလဲ။ ဒိုက်၏ ဖွတ်တရွတ်ဆန်မှုကို မှာ ရယ်ချင်မိသည်။ မှာ ဒိုက်လက်သီးဆုပ်ကို တွန်းဖယ်ပြီး

"ကဲပါ၊ လောလောဆယ် မှာခေါင်းရှုပ်နေလို့ ပြန်ပါတော့နော်၊ နောက်မှ တွေ့ကြတာပေါ့"

"မှာ နှင်တာလား၊ ဒီကောင့်ကို နှင်တာလား"

"မဟုတ်ပါဘူး။ ဒိုက် အခုလို ခြံစည်းရိုးကျော်ဝင်လာတာ မေမေတို့သိရင် စိတ်ဆိုးမှာ စိုးလို့ပါ။ နောက်ပြီး မှာ ခြံထဲထွက်ထိုင်ခွင့် ရတော့မှာ မဟုတ်ဘူးလေ။ ဒါကြောင့်ပါနော်"

"ဒါဆိုရင် ညနေတိုင်း ထွက်ထိုင်နော်၊ ဒီကောင် လာခဲ့မယ်"

မှာ သက်ပြင်းချ၍ ခေါင်းညိတ်မိ၏။ မှာခေါင်းညိတ်တော့ ဒိုက် လက်ပန်းပေါင်းခတ်၍ ဝမ်းမြောက်ဝမ်းသာ ခုန်လေပြီ။

"အို ချစ်သောမှာ၊ ဒီကောင့်ကို အသိအမှတ်ပြုတယ်ပေါ့၊ ဟေ့ ပျော်တယ်ကွာ၊ ဟိုင်း ပျော်တယ်၊ မှာ အသိအမှတ်ပြုလို့ ပျော်တယ်။ ဒီကောင့်ကို အသိအမှတ်ပြုတဲ့ လက်ဆောင်တစ်ခု ပေးပါကွယ်၊ ဒီကောင် ဖြေသိမ့်နိုင်အောင်လို့"

မှာ့ရှေ့မှာ ဟန်ရေးပြ တောင်းဆိုလာသည့် ဒိုက်အသွင်က မျောက်တစ်ကောင်နှင့် တူလွန်းသည်။ ဒိုက်ပုံစံကြောင့် မှာ စိတ်ရှုပ်ရသလို၊ ရယ်မောချင်စိတ်လည်း ဖြစ်သည်။

"ကဲ ရော့"

မှာ မွှေ့ကိုင်ထားသည့် ယုန်မွေးပွရုပ်လေးကို မှာ ကမ်းပေးလိုက်မိသည်။

"ဟိုင်း ချစ်ရတဲ့မှာ၊ Thank you, Thank you "

ယုန်မွေးပွရုပ်လေးကို ဒိုက်ရင်ခွင်မှာ ပွေ့၍ မှာ့ကို



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်ပြီး ခြံတံခါးကို ကျော်ထွက်သွားသည့် ဒိုက်ပုံစံက ဖျော့်ရှင်မြူးကြွသည့် မျောက်လွှဲကျော်နှင့် တူတော့သည်။ ဒိုက်အရိပ် ပျောက်သွားတော့ မာ သက်ပြင်းချသည်။ မာ့အနားထားရစ်ခဲ့သည့် လူနာအတွက် စာတ်စာအိတ်ကို လှမ်းကြည့်၍ မာ ပြုံးမိသည်။

ဒိုက်ရယ်၊ နင်ဟာ တကာယ်ကို ပေါ်တီပေါ်ချာနိုင်တဲ့ မျောက်တစ်ကောင်လို ပါပဲလား။ နင်နဲ့ မော်ဟာ ကင်းလို မာ့ဆန္ဒကို ရှေ့တန်းတင်ရင် သိပ်ကောင်းမှာပဲဟာ။

✿ ✿ ✿





အခန်း (၁၂)

"မာရယ်၊ မာ နေမကောင်းဘူးတဲ့၊ ကင်းပြောလို့ သိရတာ သိသိချင်း နင်းအိ လာခဲ့တာ၊ ဒီမှာ ကင်း စာတစ်စောင် ပေးခိုင်း လိုက်တယ်"

နင်းအိ ရောက်လာတော့ မာ အားတက်လာသည်။ အထူးသဖြင့် ကင်း စာခေါ်ပေါ်လေးကို မြင်ရစဉ် မြူးတူးခုန်ပေါက် ချင်သလိုလို ဖြစ်လာသည်။ မေမေ လာနေတာကို လှမ်းမြင်တော့ ကင်း စာခေါက်ကို မာ အကျီဘေးအိတ်ထဲ ကမန်းကတန်း ဝှက်လိုက်သည်။

"နင်းအိ ကင်းအကြောင်းမပြောနဲ့၊ မေမေသိလို့ မဖြစ်ဘူးဟ"



www.burmeseclassic.com

www.burmeseclassic.com



ကင်း စာပေးတာသိရင် ပြဿနာက ပိုကြီးနိုင်တယ်လေ၊ အကင်းပါးတဲ့ နှင်းအိက အနားရောက်လာတဲ့ မေမေကို မျက်နှာ ထွေးကြည့်ပြီး

''အန်တီ မာက နှင်းအိကို သိပ်မခင်ဘူး ထင်တယ်၊ နေမကောင်း ဖြစ်တာတောင် သတင်းမပေးဘူး''

လို့ ရောချဆိုလာသည်။

''အအေးမိပြီး ဖျားရုံဆိုလို့ပါဟယ်၊ နှင်းအိကို မာခင်ပါတယ်''

မာ အလိုက်အထိုက် ပြန်ဖြေတော့၊ မေမေပြုံး၍

''နေမကောင်းဖြစ်တာကို သတင်းမပေးလို့ စိတ်မကောင်း မဖြစ်ပါနဲ့ကွယ်၊ မာ မင်္ဂလာဆောင်ရင် အန်တီ သတင်းပေးမှာပါ''

''မာ့ မင်္ဂလာဆောင်၊ ဟုတ်လား၊ ဘယ်သူနဲ့လဲ''

နှင်းအိ မျက်နှာလေး ဝင့်လျက် မေးခွန်းထုတ်လိုက်သည့်အခါ မေမေ ပြုံး၍

''မောင်နဲ့လေ'' တဲ့။

မေမေ ပွေ့ပါးစွာဆိုစဉ်၊ မာ မျက်နှာ ညှိုးလျှသွားသည်။ နှင်းအိ နှုတ်ခမ်းလွှာ ပွင့်ဟသွားသည်။ မေမေ အပြုံးမပျက်ဘဲ

''နှင်းအိ ကော်ဖီသောက်ပါကွယ်၊ အန်တီ အနောက်ဘက်မှာ လုပ်စရာရှိတာ လုပ်ဦးမယ်။ သမီးနဲ့ စကားလည်းပြော၊ ကော်ဖီလည်းသောက်ပါကွယ်''

နှင်းအိ ရှေ့သို့ ကော်ဖီဘန်း မေမေ ချပေး၍ ဆိုပြီး အတွင်းခန်းထဲ ဝင်သွားတော့သည်။ မေမေ့ ပုံရိပ်ပျောက်သွားတော့ မာ့အပါး နှင်းအိ တိုးကပ်လာပြီး

''တကယ်လား မာ၊ အန်တီ ပြောတာ၊ တကယ်လား''





မာ သက်မ အသာချပြီး

''မေမေတို့ ဖွတ် စီစဉ်တာ၊ မာ လက်မခံဘူး၊ ဖေဖေ ရောက်လာရင် မာ ကလန်မယ်''

''မာရယ်၊ မာ့ အတွက် စိုးရိမ်လိုက်တာဟာ၊ မောင့်ဆီမှာ အသနားခံကြည့်ပါလား''

''အားကြီးကြီး ရမယ်ထင်လို့လား၊ မောင် ဖွတ်လုပ်လို့ မေမေတို့ စီစဉ်တာ၊ ဟိုနေ့က ကင်းနဲ့ လည်တဲ့ကိစ္စကို မကျေနပ်လို့ ဒိုက်ကိုချတာလေ၊ ဒိုက်လက်သီးကျွေးလိုက်တော့ မောင် ခံလိုက်ရတယ်၊ အဲဒါကို မေမေ စွဲချက်တင်တယ်လေ၊ မောင့်မာမီက မောင် တောင်းရင် ဘာမဆို လုပ်ပေးတယ်လေ၊ ဖေဖေနဲ့ မောင့်မာမီ ဘယ်လိုညှိနှိုင်းသွားလဲ မသိဘူး၊ အဲဒါ စီစဉ်တာ၊ မာ စောဒက တက်လို့မရဘူး၊ မေမေ အတင်းအကျပ် အမိန့်ထုတ်ထားတယ်''

''ဒါဆို မာ ဘယ်လို စီစဉ်မလဲ''

''မာ့စိတ်နဲ့မာ လွှတ်လွှတ်လပ်လပ် နေရမယ်ဆိုရင် ဘယ်လမ်းကိုမဆို ရွေးမှာပဲ။ မာ ကင်းနဲ့ တွေ့ချင်နေတာ၊ နှင်းအိ ရောက်လာတော့ အံကိုက်ဖြစ်သွားတယ်။ စာထဲမှာ ဘာရေးထားလဲ သိလား''

''တင်အင်း၊ အဲဒါတော့ မသိဘူး''

''ဒါဆိုလည်း မေမေ့ အခြေအနေစောင့်ကြည့်ပြီး ကင်း စာကိုဖတ်ကြည့်လိုက်မယ်၊ ဒါပေမဲ့ မာ အပြင်ထွက်ခွင့် မရတော့ဘူးဟ''

မာ ဝမ်းနည်းသံနှင့်ဆိုစဉ် နှင်းအိ စိတ်မသက်မသာ ဖြစ်လျက်

''ဒါဆို နှင်းအိ လာခဲ့မယ်လေ၊ စာဖတ်ပြီး ဘာဆက်လုပ်



www.burmeseclassic.com

www.burmeseclassic.com



သင့်သလဲဆိုတာ မာ ဆုံးဖြတ်လေ၊ မာ့ဆန္ဒကို နှင်းအိ ကူညီမယ်"

နှင်းအိ စကားကြောင့် မာ လှိုက်ခနဲ ဝမ်းသာကာ နှင်းအိ လက်ဖဝါးလေးကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်မိသည်။

"ကျေးဇူးတင်လိုက်တာ နှင်းအိ ရယ်"

"ဒါဆို နှင်းအိ ပြန်မယ်၊ မာ စာဖတ်ပြီး တစ်ခု ဆုံးဖြတ်နော်၊ နှင်းအိ နောက်နေ့တွေ လာခဲ့မယ်၊ မာ အပြင်ထွက်လို့ ရမယ့်နည်းလမ်း ဝိုင်းရှာကြတာပေါ့"

နှင်းအိ အားတက်သရောဆိုစဉ်၊ မာ့ရင်မှာ လန်းကြ လာသည်။

"အင်း ကောင်းတယ်၊ လောလောဆယ် မေ့ာ် မရှိတာ ကံကောင်းတယ် ပြောရမယ်။ မေ့ာ် တောင်ကြီးမှာ ဆယ်ရက်လောက် ကြာမယ်လေ"

"ကောင်းတာပေါ့၊ အချိန်အများကြီး ရတာပေါ့ဟာ၊ ဒါဆို နှင်းအိ ပြန်မယ်"

နှင်းအိ ဆိုစဉ်၊ မာ ခေါင်းညိတ်လိုက်သည်။ နှင်းအိ ပြန်သွားတော့ မာ ရင်မှာမြူးတူးနေပြီး အခန်းထဲ ပြေးဝင် အခန်းတံခါးကို ဂျက်ချပိတ်လိုက်သည်။ ကင်း ပေးလိုက်သည် စာခေါက်ကို ဖွင့်ဖတ်ရန်ပြင်စဉ်

"သမီး မာ၊ တံခါးဖွင့်စမ်း၊ မာ"

မေမေ တံခါးခေါက်၍ ဆိုတာကြောင့် မာ စိတ်ညစ်သွား သည်။ စာခေါက်ကို ခုတင်အောက် ထိုးထည့်လိုက်ပြီး မှင်သေသေ မျက်နှာပေးနှင့် တံခါးဖွင့်သည်။ မာ့မျက်နှာကို မေမေ စူးစမ်းသ စိုက်ကြည့်စဉ် မာ မျက်လွှာချပြီး

"ဘာလဲ မေမေ"





"အခန်းအောင်းမနေနဲ့၊ လာခဲ့၊ မမစီတို့ဆိုင် သွားကြမယ်"

"ဟာ၊ မာ မသွားချင်ဘူး၊"

"မသွားလို့ မရဘူး၊ မင်္ဂလာဆောင်အတွက် စိန်လည်ဆွဲ လုပ်ဖို့တဲ့၊ ဒီဇိုင်နာ ခေါ်ထားတယ်။ သမီးပုံစံနဲ့ လိုက်ဖက်မှုရှိအောင် ကြည့်ပြီး ပန်းတိမ် အပ်ရမှာလေ"

မာ ခေါင်းကုတ်မိပြီး

"မေမေရယ်၊ မေမေတို့ ဘာသာ စီစဉ်ပါ။ ဒီ မင်္ဂလာဆောင်ကို မာ စိတ်မဝင်စားဘူး၊ ဘယ်မှလည်း မထွက်ချင်ဘူး"

"မိမာ၊ ညည်းကို မေမေ အကြမ်းမလုပ်ချင်ဘူးနော်၊ နေရာတကာမှာ ဖွတ်တိုက်ဖို့ မကြိုးစားနဲ့"

"ဟာ၊ မာ ဖွတ်တိုက်တာ မဟုတ်ဘူး၊ မေမေတို့ပဲ ဖွတ် စီစဉ်တာလေ"

"မိမာ"

ကြွပ်ဆတ်မာတင်းသည့် မေမေ့အသံနက်ကြောင့် မာ နှုတ်ခမ်းစူလိုက်သည်။

"ညည်း၊ ဒီထက်ခေါင်းမာနေရင်၊ မေ့ာ်ကို ခုချက်ချင်း ခေါ်ပြီး လက်ထပ်ပေးရလိမ့်မယ်၊ ညည်း ခေါင်းမာချင်သလောက် မာစမ်း"

မေမေ အစွမ်းကုန် ဖိနှိပ်ဆိုစဉ်၊ မာ ဝမ်းနည်းရသည်။ မာ့ဘက်က စာနာမယ့်သူ ဘယ်မှာလဲကွယ်၊ ကင်း ရယ်၊ ဖြစ်နိုင်မယ် ဆိုရင်၊ မာ ခုချက်ချင်း ပြေးထွက်ချင်ပါတယ်ကွယ်။ မာ မျက်နှာပေး ဆူချွန်ချွန်ကို မေမေ ဘဝင်မကျ ရှုပြီး

"ဘယ်လိုလဲ၊ မေ့ာ်ကို ဖုန်းဆက်ခေါ်ရမလား"



www.burmeseclassic.com

www.burmeseclassic.com



မာ ဦးခေါင်း ရမ်းလိုက်သည်။

''မခေါ်စေချင်ရင် လိုက်ခဲ့၊ စောဒက တက်စရာ မလိုဘူး။ ညည်းမင်္ဂလာပွဲကို ညည်းစိတ်မဝင်စားပေမယ့်၊ မေ့အတွက် စိတ်ဝင်စားတဲ့ ပွဲတစ်ပွဲ၊ မေ့ ပတ်ဝန်းကျင်၊ မေ့အသိုင်းအဝိုင်း၊ မေ့အောင်မြင်မှုအားလုံးအတွက် မေ့မာမီက အကောင်းဆုံးနဲ့ အထူးခြားဆုံးဖြစ်အောင် စီမံနေတဲ့ အချိန်မှာ ညည်း ခေါင်းမာ နေစရာ မလိုဘူး၊ ညည်းမင်္ဂလာပွဲက မေမေတို့ အားလုံးရဲ့ ဆန္ဒပဲ နားလည်လား''

မေမေ့ စကားလုံးပြတ်ပြတ်က မာ ဝမ်းနည်းစွာ နှုတ်ဆိတ် နေရုံမှတပါး၊ ဘာမှ မတတ်နိုင်တော့။ မာ့နလုံးသားက စိမ့်ထွက် လာသည့် ဝမ်းနည်းမှုတွေကို မာ ဝါးမျိုရင်း ငြိမ်သက်နေရသည်။

''လာ သွားစို့၊ ညည်းကို ဟိုကစောင့်နေရတာ အားနာပြီ''

မာ စောဒက တက်ခွင့်မရတော့၊ မေမေ့နောက်က ငြိမ်ကုတ်ကုတ်လိုက်ထွက်ခဲ့ရသည်။

ခုတင်အောက်က စာခေါက်လေးရယ် ကင်းကိုယ်စား မာ့ကို နားလည်ပေးပါကွယ်။

✿ ✿ ✿



## အခန်း (၁၃)

မာ့ကို ဒီဇိုင်နာ သုံးယောက် စူးစိုက်ကြည့်စဉ် မာ့ရင်မှာ ရှက်စိတ်ဖြာလျက် မာ ခေါင်းကိုငုံ့ ကိုယ်ကိုကျုံ့၍ ထိုင်လိုက်မိသည်။

''အို ဘယ်လိုဖြစ်ရတာလဲ၊ သတို့သမီးလောင်းရယ်။ မတ်တပ်ရပ်ပါ။ မျက်နှာမော့မော့လေး ထားပါကွယ်၊ ဒါမှ ဘယ်လို အဝတ်၊ ဘယ်လိုရတနာနဲ့ လိုက်မလဲဆိုတာ ချိန်ဆကြည့်လို့ ရမှာပေါ့ကွယ်၊ ဒီက အန်တီစီက ချွေးမလောင်းကို တစ်ကိုယ်လုံး စိန်စီပြီး ဆင်ချင်တာတဲ့၊ များတို့က ဒီပွဲကို စိတ်အဝင်စားဆုံးပဲ။ ဒါကြောင့် သတို့သမီးလေး မရှက်ပါနဲ့ကွယ်။ မတ်တပ်ရပ်ပါကွယ်''

ချွဲပြစ်ပြစ်လေသံနှင့် ဆိုလာသည့် ဒီဇိုင်နာကောင်ကို မာ အမြင်ကတ်စွာ ကြည့်လိုက်၏။ အန်တီစီက ပြုံးနေပေမယ့် မေမေ

www.burmeseclassic.com



မှာ့ကို ဘဝင်မကျစွာ ကြည့်ကာ

''မိမာ ညည်းကတော့ သူများက တောင်ဆို မြောက်လုပ်ရမှ ကျေနပ်မယ့် ကလေးပဲ''

''ကဲပါကွယ်၊ သမီးမာ မတ်တပ်ရပ်လိုက်ပါ။ ဒါမှ သမီးအရပ်နဲ့လိုက်ဖက်မှုရှိမယ့် အဆင်အပြင်မျိုး မှန်းလို့ရမှာပေါ့''

အန်တီစီက မှာ့ကို ချော့ချော့မော့မော့ ဆိုလာသည်။ မာ မရပ်ချင်ရပ်ချင်နှင့် ရပ်လိုက်ရသည်။ ဒီဇိုင်နာ သုံးယောက် မှာ့မျက်နှာကိုကြည့်၊ လည်တိုင်ကိုကြည့်၊ ကိုယ်လုံးကိုကြည့်၊ ရှေ့ကကြည့် နောက်ကကြည့်၊ လှည့်ပတ်ကြည့်လို့ပင် မပြီးနိုင်တော့။ နာရီဝက်လောက်ကြည့်ပြီးမှ ကျေနပ်ဟန်တူသည်။ မျက်နှံးလေးဝင့်၍

''အန်တီစီ စိတ်ကူးအတိုင်း အိုကေ တယ်။ ဖာဖြူဖြူမှာ စိန်ပွင့်တွေ မြှုပ်လိုက်မယ်။ လည်တိုင်ရှည်ရှည်က အရမ်းလှတယ်ဆိုတော့ ထူးထူးခြားခြားဖြစ်အောင်၊ အင်း တစ်တန်းတည်းခြယ်ထားတဲ့ စိန်ကြိုးကို ဒေါင်လိုက်ဆင်မယ်။ အတွင်းရင်ခံကြိုးနေရာမှာ စိန်ပွင့်ကြိုး ဒေါင်လိုက်ဆင်လိုက်မယ်။ ဒီတော့ စိန်တန်းသုံးတန်း အပြိုင်ဖြစ်မယ့်, အပြင်အဆင်ဆိုတော့ အမြင်ဆန်းစေမယ်လေ ဘယ်လိုလဲ၊ စိတ်ကူးဒီဇိုင်းလေး လှရဲ့လား''

ဒီဇိုင်နာ ခံတွင်းလိုက်စွာဆို၊ မေမေနှင့် အန်တီစီ မျက်နှာပေါ် အပြုံးလက်ဖြာသွားသည်။

''အင်း လှတယ်။ ဒီ ဒီဇိုင်းမျိုး ဘယ်သူမှ မထွင်နိုင်ဘူး အန်တီစီ စိတ်ကူးအတိုင်း မာမီပုံဖော်တတ်တာ ထူးခြားပြီး လှနေမယ်လေ''

''ဒါဆို ဆံထုံး ကရော''

ဒီဇိုင်နာတွေ ပါးစပ်အရသာခံပြီး စီမံပြောနေပေမယ့် မာ





နားထောင်စိတ် မရှိတော့။ မာ လှည့်ထွက်ခဲ့တော့။

''အို၊ မိမာ၊ ဘယ်သွားမလို့လဲ''

''မာ မူးလို့မေမေ၊ အန်တီစီ ရုံးခန်းထဲမှာ ခဏနားမလို့''

မာ အကြောင်းပြကို မေမေ ဘဝင်မကျ မျက်စောင်းခဲကြည့်သည်။ အန်တီစီက အပြုံးမပျက်ဘဲ

''နား နားပါစေ၊ သက်သက်ရယ်''

အန်တီစီ စကားမဆုံးခင် မာ လှစ်ခနဲ ထွက်၍ အန်တီစီ့ရုံးခန်းထဲ ဝင်ထိုင်မိသည်။ ဒါတောင် မေမေစိတ်မချသလိုလာချောင်းသည်။ မေမေ့ကို မာ မုန်းချင်လာသည်။ ထိုစဉ် အန်တီစီဟမ်းဖုန်း မြည်လာသည်။ ဖုန်းနံပါတ်ကြည့်လိုက်တော့ မော့်ဖုန်းမှန်းသိလိုက်ရသည်။ သူ့မာမီကို ဘယ်လိုချွဲမလဲဆိုတာ မာ သိချင်တာကြောင့် မာ ဖုန်းကိုင်လိုက်သည်။

''မာမီ၊ မာ နေကောင်းရဲ့လား၊ သား အရမ်းစိတ်ပူတာပဲ၊ ဟိုလေ အန်တီသက်ကိုပြော၊ မှာ့ကို မဆူပါနဲ့လို့၊ မာမီ မှာ့နားမှာ အဖော်နေပေးနော်၊ မာ ဂျစ်တိုက်တတ်တာကလွဲရင် မာ လိမ္မာပါတယ်။ သား အကြောင်း မာ ဘာပြောသေးလဲ''

တရစပ် စီးဝင်လာသည့် မော့် အသံကို မာ ငြိမ်သက်စွာ နားထောင်နေမိသည်။ အန်တီကို လှမ်းခေါ်ရင် ကောင်းနိုးနိုး မာ စဉ်းစားရ၏။

''မာမီ၊ သားပြောနေတယ်လေ မာမီ''

တတွတ်တွတ်ခေါ်သည့် သူ့ခေါ်သံကို မာ အမြင်ကတ်ပြီးစိတ်အချဉ်ဖောက်လာသည်။

''ဘာချွဲနေတာလဲ၊ နင့်မာမီကို အဲလို ချွဲချွဲပြီး မှာ့ကို ချည်နှောင်ဖို့ ကြိုးစားနေတာ မဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



''ဟင် မာ မာ''

မာ့အသံ ရုတ်တရက်ကြားရစဉ် သူ အံ့ဩဝမ်းသာသွားသည်။

''မာ မာ မာမို့ဆိုရောက်နေတယ် ဟုတ်လား။ မာ နေကောင်းသွားပြီပေါ့၊ ဟုတ်လား မာ''

''ဟုတ်တယ်။ နေကောင်းပေမယ့် မာ စိတ်မကောင်းသေးဘူး၊ နင့်ပယောဂကြောင့် မာ စိတ်ညစ်ရတယ် သိလား။ နင်နဲ့ မင်္ဂလာဆောင်ပေးဖို့ အတင်းအကျပ် စီစဉ်နေကြတယ် သိရဲ့လား။ နင်ကတော့ ပျော်နေမှာပေါ့''

မာ့ရင်ထဲမှ ဝမ်းနည်းမှုတွေ လှိုက်တက်လာစဉ်မာ အသံတုန်ခါလာသည်။ မာ့အသံ တုန်ခါခါကြောင့် မှော့ရင်မှာ ပူရှိန်းကာ

''မာ၊ နင်ငိုနေတာလား၊ ငိုနေတာလား''

''ဟုတ်တယ်၊ မာ ငိုနေရတယ်။ အဲဒါ နင့်ကြောင့်၊ နင်ဟာ မာ့ကို ချုပ်ကိုင်ဖို့ကြိုးစားတဲ့ အတ္တသမား၊ သိရဲ့လား။နားလည်ရဲ့လား။ မာ့ဆန္ဒကို မဖတ်တတ်တဲ့သူ။ မာ့ကို နင် လှောင်အိမ်ထဲ သွပ်သွင်းဖို့ ကြိုးစားနေတဲ့သူ။ အဲဒီအတွက် မာ့နှလုံးသားက နာတယ်။ မာ့ဦးနှောက်ထဲမှာ ခါးတယ်။ သိရဲ့လား။ မာ့ဆန္ဒကို ခံစားတတ်ရဲ့လား''

မာ၏ ဝမ်းနည်းမှုတွေက အရှိန်ပြင်းစွာ စီးဆင်းလာတော့၏။ မာ့ ငိုရှိုက်သံက ရင်မှာ တစ်ဆို့ကာ မာ့လည်မျိုကို ဖိညှစ်ထားသလို တင်းကျပ်လွန်းသည်။

''မာ၊ မာ''

မာ့ငိုသံသည် သူ့နှလုံးသားမှာ ပွက်ပွက်ဆူစေသည်။ သူနဲ့ လက်ထပ်ရမယ့်ဖြစ်စဉ်မှာ မာ ဒီလောက်ထိဝမ်းနည်းလိမ့်မယ်လို





သူ မထင်ခဲ့တာ၊ သူ မှားယွင်းလား။ မာ့ကြေကွဲသံက အမှားတစ်ခုကို သူကျူးလွန်သလို နှောင်တရမိသည်။

''မာ နင် နင်ဝမ်းနည်းပါနဲ့ဟာ၊ မာ စိတ်ချမ်းသာအောင် ငါ လိုက်လျောမှာပါ နော် မာ၊ ငါပြောတာကြားလား၊ မာ မငိုနဲ့ဟာ၊ မငိုနဲ့၊ မာ့ဆန္ဒကို လိုက်လျောမှာပါ''

''တော် တော်ပါတော့ မှော်၊ မာ့ကို ပျားရည်နဲ့ ခံတွင်းမဆောနဲ့၊ နင့်ရဲ့ ဖွတ်ဖန်တီးမှုတွေကို မာ ခံရလွန်းလို့ နောကြေနေပါပြီဟာ၊ နင် မာ့ကို သနားရင် ဘာမှမပြောနဲ့တော့၊ မပြောနဲ့တော့''

မာ တရစပ်ဆို၍ ဖုန်းချလိုက်ပြီး အကြိမ်ကြိမ် ရှိုက်၍ ငိုမိတော့သည်။

နင့်ကြောင့် မာ့ ဘဝတစ်လျှောက်လုံး မျက်ရည်ပင်လယ်မှာ လက်ပစ်ကူးရတော့မယ် ထင်တယ်၊ မှော်ရယ်။

မာ့ကို ကယ်ပါကွယ်၊ ဘယ်သူကယ်နိုင်မှာလဲ၊ ခုချိန်မှာ မာ့ရင်ထဲက ခံစားချက်တွေကို ဖောက်ထုတ်လိုက်ချင်သည်။ မာ ဘယ်သူ့ကို ရင်ဖွင့်ပြရမလဲ၊ ကင်းပေါ့၊ ဟုတ်တယ်။

စိတ်သက်သာမှု ရလိုရငြား ကင်းဆီကို မာ ချက်ချင်း ဖုန်းဆက်မိသည်။

''ဟဲလို''

ကင်း အသံကြည်ကြည်ကြောင့် မာ့ရင်မှာ ကြည်လင်လာသည်။ မာ့ပါးပြင်ပေါ်က မျက်ရည်စတွေ ပွတ်သုတ်၍ မာ ဝမ်းနည်းသံကို ဖိမျိုချပြီး

''ကင်း''

''ဟာ မာ မာ ဟုတ်တယ်နော်''



www.burmeseclassic.com

www.burmeseclassic.com



ကင်း၏ အံ့ဩဝမ်းသာသံက မာ့ရင်ကို ရေစင်ဖျန်းပက်သလို လန်းဆန်းသွားစေသည်။

''ဟုတ်တယ် ကင်း''

''ဝမ်းသာလိုက်တာမာ၊ မာ အခု ဘယ်ကဆက်တာလဲ၊ မာ့အိမ်ကို ကျွန်တော်ဆက်တာ ဖုန်းကိုင်မယ့်သူ မရှိဘူး''

ကင်းရယ်၊ မာ့ကို ဒီလောက်ပဲ ဂရုစိုက်ရသလား။ မာ သက်ပြင်းငွေ့ငွေ့ချ၍

''ဟုတ်တယ်၊ မာနဲ့မေမေ အန်တီစီဆီ ရောက်နေတယ်၊ မေမေနဲ့ အန်တီစီ ဒီဖိုင်နာတွေနဲ့ အလုပ်ရှုပ်နေလို့ အန်တီစီ ရုံးခန်းမှာ မာ ဝင်နားရင်း ဆက်လိုက်တာ''

''ဪ ဒါနဲ့ နှင်းအိနဲ့ စာပေးခိုင်းလိုက်တယ်။ နှင်းအိ စာလာပေးလား မာ''

''အင်း ပေးတယ်''

''မာ ဖတ်ပြီးပြီ ပေါ့''

ကင်း အားတက်သရောမေးစဉ်၊ မာ အသံတိတ်သွားသည်။ သူ့စာမဖတ်ရသေးဘူးဆိုရင် သူ ဝမ်းနည်းနေမလား။ မာ့ကို တစ်မျိုးတစ်ဖုံ မြင်သွားမလား။ မာ စိုးရိမ်တာကြောင့်

''မာ မာ တစ်ခုခု ပြောလေ''

ကင် အသံလေးလိုမ့်ဝင်လာစဉ်၊ မာ သက်မချမိသည်။

''မာ့ အခက်အခဲကို ကျွန်တော်နားလည်ပါတယ်။ မာ့ကို မျက်ခြေမပြတ် စောင့်ကြည့်နေကြတယ်ဆိုတာ ကျွန်တော်သိထားပါတယ်ကွယ်၊ ဒါကြောင့် မေးကြည့်တာပါ''

မာ့ အခက်အခဲကို ကိုယ်ချင်းစာစိတ်အပြည့်နဲ့ နားလည်ပေးတဲ့ ကင်းကို ကျေးဇူးတင်ပါတယ်ကွယ်။ နောက်ပြီး ကင်းရဲ့





လေးနက်တဲ့ နားလည်ပေးမှုအတွက် မာ့ရင်မှာ ဝမ်းနည်းသလို ဖြစ်ကာ

''မဖတ်ရသေးဘူး၊ ကင်းရယ်''

''ကပါလေ၊ မာ စိတ်မကောင်း မဖြစ်ပါနဲ့၊ ကျွန်တော်က မာ့ကို ဝမ်းမနည်းစေချင်ဘူး၊ မာ့ကို ပျော်နေစေချင်တယ်၊ ယုံလား မာ''

''ယုံပါတယ်''

''ယုံတယ်ဆိုရင်၊ မာ ပျော်သွားစေမယ့် အစီအစဉ်လေး တစ်ခု ဖန်တီးထားတယ်''

ကင်းဆိုစဉ်၊ မာ့မျက်ဝန်း အရောင်တောက်လာသည်။

''မာ ပျော်စေမယ့် အစီအစဉ်''

''ဟုတ်တယ် မာ၊ အခုလောလောဆယ် မာ စိတ်ရှုပ်စိတ်နောက် ပျောက်ကင်းစေမယ့် ဆေးတစ်ခွက်လေ''

''အင်း၊ သောက်ချင်ပါတယ်ကွယ်''

''ဒါဆို မာတို့ခြံထောင့် သရက်ပင်ရှိတဲ့ ညာဘက် ခြံထောင့်လေ''

''အင်း''

''အဲဒီခြံထောင့်က အုတ်ရိုးပေါ်မှာ မာ့အတွက် ကျွန်တော် Present တင်ထားပေးမယ်၊ မာ့ မေမေ မရိပ်မိနိုင်ဘူး မဟုတ်လား''

ကင်းစကား အဆုံးသတ်ဟာ မာ့ရင်ကို နွေးဖြာသွားစေသည်။

'ကျေးဇူးတင်လိုက်တာ ကင်းရယ်၊ မာ ခုချက်ချင်း ပြေးယူလိုက်ချင်တယ်၊ တကယ်''

မာ့ရင်မှ တလှိုက်လှိုက် ဝမ်းသာမိသည်။ ကင်းက ရော့လို



www.burmeseclassic.com

www.burmeseclassic.com



မှာ့ကို ချုပ်ကိုင်ဖို့ ကြိုးစားလာသူ မဟုတ်ဘဲ မှာ့ကို ပျော်ရွှင်မှု ပေးစွမ်းမယ့်သူ့ဆိုတော့ မှာ ဝမ်းမသာဘဲ နေမလား။

"ကဲ မှာ၊ ကျွန်တော်ဖုန်းချလိုက်မယ်။ တော်ကြာ အန်တီစိ ရိပ်မိသွားလိမ့်မယ်"

"အင်းပါ ကင်း၊ ဒါနဲ့ ကင်းနဲ့လည်း မှာ တွေ့ချင်သေးတယ်"

"တကယ်"

"တကယ်ပေါ့"

"အိုကေ၊ ကျွန်တော် အစီအစဉ် ဆွဲလိုက်မယ်၊ နှင်းအိနဲ့ ပို့ပေးမယ်၊ မှာ ပျော်ပျော်နေပါနော်"

"အင်း"

"ဒါပဲနော်၊ ကျွန်တော် ဖုန်းချလိုက်ပြီ"

"အင်း"

ကင်း ဖုန်းချသွားတော့ မှာ ပန်းလေးတွန့်ကာ လိုက်လိုက်လှဲလှဲ ပြုံးမိ၏။ မေမေနဲ့ အန်တီစိ ရုံးခန်းထဲဝင်လာသည့်အခါ မှာ မှင်သေသေမျက်နှာပေးနှင့်

"မေမေ မှာ အိမ်ပြန်ချင်တယ်" လို့၊

ငြူစူစူ ပူဆာမိသည်။ ထိုအခါ မေမေ မျက်စောင်းထိုးကြည့်သည်။ အန်တီစိ ပြုံး၍ မှာ့ဆံနွယ်လေးကို သပ်ကိုင်ပြီး

"ပြန်ချင်ရင် အန်တီ လိုက်ပို့ပေးမှာပါကွယ်။ သမီးမှာ စိတ်ပျော်ပျော်နေပါကွယ်။ ဒါမှ မင်္ဂလာပွဲမှာ အလှဆုံးဖြစ်မှာနော် မှာ"

အန်တီစိ လှလှပပဆိုစဉ်၊ မှာ နှုတ်ခမ်းထော်၍ ရှုပုတ်ပုတ်မျက်နှာပေးခဲ့လိုက်သည်။ အဲဒါကိုပဲ အန်တီစိက သဘောကျသလို





ရယ်ပြီး

"သမီးမှာက ချစ်စရာ ကောင်းလိုက်တာ" တဲ့။

မှာ အမြင်ကပ်လွန်းလို့ ခပ်ဆတ်ဆတ်လှည့်ထွက်ခဲ့သည်။ မေမေနဲ့ အန်တီစိ မှာ့နောက်က ထပ်ကြပ်မကွာ လိုက်ထွက်ခဲ့သည်။ မှာ့စိတ်က ကင်း တင်ထားပေးမည့် လက်ဆောင်ဆီသာ ပြေးလွှားနေမိသည်။ ကင်းရဲ့ လက်ဆောင်က ဘာလဲ၊ မှာ ရင်ခုန်စွာ မျှော်လင့်နေမိ

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

ကင်း တင်ထားတဲ့ ပါကင်ထုပ်ကို ဆွဲယူဖွင့်ကြည့်လိုက်စဉ် မှာအာရုံမှာ အံ့သြ မြူးတူးသွားစေသည်။ ကင်းပေးတဲ့လက်ဆောင်က မာနဲ့သိပ်တူတဲ့ သစ်သားပန်းပုရုပ် အသေးလေး။ အို မာ မက်မောစွာ ထွေးပိုက်မိတော့၏။ မာ့ပုံတူ ပန်းပုရုပ်လေးက ရုက်ရိုပ်လွှမ်းသည်မှာ မျက်နှာပေးအတိုင်း။ ဒီပန်းပုရုပ်လေးကို ဘယ်သူထုတာလဲ။

ကင်း ကိုယ်တိုင်လား၊ ကင်းကိုယ်တိုင်ဆိုရင်၊

အို၊ မာ့ရင်မှာ ရှက်ရိပ်လေး တလှိုက်လှိုက်တက်လာသည်။ ဒီအချိန်မှာ ကင်းကို တွေ့ရရင် မာ့ရင်ခုန်သံတွေ တလိုမ့်လိမ့် တက်ကြွမလာနိုင်ဘူးလား။

"သမီး၊ နှင်းအိ ရောက်နေတယ်"





မေမေ့အသံကြောင့် မာပို၍ ကြည်နူးသွားသည်။

"မာ"

မာ အပါးရောက်လာသည့် နှင်းအိမျက်ဝန်းမှာ တစ်စုံတစ်ရာ အတွက် တောက်ပနေသည်ကို မာ သတိထားမိသည်။

"ကင်းနဲ့ တွေ့ချင်တယ်ဆို"

"အင်းပေါ့"

"ကင်း လမ်းထိပ်က စောင့်နေတယ်။ ထွက်တွေ့လို့ ရမလား"

ဟင်၊ မာ့မျက်ဝန်းလေး တောက်ပသွားသည်။ ဒါပေမဲ့ မာကို မဖယောက်မလည်စောင့်ကြည့်နေတဲ့ မေမေကြောင့် မာ မျက်ဝန်းလေး မှိန်ဖျော့သွားပြီး

"မလွယ်ဘူးဟာ"

"အဟမ်း၊ အဟမ်း"

အရေးထဲ မေမေ့ချောင်းဟန့်သံကြောင့် နှင်းအိ ကိုယ်ရှိန် သတ်ကာ နှုတ်ဆိတ်သွားသည်။

အထန်ကြာမှ မာ့နားကပ်၍ နှင်းအိ တိုးတိုးဆိုသည်က

"အဲဒါဆို ကင်း အကြံဉာဏ်အတိုင်း မာ့မေမေဆီမှာ နှင်းအိ ခွင့်တောင်းလိုက်မယ်"

"ကင်း အစီအစဉ်အပိုင်း"

"အင်း"

နှင်းအိ ဦးခေါင်းညိတ်စဉ်၊ မာ့မျက်နှာမြောက်တက်သွားပြီး

"ဘယ်လို ခွင့်တောင်းမှာလဲ"

"စောင့်ကြည့်"

နှင်းအိ မျက်လုံးလေးဝင့်၍ဆိုစဉ်၊ မာ အံ့သြသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေ ကော်ဖီနဲ့ မုန့်ပန်းကန်ကိုင်၍ ညေ့ခန်းထဲ ဝင်လာစဉ် မာ မှင်သေသေ ငြိမ်နေမိသည်။ နှင်းအိက မျက်နှာပေးချိုချိုဖြင့်

"အန်တီ"

"ပြောလေ နှင်းအိ"

ကော်ဖီဘန်းချ၍ မေမေဆိုစဉ်၊ မာ ပန်းပုရုပ်လေးကို ငေးကြည့်လိုက်သည်နှင့် နှင်းအိ ပြုံး၍

"အန်တီနဲ့မာ့ကို နှင်းအိ ဆိုင်တစ်ဆိုင်မှာ ဖိတ်ကျွေးချင်တယ်"

"ဟေး"

မေမေ မျက်ခွံပင့်၍ နှင်းအိကို တအံ့တသြ ကြည့်ပြီး

"ဘာဖြစ်လို့"

"နှင်းအိ မွေးနေ့ အထိမ်းအမှတ်လေ"

"အိုး"

မာ လိုက်ကာ အံ့သြဝမ်းသာသွား၏။ ကင်း အကြိက ပိုင်လိုက်တာ

မေမေ ခေါင်း အသာဆတ်၍

"နှင်းအိ ကြိုပြောရင် ဘယ်လောက် အဆင်ပြေမလဲကွယ်"

"ကြိုပြောဖို့ပါပဲ၊ နှင်းအိမေမေ ခုတလော နေမကောင်းလို့ နှင်းအိ မွေးနေ့ကို အရင်နှစ်တွေလို ကြီးကြီးကျယ်ကျယ် မလုပ်ဖြစ်လို့ပါ။ ခင်တဲ့ သူငယ်ချင်းတစ်စုဖိတ်ပြီး ဆိုင်တစ်ဆိုင်မှာ ကျွေးဖို့ စိတ်ကူးလိုက်တယ်လေ၊ မာက အပြင်ထွက်ခွင့် မရဘူးဆိုတော့ အန်တီပါ မာနဲ့ အတူဖိတ်တာ၊ ဘယ်လိုလဲ အန်တီ၊ နှင်းအိ မွေးနေ့ကို အသိမှတ်ပြုမယ် မဟုတ်လား"

နှင်းအိ အမူအရာ ကောင်းကောင်းနှင့်ဆိုစဉ် မေမေ





အားနာသလို တွေဝေသွားသည်။ မာ့ကို တစ်ချက်ကြည့်ပြီး သက်ပြင်း ငွေ့ငွေ့ချပြီး၊

"အင်း၊ အန်တီလိုက်လို့ မဖြစ်ဘူးကွယ်၊ မမစီနဲ့ ချိန်းထားတယ်၊ မာ့မင်္ဂလာပွဲအတွက် ခန်းမငှားမယ့် ကိစ္စ စီစဉ် မလို့လေ၊ အန်တီက မာတစ်ယောက်တည်း လွှတ်ရမှာ စိတ်မချဘူးကွယ်၊ ဒါနဲ့ ဘယ်ဆိုင်မှာ စီစဉ်ထားလို့လဲ နှင်းအိရယ်"

"မြက်ခင်းသစ် စားဥယျာဉ်လေ"

နှင်းအိ ခပ်သွက်သွက်ဆိုစဉ် မာ့ကို မေမေ စူးစိုက်ကြည့်ပြီး

"ဘယ်လိုလဲ မီမာ၊ ညည်းသွားချင်သလား"

မာ သွားချင်တယ်ဆို မေမေက အတွန့်တက်ဦးမှာလေ၊ ဒါကြောင့် မာ စိတ်မဝင်စားဟန်နှင့်

"မေမေ့သဘော"

"ကဲ ဒါဆို လိုက်သွား။ မေမေတို့ ကိစ္စပြီးရင် ဝင်ကြိုမယ်၊ ကြားတယ်နော်၊ ဟိုဟိုဒီဒီ သဝေထိုးဖို့ မကြိုးစားနဲ့၊ နှင်းအိ အန်တီ စိတ်ချမယ်နော်"

"စိတ်ချပါ အန်တီ"

"ကဲ သမီးမာ၊ ပြင်ဆင်ပြီးလိုက်သွား"

"ဟုတ်"

မာ့ရင်ထဲမှာ ထ,ကချင်မတတ် ဝမ်းမြောက်ပေမယ့် ဝမ်းမြောက်မှုတွေ လျှံကျမလာအောင် မျိုသိပ်၍ အခန်းထဲ ပြေးဝင်ပြီး အဝတ်လဲကာ နှင်းအိနှင့် ထွက်ခဲ့သည်။ မေမေ့ အမြင်အောက်က လွတ်သည်နှင့် မာ အူမြူးနေသည်။

"ကင်း အကြံ ပိုင်ရဲ့လား"

နှင်းအိ သဘောကျစွာ မေးစဉ်၊ မာ ပခုံးလေးလှုပ်၍



www.burmeseclassic.com

www.burmeseclassic.com



''ပိုင်တာပေါ့ဟ၊ နောက်ဆို မာ အပြင်ထွက်ခွင့်ရမှာ မဟုတ်ဘူးလေ''

နှင်းအိနဲ့အတူ မာ့ကိုမြင်စဉ် ကင်း ဝမ်းမြောက်ကာ ကားတံခါး အသာဖွင့်၍ ကြိုဆိုပြီး မာ့မျက်နှာလှလှလေးကို ကြည်နူးစွာ ငေးကြည့်မိသည်။

ကင်းအကြံ၊ ကင်းစိတ်ကူးကို မာ အတိုင်းမသိ ကြည်နူး မြူးရွှင်ရသည်။ ကင်း ဦးဆောင်ခေါ်သွားသည့် မြက်ခင်းသစ် စားဥယျာဉ်က ရင်ခုန်ကြည်နူးဖွယ် ကောင်းလှသည်။

စိမ်းလန်းစိုပြည်သည့် မြက်ခင်းပြင်ပေါ်မှာ စားပွဲဝိုင်းတွေ ခင်းကျင်းပြီး စားပွဲဝိုင်းပတ်လည်မှာ အလှပန်းအိုးတွေ အစီအရီ ဖန်တီးထားသည်က ဥယျာဉ်အသေးစားနှင့်တူကာ ပန်းအမျိုးအစားက စုံလင်လှသည်။ မွှေးပျံ့သည့် ပန်းရနံ့အစုံကို ရှူရှိုက်ရကာ မာ့နှလုံးသား နူးညံ့လတ်ဆတ်စေသည်။ ကင်းက ရှက်လှပန်းခြုံ တွေရှိတဲ့ ထောင့်ကျကျ စားပွဲဝိုင်းကို ရွေးချယ်သည်။ နှင်းအိက မီနူးကတ်ကိုကြည့်ပြီး

''ကဲ့ ဘာစားမလဲ၊ ကင်းရော''

မာနှင့် ကင်းပြိုင်တူ စဉ်းစားလိုက်သည်။

''အကင် အစုံရှိတယ်''

နှင်းအိ ဆိုစဉ်

''ဘဲကင်''

ဟု မာ ရှက်သွားသည်။ မာနဲ့ ကင်း ပြိုင်တူလိုလို အသံထွက်သည်ကို နှင်းအိ သဘောကျစွာ ပြုံးပြီး

''စိတ်ချင်း ဆက်နေတယ် ထင်တယ်''

ကင်းက ပြုံးနေဆဲ၊ မာ ခေါင်းငုံ့ထားမိသည်။





''ကဲပါ မာရယ်၊ ခေါင်းငုံ့ မနေနဲ့ မာနဲ့ ကင်း အကြိုက်ချင်း တူတော့ စားရတာ ပိုမြိန်တာပေါ့ဟ''

''ဟုတ်သားပဲ မာရယ်၊ မာနဲ့ ကျွန်တော်က သူစိမ်းတွေမှ မဟုတ်တာ နော် မာ''

ကင်း ဆိုစဉ်၊ မာ ခပ်ရှက်ရှက်နှင့် ခေါင်းညိတ်မိသည်။ ထို့နောက် နှင်းအိက ဘဲကင်နှင့် တရုတ်အစားအစာတွေ မှာပြီး မာ့ဘက်လှည့်၍

''မာ၊ နှင်းအိ ဟိုဘက်ဝိုင်းမှာ ထိုင်မယ်''

''ဟင် ဘာဖြစ်လို့''

''နှင်းအိ သူနဲ့ ချိန်းထားတယ်၊ ဟိုမှာ သူစောင့် နေတယ်ဟ''

မာတို့နဲ့ စားဝိုင်း လေးဝိုင်းခြားမှာ ထိုင်စောင့်နေသူကို နှင်းအိ ညွှန်ပြဆိုစဉ်၊ မာ နှုတ်ခမ်းစူသည်။

''ဟာ အစကတည်းက ပြောပါလားလို့''

''ခဏလေးပါ''

နှင်းအိ ပြုံးရယ်၍ ထွက်သွားစဉ်၊ မာ မျက်စောင်းခဲ ကြည့်မိသည်။

''နှင်းအိ မကောင်းဘူးကွာ''

မာ စိတ်မှာ မလုံမလဲ ရှေ့ရှော်တော့၊ ကင်း ရွှင်ရွှင်လန်းလန်း ပြုံး၍

''ကျွန်တော်ပေးတဲ့ လက်ဆောင်လေး။ သဘောကျလား''

''အင်း''

မာ ကျေနပ်စွာ ခေါင်းညိတ်မိစဉ်၊ ကင်းရင်မှာ ရင်ခုန် လှိုင်းက တိုးကြွလာသည်။ ရှက်ဟန်လွှဲထားသည့် မာ့မျက်နှာလေးကို



www.burmeseclassic.com

www.burmeseclassic.com



စောင်းငဲ့ကြည့်၍

"မာ"

ကင်းနဲ့ မာ နှစ်ယောက်တည်း မျက်နှာချင်းဆိုင်ဖြစ်နေသည်က မာ့ရင်မှာ ရှက်အမ်းအမ်းဖြစ်စေသည်။ ကင်း ခပ်တိုးတိုး ခေါ်စဉ်၊ ဝိတ်တာ လာချပေးသည့် အစားအသောက်တွေကို မာ ငေးကြည့်နေမိသည်။ မာ့စိတ်က ခုမှ ဘာလို့ရှက်နေမှန်းမသိ၊ မာ့ကိုယ် မာ မဆန်းစစ်တတ်တော့၊ ကင်း လှိုက်လှိုက်မြူး၍

"မာ တကယ်သဘောကျလား"

"အင်းပါဆို"

"အဲဒါဆို မာ့အရပ်၊ မာ့အနေအထားနဲ့ တစ်ထပ်တည်းတူတဲ့ ပန်းပုရုပ် ထုပေးမယ်လေ"

"အို တကယ်"

မာ အံ့သြဝမ်းသာကာ မျက်ဝန်းအရောင် တဖိတ်ဖိတ်တောက်ပလျက် ကင်း နုတ်ခမ်းလွှာလေးကို ရှုကြည့်လိုက်ပြီး

"ကင်း ပန်းပု ထုတတ်တယ်"

"တတ်တယ်လေ၊ ဒါကြောင့် သင်တန်းမှာ စတွေ့ကတည်းက မာ့ရုပ်သွင် ပုံစံငယ်လေး ထုဖြစ်တာ၊ အခွင့်မသာလို့ ပေးခွင့်မရခဲ့တာ"

"အို၊ ကင်း အရမ်းတော်တာပဲကွာ၊ ပန်းပုရုပ်လေးက အရမ်းအသက်ဝင်တယ် သိလား။ မာ ရှက်နေတဲ့ ဟန်အတိုင်းပဲ"

"ဟုတ်တယ် မာ၊ မာ့ရဲ့ ရှက်ဟန်က ကျွန်တော့်နှလုံးသားမှာ စွဲနေတယ်လေ၊ ဒါကြောင့် အဲဒီဟန်ပေါ်အောင် ထုလိုက်တာ၊ ဒီနေ့ကစပြီး မာ့ပုံတူ ထုပေးမယ်။ မာ လက်ခံရမယ်နော်"

"လက်ခံမှာပေါ့၊ ဟိုလေ ကင်း ပန်းပုထုတဲ့အချိန် မာ





ထိုင်ကြည့်ချင်လိုက်တာ"

"ကျွန်တော့် ဆန္ဒကလည်း မာ့ကို ထိုင်ကြည့်စေချင်တယ်၊ ဒါပေမဲ့ မာက လွတ်လပ်ခွင့်မှ မရတာ"

"ဟုတ်တယ်နော်၊ မာ့ဘဝက လွတ်လပ်မှု အရှုံးခံနေရတဲ့ ဘဝ"

မာ ဝမ်းနည်းစွာ ဆိုမိသည်။ ကင်း သက်ပြင်းမှုတ်မှုတ်ချ၍ ကင်း နှလုံးသားက လှိုက်တက်လာသည့် ခံစားမှုကို မာသိအောင် ကြေညာချင်စိတ် တရှိန်းရှိန်းကြွလာသည်။ ဝိတ်ရောင်ခံရတဲ့ မာ့ဘဝကို သူ့ချစ်ခြင်းနဲ့ လွတ်မြောက်ခွင့် ရစေချင်သည်။ သူ့အချစ်တွေနဲ့ မာ့ကို ပျော်ရွှင်စေချင်သည်။ ဒါကြောင့် ကင်း နှလုံးသားက ခံစားမှုကို ရင်ဖွင့်ဖို့ ဆုံးဖြတ်ပြီး မာ့ကို ရင်ခုန်စွာ ရှုကြည့်လိုက်သည်။

"မာ"

-ဂီတသံစဉ်လို ညှို့ငင်နိုင်စွမ်းသည့် ကင်း ခေါ်သံက မာ့ရင်မှာ ပျော်ဝင်သလို ခံစားမိသည်။ မာ မျက်ဝန်းကြည်ကြည်နှင့် ကင်း မျက်ဝန်းလင်းလင်းနှင့် ဆုံမိစဉ်၊ ရင်ခုန်သလို ခံစားချက်လှိုင်းကလေး ကြွလာသည်။ မှော်နဲ့ အကြည့်ချင်းဆုံရသည့် မာ့ရင်ခုန်သံက ကင်းနှင့် အကြည့်ချင်းဆုံရသည့် ရင်ခုန်သံနှင့် ခြားနားလှသည်။ မှော့်အကြည့်သည် မာ့နှလုံးသားကို လှုပ်ရှားစေသည်။ ရင်ခုန်သံတွေ လှိုင်းလုံးကြီးတွေလို တရှိန်းရှိန်းကြွစေသည်။ တစ်နည်းပြောရရင်

မှော့်အကြည့်က မာ့ရင်ခုန်သံကို လေပြင်းမုန်တိုင်းလို ပြင်းထန်လျှင် ကင်းအကြည့်က မာ့ရင်ခုန်သံကို လေပြည်လေညှင်းလို ညက်ညောလှသည်။



www.burmeseclassic.com

www.burmeseclassic.com



စားပွဲပေါ်တင်ထားသည့် မာ့လက်ချောင်းလေးများကို ကင်း ဆုပ်ကိုင်ထားချင်သည်။ တစ်သက်တာအတွက် ဆုပ်ကိုင်ထားချင် ပါတယ်၊ မာ ခွင့်ပြုမယ် ဆိုရင်ပေါ့၊

''မာ''

''ပြောလေ''

မာ့အသံ တိုးလျလျက ကင်းနှလုံးသားကို ညှို့ဆောင်လျက်

''မာရယ်၊ ကျွန်တော့်အချစ်တွေနဲ့ မာ့ဘဝ အချုပ်အချယ် တွေကို ကင်းလွှတ်ခွင့်ပေးချင်တယ်ဗျာ၊ မာ ကျွန်တော့်အချစ်ကို ယုံလား ဟင်၊ မာ့ကို ကျွန်တော်ချစ်နေတာ သိလားဟင်''

ကင်း ရင်ခုန်သံသည် မာ့ရင်မှာ နွမ်းလျ ညှိုးရော်လာ စေသည်။ မော့် ချစ်တယ်လို့ အကြိမ်ကြိမ် ရင်ဖွင့်စဉ်က မာ မျက်ဝင်နှစ်မူးခဲ့ဖူးတယ်။ မော့် ဇာတ်ဝင်ခန်းအတွက် ရှိဟာယ် လုပ်မှန်းသိနေတာတောင် မာ့နှလုံးသားမှာ တကယ်ပဲလို့ ဖွတ် ယုံကြည်ကာ ရင်ခုန်နေခဲ့တယ်။ အခု ဘာလို့ ရင်မခုန်ရတာလဲ ဘာဖြစ်လို့ ကင်းအချစ်တွေနောက် စီးမျောမသွားရတာလဲ မာ့နှလုံးသားကို မာ အကြိမ်ကြိမ်ဆန်းစစ်ရင်း ကင်းကို မမှိတ်မသုန် ကြည့်နေမိသည်။ ကင်း မျက်ဝန်းမှ ရင်ခုန်သံဆူဝေ စေသည့် အကြည့်ရွှန်းရွှန်းလေး ဖျာကျလျက်ရှိသည်။

''မာ့ကို မြင်မြင်ချင်း ချစ်ခဲ့တယ်။ မော့်ကြောင့် ကျဉ်းကျပ် နေတဲ့ မာ့ဘဝဖြစ်စဉ်ကို သိရတော့ မာ့အတွက် မာ့ဘဝအတွက် ထွက်ပေါက်တစ်ခုရအောင် ကျွန်တော့်ချစ်ခြင်းနဲ့ ဖွင့်ဖောက်ပေးချင် ခဲ့တယ်၊ ကျွန်တော့်နှလုံးသားကို တံတားခင်းပြီး မာ့ကို ဖြတ်လျှောက် စေချင်တယ်။ ဘယ်လို အကြောင်းကြောင့်ဖြစ်ဖြစ် မာ့နှလုံးသားကို လွတ်လွတ်လပ်လပ် ပျံသန်းခွင့်ရစေမယ့် တောင်ပံတစ်စုံ တပ်ပေး ချင်ပါတယ် မာရယ်၊

မာသာ ကျွန်တော့်အချစ်ကို နိုးစီးပြီး လိုက်ပါမယ်ဆိုရင် မော့်နဲ့ ကင်းလွတ်တဲ့ ကမ္ဘာတစ်ခုဆီ ပင့်ပြေးချင်ပါတယ်။ မာ့ဆန္ဒ ဘယ်လိုရှိလဲ၊ ပြောပါ မာရယ်၊ မာ့ဆန္ဒကို ကျွန်တော့်ချစ်ခြင်းနဲ့ သယ်ဆောင်ပါရစေ နော် မာ၊ သယ်ဆောင်ပါရစေ''

ကင်း နှလုံးသားက စီးမျောလာသည့် စကားလုံးများသည် မာ့အာရုံကို ကန့်ရေပြင်လို ငြိမ်သက်သွားစေသည်။ မာ့ဘဝ၊ မာ့ခံစားချက်ကို အလေးအနက် မျှဝေခံစားမှု ပေးနိုင်သည့် ကင်း၏ ချစ်ခြင်းကို မာ လျစ်လျူမရှုရက်နိုင်လောက်အောင်ဖြစ်ပြီး မာ အာရုံတွေပြားလာသည်။ မာ့ နှလုံးသားဆန္ဒကို မာ ပြန်လည်ဆန်း စစ်ချင်သလို ကင်းအချစ်ကိုလည်း နားလည်ပေးနိုင်ဖို့ ကြိုးစားချင်မိသည်။ မာ ဘယ်လိုတုံ့ပြန်သင့်သလဲကွယ်။

ကင်းရဲ့ချစ်ခြင်းကို မာ ဘယ်လိုအသိမှတ်ပြုရမလဲ၊ မာ့ဘဝ လွတ်လပ်ခွင့်အတွက် မော့်ရဲ့ တုပ်နှောင်မှုက လွတ်ကင်းဖို့အတွက် ကင်းအချစ်တွေကို ထွေးပိုက်ပြီး လျှောက်လှမ်းရမလား ကံကြမ္မာ။ မာ့နှလုံးသားမှာ လေပြင်းတိုက်သလို ဖရိုဖရဲဖြစ်နေပြီး မာ့တုံ့ပြန် ချက်ကို စောင့်နေတဲ့ ကင်းမျက်ဝန်း အကြည့်ရွှဲရွှဲကို မာ ရင်မဆိုင်ရဲ ထိုစဉ် ကင်းလက်ချောင်းလေးများသည်း မာ့လက်ချောင်းတွေဆီသို့ တဖြည်းဖြည်း တိုးရွေ့လာသည်။

ဘုရား။ ဘုရား။

မာ ဘယ်လိုရင်ဆိုင်ရမလဲ။ ကင်း ဆုပ်ကိုင်လာရင် မာ ငြိမ်သက်နေရမလား၊ ရုန်းခါပစ်ရမလား၊ မာ မဆုံးဖြတ်နိုင်၊ ဆူဝေနေစဉ်

''အို''







www.burmeseclassic.com

www.burmeseclassic.com

မာ့လက်တစ်ဘက်ကို ဆတ်ခနဲ ဆွဲကိုင်ခံလိုက်ရစဉ် မာ လန့်ဖျပ်သွားတော့၏။ ဒီလိုကြမ်းတမ်းစွာ ဆွဲကိုင်တာ ကင်း လက်ချောင်းတွေလား၊ မာ သေချာကြည့်လိုက်တော့

"ဟင်"

မာ အသက်ရှူရပ်မတတ် အံ့သြမှင်တက်သွားတော့၏။

မော်၊ မော်မှ မော်အစစ်၊ သတင်းမပေးဘဲ ဘယ်လိုနည်း နဲ့ရောက်လာတာလဲ၊ မဟုတ်မှလွဲရော၊ အလုပ်ကိစ္စ မပြီးဘဲ တောင်ကြီးက ပြေးဆင်းလာတာလား။ မာ မဝေခွဲတတ်တော့၊ ဒါပေမဲ့ မော်၏ ပတ္တမြားရောင် တောက်နေတဲ့ မျက်ဝန်း၊ စိန်လိုတင်းမာ နေတဲ့ မျက်နှာပေ၊ ကျောက်စိမ်း အရောင်ထနေသည့် အကြည့် သည် အဆိုးဆုံး အခြေအနေတစ်ရပ်အဖြစ် ရုတ်ချည်း ပြောင်းလဲ လာလိမ့်မယ်လို့ မာ လုံးဝ ထင်မှတ်မထားခဲ့။

ခုတော့။

✿ ✿ ✿



## အခန်း (၁၅)

"မိမာ"

"အို"

မော့်အသံ စူးရင့်ရင့်နှင့်အတူ မာ့လက်ကို ဆောင့်ဆွဲခံရစဉ် မာ့တစ်ကိုယ်လုံး မော့်ရှေ့ ရောက်သွားရသည်။ မာ တစ်ခုခု တုံ့ပြန်ဖို့ ဆွံ့အသလို ကြောင်နေစဉ်

"ဝုန်း"

ခနဲ တွန်းဖြိုသံကြောင့် မာ အသိဝင်လာသည်။ မာတို့ မှာထားသည့် စားပွဲကို မော် ခြေထောက်နှင့်တွန်းဖြိုလိုက်စဉ် လှလှပပ အစီအရီ ခင်းကျင်းထားသည့် စားသောက်စရာတွေ ရုပ်ပျက်ဆင်းပျက် လွင့်စင်ပြန့်ကျဲသွားလေသည်။ ထိုအခါ မာ့



www.burmeseclassic.com

www.burmeseclassic.com



ရင်ခုန်သံတွေဆူပြီး ကြည်လင်သည့် ကင်း၏မျက်နှာအပေါ် အစော်ကားခံလိုက်ရသူလို ဒေါသလှိုင်းတွေ လိမ့်တက်လာသည်။ အောက်နှုတ်ခမ်းကို ဖိကိုက်၍ မော်နဲ့ ရင်ဆိုင်လာသည့် ကင်း၏ကို မာ တားမြစ်ဖို့ စွမ်းအားမရှိပါ။ ထို့အတူ မော့်ဒေါသကိုလည်း မာ ဟန့်တားနိုင်တော့မှာ မဟုတ်ဘူး။ စော်ကားသူနှင့် စော်ကားခံရသူ နှစ်ဦးရဲ့ ဒေါသလှိုင်းတွေကြားမှာ မာ ဘယ်လို ရပ်တည်မလဲ။ မာ့ကို အတင်းဆွဲခေါ်သွားဖို့ မော် ခြေလှမ်းပြင်စဉ် မာ ရုန်းခါလိုက်သည်။ ကင်းက မော့်ရှေ့မှ လွှားခနဲ ပိတ်ရပ်လိုက်သည်။

"ဒီမှာ မော်၊ မင်းကို ကိုယ်မစေဖန်ချင်ဘူးကွ။ ဒါပေမဲ့ မင်းအပြုအမူက ကိုယ့်သိက္ခာကို ထိပါးလွန်းတယ်၊ အဲဒီလို ပြုမှုအတွက် မင်းကိုယ့်ကို လက်ဆောင်တစ်ခု ပေးရလိမ့်မယ်"

ကင်းရဲ့ ချွန်ရှရှစကားလုံးလေးတွေကြောင့် မော်ဒေါသ ဝုန်းခနဲ ပြိုကျလာပြီး

"ရတယ်၊ ပေးမယ်၊ ဟောဒီမှာ လက်သီး။ ယူကွာ၊ ယူ"

မော့်လက်တစ်ဘက် မြောက်တက်သွားစဉ် မာ လန့်သွားပြီး

"အို မော်၊ မထိုးရဘူး၊ မထိုးနဲ့"

ကင်း မျက်နှာဆီ ပြေးဝင်လာသည့် မော့်လက်သီးကို မာ အားကုန် ဆွဲဖက်ထားမိသည်။

"မလုပ်ပါနဲ့၊ မထိုးပါနဲ့၊ မထိုးပါနဲ့ မော်၊ မာ တောင်းပန်ပါတယ်၊ မထိုးနဲ့"

မော့်လက်နှစ်ဘက်ကို မာ အတင်းဆွဲချုပ်ထားစဉ် မော့်ဒေါသက မီးတောက်လို ဟုန်းဟုန်း တောက်လာပြီး

"မာ ဖယ်နော်၊ ဖယ်"

"မဖယ်ဘူး၊ မဖယ်ဘူး၊ မကျေနပ်ရင် မာ့ကိုထိုးလိုက်၊ မဖယ်ဘူး"

"တောက်"

သူ့ရှေ့ ဆီးကာထားသည့် မာကြောင့် သူရမယ့် အခွင့်အရေး တစ်ရပ် ဆုံးရှုံးရုံတင်မက ထီမထင်မျက်နှာပေးနှင့် စိုက်ကြည့်လာသည့် ကင်းရှေ့ တိုးခွင့်မရတာ မော် ခံခက်လွန်းသည်။ ဒါ မာကြောင့်၊ သူတစ်ပါးအတွက် ကာကွယ်ပေးနေတဲ့ မာ့ ပယောဂ ကြောင့်။ မာ့ ပယောဂနဲ့ အကာအကွယ်ယူနေတဲ့ ကင်းကို မော် ဒေါသနှင့် နှုတ်နှုတ်စင်းလိုက်ချင်၏။

"ဟေ့ ကင်းကမ္ဘာ ၊ မာရှိနေလို့ မင်းသက်သာတယ်၊ မှတ်ကွ"

ကင်း ခပ်မိုက်မိုက် ဟန်နှင့် ပခုံးပင့်၍

"ကိုယ်တို့က ဘယ်သူ့ရှိရှိ ဂရုမစိုက်ဘူး။ ကိုယ့်ကို အလွတ် စော်ကားတာကို ခေါင်းငုံ့မခံဘူး။ မင်းမှာ လက်သီးနှစ်လုံးရှိသလို ကိုယ့်မှာလည်း လက်သီးနှစ်လုံး ရှိတယ်ကွ။ ဒါပေမဲ့ အနည်ထ နေတဲ့ မင်းလက်သီးကို ကိုယ်မမှုဘူး။ မင်းသိထားဖို့က ကုမာရ ဆိုတာ မင်းကိုယ်တိုင် အသက်သွင်းထားတဲ့ မော်ဝင်လူသား မဟုတ်ဘူး။

အသွေးအသားနဲ့ တည်ဆောက်ထားတယ်။ နှလုံးသားနဲ့ ခံစားတတ်တယ်။ ဦးနှောက်နဲ့ ဝေဖန်ဆုံးဖြတ်တတ်တဲ့ မိန်မသား။ မင်းနားလည်အောင် ပြောလိုက်မယ်၊ ကုမာရ ကို မင်းဖြစ်ဖြစ်၊ ကိုယ်ဖြစ်ဖြစ်၊ ဒိုက်ဖြစ်ဖြစ်၊ အို ဘယ်ယောက်ျားပျို့မဆို ပိုးပန်း ခွင့်ရှိတယ်။ ကြိုးစားခွင့် ရှိတယ်ကွ။ ဒါ ယောက်ျားပျိုတိုင်း ခံစားလိုတဲ့ လွတ်လပ်တဲ့ အခွင့်အရေးပဲ။ ပိုရှင်းအောင် ပြောလိုက်မယ်ကွ

ဒီနေရာကို ကိုယ်ချိန်းတယ်။ ကိုယ့်ချိန်းဆိုမှုကို မာ

www.burmeseclassic.com



လက်ခံတယ်။ အဲဒီအတွက် ကိုယ်တို့နှစ်ယောက်ကြားကို မင်း ဒေါသ ပစ်သွင်းခွင့် မရှိဘူး''

ကျစ်တင်းလှသည့် ကင်းစကားလုံးတွေက မော့် အသိတရား ကို မွမွချေပစ်သည်နှင့်တူတော့သည်။

''ဟော့ကောင် ကင်းကမ္ဘာ၊ မင်းပါးစပ် ပိတ်ထား။ ပိတ်ထား''

မာ ဆီးတားနေသည့်ကြားက ကင်းရှေ့ရောက်ဖို့ တာစူ နေသည့် မော့်ကို မာ့ဒေါသက ပို၍ပြင်းထန်လာစေသည်။

''မော်ရယ်၊ နင် ဒေါသတွေနဲ့ ဖွတ်မလုပ်နဲ့၊ မလုပ်နဲ့''

နချိန်မှာ မော်ဒေါသက မီးတောက်နေလေပြီ၊ ဒီကောင့်ကို တစ်စစီ ဆွဲဖြဲပစ်ခွင့်ရဖို့ သူ ဘာမဆိုလုပ်ရန် ဝန်မလေးတော့၊ ထို့ကြောင့် စားပွဲဝိုင်းဘေးမှ အလုထားသည့် နှင်းဆီပန်းအိုးတစ်အိုး ပင့်မပြီး ကင်းမျက်နှာဆီ ပစ်ပေါက်လိုက်တော့သည်။ ကင်းဆီ ပြေးဝင်လာသည့် ပန်းအိုးကို ကင်း ရှောင်၍ မော့်ကို စူးစူးရဲရဲ စိုက်ကြည့်ပြီး

''ဒီမှာ မော်၊ ကိုယ့်ရင်ခွင်ထဲက ကုမာရ ကို မင်း ယူဆောင်လို့ မရဘူး။ ထုတ်ယယ်လို့ မရဘူး။ စည်းတားလို့ မရဘူး၊ ဘောင်ခတ်လို့ မရဘူး။ မင်း ရှေ့တိုးလာရင် ကိုယ့်ဘက်က ခြေတစ်လှမ်းတိုးပြီး ကာကွယ်မယ်၊ အဲဒါ ကိုယ့်ရဲ့သစ္စာ''

''ဟေ့. မင်းရဲ့သစ္စာကို ကိုယ်မြည်းမယ့် လက်ဖက်သုပ်ထဲ ရောနယ်ပစ်လိုက်မယ်၊ နယ်ပစ်မယ်၊ မာ ဖယ် ဖယ်''

မာ့ကို မစာနာစတမ်း တွန်းပစ်သည့် မော်ကြောင့် မာ့ရဲ့ သည်းခံစိတ်တွေ ကုန်ခမ်းလာပြီး မာ့တစ်ကိုယ်လုံးလည်း မော် တွန်းကန်ရုန်းဖယ်နေသည့် အရှိန်နှင့် နာကျင်လာသည်။ မော့်ကို တာရည် မာ ထိန်းထားနိုင်မှာ မဟုတ်သလို၊ ကင်းကလည်း





အစော်ကားခံရသူလို မကျေအေးနိုင်တဲ့ ဒေါသဖြစ်တည်နေတာ မြင်ရတော့ မာ့ ရင်မှာ ဆူပွက်လာပြီး

''နှင်းအိ၊ နှင်းအိ၊ ကင်းကို ဆွဲပါ၊ ဆွဲကြပါ''

မာ အသံကုန်အော်မိစဉ် ဆိုင်ထဲက စားသောက်သူတွေ ထိတ်ထိတ်လန့်လန့် ကြောင်ကြည့်နေကြသည်။ တချို့က မော်တို့ ရုပ်ရှင်ရိုက်နေသည်ဟု ထင်သည်။ တချို့က မော့်၏ အိုင်တင်ကို တအံ့တသြ ငေးနေကြသည်။ နှင်းအိတို့ စုံတွဲ ကြောင်နေရာမှ မာ့အသံကြောင့် အသိဝင်လာကာ ကင်းကို ဆွဲထားကြသည်။ မာ့ ရင်မှာ ကြေကွဲမှုတွေ လှိုက်တက်ကာ မာ့နှလုံးသားမှ ခံပြင်းမှုတွေ ဝုန်းခနဲ ပြိုကျလျက်

''မော် နင် ဘာမဆိုလုပ်ရင် အရမ်းကြီးပဲ၊ နင့်ကြောင့် မာ အရှက်ရတယ်၊ ရင်နာရတယ်၊ နင် သိရဲ့လား၊ မာ့ခံစားချက်ကို နင် မျှဝေခံစားကြည့်စမ်းပါ။ မာ့ဘဝမှာ နင့်ကြောင့် အရာရာ ဆုံးရှုံးရတယ်။ နားလည်လား''

သူ့ကို ကင်းကမ္ဘာ ရှေ့မှာ လက်ညှိုးငေါက်ငေါက်ထိုးခဲ့နေ သည့် မာ့ ပေါက်ကွဲမှုကို သူ မယုံနိုင်လောက်အောင် ဖြစ်ရ၏။ မာ့ ဖွင့်ပစ်ခွဲချက်တွေက သူ့နှလုံးသားနှင့် သူ့အသိတရားကို တစ်စစီ ဆွဲဖြဲသည်နှင့် တူတော့၏။ အိုး သူ မကြားရက်တော့၊ သူ မကြား ရက်တဲ့ မာ လက်ညှိုးနောက်က ပွင့်ဖွဲ့သံက ဟိန်းခနဲ ပေါ်ထွက်နေဆဲ

''မာ့ဘဝရဲ့ ထွက်ပေါက်မှန်သမျှကို နင့်အတ္တနဲ့ ပိတ်ဆို့ ခဲ့တယ်။ မာ့ရင်သန်မှုကို ကြိုးတစ်ချောင်းနဲ့ ဆွဲချည်ခဲ့တယ်၊ မာ့ အသိတရားကို လှောင်အိမ်ထဲ သွတ်သွင်းခဲ့တယ်။ မာ့နှလုံးသားကို ဘောင်ခတ်ထားတယ်၊ မာ့ချစ်ခြင်းကို အကျဉ်းချဖို့ ကြိုးစားတဲ့ နင့်ရဲ့ Action ၊ နင့်ရဲ့ Dialogue ၊ နင့်ရဲ့ Character ၊



www.burmeseclassic.com

www.burmeseclassic.com



နင့်ရဲ့ Manner အားလုံးဟာ မာ့နှလုံးသားအတွက် အထွတ်အထိပ် ရောက်အောင် ခံစားမှု မပေးနိုင်ဘူး။ မငြိနိုင်ဘူး။ နင်သိရဲ့လား။

နင်ဟာ မာ့ဘဝအတွက် အတွေ့စီးနင်းခံရတဲ့ ဘီလူးသဘက်၊ မာ့ကို အပိုင်စီးဖို့ ကြိုးစားတဲ့သူ၊ အပိုင်သိမ်းမယ့်သူ၊ သိရဲ့လား။ သိရဲ့လား''

ဒီစကားလုံးတွေက မာ့ရင်ထဲက စကားလုံး အစစ်တွေ ဟုတ်ရဲ့လား။ သူ မယုံရဲလောက်အောင် ထူပူသွား၏။ မာ့ ပခုံးနှစ်ဘက်ကိုခပ်ကြမ်းကြမ်း ဆုပ်ကိုင်ပြီး

''မာ ဘာတွေပြောနေတာလဲ၊ မာ မာမှ ဟုတ်ရဲ့လား။ မာ အစစ် ဟုတ်ရဲလား''

သူ့လက်ချောင်းတွေကို မာ ဖယ်ပစ်လိုက်စဉ် သူ့ တစ်ကိုယ်လုံး တောင့်တင်းသွားသည်။ သူ့ကို ရန်သူတစ်ယောက်လို အခဲမကျေစွာ စိုက်ကြည့်၍ ပစ်ပေါက်လာသည့် မာ့ စကားလုံးတွေက ခဲမိုးတွေလို ပြန့်ကြဲလွင့်ကျလာတော့သည်။

''ဟုတ်တယ်၊ ကုမာရ အစစ်၊ နင့်ကြောင့် နှစ်ပေါင်းများစွာ မာ့ရင်မှာ ကိန်းဝပ်နေတဲ့ အဆိုင်အခဲတွေ ခဲလွန်းလို့ ကျောက်စိုင် ကျောက်ခဲလို မာကျစ်နေပြီ သိရဲ့လား၊

မာ့ဘဝနဲ့ နင့်ဘဝကို ပြန်ဆန်းစစ်ကြည့်စမ်းပါ။ နင်က နင့်ဘဝအတွက် နင်လုပ်ချင်ရာ စိတ်ကြိုက်လုပ်တယ်၊ နင့်ဝါသနာနဲ့ နင် လျှောက်လှမ်းတယ်၊ နင်တက်ချင်တဲ့ Model သင်တန်းတက်တယ်၊ သင်တန်းပြီးတော့ Model Boy လုပ်တယ်။ Model Boy လုပ်တာ အောင်မြင်တော့ ဗွီဒီယိုနဲ့ ရုပ်ရှင် သရုပ်ဆောင်လုပ်တယ်။ နောက် အဆိုတော် လုပ်တယ်။ နင့်ရဲ့ အောင်မြင်မှုတွေ ကျယ်ပြန့်လာအောင် နည်းမျိုးစုံနဲ့ ခြေဆန့်ခဲ့တယ်၊





နင့်ဝါသနာ အခက်အလက်ဝေအောင် နင် အရှိန်အဟုန်ပြင်းပြင်းနဲ့ လုပ်ခဲ့တယ်။

မာ့ကိုတော့ နင် ဘာလုပ်ခွင့် ပေးခဲ့လဲ။ နင့်ရဲ့ စိတ်မချဘူး ဆိုတဲ့ ခေါင်းစဉ်အောက်မှာ တက္ကသိုလ်တက်တာတောင် Day တက်ခွင့် မပေးဘူး။ နင်နဲ့အတူ Distance တက်ရတယ်။ နင့် အနားမှာနေရတယ်။ နင်ကျွေးတာပဲ စားရတယ်။ နင့်မျက်လုံး အောက်မှာ ငြိမ်ဝပ်နေရတယ်။ ဘယ်မှာလဲ၊ မာ့ဘဝရဲ့ လွတ်လပ်မှု၊ ဘယ်မှာလဲ မာ့ ဝါသနာ၊ ကွန်ပျူတာသင်တန်းကိုတောင် မာ့စိတ်နဲ့ မာ့ကိုယ် သင်ခွင့်မရတဲ့ဘဝ၊ မာ့နေရာမှာ နင်ခံစားကြည့်စမ်းပါ။ တစ်စုံတစ်ယောက်ရဲ့ အမိန့်အောက်မှာ မာ့ဘဝကို သကြိုးဟ် ခံရတာ၊ ဘယ်မှာလဲ မာ ရှူရှိုက်ခွင့်ရမယ့် အောက်ဆီဂျင် သန့်သန့်။

အခုတစ်ခါ နင့်ဆန္ဒအရ မေမေတို့ အစီအမံအရ မာ့ကို နင်နဲ့ လက်ထပ်ပေးကြမယ်တဲ့၊ နင် စဉ်းစားကြည့်စမ်း မှော်၊ မိန်းကလေးတစ်ယောက်ရဲ့ နှလုံးသားခံစားချက်နဲ့ ဘဝရှင်သန်မှုမှာ လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့် မရှိရဘူးလား၊ မရှိထိုက်ဘူးလား။ မရှိသင့်ဘူးလား''

မာ့စကားလုံးတွေက သူ့နှလုံးသားကို တန့်နဲ့ ယိုင်နဲ့ လာစေသည်။

''လက်ရှိ မာ့ဆီမှာ ဘာလုပ်ပိုင်ခွင့်၊ ဘာခံစားပိုင်ခွင့်၊ ဘာရွေးချယ်ပိုင်ခွင့်၊ သာမက၊ စာဒကတက်ပိုင်ခွင့်တောင်မရတဲ့ ဘဝပါ။ မာ့နှလုံးသား၊ မာ့အချစ်၊ မာ့ဘဝ၊ မာ့အသက်ရှင်မှု အားလုံးကို အရှင်လတ်လတ် ခေါင်းထဲသွတ်ပြီး၊ ဂူသွင်းဖို့ ကြိုးစားနေတဲ့ နင့်ကို မာ နားလည်တဲ့ပုံစံနဲ့ ပြောရရင် မောင်ပိုင်သိမ်းတဲ့လုပ်ရပ်၊ သက်ဦးဆံပိုင်ကျင့်ထုံးနဲ့ သိမ်းပိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားတာ၊ ရှင်းရဲ့လား၊ ရှင်းရဲ့လား''

စွပ်စွဲချက် ပြင်းထန်လွန်းတဲ့ မာ့စကားလုံးတွေကြောင့် သူ့မျက်ဝန်း မှေးမှိန်လာသည်။ သူ့အသိတရား ချာချာလည်လျက် သူ့နှုတ်ခမ်းပါးခြောက်ကာ သူ့နှလုံးသား အဆိပ်တက်လာသည်။ ထို့ပြင် သူ့အသိတရား ထုပိန်းပိန်းသည့် သူ့ခံစားချက်ကို လိုက်ဆွဲ စေပြီး သူ့တစ်ကိုယ်လုံး တုန်ခါကာ သူ့ခြေလှမ်းတွေက မာ့ရဲ့ စကားလုံးတွေနောက် တဖြည်းဖြည်းလွင့်မျောသွားတော့၏။ သေချာ သည်က သူ ဘယ်သူ့ကိုမှ အထူးသဖြင့် မာ့ရှေ့မှာ ရပ်တည်နိုင်စွမ်း မရှိအောင် ရှုံးသွပ်ကာ နောက်ကောက်လဲကျသွားတော့၏။ထို့မျှမက

ထိုဖြစ်စဉ်သည် သူ့နှလုံးသားနဲ့ သူ့ရှင်သန်မှုကို အကြီး အကျယ်ခြောက်လှန့်နေစေသည်။ အထူးသဖြင့် မာ့စကားလုံးတွေ ရပ်တန့်သွားစဉ် သူ့နောက်ဘက်မှ လက်ခုပ်သံကျယ် ပေါ်ထွက် လာသည်။ ထိုလက်ခုပ်သံသည် သူ့ကို ဝိုင်းဝန်းပိတ်လှောင် ထိုးနှက် လာသည့် ဒိုက် စကားလုံးတွေ ပွဲတင်ထပ် နေတော့၏။

''ဟော့ မော်၊ တ ဟား၊ ဟား၊ မာ့နှလုံးသားကို မင်း နားသောတဆင်ခွင့်ရပြီ မဟုတ်လား၊ မင်းက မင်းကိုယ်မင်း ဟုတ်လှပြီအထင်နဲ့ မာ့ကို မှုပိုင်လုပ်ဖို့ ကြိုးစားတာ၊ ဒါပေမဲ့ မင်း လုပ်ခွင့် မရနိုင်ဘူးလေ၊ ဟော့ မော်၊ အဲဒါ ဘာဖြစ်လို့လဲ သိလား၊ မသိရင်သိအောင် ဒီကောင် ပြောလိုက်မယ်။

အသက်ရှုနေတဲ့ ဘယ်မိန်းမ မဆို နှလုံးသားအတွက် ဘဝအတွက်၊ လွတ်လပ်စွာ ဆုံးဖြတ်ခွင့်၊ နှစ်မြို့က်ရာကို ရွေးချယ်ခွင့် လိုချင်တယ်ကွ၊ မင်းလက်နဲ့မှင်း ဘယ်လိုပဲဆုပ်ကိုင်၊ မင်းအတွက်နဲ့ ချည်နှောင်ပြီး မင်းအမိန့်နဲ့ သော့ခတ်ထားလို့ မရဘူးဆိုတာ မင်းသဘောပေါက်ပြီ မဟုတ်လား။





မင်း ဒီထက်သဘောပေါက်အောင် ဒီကောင်ပြောလိုက်မယ်။ ဟော့ နားထောင်၊ မင်း ဒီကနေ့ထိ မာ့ဆီက မာ ရက်ရက်ရောရော ထိုးပေးတာ၊ မင်း ဘာတစ်ခုရဖူးလို့လဲ၊ လက်တွေ့ ပြကြည့်စမ်း၊ ပြကြည့်စမ်း''

သရော်စော်ကားလွန်းသည့် ဒိုက်အသွင်သည် သူ့မျက်လုံး အိမ်ကို ပူလောင်စေ၍ သူ့လည်ချောင်းတွေကို ခြောက်သွေ့သွား စေသည်။ ထို့မျှမက သူ့အကြောတွေကို ထောင်ထစေ၍ သူ့ခံစားမှုတွေကို လွင့်ပျောက်သွားအောင် ဖန်တီးနိုင်သည့် ဆူနာမိ လှိုင်းလုံးကြီးနဲ့ တူတော့၏။

''မင်း မပြနိုင်ပေမယ့် ဒီကောင် လက်တွေ့ပြနိုင်တယ်''

ဒိုက် ဘောင်းဘီခါးကြိုးမှာ တွဲလောင်းချည်နှောင်ထားသည့် အရုပ် နှစ်ခုကို သူ့ ရှေ့တိုးပြပြီး

''ဟောဒီမှာကြည့်၊ မာ့ကိုယ်စား ဒီကောင့်ကို Kiss ပေးတဲ့ ဘိုမရုပ်၊ ဒီကောင့်ကို နှစ်သိမ့်မှု ပေးနိုင်တဲ့ မွေးပွယုန်ရုပ်၊ ဒါတင် မကဘူး၊ မာ့ဆီကို စီးဆင်းနေတဲ့ ဒီကောင့်နှလုံးသားစီးကြောင်းကို မာကိုယ်တိုင် အသိအမှတ်ပြုလို့ ဒီကောင်ပေးတဲ့ ချစ်သင်္ကေတ ပန်းစည်းကို မာ လက်ခံခဲ့တယ်။ မယုံရင် ဒီကောင့်ရှေ့မှာ မာကို မေးကြည့်၊ အဲဒီပန်းစည်းကို မင်းကိုယ်တိုင် ဖျက်ဆီးပစ်ခဲ့တယ်''

ဒိုက် သက်သေထူမှုတွေက သူ့တစ်ကိုယ်လုံးကို တုန်ဟီး သွားစေသည်။

''ဟော့၊ မင်း ဘယ်လိုပဲ ဖျက်ဆီးဆီး၊ မာ ဒီကောင့်ကို လက်ခံခဲ့တယ်ဆိုတဲ့ သက်သေက ဟောဒီ အရုပ်တွေပဲ၊ ဒီကောင့် တင်မကဘူး၊ ဟို ကင်းကမ္ဘာ ဆိုတဲ့ကောင်ဆီက မာ ဘာတွေလက်ခံ ထားသလဲ သိရဲ့လား၊ သိချင်ရင် မာ့ အခန်းထဲ ပြေးဝင်ကြည့်လိုက်၊



www.burmeseclassic.com

www.burmeseclassic.com



ကင်းလက်ရာ ပန်းပုရုပ်အသေးစား တွေ့လိမ့်မယ်၊ ဟား ဟား။

မင်းက မင်းကိုယ်မင်း ဟုတ်လှပြီ အထင်နဲ့ မတ္တုပ်တိုင် တက်ပြတယ်။ အလံတိုင် စိုက်ပြတယ်။ အခု ဘာဖြစ်သွားသလဲ မင်း သရုပ်ဆောင်နေတဲ့ ဇာတ်ဝင်ခန်းတစ်ခန်းလောက်တောင် ဖီလင်ရှိရဲ့လား၊ ပြောစမ်းကွာ။

ဟော့ ခုချိန်မှာ အခြေအနေ အရုပ်ရုပ်ကို မင်း သဘော ပေါက်ရင် မင်း ဘာဆက်လုပ်သင့်သလဲ စဉ်းစား၊ စဉ်းစား မင်းစဉ်းစားမတတ်ရင် ဒီကောင် အားဖြည့် စဉ်းစားပေးလိုက်မယ် မှာ့ အပေါ်မှာသွန်းနေတဲ့ မင်းအတ္တ၊ မင်းဆန္ဒ၊ မင်းအမိန့် အားလုံးကို တံခါးပိတ်ပြီး ဂျလောက်ခနဲမြည်အောင် သော့ခတ်လိုက်၊ သော့ ခတ်လိုက်ကွ၊ ဟ ဟား ဟား''

အရုပ်နှစ်ရုပ်ကို သက်သေထူ အောင်ပွဲခံ ဟစ်ကြွေးလာသည့် ဒိုက်အသံက သူ့နားစည်မှာ ရထားတစ်စင်း ခုတ်မောင်းသလို တကျွန်းကျွန်းကြားရစဉ် သူ့ကိုယ်သူ လေဟာနယ်မှာ လွင့်မျောသလို ခံစားလိုက်ရ၏။

ဟုတ်ရဲ့လား၊ သူ့နောက်ကွယ်မှာ မာ ထွက်ပေါက်ရှာသတဲ့ လား၊ သူတို့တွေရဲ့ ပိုးပန်းမှုကို ပျော်မွေ့သတဲ့လား၊ ကင်းဆိက ပန်းပုရုပ်လေးကို သိမ်းဆည်းထားသတဲ့လား။

သူ့ဘက်က ပြန်လည်ချေပနိုင်မယ့် စကားလုံးတွေ နစ်မြုပ် သွားပြီး ဝိုင်းဝန်းကြည့်နေကြတဲ့ မျက်လုံးတွေအောက်မှာ သူ့ခြေထောက်က တည်တံ့မနေနိုင်ရှာ။ ထိုအခါ သူ့ခြေလှမ်းသည် အားလုံးနဲ့ ဝေးရာဆီ လွင့်မျောလာခဲ့သည်။

ဒိုက်၏ ရယ်သံ၊ ကင်း၏ သရော်သောအကြည့်၊ မာ၏ မျက်ရည်များသည် သူ့ကို အကြိမ်ကြိမ် နှိပ်စက်နေတော့သည်။





ထိုနေ့မှစ၍ မော် ဘယ်သူနဲ့မှ ရင်မဆိုင်ရဲလောက်အောင် ရှက်သည်းကာ သူ့ကိုယ်သူ အခန်းပိတ်လှောင်နေတော့သည်။ လုပ်ကိစ္စ မပြီးခင် တောင်ကြီးက ပေါက်ချလာသည့်သားဖြစ်သူကို ပါဝီဝိ နားမလည်နိုင်အောင် ဖြစ်ရသည်။

''အန်တီစီရေ၊ မော့်ကို ဖျောင်းဖျပါဦး၊ မော် ဘာဖြစ်မှန်း သိဘူး၊ မော့်ကြောင့် ရှုတင်ပျက်ရတယ်'' လို့

ဒါရိုက်တာ လှမ်းတိုင်သည်။ သားက သားဝါသနာပါသည့် အလုပ်ကို ဘယ်တုန်းကမှ မပျက်ကွက်ခဲ့။ အခုမှ ပြောင်းလဲကာ အားတိအေးစက်ဖြစ်တာ မြင်ရစဉ် မိခင် ရင်မှာမချမ်းမြေ့။

''သား၊ သား၊ မော်၊ တံခါးဖွင့်ပါကွယ်၊ တံခါးဖွင့်ပါ''

မာမီ စိုးရိမ်သံကျယ်ကျယ်က သူ့နှလုံးသားမှာ မိုးရွာ သွားစေသည်။ ခုတင်ပေါ်ပြန့်ခင်းထားသည့် မာ့ ဓာတ်ပုံတွေကို စိုက်ကြည့်နေသည့် သူ့မျက်ဝန်းအိမ်မှာ ယုံကြုံမရဖြစ်စေသည့် မျက်ရည်စအစီအရီ နိုတွဲလာသည်။

မာရယ်၊ ငါ့ကြောင့် မာ့ရင်မှာ ဒဏ်ရာနက်ကြီးဖြစ်ရမယ် လို့ ငါ မထင်ခဲ့ဘူးဟာ။ တကယ် မထင်ခဲ့လို့ပါကွာ။

''သား တံခါးဖွင့်လေ၊ မာမီ့ကို စိတ်ပူအောင် မလုပ်ပါနဲ့ ကွယ်၊ တံခါးဖွင့်ပါ''

မာမီ၏ စိုးရိမ်သံ တတွတ်တွတ်သည် သူ့ရင်ကို ပူလောင် စေသည်။ မျက်ရည်ပူတွေကြောင့် သူ့မျက်ဝန်းအိမ် ဆူလာကာ ပေါ်လာသည်။ တံခါဖွင့်သည့် သူ့လက်ချောင်းမှာ တုန်ခါနေသည်။ ယ်နေသည့် သူ့ခြေထောက်များ တဆတ်ဆတ်တုန်လာသည်။ အခန်းထဲဝင်လာသည့် မာမီ့ရင်ခွင်ကို မြင်ရစဉ် သူ၏ ဝမ်းနည်း ကြေကွဲမှုကို ကြိတ်မှိတ်မျိုသိပ်မနေနိုင်တော့။ မာမီ့ရင်ခွင်မှာ နိုရှိုက်၍



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲရှိသမျှ သွန်းချငိုကြွေးမိ၏။ သား ရှိုက်သံ၊ သားငိုကြွေးသံ တို့သည် မိခင်ရင်ကို ဆွလောင်သွားစေသည်။

"သား၊ သား ဘာဖြစ်တာလဲကွယ်၊ မာမီ့ကို ပြောစမ်းပါ ရှိုက်ကွင်းမှာ အဆင်မပြေလို့လား၊ ဘယ်သူနဲ့ ဘာဖြစ်လဲ"

မာမီ၏ ကရုဏာမေးခွန်းတွေကို သူမဖြေ၊ ဖြေနိုင်တဲ့ အင်အားမရှိပါ။

"မငိုပါနဲ့ကွယ်၊ သား ဘာဖြစ်လဲဆိုတာ မာမီ့ကိုပြောမှပေါ့"

တစ်ခါဘူးမှ ရှိုက်ကြီးတငင် ငိုကြွေးခဲ့ဖူးခြင်း မရှိသည့် သားဖြစ်သူက အခု ဘာကြောင့် ငိုကြွေးနေရတာလဲ။ မာမီ့ စိတ်ကောက်လို့လား၊ ဟုတ်မှာပေါ့။

"သားရယ်၊ မာက လိမ္မာပါတယ်ကွယ်၊ မာစိတ်ကောက် ရင်လည်း ခဏပါပဲ၊ မာကြိုက်တတ်တဲ့ ဘဲတစ်ကောင် ကင်ကျွေး လိုက်ရင် မာ စိတ်ကောက်ပြေမှာပါကွယ်။ သားကလည်း ကလေးလို ငိုနေတာ၊ မရှက်ဘူးလားကွယ် နော်"

သူ့မျက်ရည်တွေကို ကြင်နာစွာသုပ်ပေးလာသည့် မာမီ၏ လက်ချောင်းလေးများကို သူ တင်းကျပ်စွာ ဆုပ်ကိုင်၍

"မာမီ"

"ပြောလေ သား"

သူ့နှလုံးသားက ရုန်းကြွလာသည့် ဆုံးဖြတ်ချက်ကို ကြေညာဖို့ သူ့လည်မျိုသွေ့စိခံထားရသလို တစ်ဆို့နေသည်။ ဒီဆုံးဖြတ်ချက်ကို မာမီတို့ကို ကြေညာရလိမ့်မယ်၊ မာ စိတ်ကျေနပ် မှုအတွက် မာ လိုလားတောင့်တာမှုတွေ ပြည့်ဖို့အတွက် သူ ကြေညာ ရလိမ့်မယ်ကွယ်။

"ပြောလေ သား ဘာပြောမလို့လဲ။ မာနဲ့ မင်္ဂလာကိစ္စကို





မြန်မြန်စီစဉ်ပေးဖို့ ပြောချင်တာလား"

မာမီ့စကားအဆုံးတွင် သူခေါင်းရမ်းမိသည်။ သူ့ဆန္ဒကို မာမီရင်မှာ ရှုပ်ထွေးစေသည်။

"သားရယ်၊ သား ဘာလို့ ဆုဝေနေတာလဲကွယ်၊ သား ဖြစ်ချင်တာကို မာမီ အားလုံးဖြည့်ဆည်းပေးပါမယ်ကွယ်၊ ဟော ခုဆို မင်္ဂလာကိစ္စ အားလုံးပြီးပြီ၊ မာ့ဖေဖေက နေ့တာ်အပတ်ဆို ရောက်လာမှာလေ၊ မာ့ဖေဖေရောက်ရင် ဖိတ်စာဝေရုံပဲ၊ မာမီ အားလုံး စီစဉ်ထားပါတယ်ကွယ်"

"မဟုတ်ဘူး မာမီ"

"ဟင် ဘာမဟုတ်တာလဲ"

"မာနဲ့ မင်္ဂလာကိစ္စကို ပြောတာပါ"

"ဟင်"

သူ အက်ကွဲစွာဆိုစဉ် မာမီမျက်ဝန်းစူးရှတောက်ပလာသည်။ မှုမှန်သည့် သားဖြစ်စဉ်ကို အံ့ဘနန်းဖြစ်ကာ

"ပြောပါ သားရယ်၊ မာမီ စိုးရိမ်လာပြီ"

"ပြောမှာပါ၊ သားရင်ထဲမှာ လှိုင်းထနေတယ်၊ ဒီကိစ္စက မာ့အတွက် အရေးကြီးတယ်၊ ဒါကြောင့် အန်တီသက်နဲ့ မာမီတို့ကို သား ကြေညာချင်တယ်။ သား ဆုံးဖြတ်ချက်ကို အသိပေးချင်တယ် မာမီ။ ဒါကြောင့် အန်တီသက်ကို ခေါ်ပေးပါနော်၊ ခေါ်ပေးပါနော် မာမီ"

သူ့ခံစားချက်တွေကို မာမီ လိုက်မမီတော့၊ တစ်ခုခု လွဲချော်သွားမှာ၊ အစီအစဉ်ပျက်သွားမှာကို စိုးရိမ်စိတ်ကြီး ဝင်လာသလို၊ သားဖြစ်သူ ဆုံးဖြတ်ချက်ကိုလည်း သိချင်စိတ် ကြွလာ၏။



www.burmeseclassic.com

www.burmeseclassic.com



''အင်းပါကွယ်၊ မာမီ ခုပဲ ခေါ်ပေးပါ့မယ်''

မာမီ နားမလည်နိုင်အောင် ရှုပ်ထွေးသည့် မျက်လုံးနှ သူ့ကိုကြည့်၍ အခန်းထဲက ထွက်သည်။ ထိုအခါ သူ ကြေကွဲမှ မျိုချ၍ ခုတင်ပေါ် ပြန့်ကျဲနေသည့် မာ့ ဓာတ်ပုံတွေကို စနစ်တ စီကာ မာ့ခုတင်ခေါင်းရင်းမှာ တင်လိုက်သည်။ မာ့အခန်းထဲ မာနှင့်အပြိုင် ရယ်မောနေသည့် သူနဲ့မာ ဓာတ်ပုံကို အတန်ကြ ငေးကြည့်ပြီ

မာရယ်၊ မာ့ရဲ့ရယ်မောသံတွေ ကြားခွင့်ရဖို့အတွက် ဘာမဆို ပေးဆပ်ချင်ပါတယ်ကွယ်၊ မာ ကျေနပ်မယ်ဆိုရင် ငါ့အသ ငါ့အသား၊ ငါ့နှလုံးသား၊ ငါ့အချစ်၊ ငါ့ခံစားမှု အားလုံး ဆီမီးအစုံအလင်ထွန်းညှိပြီး ပူဇော်ချင်ပါတယ်။ ပူဇော်ချင်ပါတ ကွယ်၊ မာ့ရင်ကွဲသံဟာ ငါ့နှလုံးသားကို တန်ပြန်သက်ရောက်လာ ရင်ကွဲသံပေါ့၊ ဒါပေမဲ့ ငါရင်ကွဲနေတာကို မာ့ကို မမြင်စေချင်ဘ မာ့ရဲ့ ရင်ကွဲမှုကို ငါ့ချစ်ခြင်းတွေနဲ့ ချုပ်တည်းပေးပါ့မယ်ကွယ် မာ စိတ်ချမ်းသာစေရမယ်။ မာ လွတ်လပ်စေရမယ်၊ ငါ ရင်ခွင်တံ ဖွင့်ပေးပါ့မယ်၊ မာ့ဆန္ဒအရ မာထွက်ပါ၊ ငါကျေနပ်ပါတယ် မာရယ်

အရှိန်ပြင်းစွာ လိမ့်ဆင်းလာတဲ့ မျက်ရည်စတွေကို မသုတ်သင်မိ၊ ကျပါစေလေ၊ လွတ်လပ်စွာ ကျဆင်းလိုတဲ့ မျက်ရည် သူတားဆီးခြင်း မပြုတော့။

✿ ✿ ✿



## အခန်း (၁၆)

''သားနဲ့ မာတို့ မင်္ဂလာအစီအစဉ်ကို ဖျက်ပေးပါ''

''ဘာ''

''ဘာပြောတယ်''

သူ အတည်ငြိမ်ဆုံး ကြေညာလိုက်စဉ် မာမီနဲ့ အန်တီသက်တို့ လန့်ဖျပ်သွားတော့သည်။ မထင်မှတ်ထားသည့် မော့် တောင်းဆိုချက်သည် သမီးရှင်ဘက်ကို စော်ကားသည်နှင့် တူတော့သည်။ မော့်တောင်းဆိုချက်အရ မင်္ဂလာပွဲဖြစ်အောင် စီစဉ် ခဲ့ရသည်။ အစစအရာရာ အဆင်သင့်ဖြစ်ကာမှ မော်က ဖျက်ရန် တောင်းဆိုလာစဉ် ဒေါ်သက်သက် မျက်နှာပေါ် ရှက်ရိပ်တွေ စွန်းထင်းကာ တင်းမာလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာ၊ ဘာပြောလိုက်တယ် သား။ ပြန်ပြောစမ်း၊ မာမိ နားလည်အောင် ပြန်ပြောစမ်း"

မော်၏ တောင်းဆိုမှုကို ဒေါ်စီစီ မယုံနိုင်လောက်အောင် ထိတ်လန့်သွားသည်။ မော့်ကို စူးစူးစိုက်စိုက်ကြည့်၍ ဒေါ်စီစီ ထပ်ဆင့် မေးမိ၏။

မော် တံတွေးမျိုချ၍

"မင်္ဂလာပွဲကို ဖျက်ပေးပါ။ ဖျက်ပေးပါ မာမိ"

သူ့စကားလုံး အဆုံးသတ်တွင် မာမိ မျက်လုံးပြူးကာ နှုတ်ခမ်းလွှာ ပွင့်ဟသည်အထိ မှင်တက်မိသွားသည်။ အန်တီသက် နှုတ်ခမ်းပါး တဆတ်ဆတ်တုန်ခါလာသည်။ သူ့ကို ဒေါသတွေ မကျေနပ်မှုတွေ ရောယှက်သည့် မျက်ဝန်းနှင့် စူးစိုက်ကြည့်လာပြီး

"မော်၊ အန်တီသမီးသိင်္ဂါကို ရေချွေးလောင်းပြီး သတ်ချင်တာလား၊ မာ့ဘဝကို အဖျားဆိတ်ပြီး အညွှန့်တုံးအောင် လုပ်နေတာလား၊ မာ့ရှင်သန်မှုကို အနက်ရောင်လိမ်းခြယ်ပေးချင် တာလား၊ ပြောစမ်းပါ၊ ပြောစမ်းပါ"

အန်တီသက်၏ လက်ညှိုးများသည် သူ့နှလုံးသားကို ထိုးသိလာသည့် သံချွန်တစ်ချောင်းနှင့် တူတော့၏။ သူ့နှလုံးသားထဲက ပွက်ထလာသည့် ပူလောင်မှုတွေ သူ့တစ်ကိုယ်လုံးသို့ စီးမျောလာပြီး

"မဟုတ်ဘူး၊ မဟုတ်ဘူး"

သူ၏ငြင်းဆန်မှုကို မယုံကြည်သည့် မာမို့မျက်နှာပေါ် ဒေါသရောင်ကြော့ဖို့ နီမြန်းလာသည်။ အန်တီသက်လို စကားလုံး တွေနဲ့ စွပ်စွဲခြင်းမဟုတ်ဘဲ အကြည့်စူးစူးနှင့် သူ့ကို ရင့်ရင့်သီးသီး စွပ်စွဲလာသည်။ ထို့ပြင် သူ့ကို ခွင့်မလွှတ်နိုင်လောက်အောင် ပေါက်ကွဲလျက်





"တောက်"

မာမိလက်တစ်ဖက် မြောက်တင်သွားစဉ် သူ့ပါးပြင်တစ်ဖက် မီးရဲရဲနဲ့ ထိုးကင်လိုက်သလို ဖြန်းခနဲ ပူရှသွားပြီး သူ့မျက်ဝန်းမှာ မီးပွင့်၍ သူ့အာရုံတစ်ခုလုံး လဲပြိုသွားတော့၏။ ညည်ခန်းကြမ်းပြင်ပေါ် ပုံရက်ကျနေသည့် မော့်ကို အန်တီသက် ကရုဏာသက်ဝင်ခြင်း မရှိသလို၊ မသတီသလို တစ်ချက်ကြည့်၍ လှည့်ထွက်စဉ်

"သက်"

အန်တီသက်ရှေ့ မာမီ ဗိတ်ကာရပ်လိုက်ပြီး

"သက်သက်၊ သက်သက် သွားစရာ မလိုဘူး။ မမစီဟာ မမစီသားကို ချစ်သလို၊ သမီးမာရဲ့ ဂုဏ်သိင်္ဂါကိုလည်း ချစ်တယ်။ မမစီသားရဲ့ မိုက်မဲမှု၊ သစ်စိမ်းချိုးချိုးမှုကို မမစီက သားဘက်လိုက် ပြီးနောက်ဆုတ်လိုက်မယ်လို့ မထင်ပါနဲ့၊ ဘာဖြစ်လို့လဲဆိုတော့ မမစီဟာ တရားမျှတတဲ့ မိခင်ဖြစ်ချင်တယ်။ ဒါကြောင့် သားရဲ့ ကြေညာချက်ကို မမစီ ပြန်ရုတ်သိမ်းတယ်။ ဒီကိစ္စကို သက်သက် ရင်ထဲက ထုတ်ပစ်လိုက်ပါ။ မမစီ အစစအရာရာ တာဝန်ယူတယ်၊ ဟောဒီသားအတွက် မမစီ တာဝန်ယူတယ်၊ ကျေနပ်ပါနော်၊ ဒီအကြောင်းကို သမီးမာကို အသိမပေးပါနဲ့၊ မင်္ဂလာပွဲလုံးဝ မပျက် စေရဘူး၊ စိတ်ချ။ နော် သက်သက်"

မမစီ လေးနက်စွာ ဆိုလာစဉ် အန်တီသက် ဒေါသတွေ ပြေလျော့လာပေမယ့် မာမီ၏ တစ်ဖက်သတ်စီရင်ချက်ကို သူ လက်မခံ နိုင်ပါ။

"မဟုတ်ဘူး၊ မာမီတို့ ထင်မြင်ချက် တစ်ခုမှ မဟုတ်ဘူး"

သူ့ငြင်းဆန်မှုကို မာမီ ခပ်တင်းတင်း စူးစိုက်ကြည့်သည့် အကြည့်က သူ့ရင်မှာ အဆမတန် ကြွမ်းရှလာသည်။ ထို့ပြင်



www.burmeseclassic.com

www.burmeseclassic.com



မာမို့နှုတ်ခမ်းလွှာကြားမှာ အရှိန်အဟုန်နဲ့ လိမ့်ထွက်လာသည့် စကားလုံးများသည် သူ့ရင်ခွင်ကို ခြောက်သွေ့သွားစေ၏။

"ဒီမှာ သား၊ မာမီဟာ သားကို အတိုင်းအတာလွန်တဲ့ အထိ အလိုလိုက်ခဲ့တယ်။ မာနဲ့ ပတ်သက်တဲ့ သားဖြစ်စဉ်ကို သားပြန်စဉ်းစားကြည့်စမ်းပါ။ မာ့ကို သားက ဖွတ်ခင်လို့ မာမီ လက်ခံခဲ့တယ်။ မာနဲ့ အနီးကပ်နေချင်လို့ ဟောဒီခြံကို ဝယ်ခဲ့တယ်။ မာ့အရိပ်လို သားနေချင်လို့ မာ့မေမေက မာ့အနီးဆုံးမှာ သားကို နေခွင့်ပေးခဲ့တယ်။ မာ့အခန်းကို စိတ်ကြိုက်ဝင်ထွက်ခွင့် ပေးခဲ့တယ်။ ဒါတွေဟာ သားဆန္ဒအတွက် မာမီနဲ့ မာ့မေမေတို့ရဲ့ အတိုင်းမသိ လိုက်လျောမှုတွေလေ၊ ဘာကြောင့် မာမီတို့ လိုက်လျောရတယ်လို့ ထင်သလဲ၊ သား ဖြေကြည့်စမ်း"

မာမို့စကားလုံးတွေကို သူနားမလည်နိုင်အောင် ငေးကြည့် မိ၏။ မာမီ မေးသားလေး ဆတ်ခနဲ လှုပ်ခါသွားပြီး

"သား မဖြေရင်၊ မာမီ ဖြေပေးမယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ကလေးဘဝရဲ့ ဖြူစင်မှုကို မာမီတို့ အရောင်မဆိုးချင်လို့၊ သားစိတ်မှာ အနာတရ မဖြစ်စေချင်လို့၊ တစ်အူတုံဆင်း မောင်နှမလို ချစ်ခင်ကြပါစေလို့ ကျေကျေနပ်နပ် ခွင့်ပြုခဲ့တာ။ အရှင်းဆုံး ပြောရရင် သားဆန္ဒကို ရှေ့တန်းတင်လို့ ခွင့်ပြုခဲ့တာ သား။ ဒါပေမဲ့ မာမီတို့ မိဘတွေရဲ့ကျေနပ်လိုက်လျောမှုအတွက် သားနဲ့ မာ စိတ်ဆန္ဒ သဘောထားအားလုံးကို မာမီတို့ မျက်ခြေမပြတ် စောင့်ကြည့်ပြီး ထိန်းကျောင်းခဲ့တယ်။ ဒါပေမဲ့ မာမီတို့ရဲ့ ထိန်းကျောင်းမှု ဘောင်ထဲက စတင်ဖဲ့ထွက်ခဲ့တာ ဘယ်သူလဲ၊ ပြောစမ်း"

သူ့တစ်ကိုယ်လုံးရှိ မွေးညှင်းကလေးများ ဖြန်းခနဲ





ထောင်ကြွလာသည်။ မာမီ မျက်နှာပေးဝင့်၍

"သား မပြောနိုင်ရင်၊ မပြောချင်ရင်၊ မပြောတတ်ရင် မာမီပဲ ပြောရလိမ့်မယ် သား။ သား မှတ်မိလား၊ ဆယ်တန်းနှစ်မှာ သားဆန္ဒနဲ့ မာနဲ့ ခပ်ခွာခွာ နေတာလေ၊ အဲဒီအချိန်ကတည်းက သားရင်ထဲမှာ ခံစားချက်တစ်ခု ရောက်နေပြီဆိုတာ သိလို့၊ မာမီ ဘာပြောခဲ့သလဲ၊ မှတ်မိရဲ့လား"

သူ့ဆုံးဖြတ်ချက်တွေနဲ့ မာမို့စွပ်စွဲချက်တွေက ဘယ်လို ပတ်သက်နေလဲ ကံကြမ္မာ။ သူဘာကိုမှ မခွဲခြားနိုင်တော့၊ ပါးပြင်ပေါ် ဒလဟောကျဆင်းလာသည့် သူ့မျက်ရည်တွေကို မျက်တောင်နဲ့ ပုတ်ခတ်ပြီး အရှိန်ပြင်းစွာစီးကျလာသည့်ရေတံခွန်လို ဖြာကျလာ သည့် မာမို့စကားလုံးတွေကို ငေးကြည့်မိသည်။

"သားဟာ မာ့အပေါ်မှာ အဖြူရောင်မဟုတ်တဲ့ အရောင် တစ်မျိုးစွန်းထင်းလာပြီ၊ အဲဒီအတွက် သားနဲ့ မာ့ကို ငယ်ငယ်ကလို ထားလို့ မသင့်တော်ဘူး။ ဒါကြောင့် မာမီ ဒီခြံကိုရောင်းပြီး မာတို့နဲ့ ဝေးရာမှာနေဖို့ စီစဉ်ခဲ့တယ်။ တစ်နည်းပြောရရင် သားနဲ့ မာ့ကို သီးခြားစီဖြစ်အောင် ဖန်တီးတာ၊ အဲဒီတော့မှ သား ဝန်ခံတယ်လေ၊ သား မာ့ကို ချစ်နေတယ်၊ မခွဲနိုင်ဘူး။ ဒါကြောင့် သားဘဝအတွက် မာ့ကို ရွေးချယ်ပါရစေလို့ မာမီဆီမှာ အကြိမ်ကြိမ်တောင်းဆိုခဲ့တယ်။ သားရဲ့ တောင်းဆိုမှုအတွက် မာ့မိဘနှစ်ပါးဆီမှာ မာမီ အရေးဆို ခဲ့တယ်။

အဲဒီတော့ မာ့ မိဘနှစ်ပါး သားကို ငြင်းခဲ့တယ်လေ၊ အဲဒီတော့ သား ဘာလုပ်ခဲ့သလဲ၊ မာ့ဖေဖေ ခြေထောက်ကိုဖက်ပြီး သား ထပ်ဆင့်တောင်းဆိုလို့ မာမီက သားအတွက် အာမခံလို့ မာ့ဖေဖေ သားကို လက်ခံခဲ့တယ်။ သားကို မာနဲ့ အနီးကပ်



www.burmeseclassic.com

www.burmeseclassic.com



နေခွင့်ပေးခဲ့တယ်။ သားအပါးမှာ နှမ်းတစ်ထောက်မကွာ မှာ့ကို နေစေခဲ့တယ်။ အဲဒီအတွက် ပတ်ဝန်းကျင်အမြင်မှာ မာဟာ သားရဲ့ မှုပိုင် အရုပ်တစ်ရုပ်ဖြစ်ခဲ့ရတယ်လေ။

မှာ့ကို လက်ထပ်ပါရစေလို့ သားတောင်းဆိုလာတော့ မာမီတို့ လူကြီးချင်း စီစဉ်ထားတဲ့အတိုင်း ချက်ချင်းစီစဉ်ပေးခဲ့တယ်။ သား ဆန္ဒအတွက် မာမီတို့ အဖက်ဖက်က လိုက်လျှောပေးခဲ့တာကို အခု ဖျက်သိမ်းပေးပါလို့ သားတောင်းဆိုလာတာ မာမီ သိပ်အံ့ဩတယ် သား။ ဘာလဲ သား သိပ်အောင်မြင်နေတယ်ဆိုပြီး ဘဝင်မြင့်သွား တာလား၊ မှာ့ထက်သာတဲ့ မိန်းမ တွေ့သွားလို့လား''

''မဟုတ်ဘူး''

မာမီ၏ အပြင်းစားစွပ်စွဲမှုကို သူ အာခေါင်ကွဲမတတ် အော်ဟစ်ငြင်းဆန်မိ၏။ မာမီ မျက်ဝန်းရှုးရှူး သူ့ထံ နှစ်ခနဲ စိုက်ဝင်လာပြီး

''ဘာကို မဟုတ်တာလဲ သား၊ ဘာက မဟုတ်တာလဲ၊ ဒီမှာ သား၊ သားဟာ ဘယ်လောက်ပဲ အောင်မြင်မှုတွေရရ၊ ဘယ်လောက်ပဲ နာမည်ကြီးကြီး မာမီတို့အမြင်အောက်မှာ သားဟာ ခပ်ရိုးရိုးသားပဲ၊ သားကိုယ်တိုင် စိတ်တိုင်းကျ ရွေးချယ်ပြီး အမိအရ ဆုပ်ကိုင်ခဲ့တဲ့ပန်းတစ်ပွင့်ကို ဘာအကြောင်းကြောင့်မှ မာမီ လွှတ်ချခွင့် ပေးမှာ မဟုတ်ဘူး။ အဲဒါ မာမှီအမိန့်''

မာမှီအမိန့်သည် သူ့နှလုံးသားကို ဆတ်တောက်စွာ ဖြတ်တောက်မည့် ဓားသွားနှင့် တူကြောင်း သိရစဉ် သူနှလုံးသား ကြေကွဲလာပြီး

''မဟုတ်ဘူးမာမီ၊ သား လွှတ်ချဖို့ ကြိုးစားတာ မဟုတ်ဘူး။ ဘာအကြောင်းကြောင့်မှ မှာ့ကို သား လက်လွှတ်အဆုံးရှုံး မခံနိုင်ဘူး။





သား ဘယ်လောက် အောင်မြင်နေပစေ၊ မှာ့ထက်သာတဲ့မိန်းမတွေ ဘယ်လောက်ပဲ များနေပစေ၊ သား စိတ်မဝင်စားဘူး မာမီ။ မာဟာ သားအတွက်၊ သားဘဝအတွက်၊ သားနှလုံးသားအတွက် မရှိမဖြစ် လိုအပ်တဲ့ မိုးကောင်းကင်ပါ မာမီ၊ သား နှလုံးသားကို ယုံကြည် ပေးပါ၊ ယုံကြည်ပေးပါ၊ မာမီထင်သလို မဟုတ်ရပါဘူး၊ မဟုတ်ရ ပါဘူး''

မာမီ့ ရိုက်ချက်ကြောင့် ကြမ်းပြင်ပေါ် လဲကျနေသည့် သူသည် သူ့ကိုယ်သူ ပြန်မတ်နိုင်သည့် အင်အားမရှိအောင် မာမီ့ စကားလုံးတွေက ပြင်းထန်လွန်းခဲ့သည်။ ထိုစကားလုံးအတွက် အန်တီသက်ရှေ့ ဒူးထောက်ရင် သူ အယူခံဝင်မိ၏။

''အန်တီသက် သားကိုယုံကြည်ပေးပါ၊ မှာ့အတွက် သား ဒူးထောက်တောင်းဆိုတာကို အသိမှတ်ပြုပေးပါ အန်တီသက်ရယ်၊ အသိမှတ်ပြုပါ''

မာနဲ့ ပတ်သက်ပြီး သားတစ်ယောက်လို ချစ်ခင်ရသည့် မေ့ ကြေကွဲမှုကို နားလည်မှု ပေးလိုက်ချင်ပါသည်။

''ဒါဆို ဘာဖြစ်လို့ မာနဲ့လက်ထပ်မယ့် အစီအစဉ်ကို ဖျက်ချင်ရတာလဲကွယ်၊ ဘာဖြစ်လို့ ဖျက်ချင်ရတာလဲ''

ဒီဖြစ်စဉ်ကို ဘယ်လိုပြောရမလဲ မာရယ်၊ ဖြစ်နိုင်ရင် ထိုနေ့က ဖြစ်စဉ်ကို ရေစီးသန်တဲ့ချောင်းထဲ သွန်ပစ်မျှောချလိုက် ချင်တယ်။

''ပြောလေ၊ ဘာကြောင့်ဖျက်ချင်ရတာလဲ၊ သားဘက်က နိုင်လုံတဲ့ အကြောင်းပြချက်ရှိရင် တင်ပြပါ''

မာမီ တောင်းဆိုလာစဉ် သူ အသက်အောင့်၍

''မှာ့ကြောင့်ပါ မာမီ၊ မှာ့ ခံစားချက်ကြောင့်ပါ''

www.burmeseclassic.com



''ဟင် မာ့ကြောင့်၊ သမီးမာ့ကြောင့် ဟုတ်လား''

အန်တီသက် မျက်နှာပေါ် မာ့အတွက် စိုးရိမ်စိတ်တွေ ပျံ့ထွက်လာပြီး

''မာ ဘာဖြစ်လို့လဲ။ ပြောပါ သားရယ်''

သူ့ကို အန်တီသက် ချော့မော့ဆိုလာစဉ် သူ ပို၍ ဝမ်းနည်းလာသည်။ သူ့မျက်ဝန်းအိမ်မှာ မျက်ရည်ကြည်ဥတွေ နိုတွဲလာသည်။ နှုတ်ခမ်းပါး တုန်ခါလာသည်။ သူမေးကြောများ တင်းလာသည်။ မာ့စကားလုံးတွေက ချော်ရည်ပူတွေလို သူ့အာရုံထဲ လှိမ့်ဝင်စီးမျောလာသည်။ သူ့ဆုံးဖြတ်ချက်ကို မာမီတို့ ယုံကြည်လက်ခံလာဖို့ သူ့ကြေညာချက်ကို အကြောင်းပြ ဖြေရှင်းရမှာပေါ့။

မာရေ၊ မာ စိတ်ချမ်းသာဖို့၊ မာ လွတ်လပ်ဖို့ ငါ လိုက်လျောရတော့မှာပါကွယ်။ သူ့နှလုံးသားထဲက တွန်းကန်ကြွတက်လာသည့် ခံစားချက် အစိုင်အခဲတွေကို ဖျစ်ညှစ်ဖောက်ထုတ်ရတော့မည်။ သူကြေကွဲမှုကို ဖိသိပ်ဝါးမျိုပြီး

''ဒီလိုပါ မာမီ၊ သားဆန္ဒဟာ မာ့အတွက် ပျော်မွေ့ဖွယ်ကောင်းတဲ့ ပန်းဥယျာဉ်တစ်ခု ဖြစ်လိမ့်မယ်လို့ သား ထင်ခဲ့တယ်။ ယုံကြည်ခဲ့တယ်။ ဒါကြောင့် မာ့ကို သား ပိုင်ဆိုင်ချင်ခဲ့တယ်။ သားဘဝထဲကို ဆွဲသွင်းဖို့ သားကြိုးစားခဲ့တယ်၊ ဒါပေမဲ့ မာမီ၊ သားနှလုံးသားနဲ့ မာ့ နှလုံးသားကို ညှိမျှခြင်းချလို့မရမှန်း ဟိုနေ့ကမှ သားသိလိုက်ရတယ်''

ဝန်းခနဲပြိုကျလာသည့် သူ့မျက်ရည်ကို သူမသုတ်မိ။

''မာ့မှာ အိန္ဒစိန္ဒစိအလလ ကိန်းအောင်းနေတဲ့ သောကတွေဟာ မြုံနေတဲ့ မီးတောင်တစ်လုံးလို ဝုန်းခနဲ ပေါက်ကွဲပြီး ချော်ရည်ပူတွေ စီးကျလာခဲ့တယ် မာမီ၊ အဲဒီအတွက် သား





ဘယ်လိုလုပ် မာ့ကို လက်ထပ်ဝံ့တော့မလဲ မာမီ၊ မာ့မျက်ရည်တွေကို သား လစ်လျူမရှုရက်ဘူး၊ မာ့ရင်ခုန်သံကို သား နားမဆင်ရက်ဘူး။ သားကြောင့် မာ့ရင်ခွင်ကို မခန်းခြောက်စေချင်ဘူး''

သူ့ရင်ခုန်သံသည် အစ်ဆို့ပြတ်တောက် တိမ်ဝင်ပြီးနောက် ဝုန်းခနဲ ဆောင့်ခုန်ရုန်းထွက်လာပြန်သည်။

''မာ ခံစားမိသလို၊ သားဟာ မာ့ဘဝကို ထွက်ပေါက်မဲ့ အောင် မပိတ်ဆို့ချင်ပါဘူး။ မာ့ရှင်သန်မှုကို ကြိုးတစ်ချောင်းနဲ့ ဆွဲမချည်ချင်ဘူး။ မာ့အသိတရားကို လှောင်အိမ်ထဲ မထည့်ချင်ဘူး။ မာ့နှလုံးသားကို ဘောင်မကန့်ချင်ဘူး။ မာ့ချစ်ခြင်းကို အကျဉ်းမချချင်ဘူး။ ဒါကြောင့် မာ့စိတ်ကြိုက် နေခွင့်၊ စားခွင့်၊ ရှင်သန်ခွင့်၊ လှုပ်ရှားခွင့် ရစေမယ့် တောင်ပံတစ်စုံ တပ်ဆင်ပေးချင်တယ်။ အဲဒီတောင်ပံနဲ့ လွင်ပြင်မှာဖြစ်ဖြစ်၊ သစ်တောသစ်အုပ်မှာဖြစ်ဖြစ်၊ ပန်းဥယျာဉ်မှာ ဖြစ်ဖြစ်၊ မာ ပျံသန်းလိုတဲ့နေရာမှာ မာ့စိတ်၊ မာ့ဆန္ဒ၊ မာ့နှလုံးသားနဲ့ လွတ်လွတ်လပ်လပ် ပျံသန်းခွင့် ပေးလိုက်ချင်တယ်။ အဲဒါ သားရင်ထဲက သစ္စာ၊ သားရင်ထဲက ဆန္ဒပဲ။ ဒါကြောင့် သားနောက်ဆုတ်ချင်တာ၊ မာ့ဆန္ဒအတွက်ပါ မာမီရယ်၊ သားကိုနားလည်ပေးပါ၊ အန်တီသက် နားလည်ပေးပါ''

သားဆန္ဒ အမှန်ကို သိရစဉ် မိခင်ဖြစ်သူ၏ နှလုံးသားမှာ ထိခိုက်ဝမ်းနည်းလာသည်။ သားဖြစ်သူကို ကရုဏာသက်စွာကြည့်၍ သားရှေ့မှာ ဖြည်းညင်းစွာ ထိုင်ချပြီး သားပါးပြင်မှ မျက်ရည်စတွေကို ကြင်နာစွာ ပွတ်သုတ်ပေးမိသည်။ မာ့ကြောင့်ဆိုသော အကြောင်းပြချက်သည် မာ့မိခင်ရင်ကို နွမ်းရော်သွားစေသည်။ သမီးဖြစ်သူအပေါ် ဒေါသတွေ ပေါ်ကြွစေသည်။ ဒါကြောင့် ဒေါသခြေလှမ်းတွေနှင့် မော့်ရှေ့က ချာခနဲ လှည့်ထွက်သည်



www.burmeseclassic.com

www.burmeseclassic.com



အန်တီသက် လက်ချောင်းလေးကို သူဆွဲကိုင်ပြီး

''အန်တီသက်ရယ်၊ မာ့ကို အပြစ်မတင်ပါနဲ့၊ မာ့ကို မဆူပါနဲ့၊ မာ့နှလုံးသား ခံစားမှုကို လွတ်လပ်ခွင့်ပေးပါ၊ ဘယ်သူ့ရဲ့ ဖိအားပေးမှုကြောင့်မှ မာ့ချစ်ခြင်းကို အပြောင်းအလဲ မဖြစ်စေချင်ဘူး အန်တီသက်၊ မာ့စိတ်ကြိုက် ရွေးချယ်ခံစားပါစေ၊ ကင်းကို ဖြစ်ဖြစ်၊ ဒိုက်ကို ဖြစ်ဖြစ်၊ တခြား ဘယ်သူဖြစ်ဖြစ်၊ သား လက်ခံပါတယ်။

မာ့ကို ဟိုငယ်ငယ်ကလို အဖြူရောင်ချစ်ခြင်းမျိုးနဲ့ သား ချစ်နေမှာပါ၊ မာ့ဆန္ဒကို အခုလို ဖွင့်ထုတ်လိုက်လို့ သား သိခွင့်ရတာ သား ကျေနပ်တယ်၊ မာ့ဆန္ဒကို မသိဘဲ သားလက်ထပ်လိုက်ရင် မာ ပိုပြီးခံစားနေရလိမ့်မယ်လေ၊ မာ ကြေကွဲနေရင် သားလည်း ကြေကွဲနေမယ်၊ အခုဆို မာ ပျော်နေမယ်၊ မာပျော်ရင် သားလည်း ပျော်နေမှာပါ၊ မာ့ဆန္ဒသာလျှင် သားရဲ့နှလုံးသားပါ အန်တီ၊ ဒါကြောင့် မာ့ကို ဖိအားမပေးပါနဲ့နော်၊ ဖိအားမပေးပါနဲ့၊ မဆူပါနဲ့၊ သားတောင်းပန်ပါတယ်၊ တောင်းပန်ပါတယ်''

မာ့အတွက် အကြိမ်ကြိမ်အသနားခံနေသည့် မှော်ဆန္ဒ အတွက် ယူကြုံးမရ ဝမ်းနည်းကာ စိတ်မချမ်းမသာ ဖြစ်ရသည်။ မာ့အပေါ် မှော်လောက် နားလည်ပေးနိုင်မည့်သူ ဒီကမ္ဘာပေါ်မှာ ရှိနိုင်လိမ့်မည်မထင်။ အန်တီသက် လက်ဖဝါးအစုံက သူ့လက်အစုံကို အားပေးနှစ်သိမ့်စွာ ဆုပ်ကိုင်လာစဉ်

''မာ့ကို အပြစ်မတင်ပါနဲ့နော် အန်တီ၊ မာ့ကို နားလည်ပေးပါ၊ အန်ကယ်လာရင်လည်း သား ရှင်းပြမှာပါ''

အန်တီသက် ပုံရိပ်လေး လွင့်ပျောက်သွားစဉ် သူ့ရင်ခွင်ထဲမှ ဖွန်ကျုပ်သမျှကို မာမီ့ရင်ခွင်မှာ ခေါင်းချလျက် ဖောက်ထုတ်





ငိုကြွေးမိတော့၏။

''သားရယ်၊ သားအတွက် မာမီ့ရင်မှာ မချမ်းမြေ့လိုက်တာ ကွယ်၊ မချမ်းမြေ့လိုက်တာ''

မှော် ပါးပြင်ထက်က ရဲတွတ်နေသည့် လက်ဖဝါးရာကို ကြည့်၍ မာမီ့မျက်ဝန်းအိမ်မှ မျက်ရည်တစ်စ လိမ့်ဆင်းလာတော့သည်။

မာရေ၊ မာ ရယ်မောနေရင်၊ ငါ မျက်ရည်ကျနေပေမယ့် ရယ်မောနိုင်အောင် ကြိုးစားဝံ့မယ်ကွယ်၊ အဲဒါ ငါ့ရင်ခွင်ထဲက သစ္စာပါ မာရယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"မိမာ"

မေမေ့အသံက မိုးခြိမ်းသံလို ဟိန်း၍ပေါ်ထွက်လာသည်။ မာ တစ်သက်မှာ ဒီလောက် ကျယ်လောင်သည့် မေမေ့အသံကို တစ်ခါမှ မကြားဘူးပါ။ မေမေ့အသံက တစ်စုံတစ်ရာအတွက် မကျေနပ်မှုတွေ တိုးကြွနေသည်။

"မိမာ၊ ညည်း၊ သိပ်မိုက်တယ်"

မာ မျက်ဝန်းကို စူးစိုက်ကြည့်၍ မေမေဆိုစဉ် မာ နားမလည်နိုင်အောင် ဖြစ်ပြီး

"ဘာကိုလဲ မေမေ"

"ဘာရမလဲ၊ ညည်းအခုမှ မသိချင်ယောင်ဆောင်မနေနဲ့





ညည်းကို အစကတည်းက မေမေ ကြိုတင်ပြောထားတယ်။ ဘယ်သူနဲ့မှ မပတ်သက်နဲ့၊ ဇာတ်လမ်းတွေဖြတ်၊ ခုတော့ ညည်းကြောင့် မော့်ကို ဘယ်လောက် သနားဖို့ကောင်းသလဲ၊ မော့်မာမီကို ဘယ်လောက်အားနာဖို့ ကောင်းသလဲ"

လက်စသတ်တော့ မော့် သံယောင်ကိုး။ မော့်သံယောင်ကို မာ လုံးဝ လက်မခံနိုင်ဘူး။ မာ့ဆန္ဒကို ဘယ်သူ့ကြောင့်မှ မာ ငဲ့ညှာနိုင်မှာ မဟုတ်ဘူးဆိုတာ မေမေ သိဖို့ လိုအပ်သည်။ မာ ဝုန်းခနဲ ထ,ရပ်လိုက်ပြီး

"အို မာ့ကို နှစ်ပေါင်းများစွာ ဆုပ်ကိုင်ထားတာ မာ သည်းမခံနိုင်တော့ဘူး၊ မေမေ"

"ဟင်၊ ဒီလိုပြောရက်တယ် ဟုတ်လား၊ မိမာ"

မေမေ ရင်ဘတ်ဖိ၍ အံ့သြစွာဆိုစဉ် မာ ကိုယ်လုံးလေးကို မတ်လိုက်ပြီး

"ပြောရမှာပဲ၊ မာ လွတ်လပ်ချင်တယ်၊ မော့်နှာခေါင်းနဲ့ အသက်မရှူချင်ဘူး မေမေ"

"မိမာ"

ဒေါသတကြီး မေမေ့အော်သံကြောင့် မာ နှုတ်ခမ်းလွှာ တင်းခနဲစေ့ပိတ်ကာ မာ ဦးခေါင်းရမ်းခါလိုက်သည်။

မော့်ကြောင့် မာ့နှလုံးသား အကြိမ်ကြိမ် စတေးခံခဲ့ရသည်။ ဒါကို မစာနာတဲ့ မေမေ့ကို အံ့သြမဆုံးဖြစ်ရသည်။ ထိုမှုမက

"ဒီမှာ မိမာ၊ ညည်း ဒီနေ့ကစပြီး အာအကြောင်းကြောင့်မှ ခြံအပြင်ထွက်စရာ မလိုဘူး၊ အဲဒါ မေမေ့ အမိန့်"

"ဟင်"

ရုတ်ချည်းချလိုက်သည့် မေမေ့အမိန့်သံက မာ့ တစ်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



လုံးကို တုန်ခါသွားစေသည်။ ထိုအခါ မှာ့နှလုံးသား တဆတ်ဆတ် တုန်ကာ မှာ မျက်ဝန်းစိုလက်၍ ဝမ်းနည်းမျက်ရည်တွေ တရစ် ယိုစီးကျလာပြီး

"မေမေ မတရားဘူး၊ လုံးဝ မတရားဘူး။ မှာ့စိတ်တိုင်းကျ မှာခံစားခွင့် မရရင် မေမေတို့ အစီအစဉ်ကို ဘယ်နည်းနဲ့ မ မှာ ဖျက်မယ်။ မင်္ဂလာပွဲမှာ မောင်ဟာ မှာ့ကို အတင်းအကျ သိမ်းပိုက်တာလို့ မှာ ကြေညာမယ်၊ တစ်လောကလုံးသိအော မှာ ကြေညာမယ်"

"ဟင်"

သမီးဖြစ်သူ၏ ဖွင့်ပြောမှုကို ဒေါ်သက်သက် ထိတ်လ သွားပြီး

"ညည်း ရူးနေလား၊ ရူးနေလား မိမှာ"

"ဟုတ်တယ် မေမေ၊ မှာ ရူးနေတယ်၊ မှာ လှောင်ပိတ် ခံရတဲ့ ဒဏ်တွေကြောင့် ရူးနေပြီ၊ မေမေတို့ ဖွတ်စီစဉ်ရင် မှာလည် ဖွင့်ကြေညာမယ်၊ ကြေညာမယ်"

"မိဘဆန္ဒကို နားလည်မှု မရှိတဲ့ သမီးမိုက်"

ဒေါ်သက်သက် ဒေါသတွေ ဝုန်းခနဲပြိုကျကာ မှာ့ပါးပြင်ကို တအားလွှဲရိုက်လိုက်၏။

"သက်သက် မလုပ်နဲ့၊ မလုပ်နဲ့"

မေမေ့လက်ကို အန်တီစီ ကမန်းကတန်း ဆွဲထား မှာ့နှလုံးသားမှာ အထိနိုက်ဆုံး ကြေကွဲကာ ငိုကြွေးမိတော့ မောင့်ကြောင့် မှာ့ကို မေမေ အမိန့်တွေနဲ့ နှိပ်စက်နေတာလား ဖေဖေရယ်၊ မှာ့ဖြစ်စဉ်ကို လာကြည့်လှည့်တော့ ဟီး ဟီး ဟီး

ထိုနေ့မှစ၍ မောင့်အရိပ်ကို မှာ မမြင်ရတော့။





ကောင်းတယ်။ နင့်ကို မမြင်ရတာ မှာ စိတ်ချမ်းသာတယ်။ မေမေ့အမိန့်အတိုင်း ခြံပြင်ထွက်လို့ မရပေမယ့် မှာ့အခန်းထဲမှာ မှာ လွတ်လပ်စွာ နေလို့ရတယ်။ မှာ့အခန်းထဲမှာ နင်ကိုယ်တိုင် ချိတ်ဆွဲထားတဲ့ နင့်ဓာတ်ပုံတွေ၊ နင်နဲ့မှာ တွဲရိုက်ထားတဲ့ ဓာတ်ပုံ တွေကို မှာ မမြင်ချင်ဘူး။ မှာ့ဆန္ဒအတိုင်း ဓာတ်ပုံတွေ ဖြုတ်ချပြီး ခုတင်အောက်မှာ ပုံထားလိုက်သည်။

ကဲ နင် ဘာတတ်နိုင်သေးလဲ။

မေမေ ခြံသော့ခတ်ပြီး အန်တီစီထံ သွားစဉ် မှာ အခန်းထဲက ထွက်လို့ရတယ်လေ။ မှာ တိုက်အပြင်ထွက်ဖို့ကြည့်တော့ ည့်ခန်းတံခါးပါ သော့ခတ်သွားသည့် မေမေ့ကို မှာ ပွစိပွစိ ရေရွတ်မိသည်။ ထိုစဉ် ဖုန်းမြည်လာသည်။ ဖုန်းမြည်သံက မှာ့အတွက် ထွက်ပေါက်တစ်ခု မဖြစ်နိုင်ဘူးလို့ နင်ထင်သလားမောင်၊ မှာ အားရ ဝမ်းသာဖြစ်လျက် ဖုန်းကိုင်လိုက်သည်။

"ဟဲလို"

"မှာ၊ ကျွန်တော်ပါ"

"အို၊ ကင်း"

မှာ့ရင်မှာ ဝမ်းသာမဆုံးတော့။

"ဟုတ်တယ် မှာ၊ မှာ့ကို သတိရလို့၊ မှာတို့ခြံဘက် ဘာခဲ့တာ၊ ခြံသော့ခတ်တာတွေ့လို့ ဖုန်းလှမ်းဆက်လိုက်တာ"

"ဟုတ်တယ် ကင်း။ မှာ့ကို မေမေ သော့ခတ်လှောင်ထား တာလေ၊ မှာ လုံးဝ မကျေနပ်ဘူး၊ ထွက်ပေါက်ရှာနေတုန်း၊ ကင်း ဖုန်းဆက်လာလို့ မှာ ပျော်သွားတယ်"

"ဟုတ်လား၊ ဒါဆို ကျွန်တော်က မှာ့ဘဝအတွက် ထွက်ပေါက်တစ်ခုပေါ့"

www.burmeseclassic.com



''ဟုတ်တယ်၊ ကင်းက မှုဘဝရဲ့ ထွက်ပေါက်ပဲ''

''မှုဘဝအတွက်၊ ရာသက်ပန် ထွက်ပေါက်တစ်ခု မလို ချင်ဘူးလား''

''အို။ ဘယ်လိုပြောလိုက်တာလဲ ကင်းရယ်။ သိပ်လိုချင် တာပေါ့၊ အခုအချိန်မှာလေ မှာ အလိုချင်ဆုံး ဆုလာဘ်က လွတ်လပ်တဲ့ ထွက်ပေါက်တစ်ခုရဖို့ပဲ၊ သိလား''

''အဲဒါဆို ကျွန်တော် ပေးမယ်လေ''

ကင်း လှိုက်လှိုက်လှဲလှဲ ဆိုစဉ်၊ မှာ အားတက်သွားပြီး

''ဘယ်လိုပေးမှာလဲ''

''ကျွန်တော့် ချစ်ခြင်း နဲ့လေ''

ချစ်ခြင်း တဲ့။

မှုနှလုံးသားဆီကို 'ချစ်ခြင်း' ဆိုတဲ့စကားလုံး စတင် လိုမ့်သွင်းခဲ့တဲ့သူက မော်လေ၊ အဲဒီချစ်ခြင်းကြောင့် မှာ စိတ် ကျဉ်းကျပ်ခဲ့ရတာ၊ ထိုစိတ်ကျဉ်းကျပ်မှုကြောင့် မှုရင်မှာ ညှိုးနွမ်း သွားသည်။

''ကျွန်တော်ပြောတာ မှာ၊ မှုဘဝရဲ့ ထွက်ပေါက်ဟာ ကျွန်တော့်အချစ်ပါ မှာ၊ ကျွန်တော့်အချစ်နဲ့ ထုဆစ်ထားတဲ့ နှလုံးသားဟာ မှာ လွတ်လပ်စွာ ဝင်ရောက်နိုင်ဖို့ တံခါးအသင့် ဖွင့်ထားတယ်ဆိုတာ မှာ ယုံကြည်ပေးပါ။ မှာ ဆန္ဒရှိတယ်ဆိုရင် အချိန်မရွေး ဝင်လာပါ။ မှာ ဝင်လာမယ် မဟုတ်လား''

ကင်း တရစပ်ဆိုစဉ် မှာ တစ်ခုခုပြန်ပြောနိုင်စွမ်း မရှိတော့

''မှာ ကျွန်တော်ပြောတာ ကြားရဲ့လား''

''ကြား၊ ကြားပါတယ်၊ ခုလောလောဆယ်တော့ မှုကို ဖိအားမပေးပါနဲ့နော်၊ နော် ကင်း၊ မှုကို နားလည်ပေးပါ''





မှာ ခပ်လေးလေးပင်ပင် ဆိုလိုက်မိသည်။ ကင်း မသိမသာ သက်ပြင်းချပြီး

''အင်း၊ မှုခံစားချက်ကို ကျွန်တော် အပြည့်အဝ နားလည် ပေးပြီးသားပါ၊ ကျွန်တော့်ဘက်က အချိန်မရွေး အသင့်ကြိုဆိုတယ် ဆိုတာ မှုကို ရင်ဖွင့်ထားတာပါ''

''အဲဒီအတွက် ကျေးဇူးတင်ပါတယ်''

''ကျေးဇူးတင်စရာ မလိုပါဘူး မှာရယ်၊ ဒါနဲ့မှာ မော့် အခြေအနေ ဘယ်လိုလဲ''

''အဲဒီနေ့ကတည်းကစပြီး မော့်မျက်နှာကို မမြင်ရဘူး''

မှာ အသံအနည်းငယ်တုန်ခါလာသည်ကို ကင်း သတိပြု မိတာကြောင့်

''မှာ ဝမ်းနည်းနေလားဟင်''

''အို၊ မနည်းပေါင်၊ မော့်ကို မမြင်ရတော့ မှာ စိတ်လွတ်လပ်တယ်၊ ပျော်တယ်''

မော့်အပေါ် အာရုံရှိမနေသည့် မှု အသံဆတ်ဆတ်ကြောင့် ကင်း လိုက်ခနဲ ဝမ်းသာသွားပြီး

''ဒါနဲ့ ဒိုက်ကော''

''အို။ ဒိုက်ဆိုတဲ့ အကောင်က ဆားထိတဲ့ ငါးပြေမ လို တဖျပ်ဖျပ်ခုန်နေတာ မျက်စိနောက်လွန်းလို့ မမြင်ရလေ ကောင်း လေပဲ''

ကင်း ပို၍ ဝမ်းသာသွားသည်။ မှု ဆန္ဒက ကင်းဘက် အလေးသာမှန်း သိရတော့ ကင်းရင်ခုန်သံ ပို၍မြန်လာပြီး

''မှာ''

''ပြော''



www.burmeseclassic.com

www.burmeseclassic.com



"မာ့ရင်ခွင်က ချစ်သူက ဘယ်သူဖြစ်နိုင်လဲ ဟင်"

"တစ်ယောက်ယောက်ပေါ့"

"အဲဒီ တစ်ယောက်ယောက်က"

"မာ့နှလုံးသားက ထုတ်ပြန်ကြေညာတဲ့အခါ သိရမှာပေါ့၊ ခုလောလောဆယ် ကြေညာဖို့ အဆင်သင့် မဖြစ်သေးဘူး။ အဆင်သင့်ဖြစ်ရင် ကင်းကို အရင်ဆုံး အသိပေးမယ်လေ"

'အိုကေ၊ ဒါနဲ့မာ၊ မာ့ပုံတူပန်းပုထုဖို့ အဆင်သင့်ဖြစ်နေပြီ၊ မာ လာခဲ့ပါလား"

"အင်း မာ ကြိုးစားကြည့်မယ်လေ၊ မာ လာမှ စ,ထုလို့ မရဘူးလား"

"ရတာပေါ့ မာ၊ မာ့အရှေ့မှာ စ,ထုမယ်လေ၊ ဒီတော့ မာ့ ဟန်အတိုင်း သက်ဝင်တဲ့ပုံတူရုပ်ထု ဖြစ်လာမယ်"

"တကယ်"

"တကယ်ပါ"

"အဲဒါဆို မာ ကြိုးစားကြည့်မယ်၊ ဒါဘဲနော်"

"အင်း"

"မာ ဖုန်းချလိုက်မယ်"

"အိုကေ၊ ဘိုင်"

"ဘိုင်"

မာ ကျေကျေနပ်နပ် ဖုန်းချလိုက်သည်။ မေမေပိတ်ထားတဲ့တံခါးတွေကို ကျော်ဖြတ်ပြီး ထွက်ခွင့်ရဖို့ တာစူလာသည်။ ဒီသော့တွေကို ဘယ်လိုပုံစံနဲ့ ဖွင့်ထွက်လို့ ရမလဲ၊ အပြေးအလွှားစဉ်းစားရင်း မေမေ့အိပ်ခန်းထဲဝင်၍ သော့အပိုတစ်စုံကို ရှာဖွေမိသည်။ မေမေ့အဝတ်ဗီရိုထဲမှ အိမ်သော့ပို တစ်စုံတွေ့ရစဉ် မာ





ထ,ကမတတ် ဝမ်းမြောက်ဝမ်းသာဖြစ်ရသည်။

ဟောဒီသော့တွဲက မာ့ရဲ့ ပထမဦးဆုံး ထွက်ပေါက်ပေါ့၊ ခုချိန်မှာ မာ့လောက် ပျော်မည့်သူ ရှိမည်မထင်တော့။

မေမေ ရယ်။

မေမေ့ အမိန့်နဲ့ သော့ခတ်ပိတ်လှောင်မှုက မာ့ကို ချုပ်ကိုင်နိုင်မယ် ထင်လို့လား ဟွန်း။

မာ ခြံသော့ဖွင့်လိုက်စဉ် ခြံဝမှာ ထိုးရပ်လာသည့် တက္ကစီတစ်စီးကြောင့် မာ လန့်ဖြန့်သွားသည်။ မေမေ ပြန်လာပြီ အထင်နဲ့ မာ ကြောက်လန့်ပြီး ရှက်လှပန်းခြုံနောက် ပြေးဝင်ပုန်းအောင်းမိသည်။ မာ နိုးထွက်ဖို့ ကြံစည်မှု မေမေနဲ့ ထိပ်တိုက်တိုးတဲ့အဖြစ်ကြောင့် မာ့တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လာသည်။ မေမေ စစ်ရင် ဘယ်လိုအကြောင်းပြရမှန်း မတွေးတတ်တော့။

"သမီး၊ သမီးလေး မာ"

"ဟင်"

ထိုခေါ်သံကြောင့် မာ အံ့ဩသွားကာ မာ သွေးကြောမျှင်လေးများ ရှန်းကြွလာသည်။ ဖေဖေ့ အသံမှန်း သိလိုက်စဉ် မာ့ရင်ထဲမှာ လှိုက်ခနဲ ပျော်၍ ပုန်းနေရာမှ ပြေးထွက်ပြီး

"ဖေဖေ၊ ဖေဖေရယ်"

မာ့ကို မေမေထက်ပိုပြီး နားလည်စွာ ချစ်တတ်သော ဖေဖေ့ကို တွေ့ရစဉ် မာ့ရင်မှာ ဝမ်းနည်းဝမ်းသာခြင်းတွေနှင့်အတူ ဖေဖေ့ရင်ခွင်ထဲ ကလေးလေးတစ်ယောက်လို ပြေးဝင်မိတော့၏။ ဖေဖေ မာ့ကို အားရဝမ်းသာ ပွေ့ချီလိုက်ပြီး

"သမီးရယ်၊ ဖေဖေလာတာနဲ့ ဘာဖြစ်လို့ ပြေးပုန်းရတာလဲကွယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ၏ ကရုဏာသက်ဝင်သော စကားလုံးသည် မှာ့ရင်ကို ဝမ်းနည်းသွားစေသည်။ မှာ့မျက်ဝန်းအိမ်မှ ဝမ်းနည်းမျက်ရည်တွေ ယိုကျလာပြီး

"မေမေ မတရားဘူး ဖေဖေ၊ သမီးကို သော့ခတ်လှောင်ထားတယ်၊ သမီးကို ချုပ်ချယ်ထားတယ်၊ သမီးဆန္ဒ မပါဘဲ ဖွတ်စိစဉ်နေကြတယ်။ ဖေဖေ သမီးကို ကယ်ပါနော်၊ ကယ်ပါ၊ ဟီး အီး အီး"

ဝမ်းနည်းရှိုက်ငင်စွာ ငိုကြွေးနေသည့် သမီးဖြစ်သူအတွက် ဦးကိုကို ခမျာ ခရီးရောက်မဆိုက် စိတ်မချမ်းမသာ ဖြစ်ရသည်။ သမီး၏ မျက်ရည်က ဦးကိုကို ရင်မှာ မချမ်းမြေ့လှ။ သမီးဆန္ဒကို လျစ်လျူရှုချင်သည့် သက်သက် အမိန့်ကို ဦးကိုကို အသိအမှတ်မပြုနိုင်အောင် ခံပြင်းလာသည်။ ဖခင်ရင်ခွင်မှာ အားကိုးတကြီး တွယ်ကပ်နေသည့် သမီးကို ကြင်နာစွာကြည့်၍ သမီးပါးပြင်ထက်မှ မျက်ရည်စတွေကို ယုယချစ်ခင်စွာ ပွတ်သုတ်ပေးရင်း

"သမီးရယ်၊ ဖေဖေ ရှိတယ်လေ၊ သမီးဘက်က ဖေဖေ ရှိတယ်လေ၊ ဘာလို့ ဝမ်းနည်းရတာလဲ၊ ဘာလို့ငိုရတာလဲ"

"ဟီး ဟီး။ မေမေ အတ္တကြီးတယ်၊ ဖေဖေ့ကို ဖုန်းဆက်ခွင့်လည်း မပေးဘူး။ ဘာ အခွင့်အရေးမှ မပေးဘူး ဖေဖေရဲ့"

"အိုး။ အခု ဖေဖေရောက်ပြီလေ၊ သမီး ဝမ်းမနည်းနဲ့၊ သမီးမေမေကို ဖေဖေထိန်းနိုင်ပါတယ်ကွယ်၊ အခု မေမေကော"

"သမီးကို သော့ခတ်ပိတ်ထားပြီး အန်တီစီဆီသွားတယ်၊ အန်တီစီနဲ့ မေမေက တစ်ကြိတ်တည်း တစ်ဉာဏ်တည်း ဖေဖေရဲ့"

"ဘယ်သူ့ဉာဏ်မှ ဖေဖေ ဂရုမစိုက်ဘူး။ ဖေဖေ ဂရုစိုက်တာ





ဟောဒီက ဖေဖေ့သမီး သမီးလေး မှာ့ဆန္ဒကလွဲရင် ဖေဖေ ဘယ်သူ့မှ ဂရုမစိုက်ဘူး။ နားလည်လား သမီးရယ်"

ဖေဖေ လှိုက်လှိုက်လှဲလှဲဆိုစဉ် မှာ့ရင်မှာ တလှိုက်လှိုက် ဝမ်းသာသွားသည်။ အေးမြကြည်စင်စွာ မှာ့ကို အတိုင်းအဆမရှိ ချစ်ခင်အလိုလိုက်သော ဖေဖေ့မျက်နှာဝင်း ကို မှာ အားကိုးတကြီးကြည့်မိပြီး

"တကယ်လား ဖေဖေ"

"တကယ်ပေါ့၊ ကဲ သမီးမေမေကို အကြောင်းကြားလိုက်၊ ဖေဖေ ရောက်နေပြီလို့"

"ဟင်အင်း"

မှာ နှုတ်ခမ်းစူလိုက်ပြီး

"မေမေနဲ့ မှာ မတည့်ဘူး။ ဖေဖေ့ဘာသာ တည့်"

နွဲ့ဆိုးဆိုးနေသည့် သမီးဖြစ်သူကို ဦးကိုကို ချစ်မဝနိုင်စွာ ကြည့်ပြီး

"အင်း။ သမီးကလည်းကွယ်၊ သမီးမေမေကို ဖေဖေ အမိန့်ပေးနိုင်ပါတယ်"

"အဲဒါဆို ဖေဖေ့ဘာသာ ဖုန်းဆက်ခေါ်လေ"

ဦးကိုကို က ပြုံး၍

"အမိန့်အတိုင်းပါ သမီးရယ်၊ သမီးအမိန့်အတိုင်းပါတဲ့ဗျာ"

"ဒါမှ မှာ့ ဖေဖေ"

မှာ့ရင်မှာ အတိုင်းမသိကြည်နူးသွားသည်။ ဧည့်ခန်းစားပွဲပေါ်က ဖုန်းခွက်ကို မှာ လှမ်းယူပေး၍ ဖေဖေ့ရင်ခွင်မှာ ကပ်၍နေလိုက်သည်။ ဖေဖေက မေမေ့ကို ဖုန်းဆက်စဉ် မှာ ငြိမ်သက်စွာ နားစွင့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



''မမစိရေ သက်သက်နဲ့ ပြောမလို့''

''ဟေ့ ဦးကို၊ ဘယ်က ဆက်တာလဲ''

''ကျွန်တော် ပြန်ရောက်နေပြီ မမစိ''

''အို၊၊ ဝမ်းသာစရာပေါ့၊ ဟေ့ သက်သက်၊ ဒီမှာ သက်မောင်တော်''

ဒေါ်သက် ဖေဖေ သမီးအတွက် သတို့သမီးဂါဝန်ကို အိုင်နာနဲ့အတူ စိန်ပွင့်ကပ်ရန်ပြင်ဆင်နေချိန် မမစိ မ်းခေါ်သံကြောင့် ဝမ်းမြောက်၍ အပြေးလေး ဖုန်းလာကိုင်သည်။

''ကိုကိုလား''

''ဟော့ သက်၊ ကို ပြန်ရောက်နေပြီကွ''

''ဟင် ဘယ်တုန်းကရောက်တာ''

''အခုပဲ''

''ကို ပြောတော့၊ နောက်အပတ်မှ လာမယ်ဆို''

''ဟုတ်ပါတယ်''

''အခြေအနေပေးလို့ တစ်ပတ်စောထွက်ခဲ့ရတာ''

''ဒါဆိုလည်း အကြောင်းကြားပေါ့၊ သက် လာကြိုမှာပေါ့ ကို''

ဦးကိုကို ခေါင်းအသာရမ်းကာ သမီးလေးကို ပွေ့ဖက်လျက်

''နိုး၊ နိုး အကြောင်းကြားလိုက်ရင် သမီး မှာ့ဆန္ဒကို မသိနိုင်သလို၊ သက်တို့ ပူပေါင်းအစီအစဉ်ကို သိခွင့်ရမှာ မဟုတ်ဘူး။ ဒါကြောင့် အကြောင်းမကြားဘဲ လာခဲ့တာ''

''ဪ ကိုက သမီးဆိုက်ဘက်က ရှေ့နေလိုက်ဖို့ လာတာပေါ့၊ ကို့သမီး ဘာတွေ ကုန်းချော်ပြီးပြီလဲ''

''သမီးကို အမှန်တွေ ပြောတာပါကွယ်''





''အိုး သမီးစကားကို အတည်ယူလို့ မဖြစ်ဘူး ကို''

''ကဲ ဒီကိစ္စ နောက်မှ ဆွေးနွေးမယ်၊ သက်ကို မြင်ချင်တယ်ကွာ၊ မြန်မြန်လာခဲ့ပါ''

ဒေါ်သက်သက် ဘဝင်မကျနိုင်တော့။

''လာမယ်၊ အခု လာမယ်''

အလိုမကျစွာ ဒေါ်သက်သက် ဖုန်းချလိုက်သည်။ မမစိ ပြုံး၍

''ကဲ မြန်မြန်သွားလိုက်ပါကွယ်၊ မောင်သောင်းရေ၊ ဒီမှာ အန်တီသက်ကို လိုက်ပို့လိုက်ပါကွယ်''

ထို့နောက် မမစိကားနဲ့ ဒေါ်သက်သက် ရောက်လာခဲ့သည်။ သမီးနဲ့ ခင်ပွန်းအပေါ် ဘဝင်မကျနိုင်သည့် ဒေါ်သက်သက် ပို၍ ဘဝင်မကျသည့် မြင်ကွင်းကို ညနေခင်းထဲ လှမ်းဝင်ဝင်ချင်း မြင်ရတော့သည်။

ဟင် ကြည့်စမ်း၊ ကြည့်စမ်း၊ သမီးမာက ဖခင်ကိုယ်ပေါ်မှာ ကလေးတစ်ယောက်လို တွယ်ကပ်ပြီး တတွတ်တွတ် ချွဲနေလိုက်တာ၊ ဖခင်ကလည်း တပြုံးပြုံးနဲ့ နားထောင်နေလိုက်တာ၊ အဖြစ်သည်း နေတဲ့သမီးအပေါ် ဘဝင်မကျနိုင်တော့။

''ဟဲ့ ဟဲ့ သမီးမာ၊ ဒါ ဘယ်လိုဖြစ်တာလဲ၊ ညည်းကိုယ်ညည်း ကလေးပေါက်စလေး ထင်နေလား၊ ဖအေကိုယ်ပေါ်က ဆင်းစမ်း၊ အခုချက်ချင်း ဆင်းစမ်း''

မေမေ့ငြူစူသံကြောင့် မာ ပို၍ ဝမ်းနည်းသွားသည်။ သမီးမာ ဝမ်းနည်းတာကို ဦးကိုကို မကြည့်ရက်နိုင်တော့။ မလိုအပ်ပဲ မျက်နှာတင်းပြီးမာန်မဲနေသည့် ဇနီးသည်ကို ဘဝင်မကျကြည့်သည်။

''အို၊ သက်သက်ကလည်းကွာ၊ သမီး ဘယ်အရွယ်

www.burmeseclassic.com



ရောက်ရောက်၊ သမီးဟာ ကလေးပီပီလေးပါပဲ၊ သမီးနေချင်သလို နေပါစေ''

မာ့ကို မေမေ မျက်စောင်းခဲကြည့်ပြီး

''ညည်းအဖေနဲ့ အကာအကွယ် မယူနဲ့ မိမာ''

ဖေဖေကိုယ်ပေါ်မှ မာ့ကို ဆွဲထုတ်ဟန်ပြင်ပြီး ခင်ပွန်းသည်ကို ဒေါ်သက်သက် မျက်စောင်းထိုးလိုက်သည်။

သမီးဖြစ်သူ၏ အချွဲသည်းမှုကို ဒေါ်သက်သက် သည်းမခံ ချင်လောက်အောင် ဖြစ်တာကြောင့်

''ညည်း သတိထား'' ဟုဆို၍

သမီးတင်ပါးကို ဆတ်ခနဲ ဆွဲလိမ်လိုက်စဉ် မာကလည်း ငိုချင်ရဲ့ လက်တို့ဖြစ်နေတာနှင့်

''ဟီး ဟီး၊ သမီးကို နှိပ်စက်တယ် ဖေဖေ''

ဟု အကဲပို တိုင်တန်းလိုက်တော့၏။ ထိုအခါ ဦးကိုကို ရင်မှာ မချမ်းမြေ့နိုင်တော့ဘဲ၊

''သက်သက်ရယ် ကိုရှေ့မှာတောင် ဒီလောက် နှိပ်စက်နေရင် ကိုနောက်ကွယ်မှာ သက် ဘယ်လောက်တောင် ဆိုးဝါးနေသလဲကွယ် ကိုတို့မှာ ဒီသမီး တစ်ယောက်တည်း ရှိတယ်ကွယ်၊ သမီးမျက်ရည် ကျနေရင် ကို စိတ်မချမ်းသာဘူး၊ ကို စိတ်မချမ်းသာရင် သက်လည်း စိတ်ချမ်းသာရမှာ မဟုတ်ဘူး၊ ဒါကြောင့် သက် စိတ်ကို လျော့ပါ နော် သက်''

ဒေါ်သက်သက်သည် ခင်ပွန်းသည်ကို ခပ်ဆတ်ဆတ်ကြည့်၍ မီးဖိုခန်းဘက် လှည့်ထွက်သွားတော့၏။ မေမေ့ကို အရေးဆိုနိုင်သည့် ဖေဖေ့ပါဝါကြောင့် မာ လက်မထောင်လိုက်ပြီး

''ဒါမှ မာ့ ဖေဖေ၊ ဒါကြောင့် မေမေ့ထက် ဖေဖေ့ကို





ပိုချစ်ရတာ''

မာ နှစ်နှစ်ကာကာ ဆိုပြီး ဖေဖေ့နဖူးလေးကို အားရပါးရ မွှေးလိုက်မိသည်။ ဖေဖေက မာ့ဆံပင်ပျော့ နွဲ့နွဲ့လေးကို ကြင်နာစွာ ပွတ်သပ်ပေးရင်း

''နှိုးနက်ကစပြီး သမီးလေးကို ဖေဖေ ကယ်တင်မှာပါကွယ်၊ သမီး ဆန္ဒအတိုင်း ဖြစ်စေရမယ်၊ စိတ်ချနော် သမီး''

ဖေဖေဟာ မာ့လွတ်လပ်ခွင့်ကို ဖောက်လုပ်ပေးသည့် အကြင်နာပိုင်ရှင့်လေ၊

အိုး မာ ပျော်လိုက်တာကွယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

''သက်သက် ဒီနေ့ကစပြီး သမီးမှာ လွှတ်လပ်သလို နေပါစေ၊ သော့ခတ်ပိတ်လှောင်တာ၊ ဟန့်တားတာ လုံးဝ မလုပ်မိပါစေနဲ့''

ဖေဖေ၏ တင်းပြတ်သည့် ကြေညာချက်သည် မှာ့ရင်ကို အကြိမ်ကြိမ် ဝမ်းမြောက်သွားစေ၏။ မေမေက မှာနဲ့ ဆန့်ကျင်ဘက် ရင်ဘတ်ဖိသည်အထိ အံ့ဩထိတ်လန့်လာပြီး

''ကို ရူးနေသလား၊ ကို့သမီးကို ဒီလိုလွှတ်ထားရင် မြင်းကို ချိုတပ်ပေးသလို ကောင်းကင်ကို ထိုးဖောက်လိုက်မယ်လေ၊ ကို ဘယ်လိုအမြင်မျိုးနဲ့ ကြေညာတာလဲ၊ သက် လက်မခံဘူး။ လုံးဝလက်မခံဘူး''





မေမေ ကန့်ကွက်စဉ် ဖေဖေ့နောက်မှာ ကွယ်နေသည့် မှာက နှုတ်ခမ်းစူလိုက်သည်။ ဖေဖေက မှာ့ကို ကြင်နာစွာပြုံးကြည့်၍ မှာ့ကို ထွေးပိုက်လိုက်သည်။ ထိုနောက် မေမေ့ကို အတည်ငြိမ်ဆုံး စိုက်ကြည့်ပြီး

''ဒါ ကို့ အမိန့်''

ဖေဖေ ဒိုင်းခနဲ ဆိုလိုက်စဉ်၊ မေမေ့မျက်နှာပြင် မယုံနိုင်လောက်အောင် လန့်လူးသွားသည်။

''သက်၊ စောဒက မတက်ပါနဲ့၊ ကို့အမိန့်ကို သက် မဆန့်ကျင်နဲ့''

မှာ့ဘက်က အပြည့်အဝ အားပေးထောက်ခံမှုဖြင့် ဖေဖေ ပြင်းထန်စွာဆိုစဉ် မေမေ့မျက်ဝန်းအစုံ ဖြူလက်ငြိမ်ဝပ်သွားသည်။ ဖေဖေ့ကို မင်တက်မိစွာကြည့်၍ တစ်စုံတစ်ခု ပြောဟန်ပြင်စဉ်

လက်ညှိုးကလေးထောင်ကာ ခါရမ်းပြရင်း မေမေရဲ့ မကျေနပ်မှုတွေကို ဖေဖေ အပီအပြင် ပယ်ချလိုက်တော့သည်။ ဖေဖေ့အမိန့်ကို မလွန်ဆန်ဝံ့သည့် မေမေ၏ ဒေါသပစ်မှတ်သည် မှာ့အပေါ်သို့ ဦးတည်လာသည်။ ထိုစဉ် တယ်လီဖုန်းမြည်လာသောကြောင့် မေမေ တယ်လီဖုန်း ဆတ်ခနဲ ကိုင်သည်။ မေမေ့ထက် ဖေဖေ ဦးစွာ ကိုင်ပြီးသားဖြစ်သွားစဉ် မေမေ ပို၍ မကျေမနပ်ဖြစ်၍ မေမေ ပါးသားလေးတွေ ဖျစ်ဖျစ်တုန်လာသည် ကို ကြည့်ရင်း မှာ ကြိတ်၍ ပြုံးလိုက်မိသည်။

''ဟဲလို''

ဖုန်းထဲက အသက်ကြီးကြီးယောကျ်ားအသံကြားရစဉ် ကင်း အံ့ဩသွားသည်။ မှာတို့ ဖုန်းကိုင်တာ ဘယ်သူပါလိမ့်။

''ပြောပါ''



www.burmeseclassic.com

www.burmeseclassic.com



''ကျွန်တော် ကင်းကမ္ဘာပါ၊ မာနဲ့ ပြောချင်လို့''

သက် ပြောထားလို့ ကင်း အကြောင်းသိထားတာကြောင့် ဦးကိုကို မသိမသာ သက်မချ၍ ဆိုလိုက်သည်။ ကင်းက သိပုံမရ။

''အန်ကယ်လ်က''

''မာ့ ဖေဖေ ပါကွာ၊ မာနဲ့ပြောပါ၊ အန်ကယ်လ်ခွင့်ပြုပါတယ်ကွာ''

ကင်း မှန်းသိရတော့ မာ လှိုက်ခနဲ ဝမ်းသာသွားသည်။ မေမေ့ ဒေါသက မာ့လက်ထဲ ဖေဖေကမ်းပေးလာတဲ့ဖုန်းကို ဆွဲလုလိုက်ချင်ပေမယ့် ဖေဖေ့ကြောင့် ဆွဲလုမရ။ ကင်းနဲ့ မာ့ကို လွတ်လပ်စွာစကားပြောခွင့် ပေးသည့် ဖေဖေ့ကို မာ အရမ်းပဲ လေးစားချစ်ခင်သွားသည်။ မာ ဖုန်းပြောတော့ ဖေဖေက ကျေနပ်စွာ ပြုံးကြည့်၍ မေမေ့ဒေါသကို ကာကွယ်ပေးတော့၏။

''ဟော့ ကင်း၊ ပြောလေ''

''မာ့ဖေဖေ အရမ်းလေးစားဖို့ ကောင်းတယ်ဗျာ''

''ဖေဖေက မာ့ကို ချစ်တယ်လေ၊ မာ့ဆန္ဒကို ဖေဖေ မချုပ်ချယ်ဘူး။ သိလား။ ကဲ ပြော၊ အခုဖုန်းဆက်တာက''

''မာ လာမယ်ဆို၊ ဒီမှာ ပန်းပုထုဖို့ အဆင်သင့်ဖြစ်နေပြီ၊ မာ ရောက်မလာသေးလို့ အရဲစွန့်ပြီး ဖုန်းဆက်လိုက်တာ''

''ဟုတ်တယ်၊ မာ ထွက်ပေါက်ရှာတွေ့တုန်း ဖေဖေ ရောက်လာတာနဲ့ မေ့သွားတာ။ ကင်းရယ် စိတ်ချ၊ မာ လာပါ့မယ်''

''အိုကေ''

''ဒါပဲနော်၊ မာ ဖုန်းချလိုက်မယ်''

မာ ခပ်မြှူးမြှူးလေး ဖုန်းချလိုက်ပြီး

''ဖေဖေ''





''ပြော သမီး''

''ကင်း လာကြိုရင် မာ လိုက်သွားမယ်နော်၊ ကင်းက မာ့ပုံတူ ပန်းပုရုပ်လေး ပေးမှာလေ''

မာ အသိပေးလိုက်စဉ် ဖေဖေ မြှူးလျက်

''ဟုတ်လား''

''ဟုတ်တယ် ဖေဖေ၊ ကင်း ပန်းပုထုတာ သိပ်တော်တာပဲ၊ ပုံငယ်လေးထုထားတာ အရမ်းတူတာပဲ သိလား။ မယုံရင် ဖေဖေ ကြည့်လေ''

မာ ဆို၍ ဖေဖေ့ကိုယ်ပေါ်ကဆင်းကာ မေမေ့ရှေ့က ဟန်ကြော့ကြော့ ဖြတ်လျှောက်၍ အခန်းထဲဝင်သည်။ မာ့ခေါင်းရင်းက ပန်းပုရုပ်လေးယူ၍ ဖေဖေ့ကို ပြလိုက်စဉ်၊ ဖေဖေ့မျက်နှာပေါ် အံ့သြရိပ်တွေ လွှမ်းတက်လာသည်။ ထိုနောက် မာ့ရုပ်ပုံလေးကို ဖေဖေ မျက်ခုံးတွန့်သည်အထိ သဘောကျစွာ ကြည့်ပြီး

''ဟုတ်ပါရဲ့ သမီးရယ်၊ အရမ်းတူတာပဲ၊ ကင်း သိပ်တော်တယ်၊ ကင်းကိုပြောလိုက်။ ဖေဖေက အရမ်းကျေးဇူးတင်ပါတယ်လို့၊ နောက်ပြီး ပန်းပုရုပ်အကြီးစားကိုလည်း အသက်အဝင်ဆုံး ဖြစ်အောင် ထုပေးပါလို့ နော်၊ အဲဒီ ပန်းပုရုပ် ထုပြီးသွားရင် ကင်းကို ဖေဖေ ဂုဏ်ပြုပွဲလေးနဲ့ ဧည့်ခံပါ့မယ်ကွယ်''

ဖေဖေ လှိုက်လှိုက်လှဲလှဲဆိုစဉ် မာ မယုံနိုင်လောက်အောင် ဖြစ်ရပြီး

''ဟင် ဖေဖေ၊ တကယ်ပြောတာ''

''တကယ်ပေါ့ သမီးရယ်၊ တကယ်ပေါ့''

''အို ၊ ဒါကြောင့် ဖေဖေ့ကို ချစ်ရတာ''

မာ့ကို ဖေဖေ ဒီလောက်ထိ လိုက်လျောလိမ့်မယ်လို့



www.burmeseclassic.com

www.burmeseclassic.com

မထင်မိ၊ ဖေဖေရဲ့ လိုက်လျောမှုကြောင့် မာ ရင်မှာ ဖော်မပြတတ်အောင် မြူးတူးသွား၏။ မာ၏ မြူးတူးမှုကို ဖေဖေ ကျေနပ်စွာကြည့်၍

''ကဲ သမီး၊ ကင်းဆီသွားမယ်ဆို၊ သမီးပြင်ဆင်စရာရှိတာကို ပြင်ဆင်လေ''

အလိုက်သိသိဆိုလာသည့် ဖေဖေ့ကို ခေါင်းညိတ်ပြ၍ မာ အခန်းထဲ ပြေးဝင်ခဲ့သည်။ ခင်ပွန်းသည်၏ လုပ်ရပ်ကို ဒေါ်သက်သက်ပြင်းအကြိမ်ကြိမ်ချကာ ' တစ်ခုခု . ချေပခွင့်ရအောင် ကြိုးစားပေမယ့် ခင်ပွန်းသည်က တားဆီးပိတ်ပင်သည့်အခါ ဒေါ်သ တဖွားဖွားထပြီး ခင်ပွန်းသည်ကို မျက်စောင်းထိုးလိုက်၊ ကြောနိုင်းလိုက်နှင့် ပျာယာခတ်နေတော့၏။ ဦးကိုကို ဇနီးသည်ကို ဘာတစ်ခွန်းမှာ စွက်ဖက်ခွင့်မပေးဘဲ သမီးရဲ့ လှုပ်ရှားမှုတွေကိုသာ စိတ်ဝင်တစား စောင့်ကြည့်နေသည်။

အနီရဲရဲ ဖက်ရှင်လှလှ ဆင်မြန်းပြီး အခန်းထဲမှ ပြေးထွက်လာသည့် သမီးကို ဦးကိုကို ချစ်မဝနိုင်အောင် မေတ္တာတွေဝေဆာလာသည်။ ချစ်စရာကောင်းလွန်းသည့် သမီးကို သက်မို့လို အမိန့်တွေ၊ ဒေါသတွေနဲ့ ချုပ်ကိုင်ဖို့ ကြိုးစားတာ ဘဝင်မကျနိုင်အောင် ထိခိုက်နေမိသည်။ ထိုစဉ်

''ဟိုင်း မာ၊ အရမ်းလှတယ်ကွာ၊ ဟဲ လှတယ်ကွ၊ ဒီကောင်မြင်သမျှ မိန်းကလေးတွေထဲမှာ မာ အလှဆုံးပါကွာ၊ မာ့အလှကြောင့် ဒီကောင့် ရင်ခွင် လှိုင်းလုံးကြီးတွေကြွရတာ အရသာရှိလိုက်တာ။ ဟ ဟား''

အသံကျယ်ကျယ်နှင့် ဧည့်ခန်းထဲ ရဲရဲတင်းတင်းဝင်ရောက်လာသည့် ဒိုက်ကို ဦးကိုကို မျက်လုံးပြူး၍ ကြည့်မိ၏။ ဒိုက်က





မာတစ်ယောက်သာ မြင်ဟန်တူသည်။ ဧည့်ခန်းထောင့်တွင် ထိုင်နေသည့် ဖေဖေ့ကို မြင်ဟန်မတူ။ ဖေဖေ့အနားတွင် ဒေါသနှင့် ထိုင်နေသည့် မေမေ့မျက်နှာကို တွေ့ပုံမပေါ်၊ ဒိုက် ပင်ကိုယ်စတိုင်အတိုင်း မြောက်ကြွကြွနဲ့ လက်ကလေးဆ.ကာ၊ ဆ.ကာ ဆိုလာသည့် ဒိုက်ကို 'မာဒေါသထွက်ချင်၏။ ဒီဒိုက်ကောင်ကြောင့် မာ ထွက်ခွင့်မရမှာ စိုးရိမ်လာပြီး

''ဒိုက် ဘာလုပ်ဖို့ လာတာလဲ''

''အို ချစ်စွာသော မာ ကို အလွမ်းပြေ လာကြည့်တာပါကွာ''

ဒိုက်၏ ဟန်ရေးပြဆိုမှုကို မာ မျက်စောင်းခဲလိုက်ပေမယ့် ဖေဖေက သဘောကျသလို ကြည့်ပြီး

''မောင်ရင်က''

ဖေဖေ့အသံ ရုတ်တရက်ထွက်လာတော့ ဒိုက်ကြောင်သွားသည်။ ဖေဖေ့ဘက်ကို ဒိုက် ကိုယ်တစ်ပတ်လှည့်၍ စူးစိုက်ကြည့်ပြီး

''အန်ကယ်လ်က''

''မာ့ ဖေဖေ''

ဖေဖေ ခပ်ပြုံးပြုံးဆိုစဉ် ဒိုက်မြောက်ခနဲ ကိုယ်ကို လှုပ်ခါကာ ဖေဖေ့ရှေ့ ညွတ်တွတ်တွရပ်လိုက်ပြီး

''ဟာ၊ အန်ကယ်လ်က အရမ်းခန့်၊ အရမ်းချောတာပဲ၊ မာ့ဖေဖေလို့ မထင်ရဘူး၊ မာ့ အစ်ကိုလို ပါဲ၊ ဟား အန်ကယ်လ်ရဲ့ နုပျိုမှုကို လေးစားတယ်ဗျာ၊ လေးစားတယ်''

ဖေဖေ့ကို ရင်းရင်းနှီးနှီးဝင်လုံး၍ အလေးပြုနေသည့် ဒိုက်ကြောင့် မာ စိတ်ရှုပ်လာသည်။ ဖေဖေက ဒိုက်ကို ရယ်မျက်ကျဲကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



''မောင်ရင့်ကို အန်ကယ်လ် သဘောကျတယ်ကွ။ ခေတ်လူငယ်ဆိုတာ ခုလို တက်ကြွဖျတ်လတ်နေရတယ်ကွ''

''ဟား၊ အန်ကယ်လ် အမြင်မြင့်သဗျာ၊ အန်ကယ်လ်ကို ပိုပြီးလေးစားသွားပြီ၊ လေးစားရုံမက တစ်ဆယ်ထိ စားသဗျာ''

''ဒါနဲ့ မောင်ရင့်နာမည်က''

''ဒီအီးအေအိုင်တီ ဒိုက်၊ ဒီအီးအေအိုင်တီ ဒိုက်၊ ဒိုက် ၊ ဒိုက်''

ဒိုက် အသွင်ကြောင့် မေမေ မျက်စိနောက်လာသည်။ ဖေဖေ့ကြောင့် ပြောခွင့်မရ၊ ကားခွင့်မရတော့ စိတ်ညစ်ပြီးမေမေ အတွင်းခန်းထဲ ဝင်သွားသည်။ ကောင်းတယ်၊ မေမေ မရှိတာ ပို ကောင်းတယ်၊ ဖေဖေက ဒိုက်နာမည် ရွတ်ပြသည်ကို သဘောကျပြီး

''အင်း ထူးခြားတဲ့နာမည်ပဲ၊ ဒါနဲ့ မောင်ဒိုက် အခု လာရင်းကိစ္စက''

ဒိုက် ဆံပင့်တစ်ချက်သပ်၍ ဖေဖေ့ကို အရိုအသေပြုပြီး

''မာ့ သော့ခတ်လှောင်ပိတ်ခံနေရတယ်ကြားလို့ ကူကယ်ဖို့ လာခဲ့တာ''

''အဲဒီအတွက် စိတ်မပူပါနဲ့၊ အန်ကယ်လ်ရောက်လာပြီလေ၊ မင်းတို့အန်တီသူ့က် အမိန့်တွေကို ရိုက်ချိုးလိုက်ပြီ''

''ဟာ ကောင်းတယ်ဗျာ၊ ဒါဆို မာ လွတ်လပ်ပြီပေါ့''

''ဟုတ်တယ်၊ မာ့ကို အန်ကယ်လ် လွတ်လပ်ရေး ပေးလိုက်ပြီ''

''ဒါဆို မာနဲ့ စကားပြောချင်တယ်၊ အန်ကယ်လ် ခွင့်ပြုပါ Pleaseဗျ အန်ကယ်လ်''

ဒိုက် လက်ပန်းပေါင်းခတ်၍ တောင်းဆိုစဉ်





ဖေဖေ ခေါင်းညိတ်ပြီး

''အင်း ခွင့်ပြုပါတယ်၊ ပြော ကြိုက်သလောက်ပြော၊ သမီး နားထောင်နိုင်သလောက် ပြော''

''Oh ...Yes ''

ဒိုက်တစ်ကိုယ်လုံး မြောက်ကြွကာ မာ့အပါ၊ လှည့်လာပြီး

''ချစ်စွာသော မာ၊ အန်ကယ်လ် ခွင့်ပြုတယ်တဲ့''

မာ့ အပါးကပ်လာသည့် ဒိုက်ကို မာ အသာရှောင်၍

''အင်းပါ၊ မာ ခုလောလောဆယ် သွားစရာရှိလို့''

''သွားလေ။ ဒီကောင် ကိုယ်ရံတော် ဗိုလ်ချုပ် လုပ်ပါ့မယ်ကွာ၊ ဘယ်သွားမလဲပြော၊ ဒီကောင်လိုက်ပို့မယ်၊ ကားပါလာတယ်''

မာ ခေါင်းကုတ်တော့ ဖေဖေ ပြုံးကြည့်၍

''သမီး ကင်းဆီသွားမယ်ဆို၊ ဒိုက်ကို အဖော်ခေါ်သွားပေါ့''

ဖေဖေ ဆိုစဉ် မာ နှုတ်ခမ်းစူမိသည်။ ဒိုက်က သဘောကျသွားပြီး

''ဟ ဟား။ ကင်းဆီသွားဖို့လား၊ ဒီကောင် စောင့်ရှောက် ပို့မယ်၊ ချစ်သောမာ၊ လာပါ၊ လာပါ၊ မာ''

''ကဲ သမီး၊ လိုက်သွားလေ''

ဖေဖေ ထပ်ဆင့်ဆိုစဉ် မာ ခေါင်းညိတ်လိုက်ရသည်။ ဖေဖေ ခွင့်ပြုတော့ ဖေဖေ့ကို ဒိုက် ထပ်မံဆင့်အလေးပြုပြီး

''အန်ကယ်လ် Please ခွင့်ပြုပါ၊ မာ့ကို ကင်းဖိုမသန်းအောင်စောင့်ရှောက်ပါမယ်၊ ခွင့်ပြုပါ၊ ဟေ့ မာ သွားဖို့၊ Go ကြစို့''

မာ ခြေဆောင့်၍ ဒိုက်ရှေ့မှ ခပ်ဆတ်ဆတ်ထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မှာ ပုံစံကို ဖေဖေ သဘောကျစွာ ကြည့်သည်။ ဒိုက်မောင်းတဲ့ ကားပေါ် ပါသွားသည့် မှာကို ဖေဖေ လက်ပြနှုတ်ဆက်သေးသည်။ အလိုက်မသိ ဒိုက်နဲ့ထည့်ပေးသည့် ဖေဖေ့ကို မှာ စိတ်ကောက်ချင်မိသည်။ ကင်းနဲ့ တွေ့ခွင့် ရမှာမို့သာ ဒိုက်ခေါ်ဆောင်ရာနောက် ပါခဲ့ရတာ မှာ ဘဝင်ကျလှသည် မဟုတ်။ ဒိုက်ကတော့ ကားမောင်းရင်း လေချွန်ကာ

"မှာ့ဖေဖေကို ဒီကောင် အရမ်းသဘောကျတယ်ကွာ၊ ဒီကောင့်ခံစားချက်ကို နားလည်ပေးတဲ့ မှာ့ဖေဖေ သက်တော်ရာကျော် ရှည်ပါစေ၊ ရှည်ပါစေ" တဲ့။

ဒိုက်ကိုကြည့်၍ မှာ သက်ပြင်းချမိသည်။ ကင်းနဲ့တွေ့ဆုံမှုမှာ ဒိုက် ဘယ်လို ဆားနယ်မလဲဆိုတာ တွေးရင်း မှာ စိတ်အာရုံ ထူပိန်းလာသည်။

"မှာ အရမ်းစိတ်ရှုပ်တာပဲ၊ သိလား"

မှာ့ကို အသင့်ကြိုနေသည့် ကင်းကို တွေ့သည်နှင့် မှာ ငြီးတွားလိုက်သည်။ ကင်း မျက်ခုံးပင့်ကြည့်ပြီး

"ဘာဖြစ်လို့"

"မှာ လာခါနီး ဒိုက်ရောက်လာလို့ပေါ့၊ ဖေဖေက အလိုက်မသိ ဒိုက်ကို အဖော်ထည့်လိုက်တယ်လေ"

မှာ တိုးတိုးညည်းတွားသည်ကို ဒိုက် ကြားဖြစ်အောင် ကြားလိုက်တာကြောင့်

"ဟာ မှာ၊ ဒီကောင့်ကြောင့် စိတ်ရှုပ်ရတယ်ဆိုရင် ဒီကောင် ဖြေဆေး ပေးပါ့မယ်။ လာပါ၊ မှာ အာရုံရှင်းသွားအောင် တစ်နေရာရာမှာ အပန်းဖြေကြတာပေါ့၊ လာပါ၊ ကားပေါ်ပြန်တက်ပါ"

ဒိုက်အဆိုကြောင့် မှာ ပို၍ စိတ်ရှုပ်ရ၏။ ကင်း တစ်ချက်





တွေဝေသွားသည်။ ထို့နောက် ဒိုက်ကို ခပ်စောင်းစောင်းကြည့်ပြီး

"ဒါနဲ့ ဒိုက်၊ မင်းနဲ့ကိုယ် အပေးအယူတစ်ခု လုပ်ကြရအောင်"

ကင်း ဆိုစဉ်၊ ဒိုက်မျက်နှာလေး ဆ,ကာ၊ ဆ,ကာ ကင်းကို ဝေ့ဝိုက်ကြည့်ပြီး

"ဟ တယ်ဆိုတဲ့ ကဗျာပါလား။ မင်းနဲ့ကိုယ်က ဈေးရောင်းဈေးဝယ်လို ကုန်ပစ္စည်းနဲ့ ငွေကြေးအလဲအလှယ်လုပ်တမ်း ကစားနေတာမဟုတ်ဘူး၊ ဟေ့ ကင်း၊ မင်း Brain ကို ဆီဆွတ်ပြီး ပြောင်လက်အောင် သန့်စင်လိုက်စမ်းပါ၊ ဟ ဟား"

ဒိုက် ဘာသာစကားကို၊ ကင်း အနည်းငယ်တင်းသွားပြီ၊

"ဟေ့ ဒိုက်၊ ကိုယ့်ကို ပိုစ်မော်ဒန်ဆန်ဆန် လာမကောနဲ့၊ မှာက မင်းကြောင့် စိတ်ရှုပ်နေတယ်"

"ဒီကောင် သိတယ်၊ ဟေ့ သိတယ်၊ သိလို့ မှာ အာရုံရှင်းအောင် တစ်နေရာရာခေါ်သွားပြီး အပန်းဖြေပေးဖို့ ဒီကောင် ပင့်ခေါ်တာ၊ နားလည်လား၊ နားလည်လား ကင်းဆိုတဲ့ ယောက်ျား"

စိတ်ရှုပ်ရတဲ့အထဲ တစ်ယောက်နဲ့တစ်ယောက် တိုက်ကြက်လို ခွပ်နေတော့ မှာ ပို၍ စိတ်ရှုပ်လာသည်။

"နင်တို့ ဒီလိုခွပ်နေကြရင် မှာ ပြန်မယ်"

"ဟာ မှာ၊ ပြောရက်လိုက်တာ၊ ဒီကောင့်ကို မှာ့ဖေဖေ ယုံလို့ အဖော်ထည့်ပေးလိုက်တာလေ၊ မှာ့ကို ဒီကောင် စိတ်ပျော်အောင် စောင့်ရှောက်ရမယ့် တာဝန်ရှိတယ်လေ၊ ကင်းက ကြားကနေ အချဉ်ရည်လောင်းဖို့ ကြိုးစားနေတာ၊ ဒီကောင် မျက်လွှာချနေရမလား၊ စဉ်းစားစမ်းပါ မှာလေးရယ်၊ စဉ်းစားစမ်းပါ"

ဒိုက်ဆိုတဲ့ကောင် သူ့ဗီလင်အတိုင်း ဘာသာစကား



www.burmeseclassic.com

www.burmeseclassic.com



အသစ်တွေ ရွတ်ရမယ်ဆိုရင် ရေကုန်ရေခန်း ရွတ်နေမယ့်ကောင်

''ကဲ မင်းကြောင့် ကျပ်တယ်ကွာ''

ကင်း အလိုမကျစွာ ရေရွတ်စဉ်၊ မာ စိတ်ပျက်စွာ သက်ပြင်းချ၍ နှစ်ယောက်စလုံးရှေ့က လှည့်ထွက်ခဲ့သည်။

''မာ''

ကင်း၏ ဟန့်တားသံနှင့်အတူ

''ဟိုင်း မာ၊ ဒီလို ဒရွတ်တိုက် မလုပ်လိုက်ပါနဲ့ကွာ၊ မာ ဘာဖြစ်ချင်သလဲ ပြော၊ ဒီကောင် နာခံပါ့မယ်၊ နာခံပါ့မယ်''

မာ့ရှေ့ ခေါင်းငုံ့လာသည့် ဒိုက်ကို ကရုဏာသက်မိသလို၊ မာ့ကို အသနားခံတဲ့ မျက်ဝန်းနဲ့ စိုက်ကြည့်နေသည့် ကင်းကိုလည်း မာ စာနာမိတာကြောင့်

''ကင်းနဲ့ ဒိုက်ကြောင့် မာ စိတ်မရှုပ်ချင်ဘူး၊ မာ အာရုံကြည်ချင်တယ်၊ ဒါကြောင့် နင်တို့နှစ်ယောက် တစ်ယောက်ကို တစ်ယောက် စကားလုံးတွေနဲ့ ခြေထိုးခံဖို့ မကြိုးစားနဲ့''

''အိုကေ''

''အင်း''

မာ့ အဆိုကို ကင်းတို့နှစ်ယောက်လုံး သဘောကျစွာ ခေါင်းညိတ်ကြသည်။ မာ သက်မချ၍

''အဲဒါဆို နင်တို့နှစ်ယောက် ညီညွတ်ကြောင်း သက်သေပြရမယ်''

''ဟ ဟား။ ပြွဲ့ပါတယ်။ ပြဲ့ပါတယ်''

ဒိုက် ခပ်သွက်သွက်ဆိုပေမယ့် ကင်း ငြိမ်သက်နေတာကြောင့်

''ကင်းရော ပြဲ့လား''





မာ မျက်လုံးပင့်၍ မေးစဉ် ကင်း သက်ပြင်းညှင်ညင်သာသာ ချပြီး

''မာက သက်သေပြစေချင်ရင် သက်သေပြပါ့မယ်''

''အိုကေ၊ ဒါဆို တစ်နေရာရာ သွားစို့''

မာ တောင်းဆိုစဉ် နှစ်ယောက်စလုံး ခေါင်းညိတ်ကြသည်။

''ကဲ ကားပေါ်တက်''

ဒိုက် ဆိုစဉ်၊ မာနဲ့ကင်း ကားနောက်ခန်းမှာ ဝင်ထိုင်လိုက်သည်။

မာက သက်သေပြဆိုစဉ်၊ ဒိုက်ဆိုတဲ့ကောင်က သက်သေပြဖို့ဝန်မလေးဘူး၊ မာ့ကို သက်သေပြနိုင်ဖို့ လှူရှင်းသည့် ပန်းရနံ့ စားသောက်ဆိုင်ကို ဒိုက်ရွေးချယ်လိုက်သည်။ ပန်းရနံ့ စားသောက်ဝိုင်းမှာ ထိုင်မိသည်နှင့်

''ကဲ ဘယ်လိုပုံစံနဲ့ ညီညွတ်ကြောင်း သက်သေပြမလဲ''

မာ မေးစဉ်၊ ဒိုက်တို့နှစ်ယောက် တစ်စုံတစ်ရာကို တွေးတောကြ၏။ ထိုနောက် ဒိုက် အတွေးကောင်းရဟန်နှင့်

''အိုကေ၊ ဒီကောင် အထူးခြားဆုံးသက်သေပြနည်း တီထွင်လိုက်မယ်၊ အိုကေ၊ ခဏစောင့်''

ဟု ဆို၍ ဒိုက်က မာတို့ စားပွဲဝိုင်းမှ ထသွားသည်။ ဝိတ်တာကောင်လေးကို ခပ်လှမ်းလှမ်းသို့ ဒိုက်ခေါ်ဆောင်သွားပြီး တိုးတိုးကြိတ်၍ တစ်စုံတစ်ရာမှာသည်။ မှာ၍ လေချွန်ပြီး ပြုံးဖြဲဖြဲနှင့် မာတို့စားပွဲဝိုင်းမှာ ဝင်ထိုင်လိုက်သည်။ ခဏကြာတော့ ဝိတ်တာ ရောက်လာပြီး ဝက်သားကင် ပွဲကြီးတစ်ပွဲ စားပွဲပေါ်သို့ လာချသည်။ အကင်ပွဲကြီးကိုမြင်တော့ မာ နာခေါင်းရှုံ့၍ ကင်းကို အားနာသလိုကြည့်လိုက်သည်။ ကင်းက ဝက်သားမစားသူ။ ကင်းကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဒိုက်အတွေးကို ချက်ချင်းသဘောပေါက်၍ ဝိတ်တာကိုခေါ်ပြီး တိုးတိုးလှမ်းမှာလိုက်သည်။ ကင်းအတွေးနှင့်ကင်း၊ ရွှင်လန်းကာ စားပွဲခုံကို လက်ကလေးနှင့်ခေါက်၍ ဒိုက်ကို မခံသာအောင် ပြုံးလိုက်သည်။ သူတို့နှစ်ယောက်အသွင်ကို မာ သဘောမပေါက်တဲ့ ယောင်လည်လည်ကြည့်မိသည်။ ဝိတ်တာက ငံပြာရည်တစ်ပန်းကန် လာချစဉ် ဒိုက်မျက်နှာ အကြိမ်ကြိမ် တွန့်ကြုတ်သွားသည်။ အခုမှ မာ သဘောပေါက်တော့သည်။

"ဒိုက်က ဝက်သားကြိုက်တယ်၊ ငံပြာရည်မုန်းတယ်၊ ကင်းက ဒိုက်နဲ့ ဆန့်ကျင်ဘက်။ အဲဒီတော့"

မာ သားလိုးစား ကိုင်လိုက်သည်။ အသားကင်ကို ခက်ရင်းနှင့်ထိုး၍ အသားတစ်တုံး လှီးသည်။ အသားတုံးကို အလယ်တည့်တည့်မှ ခက်ရင်းနှင့်ထိုးလိုက်သည်။ ထိုနောက် အသားတုံးကို ငံပြာရည် ခွက်ထဲ နှစ်လိုက်ပြီး

"ကဲ ညီညွတ်ကြောင်း ဒီအသားတုံး တစ်ကိုက်စီ စားပြပေတော့"

မာ စိရင်ချက်ချလိုက်စဉ် ဒိုက်တို့ နှစ်ယောက်စလုံး မငြင်းသာတော့၊ ကြိတ်မှိတ်၍ တစ်ယောက်တစ်ကိုက် စားကြတော့၏။

"ဒီလိုမှပေါ့ ကင်းတို့ညီညွတ်မှ မာ စိတ်ရှင်းမယ်လေ"

"အိုကေ၊ မာ ဒီထက် စိတ်ရှင်းအောင် ဒီကောင် ကြေညာစရာရှိတယ်"

ဒိုက် အသားတုံးဝါးရင် အားရပါးရဆိုစဉ် မာ နဲ့ ကင်း၊ မျက်ခုံးကလေး လှုပ်ခတ်သွားသည်။

"မင်းက ဘာအကြောင်း ကြေညာမှာလဲ"

ကင်း သိချင်စိတ်ကြွကာ ဖျပ်ခနဲ မေးခွန်းထုတ်လိုက်သည်။





"မော့် သတင်း။ မော့်ရဲ့ အသစ်စက်စက် အန်အီးဒဗလျူ နယူး။ New လေ"

ဒိုက် အားတက်သရော ဆိုစဉ်၊ မာ မျက်ဝန်းအရောင် တောက်သွားပြီ၊

"ဘာ၊ မော့်သတင်း၊ ဟုတ်လား"

"ဟုတ်တယ်၊ မာ ဝမ်းသာရမဲ့သတင်း၊ မာ တင်မက ဒီကောင် နှစ်ကောင်အတွက်လည်း ဝမ်းသာစရာသတင်း"

"ဟုတ်လား၊ ဆိုစမ်းပါဦး"

ကင်း စိတ်ဝင်တစား ဆိုလာသည်။ မော့်သတင်းဆိုသည့်အတွက် မာ အာရုံမှာ တွေဝေလာသည်။ ဘာသတင်းပါလိမ့်။ မာတို့ကို ဝမ်းသာစေမယ့် ဘယ်လိုသတင်းပါလိမ့်၊ ဒိုက် ခါးကြားထဲက ဂျာနယ်တစ်စောင်ကို ဆွဲထုတ်လိုက်ပြီး စားပွဲပေါ် ဖြန့်ခင်းပြသည်။

"ဒီမှာလေ၊ ဒီကောင် ရွှတ်ပြမယ်၊ နားထောင်"

ဂျာနယ်ခေါင်းကြီးသတင်းကို ဒိုက်ထောက်ပြ၍ ဆိုစဉ်၊ မာ့ရင်မှာ လှိုင်းထလာသည်။

မော့်ရယ်၊ မာ့ကို ဝမ်းသာစေမယ့် သတင်းတဲ့လား။

"ယနေ့ နိုင်ငံကျော်၊ မော်ဒန်၊ သရုပ်ဆောင်၊ အဆိုတော် မော့်က နှလုံးသားအတွက် ချစ်သူရွေးရာမှာ မော့်ကိုယ်တိုင်ချစ်တဲ့ မိန်းကလေးကို ရွေးချယ်တော့မှာ မဟုတ်ကြောင်း၊ မော့်ကိုချစ်တဲ့ မိန်းကလေးတစ်ဦးကိုသာ မော့်က ရွေးချယ်မှာ ဖြစ်ကြောင်း၊ ထိုသတင်းအပြည့်အစုံကို နောက်အပတ်မှာ ဖော်ပြမှာဖြစ်ပါကြောင်းတဲ့၊ ကဲ ဘယ်လောက်ဝမ်းသာစရာ သတင်းလဲ၊ ဟ ဟား ဟုတ်တယ်နော် မာ"



www.burmeseclassic.com

www.burmeseclassic.com



ထိုသတင်းက မာ ဝမ်းသာရမယ့် သတင်းလား ဒိုက်ရယ်၊ မာ့ကိုပယ်ချပြီး မော်က တခြားတစ်ယောက်ရဲ့ချစ်ခြင်းကို လက်ခံမှာတဲ့လား၊

မော်သတင်းက မာ့အတွက် သံရည်ပူတွေ လိမ်းလာသလိုပဲ ဆိုတာ မရိပ်မိလို့လား ဒိုက်ရယ်။ ထိုအခါ မာ့နှလုံးသားဟာ ရေနွေးဖျောခံရတဲ့ ရွက်နုလို မိန်ဖျော့နွမ်းရော်ကာ မာ့ရင်နှင့်သံ ခြောက်ခန်းသွားစေတော့၏။ မာ့ကို မှန်တစ်ချပ်လို ကြည့်နေတဲ့ ကင်းက ညှိုးလျှသွားသည့် မာ့မျက်နှာကို ကရုဏာသက်စွာ ငေးကြည့်၍

''မာ၊ မာ ဝမ်းမသာဘူးလား၊ မော့် အချုပ်အနှောင်နဲ့ လွတ်ကင်းခွင့် ရစေမယ့် ဒီသတင်းက မာ့ကို ပျော်ရွှင်မှု မပေးနိုင်ဘူးလား''

''ဟ မာ၊ ဒါဝမ်းနည်းစရာမဟုတ်ဘူး။ ဒါ မာ့အတွက်၊ မာ့ နှလုံးသားအတွက် အောင်ပွဲခံနိုင်မယ့် သတင်းလေ၊ ဒါကြောင့် ဒီကောင် သတင်းကောင်းပါးရတာပါကွယ်၊ မာ ဝမ်းမနည်းပါနဲ့၊ မာ ဝမ်းနည်းရင် ဒီကောင့်ရင်ခွင်မှာ တပေါင်းလ သစ်ရွက်တွေ တဖြုတ်ဖြုတ် ကြွေသလို ရင်ခုန်သံတွေ ကြွေရတယ်ကွယ်''

ဒိုက်နဲ့ ကင်း အားကူဖေးမလေ၊ မာ့နှလုံးသားမှာ အားငယ် နွမ်းဖျော့သလို ဖြစ်လာသည်။ ထိုအခါ မာ ထိုင်နေရာမှ ဆတ်ခနဲ ထမိ၏။

''အိုး မာ၊ ဘာဖြစ်သွားတာလဲ''

''မာ၊ မာ့ကို တစ်ယောက်တည်း ငြိမ်သက်နေချင်တယ်၊ ခွင့်ပြုပါနော်၊ မာ့ကို နားလည်ပေးပါနော် နော်''

မာ အသနားခံသလို တောင်းဆိုမိစဉ် ဒိုက်တို့ မာ့ကို





နားမလည်သည့် မျက်ဝန်းနှင့် ငြိုင်တူစိုက်ကြည့်လာသည်။ ထိုနောက် မာ ခြေလှမ်းကျဲနှင့် သူတို့နှစ်ယောက်ရှေ့မှာ လှည့်ထွက်ခဲ့တော့သည်။

မာ့အာရုံ၊ မာ့နှလုံးသားမှာ စွဲနစ်နေသည်က

''မော်ကိုယ်တိုင်ချစ်နေသည့်မိန်းကလေးကို ရွေးချယ်တော့မှာ မဟုတ်ကြောင်း'' ဆိုသည့်

ထိုသတင်းသည် မာ့တစ်ကိုယ်လုံးသို့ အဆိပ်တွေလို ပျံ့နှံ့နေပြီဆိုတာ ဘယ်သူသိနိုင်မှာလဲကွယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

''ဟင်''

ညှော်ခန်းတွင်းမှ ပျံ့ထွက်လာသည့် အန်တီစီ စကားသံ ကြောင့် မာ ခြေလှမ်းတန့်သွားသည်။ မာ့ကိုယ်ကို နံရံမှာ ကပ်မှီ၍ နားစွင့်လိုက်သည်။ အန်တီစီ အသံ အက်ရှရှပေါ်လိုမ့်ထွက် လာသည်က

''တကယ်တော့ သားက မာလေးကို သားညီမလေးကိုယ်တ သည်းသည်းလှုပ်ချစ်ရှာတာပါ ဦးကိုရယ်၊ တိုက်တိုက်ဆိုင်ဆိုင် မမီ သမီးနာမည်နဲ့ တူနေတဲ့ မာ့ကို သူ့ညီမလေး အမှတ်နဲ့ ပိုင်ဆိုင် လိုလာတယ်။ သားမှာ ရှားရှားပါးပါးရှိတဲ့ သူ့ညီမလေးကို အင်မတန် ချစ်ခင်စွဲလမ်းရှာတယ်၊ သူ့ညီမလေးကို ဘယ်လောက်ချစ်ရှာသလဲ





ဆိုရင် ညီမလေးနဲ့ တစ်စက္ကန့်၊ တစ်မိနစ်မှ မခွဲနိုင်လို့ ကျောင်း မနေဘူးလေ။ သူ့ညီမလေး မူကြိုတန်းတက်တဲ့ အရွယ်ရောက်မှ သားလည်း သူ့ညီမလေးနဲ့အတူ မူကြိုနေခဲ့တယ်။ ဒီလိုနဲ့ သားနဲ့သမီး စတုတ္ထတန်းတက်မယ့်နှစ်မှာ သမီးလေး သွေးလွန်တုပ်ကွေးရောဂါနဲ့ ဆုံးရှာတယ်''

အန်တီစီ မျက်ဝန်းမှ ဆုံးရှုံးမှုကြောင့် မျက်ရည်တစ်စ လိမ့်ကျလာသည်ကို မာ ငေးကြည့်နေဆဲ

''သမီးလေး ဆုံးတော့လေ သားဟာ ညီမလေးဆုံးတာကို လက်မခံနိုင်အောင်ဖြစ်သွားတယ်။ မမစီတို့ ဘယ်လိုမှ ဖျောင်းဖျ နှစ်သိမ့်ပေးလို့မရ ဖြစ်လာတယ်။ သားညီမလေးက သားကို နောက်နေတာတဲ့၊ သားဆီ ညီမလေးပြန်လာမှာတဲ့လေ၊ ညီမလေးက တူတူပုန်းတမ်းကစားတာ ဝါသနာပါလို့ ခဏပုန်းနေတာတဲ့လေ၊ အဲဒီစိတ်နဲ့ သားခပ်ကြောင်ကြောင် ဖြစ်နေတာ၊ မမစီတို့ ဆေးကောင်းနဲ့ ကုပေးမယ့် သားရဲ့စွဲလမ်းစိတ်က မပျောက်ဘူးကွယ်''

ဒီလိုနဲ့ သား ပဉ္စမတန်း ကျောင်းစတက်တော့ သားညီမလေးနဲ့ နာမည်တူနေတဲ့ မာနဲ့ ကြုံရတော့ သားရင်ထဲမှာ သူ့ညီမလေးပဲလို့ ပုံသေစွဲမှတ်လိုက်ပြီး မာလေးကို အတင်းအကျပ် ခင်ခဲ့တာလေ၊ မှတ်မိသေးတယ် မာ့ကို ပထမဦးဆုံး သားတွေ့တဲ့နေ့ ကျောင်းကပြန်လာတော့ မာမီက သားပြောတာ မယုံဘူး မဟုတ် လားတဲ့။ အခု ညီမလေးကို ကျောင်းမှာတွေ့ရတယ်တဲ့လေ၊ အဲဒီ နေ့ကတည်းက သားစိတ်က ပုံမှန်ဖြစ်လာခဲ့တယ်၊ သားစိတ် ပုံမှန် ဖြစ်လာတော့ မမစီတို့ ဝမ်းသာရတယ်၊ ဒါကြောင့် သားဒယ်ဒီက စီစီရေ၊ သားနဲ့ မာ့ကို မောင်နှမတွေလို နေပါစေတဲ့။ သားဆန္ဒ မှန်သမျှကို လိုက်လျောပေးပါတဲ့၊ ယယ်တဲ့အချိန်မှာ လက်မခံနိုင်



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် အချိန်တန် အရွယ်ရောက်ရင်တော့ သားညီမလေး တကယ် ဆုံးပါးသွားတာကို သားလက်ခံလာမှာပါတဲ့''

အန်တီစီ အသံတိမ်တိမ်သည် မာ့ရင်ကို အစ်ဆို့သွားစေသည်။

''ကလေးတွေရဲ့စိတ်ကို အနာတရမဖြစ်ပါစေနဲ့လို့ ဆိုတာကြောင့် မမစီက သားဆန္ဒကို လိုက်လျောပေးခဲ့တာ၊ ဒီက သက်သက်နဲ့ ဦးကိုကို တို့ဆီမှာ ခွင့်တောင်းခဲ့တာပေါ့၊ ဒါပေမဲ့ သက်သက်ရယ် ငယ်ရွယ်တဲ့စိတ်နဲ့ အရွယ်ရောက်တဲ့စိတ်ဟာ ဘယ်လိုမှ တစ်ထပ်တည်း မကျနိုင်ဘူးလေ။ သားက သူညီမလေးထက် ပိုလွန်တဲ့ချစ်ခြင်းမျိုးနဲ့ မာ့ကို ချစ်ခင်လာခဲ့တယ်။ ထာဝရ ပိုင်ဆိုင်လိုခဲ့တယ်။ ဒါပေမဲ့ သမီးမာက သားရင်ခွင်ထဲမှာ မပျော်ရွှင်ဖြစ်ရတယ်။ သားကလည်း သမီးမာ ပျော်တာကိုပဲ မြင်ချင်လို့ နောက်ဆုတ်တာပါကွယ်။ သမီးကို အပြစ်မတင်ပါနဲ့၊ ဘယ်အချိန် ဘယ်အခါဖြစ်ဖြစ် မာ့ကို မမစီ ချစ်နေမယ်။ သမီးလေးလို မြတ်နိုးနေမယ်ဆိုတာ ယုံပါကွယ်နော်၊ သမီးမာရဲ့ လွတ်လပ်ခွင့်ကို မပိတ်ဆို့ပါနဲ့နော်၊ နော် သက်သက်''

မေမေ့ကို ဖျောင်းဖျ နှစ်သိမ့်နေသည့် အန်တီစီ့ခံစားချက်များသည် မာ့နှလုံးသားကို စူးရှနာမျက်လာစေသည်။ မော်က မာ့ကို သူညီမလေးလို ချစ်ခဲ့တာလား။ ဒီအကြောင်းတွေကို ဘာဖြစ်လို့ မာ့ကို အသိမပေးရတာလဲ။ မော် ဘာလို့ မပြောပြတာလဲ၊ အခုမှ ဘာလို့ အန်တီစီ လာပြောရတာလဲ။

အို ဒီအကြောင်းတွေ မာ ဆက်ပြီးမကြားချင်တော့ဘူး။ မာ တမင်တကာ ခြေသံကျယ်ကျယ်မြည်အောင် တံရုပ်ရုပ်နင့် ညှေ့ခန်းထဲ လှမ်းဝင်လိုက်သည်။





''ဟော သမီးမာ ပြန်လာပြီလား။ လာ သမီး၊ သမီး ရောက်တာနဲ့ အတော်ပဲ''

ဖေဖေက မာ့ကို ကလေးလေးလို ပွေ့ချီ၍ ဖေဖေ့ဘေးမှာ ထိုင်စေသည်။ ထို့နောက် မာ၏ မှုန်တေတေမျက်နှာကို ကရုဏာ သက်စွာကြည့်၍

''သမီး၊ သမီး ဆန္ဒကို လွတ်လပ်ခွင့်ပေးထားတဲ့အကြောင်း အန်တီစီကို ဖေဖေ အသိပေးလိုက်ပြီ၊ သမီးစိတ်မကောင်း မဖြစ်နဲ့တော့နော်။

သမီးကို နောက်ထပ်အခွင့်အရေးတစ်ခု ပေးဦးမယ်၊ သမီး ဘဝအတွက်၊ သမီးရင်ခုန်မှုအတွက် အေးတိအေးစက်ပြောတတ်တဲ့ ကင်း ဆိုတဲ့ ကောင်လေးကိုပဲရွေးရွေး၊ မျက်စိရှုပ်လောက်အောင် ပြောတတ်တဲ့ ဒိုက်ကိုပဲ ရွေးရွေး၊ တခြားဘယ်သူ့ကိုပဲရွေးရွေး ဖေဖေ ခွင့်ပြုတယ်နော်၊ သမီးနောက်ထပ် ရွေးချယ်ဖို့ လိုအပ်သေးတယ်ဆိုရင် ဖေဖေ့သူငယ်ချင်းတွေရဲ့ သားတွေနဲ့ မိတ်ဆက်ပေးဦးမယ်။ သမီးလိုချင်တဲ့ ပုံစံနဲ့ စိတ်ကြိုက်လက်ရွေးစင် ရွေးချယ်နိုင်ဖို့ ဖေဖေ စီစဉ်ပေးမယ်နော်၊ ဖေဖေ့သမီး ဘာမှ အားမငယ်နဲ့နော်''

ဖေဖေ တတွတ်တွတ်ဆို၍ လမ်းပေါက်ဖွင့်ပေးစဉ် မာ့ရင်သည် ကြပ်ခဲ၍ လှုပ်ရမ်းသွား၏။

ဖေဖေရယ်၊ ဖေဖေဖွင့်ပေးတဲ့ လွတ်လပ်ခွင့်ဟာ မာ့နှလုံးသားမှာ လစ်ဟာသလို ခံစားရတယ်ဆိုတာ ဖေဖေ မရိပ်မိတာလားကွယ်။

''နော် သမီး။ ဖေဖေပြောတာ သဘောပေါက်တယ်နော်''

ဖေဖေ ထပ်ဆင့်ဆိုစဉ်

မာ ခေါင်းမညိတ်နိုင်သလို၊ ခေါင်းလည်း မခါနိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဖေဖေ့ဘေးက ဆုတ်ခနဲ ထ၍ မာ အခန်းထဲ တန်းဝင်ပြီး တံခါးကို ခပ်ကြမ်းကြမ်းပိတ်လိုက်မိသည်။ မာ့နှလုံးသား ခါရမ်းသွားအောင် ခုတင်အောက်မှာ စုပြုံထားသည့် မော်နဲ့မာ တွဲရိုက် ထားတဲ့ ဓာတ်ပုံတစ်ပုံ ဆွဲယူ၍ မော့်ကို စူးစိုက်ကြည့်မိသည်။ ထိုအခါ မွန်းကြပ်မှုကြောင့် မာ့မျက်ဝန်းအိမ်မှာ မျက်ရည်ကြည်တွေ စုဝေးလာသည်။ မော် ဓာတ်ပုံလေးကို မာ့ရင်မှာ ပိုက်စဉ် မာ့မျက်ဝန်းမှာ မျက်ရည်တွေ လိမ့်ဆင်းလွင့်ကျလာသည်။ ဘာကြောင့် မာ မျက်ရည်ကျရတာလဲ၊ မာ မဆန်းစစ်တော့ဘူး မော့်ရယ်။

ခုချိန်မှာ မာ့နှလုံးသားက တစ်စုံတစ်ရာကို တောင့်တမိ၍ ထိုတောင့်တစိတ်နှင့် မာ့ခြေလှမ်းက မော့်အခန်းရှေ့ ရပ်မိသည်။ တံခါးအသာတွန်း၍ မော့်အခန်းတဲ ဝင်လိုက်စဉ် မာ့နှလုံးသားသည် နူးညံ့သိမ်မွေ့သည့် တစ်စုံတစ်ရာထဲ နစ်မျောသလို ခံစားမိသည်။ မော့်အခန်းထဲမှာ မော်၏အငွေ့အသက်တွေက မာ့အာရုံကို ရစ်သိုင်းလာသည်။ အထူးသဖြင့် မာ့လက်ထဲ တိတ်တဆိတ်ထည့်ပေးခဲ့သည့် ပန်းတစ်ပွင့်နှင့် ကဗျာလေးကိုမြင်ရစဉ် မာ့နှလုံးသားမှာ ရင်ခုန်သံတွေ တိုးကြွလာသည်။ ထိုပန်းပွင့်ခြောက်လေးကို မာ တယုတယ ကောက်ယူမိသည်။ ရက်တွေကြာညှောင်းခဲ့လို့ ပန်းပွင့်လေးတွေက ညှိုးနွမ်းကာ ပွင့်ဖတ်တချို့ ကြွေလွင့်ကျသွားသည်။ ဒါပေမဲ့ ကဗျာစာသားက လတ်လတ်ဆတ်ဆတ် မာ့နှလုံးသားထဲ စီးမျောလာသည်။ ထိုအခါ မော့်ပုံရိပ် ထင်လာသည်။ ထိုပုံရိပ်လေးက မော့်အဖြစ် ပီပြင်လာသည်။ မာ့ လက်ဖဝါးနုနုလေးကို ဆွဲယူဆုပ်ကိုင်ပြီး

''တကယ်ချစ်တယ် မာရာ''

မော့်စကားလုံးလေးများ မာ့နှလုံးသားထဲ လှိမ့်ဝင်လာသည်။ ထို့ပြင် မော့်အကြည့်တွေက တဖိတ်ဖိတ်တောက်ကာ လင်းခနဲ





လက်ခနဲ့ ဝင်းပလာသည်။ နူးညံ့သိမ်မွေ့သော မော်၏အကြင်နာ လက်ချောင်းများက မာ့မျက်နှာပေါ် ဝဲကျနေသည့် ဆံနွယ်လေးများကို အသာဖယ်သပ်လာသည်။ မာ့နှုတ်ခမ်းပါး၊ မာ့ပါးပြင်၊ မာ့မျက်ဝန်းကို မော် ခပ်စူးစူးလေး စိုက်ကြည့်ပြီးနောက် မာ့ပခုံးနှစ်ဘက်ကို ခပ်ဖွဖွဆုပ်ကိုင်ပြီး

''မာ့ကိုချစ်တယ်၊ သိပ်ချစ်တယ် မာရယ်'' တဲ့။

မော့်ရင်ဖွင့်သံက မာ့နှလုံးသားထဲ စိမ့်ဝင်လာသည်၊ မာ့ပခုံးနှစ်ဘက်ကို ဖြည်းညှင်းစွာ ဆွဲယူ၍ မော့်ရင်ခွင်မှာ ထွေးပိုက်လိုက်စဉ် မာ အရာအားလုံးကို မေ့လျော့သွားလောက်အောင် ယစ်မူးသွားတော့၏။

ထိုစဉ်

ဝုန်းခနဲ ထွက်ပေါ်လာသည့် ထိုအသံကျယ်သည် မာ၏ ယစ်မူးမှုကို ဝါးမျိုလိုက်သည့် ဘီလူးသဘက်နှင့် တူတော့သည်။ မာ လန့်ဖျပ်၍ အသိဝင်လာစဉ် မာ့အပါးမှာ မော်လည်းမရှိ။ မော့်စကားလုံးတွေလည်း မရှိ။ ထိုအသံက အခန်းတံခါးကို ခပ်ကြမ်းကြမ်းဆွဲဖွင့်လိုက်သည့် မေမေ့လက်သံ။ ထိုနောက် မာ့ကို အပြစ်ဖွဲ့သလို ပြူးကြည့်သည့် မေမေ့အကြည့်။ မာ့ခံစားချက်ကို နားလည်မှု မပေးနိုင်သည့် မေမေ့ အမူအရာ၊ မာ့ ရင်ခုန်သံကို အသိအမှတ်မပြုသော မေမေ့ခြေလှမ်းတွေ နောက်လှည့်ထွက်သွားစဉ် မာ ဝမ်းနည်းသလိုလို ဖြစ်လာသည်။

မော် ရယ်။

နင့်ရင်ခုန်သံတွေ၊ နင့်နှလုံးသားခံစားမှုတွေနဲ့ မာ့ကို ခဏ ဖြစ်ဖြစ် ထွေးပိုက်လှည့်ပါကွယ်၊ ထိုတောင့်တစိတ်သည် မာ့နှလုံးသားမှာ ပျံ့ထွက်လာသည်။ မာ့လက်ထဲမှာ ပန်းပွင့်ညှိုးနွမ်း



www.burmeseclassic.com

www.burmeseclassic.com



လေးနှင့် ကဗျာလေးသည် မှာခံစားမှုကို အားဖြည့်ပေးသည့် ဆေးတစ်ခွက်နှင့် တူလာသည်။ ထို့ကြောင့် ကဗျာလေးကို မ မေ့ပိုက်မိသည်။ ထိုကဗျာ မှော်ကို ရွတ်နိုင်းချင်လာသည်။ မှော်ရင်ခုန်သံနှင့်အတူ နားသောတ ဆင်ချင်စိတ် မှာရင်မှာ ကြီးစိုးလာသည့်အခါ မှာခြေလှမ်းက မှော်တို့တိုက်ဆီ ဦးတည်လာ ခဲ့သည်။ မှော်အခန်းရှိရာ အပေါ်ထပ်သို့ ခြေလှမ်းဟန်ပြင်စဉ် အခန်းထဲမှ ပျံ့ထွက်လာသည့် အန်တီစီ စကားသံတွေက မှာခြေလှမ်း တန့်သွားစေသည်။

"စီစီတို့ အစီအစဉ်မပျက်အောင် အဲဒီနေ့မှာ သားက မင်္ဂလာဆောင်ချင်သတဲ့"

"ဟော့ သားက ဘယ်သူနဲ့ ဆောင်မှာလဲ"

မှော်ဒယ်ဒီ၏ အံ့ဩသံ၊ မှော်မာမီ၏ သက်ပြင်းချသံ အကျယ်ကြီးပေါ်ထွက်လာသည်။ ထိုအခါ မှာ အသက်မရှူရဲတော့ မှာနဲ့ ဖွတ်ဆောင်မယ်လို့ ပြောရင်တော့ မှာလောက်ပျော်မည့်သူ ရှိလိမ့်မယ်မထင်တော့။ ဟုတ်ရဲ့လား။ မှာ အတွေးမှန်ရဲ့လား။ မှာ အာရုံစူးစိုက် နားစွင့်မိစဉ်၊ အန်တီစီ သက်ပြင်းချပြီး

"သားတို့ အနုပညာအသိုင်းအဝိုင်းကပြောတော့ သားကို အစစ အရာရာ ဂရုတစိုက်နဲ့ နားလည်ဖေးမတတ်တဲ့ မိန်းကလေး တစ်ယောက်ရှိတယ်၊ နာမည်က 'လရိပ်ရိပ်'တဲ့၊ မော်ဒယ်မိန်းကလေး ပဲ၊ အဲဒီမိန်းကလေးနဲ့လို့ ပြောတာပဲ"

အန်တီစီ အသံသည် မှာနလုံးသားကို ဆွဲပစ်ခံရသလို ဖြစ်စေတော့သည်။ ဟုတ်ရဲ့လား မှော်ရယ်၊ ဟုတ်ရဲ့လား။

"အဲဒီတော့ စီစီ သဘောက"

"ဘာတတ်နိုင်မှာလဲ၊ သား တောင်းဆိုမှုကို လက်ခံရမှာ





ပေါ့၊ မနေ့ကတောင် 'လရိပ်ရိပ်' နဲ့အတူ သမီးလေးအုတ်ဂူဆီ သား သွားခဲ့တယ်တဲ့လေ"

အန်တီစီ့ အသံက လှိုက်တုန်နေသည်မှာ မှာအာရုံတစ်ခုလုံး ကျိုက်ကျိုက်ဆူလာ၏။

အန်ကယ် သက်ပြင်းချသံနောက်မှာ

"ဝမ်းမနည်းပါနဲ့ စီစီရယ်၊ ကိုယ်တို့လည်း ကိုယ့်တို့သမီး လေးကိုယ်စား မှာကိုပဲ သမီးအဖြစ်၊ ချွေးမအဖြစ် လိုချင်ပါတယ် ကွယ်။ ဒါပေမဲ့ မှာ လက်မခံတော့ သားရဲ့ရွေးချယ်မှုကို အသိမှတ် ပြုပေးရမှာပေါ့၊ သား စိတ်ကျေနပ်အောင် သားတောင်းဆိုမှုကို ကိုယ်လည်း ခွင့်ပြုပါတယ်ကွယ်"

"ဒါဆို သားရွေးချယ်မှုကို ကိုကို လက်ခံတယ်ပေါ့၊ ခွင့်ပြု တယ်ပေါ့ ဟုတ်လား ဟင်"

ဒေါ်စီစီ တအံ့တဩဖြစ်သွားစဉ် အန်ကယ် ဦးခေါင်း အသာ ဆတ်၍

"ခွင့်ပြုရမှာပေါ့ စီစီရယ်၊ ခုဆိုရင် သားက ဘာမှ နားမလည်တဲ့ ကလေးပေါက်စလေး မဟုတ်တော့ဘူး။ အရာရာကို နားလည်လက်ခံနိုင်တဲ့အရွယ် ရောက်လာပြီ၊ သမီးလေး၊ သားညီမလေး ဆုံးသွားတာကို လက်ခံတတ်ပြီ၊ မှာကိုလည်း လွတ်လပ်ခွင့် ပေးတတ်လာပြီ၊ ဘဝရဲ့လိုအပ်ချက်ကိုလည်း နားလည်လာပြီ၊ ဖြစ်ချင်တာထက် ဖြစ်သင့်ဖြစ်ထိုက်တာကို ရွေးချယ်လိုတတ်တဲ့သူ ဖြစ်လာပြီလေ။ ဒီတော့ ကိုယ်တို့ ခွင့်ပြု ရမှာပေါ့၊ သားရွေးချယ်တဲ့ 'လရိပ်ရိပ်'ကို လက်ခံရမှာပေါ့ကွယ်၊ လက်ခံရမှာပေါ့"

မှော် ရွေးချယ်မှုသည် အန်ကယ်လ်၏ပြတ်သားမှု၊



www.burmeseclassic.com

အန်တီစီ၏ လက်ခံမှုဖြစ်ကြောင်းသိရစဉ် မာ့နှလုံးသား နိုက်နိုက်တုန် ကြေကွဲသွားတော့၏။ မာ ဆုပ်ကိုင်ထားမိသည့် ပန်းပွင့်နွမ်းနွမ်းလေးနှင့် ကဗျာလေးသည် မာ့လက်တွင်းမှ လွတ်ကျသွားတော့၏။ မာ့ရင်ခွင်မှာ စုစည်းရသည့် ကြေကွဲမှုတွေ အရှိန်အဟုန်ပြင်းစွာ လိုက်တက်လာသည့်အခါ မာ့နှလုံးသားမှ ရှိုက်သံကြီး လျှံထွက်လာတော့၏။

''ဟင်''

ရှိုက်သံကျယ်ကျယ်ကြောင့် အန်တီစီနဲ့ အန်ကယ် အခန်းထဲက ကမန်းကတန်း ပြေးထွက်လာသည်။ လှေကားရင်းကို မှီ၍ ကြိတ်ငိုနေသည့် မာ့ကို ရုတ်တရက်တွေ့ရစဉ် မာ့အတွက် စိုးရိမ်ပြီး

''အို သမီးမာ၊ ဘယ်တုန်းက ရောက်နေတာလဲကွယ်၊ ဘာဖြစ်လို့ ငိုရတာလဲ၊ ဘာဖြစ်လို့ ငိုရတာလဲ သမီးရယ်''

အန်တီစီ မာ့မျက်ရည်စတွေကို တယုတယ သုတ်ပေးစဉ် အန်ကယ်လ်က မာ့ဆံနွယ်ပျော့စင်းစင်းကို ကြင်နာစွာပွတ်သပ်၍

''သမီးရယ်၊ သား ဘယ်သူ့ကို ရွေးချယ်ပါစေ၊ အန်ကယ်လ်တို့က မာ့ကို သမီးရင်းလို လက်ခံထားပါတယ်ကွယ်။ 'လရိပ်ရိပ်' က အန်ကယ်လ်တို့ ချွေးမ၊ ဒါပေမဲ့ မာက အန်ကယ်လ်တို့ သမီးပါကွယ် နော်၊ ဟောဒီတိုက်ကြီးမှာ သမီးမာ အရင်လို ဝင်ထွက်လို့ရတယ်။ သမီးမာကို အပိုင်စားပေးထားတဲ့ အခန်းမှာ သမီးနေလို့ရတယ်၊ သမီးနာမည်နဲ့ လွှဲထားပေးတဲ့ ရွှေဆိုင်ခွဲ တစ်ဆိုင်ကို သမီးမာ ပိုင်ဆိုင်ခွင့် ရှိတယ်။ အိုး အရှင်းဆုံး ပြောရရင် အန်ကယ်လ်တို့ရဲ့ ပိုင်ဆိုင်မှု ချစ်ခြင်းမေတ္တာအားလုံးဟာ သားနဲ့သမီး၊ အညီအမျှ ပိုင်ဆိုင်ခွင့်ရှိအောင် အန်ကယ်လ်တို့ စီစဉ်ထားပါတယ်ကွယ်။ မာဟာ အန်ကယ်လ်တို့ရဲ့ သမီးအရင်းပါကွယ်၊ နော် သမီး''

''ဟုတ်ပါတယ် မာရယ်၊ မာဟာ အန်တီစီတို့ရဲ့ တစ်ဦးတည်းသော သမီးပါနော်၊ သမီးလောက် လရိပ်ကို အန်တီစီ ချစ်မှာမဟုတ်ဘူးဆိုတာ ယုံပါကွယ်၊ ယုံပါ''

အန်ကယ်လ်နဲ့ အန်တီစီ၏ ချော့မော့သော စကားလုံးများသည် မာ့နှလုံးသားကို ပိတ်လှောင် ဒဏ်ခတ်သည်နှင့်တူတော့သည်။ ဒီဒဏ်တွေကို မာ မခံစားနိုင်တော့ပြီ၊ မာ မခံစားနိုင်တော့ပြီ၊ မာ့ကို ထွေးဖက်ထားသည့် အန်ကယ်လ်နဲ့ အန်တီ ရင်ခွင်မှ မာ ရုန်းထွက်မိသည်။

ခွင့်လွှတ်ပါ၊ မာ့ရဲ့ မိုက်မဲမှုကို ခွင့်လွှတ်ပါ။

ခုချိန်မှ မာ တစ်ယောက်တည်း မာ့ မိုးကောင်းကင်ကြီး အက်ကွဲအောင် ငိုပါရစေ၊ ငိုပါရစေတော့။

✿ ✿ ✿







www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

"မာရယ်၊ နှင်းအိကမာအရမ်းပျော်သွားမယ်လို့ ထင်တာ၊ မာ အခုလိုကြေကွဲရတာ မြင်ရတော့ နှင်းအိ စိတ်မကောင်းလိုက်တာကွယ်၊ မာ ဘာဖြစ်ချင်သလဲ၊ မော်နဲ့ တွေ့ချင်သလား၊ နှင်းအိ မော့်ကို ခေါ်ပေးမယ်လေ နော် သူငယ်ချင်း"

နှင်းအိက ကရုဏာသက်စွာ မာ့ကို ဂရုတစိုက်ဆိုလာသည်။ မာ့ပါးပြင်ပေါ်က မျက်ရည်စတွေ ပွတ်သုတ်၍ မာ ဦးခေါင်းအသာ ရမ်းကာ မာ့နှလုံးသားထဲက ကြေကွဲမှုတွေကို အတင်းအကျပ် မျိုချလိုက်ပြီး

"ရပါတယ်ဟာ၊ မာ ခံနိုင်ရည်ရှိပါတယ်။ မာက မာ့စိတ်ကြိုက် ရွေးချယ်ခွင့်ရသလို၊ မော်လည်း စိတ်ကြိုက်ရွေးချယ်ချင်မှာ





ပေါ့၊ မာ တားပိုင်ခွင့်မရှိသလို၊ ကန့်ကွက်ပိုင်ခွင့်လည်း မရှိဘူးဟာ"

"ဒါပေမဲ့ မော့်နှလုံးသား အစစ်အမှန်နဲ့ ရွေးချယ်တာ မဟုတ်ဘူးလို့ နှင်းအိ ထင်တယ်။ ဒါကြောင့် မော့်ကို ထိပ်တိုက်တွေ့ပြီး မေးကြည့်မယ်လေ"

နှင်းအိ ထင်မြင်ချက်ပေးစဉ် မာ ခေါင်းတွင်တွင်ရမ်းမိသည်။ မာ့ကို နှင်းအိ တွေဝေစွာ စိုက်ကြည့်ပြီး

"မာ ခံစားချက်တွေ လွဲနေပြီလို့ နှင်းအိ ထင်တယ်"

မာ သက်ပြင်းဖွေ့ဖွေ့ချ၍

"နှင်းအိ ထင်လို့ပါ"

"မဖြစ်နိုင်ဘူး မာ၊ နှင်းအိ အထင်ကိုပြောရရင် ဒီအချိန်မှာ လရိပ်ရိပ် က မော့်ကို အရှိန်ပြင်းပြင်းနဲ့ လိုက်လျောလို့ လို့ နှင်းအိထင်တယ်။ ဒါကြောင့် မော်နဲ့ ထိပ်တိုက်တွေ့ မေးချင်တယ်၊ အဲဒီတော့မှ အဖြေမှန် ပေါ်မယ်လေ"

"ဟင်အင်း။ အဖြေမှန်က မော်နဲ့တွေ့ပြီး မေးခွန်းထုတ်မှ ပေါ်လာမှာ မဟုတ်ဘူး၊ မော့် လှုပ်ရှားမှုကို ကြည့်ပြီး အဖြေထုတ်လို့ရတယ် နှင်းအိရယ်"

"ဘယ်လို၊ မော့်လှုပ်ရှားမှု"

"ဟုတ်တယ်လေ၊ နှင်းအိ စဉ်းစားကြည့်ပါကွယ်၊ ဘာ အကြောင်းကြောင့်မှ မော်ဟာ မာ့ကို လျစ်လျူရှုခဲ့တာမဟုတ်ဘူး၊ မာ့ကို အနားမှာခေါ်ထားတယ်၊ ညအိပ်ရင်တော့ အိပ်ပျော်နေတဲ့ မာ့ကို စိတ်မချလို့ တစ်ည သုံးခေါက်လောက် လာကြည့်တတ်တဲ့ မော်က အခု၊ အခု အဲဒီကတည်းက မာ့ရှေ့ကို ရောက်လာဖို့ မပြောနဲ့၊ မာနဲ့ ဝေးရာမှာ ရှောင်နေတာလေ၊ အဲဒါ အဖြေပဲပေါ့၊ ပိုပြီးသေချာတာက လရိပ်ရိပ် ကို ရွေးလိုက်တာပဲ၊ ဒီတော့ မာ



www.burmeseclassic.com

www.burmeseclassic.com



ဘာကိုမှ ဆန်းစစ်ပြီးအဖြေထုတ်နေဖို့ မလိုဘူး။ ဒါကြောင့် မော်နဲ့ မျက်နှာချင်းဆိုင်ဖို့ မလိုအပ်တော့တာပေါ့ နှင်းအိရယ်''

စိတ်ပျက်အားလျော့နေသည့် မာ့ကို နှင်းအိ ငေးကြည့်မိသည်။ မာနဲ့ နှင်းအိ အတွေးကိုယ်စီနှင့် အတန်ကြာ တိတ်ဆိတ်သွားတော့၏။ မာက မော့် ခတ်ပုံလေးကို ခေါင်းရင်းမှာ ချိတ်ဆွဲလိုက်သည်။ နှင်းအိက တစ်စုံတစ်ရာကို စဉ်းစားမိဟန်နှင့်

''ဒါမှမဟုတ် မော်က မာ့စိတ်နဲ့ မာ့နှလုံးသားကို စမ်းသပ်ချင်လို့ ခုလိုကြေညာတာ မဖြစ်နိုင်ဘူးလား''

နှင်းအိ အတွေးအတိုင်း မာ ယုံကြည်ချင်ပါတယ်ကွယ်။

နှင်းအိကို မာ တွေ့ဝေစွာ ငေးကြည့်နေမိသည်။

''ဘယ်လိုလဲ၊ မော့်ကြေညာချက်က မာ့ကို စမ်းသပ်မှုတစ်ရပ် ဖြစ်မနေနိုင်ဘူးလို့ ဘယ်သူအာမခံနိုင်မလဲ၊ ဟုတ်မဟုတ် သိရအောင် မော့်ခြေရာကို ကောက်ကြည့်ဖို့ လိုအပ်တယ် မာ''

နှင်းအိ ဖျပ်ခနဲဆိုစဉ် မာ ဦးခေါင်းရမ်းမိသည်။ မာ ဦးခေါင်းရမ်းတာကို နှင်းအိ ဘဝင်မကျဘဲ

''မာ ခုလို အခန်းအောင်းနေတာထက်စာရင် မော့်ခြေရာကောက်တာက အကျိုးရှိလိမ့်မယ်လေ''

''ဒါပေမဲ့ မော့် ကြေညာချက် အတည်ဆိုတာ၊ ပိုသေချာကြောင်းသိရရင် မာ ဒီထက်ပိုပြီး ဝမ်းနည်းရမှာပဲ''

''မာရယ်၊ ဝေဒနာတစ်ရပ်ဟာ လှောင်ပိတ် မွန်းကျပ်နေတာထက် ဟင်းလင်းပွင့် ခံစားရတာက ပိုပြီးခံစားပျော်ပါတယ်၊ လာပါ၊ လာပါ မာရယ်၊ မာ့အနားမှာ နှင်းအိ ရှိပါတယ်။ မာနဲ့ ထပ်တူ နှင်းအိ ခံစားပေးမှာပါဟာ လာပါ''

နှင်းအိ အတင်းအကျပ်ဆွဲခေါ်သွားစဉ် မာ ငြင်းပယ်ခွင့်





မရတော့။ မာနဲ့ နှင်းအိ ညှော်ခန်းကို ဖြတ်ထွက်တော့ ဖေဖေ မျက်ခုံးပင့်ကြည့်ပြီး

''ဟော သမီး၊ နှင်းအိနဲ့ အပြင်ထွက်မလို့လား''

ဖေဖေ မေးစဉ် မာ ခေါင်းအသာညိတ်လိုက်သည်။

''သွားပါကွယ်၊ ဒါနဲ့ သမီးနှင်းအိရေ၊ မာက နှင်းအိနဲ့ သင်တန်းတွေ တက်ချင်တယ်ဆိုလို့ မာ့မေမေကို ပူဆာဖူးတယ်လေ၊ အဲဒီအတွက် အန်ကယ်လ် ခွင့်ပြုတယ်ကွယ်၊ သမီးမာ တက်ချင်တဲ့သင်တန်းကို နှင်းအိလည်း အဖော်လိုက်တက်ပေးပါနော်''

ဖေဖေ လိုက်လိုက်လျောလျော ဆိုစဉ် မာ သက်ပြင်းကျိတ်ချလိုက်သည်။ နှင်းအိ မလုံမလဲ ဦးခေါင်းညိတ်၍

''ဟုတ်ကဲ့ အန်ကယ်လ်''

''သမီးမာ တက်ချင်တဲ့သင်တန်း၊ တက်နော်၊ ဖေဖေ ခွင့်ပြုပါတယ်၊ သမီးလေးရယ်၊ အခု အပြင်ထွက်ရင် ဘယ်သင်တန်း တက်ချင်စိတ်ရှိလဲ၊ လေ့လာကြည့်ပါနော် သမီး မာ''

တော့ဆံပင်ကို ချစ်စနိုးဖွ၍ ဖေဖေဆိုလာစဉ် မာ ရင်ထဲမှာ ဝမ်းနည်းသလိုလို ဖြစ်လာသည်။ နှင်းအိ ရိပ်မိတာကြောင့်

''အန်ကယ်လ် နှင်းအိတို့ သွားဦးမယ်နော်''

''သွားပါကွယ်။ သွားပါ''

ဖေဖေ ပြုံးပြုံးရွှင်ရွှင် ခွင့်ပြုသည်နှင့် မာ့လက်ကိုဆွဲ၍ နှင်းအိ ခပ်လောလောထွက်ခဲ့သည်။

မော် ရယ်။

မော့်ခြေရာက မာ့ကို စမ်းသပ်တဲ့ သဘောလားကွယ်၊ မာ သိပါရစေ။



www.burmeseclassic.com

www.burmeseclassic.com



မော့်ကို တောင့်တစိတ်နှင့် မော့်ခြေလှမ်းကို လိုက်ကောက်ရတဲ့ဖြစ်စဉ်က မာ့နှလုံးသားကို နုတ်နုတ်စင်းသလို နာမျက်ရတော့သည်။

မော့်ရယ်၊ မာ မဟုတ်တဲ့ မိန်းကလေးကို နင် တကယ်ပဲ ရင်ခုန်သွားပြီလားကွယ်၊ 'လရိပ်ရိပ်' ဆိုတဲ့ မော်ဒယ်ချောချောလေးနဲ့တွဲလို့ ပြုံးပျော်နိုင်လွန်းတယ်ကွယ်၊ ပြုံးရုံတင်မက မာ့အတွက် မင်္ဂလာဂါဝန်ချုပ်ပေးမည့် ဒီဇိုင်နာဆီမှာ မာ့အစား လရိပ်ကို မင်္ဂလာဂါဝန်ချုပ်ဖို့ အပ်ပေးတဲ့ မော့်မျက်နှာပေါ် မြူးတူးရိပ်တွေ လွှိုက်တက်နေတာ မာ မြင်နေရတယ်။ လရိပ် အတွက် လိုအပ်သည့် ပစ္စည်းတွေကို စိတ်ရှည်လက်ရှည် ဝယ်ပေးလိုက်တာ လရိပ် က သယ်လို့မနိုင်လို့ ကိုတာကြီးက ဝိုင်းသယ်ပေးရသည်အထိလေ၊ ဒါတင်မက လရိပ် ကလည်း မော့်ကို အရိပ်တကြည့်ကြည့် အလိုလိုက်လွန်းတာ အံ့ဩစရာ ကောင်းလွန်း၏။

မော့် တစ်ခွန်းမပြောလိုက်ရင် လရိပ် က စောဒက မတက်သလို၊ မာ့လို ဘုဆတ်ဆတ် တုံ့ပြန်လေ့မရှိရုံမက ပြုံးပြုံးလေး ခေါင်းညိတ်နာခံခြင်းနှင့် မော့်ဆန္ဒကို လိုက်လျောတတ်တယ်လေ။ စားသောက်ဆိုင်မှာ ထိုင်စဉ် 'လရိပ်'က မော့်ကို တယုတယ ခွံ့ကျွေးသည့်အခါ မော့်ကလည်း ကျေကျေနပ်နပ် စားတတ်သည်။ မော့် နှုတ်ခမ်းပါးမှာ ပေကျံနေသည့် ဆီတွေကို 'လရိပ်'က တစ်ရှုးနဲ့ သုတ်ပေးတဲ့အခါ မော့်က ကျေနပ်နေတတ်သည်။

နောက်ပြီး မော့် ရှုတင်နားတဲ့အချိန်မှာ မော့်ကို အမောပြေ အအေးတစ်ခွက်ကို အလိုက်သိသိ ကမ်းပေးတတ်သည်။ မောပန်းနေတတ်တဲ့ မော့်ကို ယပ်တောင်လေး တဖျပ်ဖျပ်ခတ်ရင်း'လရိပ်' က ပြုစုတတ်သည်။ မော့် မော်ဒယ်ရှိုးလျှောက်တဲ့အခါ မော့်





အဝတ်လဲတာကအစ 'လရိပ်' ဂရုတစိုက် လိုက်လုပ်တတ်သည်။ ဇီးရိုးအတွက် အသံသွင်းနေစဉ် 'လရိပ်'က စိတ်ရှည်လက်ရှည် ထိုင်စောင့်နေတတ်တယ်လေ။

အင်းပေါ့ မာက မော့်အတွက် တစ်ကြိမ်တစ်ခါမှ သောက်ရေတစ်ခွက်တောင် ခပ်တိုက်ခဲ့တာမှ မဟုတ်တာ၊ မော့် အနားမှာ ထိုင်ဆို သစ်ငုတ်လို ထိုင်နေတတ်တဲ့ မာ့ကို မော့် ရင်မခုန်တာ မဆန်းကျယ်ပါဘူးလေ၊ မော့်ခြေလှမ်းတွေက မာ့နှလုံးသားကို ဖြောင်းဆန်သွားရုံမက မာ့ကိုယ်က နာတာရှည် လူမမာလို အားအင်ဖျော့တော့သွားစေသည်။ မာဟာ ရေနွေး အလောင်းခံရသည့် ပန်းတစ်ပွင့်လို ညှိုးရော်နွမ်းလျော့စေသည်။

"မော့်အစစ်မှ ဟုတ်ရဲ့လား။ နင်းအိ မယုံနိုင်လောက်အောင်ပါပဲကွယ်၊ မော့်ရွေးချယ်မှုကို နင်းအိ မယုံချင်ပါဘူး"

နင်းအိ အံ့ဩတုန်ယင်စွာ ပြောလာစဉ်

"ဘာတတ်နိုင်မှာလဲ"

မာ ပါးပြင်ထက် မျက်ရည်စတွေကို ပွတ်သုတ်ရင်း အက်ကွဲစွာ ဖိဆိုမိသည့်အခါ နင်းအိ မာ့ကို အားပေးနှစ်သိမ့်သလို ကြည့်ပြီး

"မာ၊ မာ ဝမ်းမနည်းပါနဲ့ဟာ၊ မာလည်း တစ်စုံတစ်ယောက်ကို ရွေးချယ်လိုက်ပါကွယ် နော်၊ ရွေးချယ်လိုက်ပါ"

"မာ ရွေးချယ်ရမယ်၊ ဟုတ်လား"

"ဒါပေါ့၊ မော့် ရွေးချယ်နိုင်သလို မာလည်း ရွေးချယ်နိုင်ရမယ်လေ"

"ဟင်အင်း၊ မာက ဘယ်သူ့ကို ရွေးချယ်ရမှာလဲ"

"ဒိုက်ကို ဖြစ်ဖြစ်၊ ကင်းကို ဖြစ်ဖြစ် ပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com



နှင်းအိ အကြံပေးချက်နောက်မှာ မာ နှလုံးသား ပွင့်ခါသွားတယ်။

"အိုး ချစ်သူရွေးတာက နှလုံးသားက တောင့်တမှု ရွေးချယ်လို့ ရမှာလေ၊ အခု လောလောဆယ် မာ့ရင်ခွင်မှာ မာ ချစ်ရတဲ့သူဟာ ဘယ်သူဖြစ်မလဲဆိုတာ မာ့နှလုံးသားကို မာကိုယ်တိုင် အဖြေမထုတ်ပုံတော့ဘူး။ ဒါကြောင့် အဖြစ်သင့်ဆုံးကို မာ ဆုံးဖြတ် ရလိမ့်မယ် နှင်းအိရယ်၊ မာ ဆုံးဖြတ်ရလိမ့်မယ်"

နှင်းအိ သက်ပြင်းချ၍ မာ့ကို ငေးကြည့်မိသည်။ မာ့ မျက်ဝန်းအစုံက ရီဝေစွာ တစ်စုံတစ်ရာ၌ ယစ်မူးနေမိသည်။ မာ့ နှလုံးသားက ယိုစိမ့်နေသည့် အချစ်တွေက တစ်နေရာဆီ စီးမျော သွားပြီး မာ့ရင်ခုန်သံတွေက တောင်ပံတစ်စုံငှားပြီး ရင်ခွင်တစ်ခု ဆီသို့ ပျံပြေးလေတော့သည်။

"ဒါဆို အခုလောလောဆယ် မာ ဘာဖြစ်ချင်သလဲ၊ ဘယ်လိုခံစားချင်လဲ ပြောလေ"

"မာလေ၊ မဖြစ်နိုင်တဲ့ အရာတစ်ခုကို တောင့်တမိတယ် ကွယ်"

"ဘာကိုလဲ မာ၊ မဖြစ်နိုင်တဲ့အရာဆိုတာ ဘာလဲဟင်"

မဖြစ်နိုင်မှန်းသိလျက် မာ ထုတ်ဖော်မပဲ့တော့။

"မာ ရယ်"

နှင်းအိ မချင့်မရဲ ရေရွတ်လိုက်သည်။

"ဒါဆို နှင်းအိတို့ သင်တန်းတစ်ခုခု တက်ကြရအောင် လား၊ မာ့ ခံစားချက်တွေ အနည်ထိုင်သွားအောင် တစ်ဖက်ဖက်ကို အာရုံနှစ်လိုက်တဲ့သဘောနဲ့လေ၊ နှင်းအိ ကွန်ပျူတာ ဒီဇိုင်းဆွဲတဲ့ သင်တန်းတက်မလို့ အစီစဉ် ရှိတယ်။ နှင်းအိနဲ့အတူ မာ တက်ကြည့်





ပါလားနော် သူငယ်ချင်း"

နှင်းအိ မေးမဆုံးခင်ဆိုစဉ် မာ ခေါင်းရမ်းလိုက်သည်။ ခုချိန် မာ့ ရင်မှာ ဝုန်းခနဲပေါ်ကြွလာတဲ့ ဆုံးဖြတ်ချက်ရှိတယ်ဆိုရင် အဲဒီဆုံးဖြတ်ချက်ကို လက်ခံပေးပါလို့ မာ တောင်းဆိုချင်ပါတယ်။ အဲဒီဆုံးဖြတ်ချက်ကို လက်ခံပေးဖို့ မာ ရင်ဖွင့်ရမှာပေါ့။ ဟုတ်တယ်။ မာ ပြတ်ပြတ်သားသား ရင်ဖွင့်ရမယ်။

"ဘာ ဘာပြောတယ်"

မာ့ စကားအဆုံးတွင် မေမေ့ အသံစူးစူး ပျံ့ထွက်လာသည်။ မာ နှုတ်ခမ်းစူ၍ ဖေဖေ့အနားမှာ ဝပ်နေလိုက်သည်။

"ဘာပြောတယ်၊ ပြန်ပြောစမ်း မိမာ"

မာ့အနားမှာ ဖေဖေက အားပေးပြုံးလေးနှင့် ရှိနေတာကြောင့် မေမေ့ကို မာ အရင်ကလောက် မကြောက်ပါ။

"မာ ဖေဖေနဲ့ နိုင်ငံခြား လိုက်သွားမလို့"

"မသွားရဘူး"

"မာ သွားမှာပဲ၊ မေမေ ခွင့်မပြုလည်း မာ သွားမှာပဲ"

မာ ခပ်ရဲရဲဆိုစဉ် မေမေ့ဒေါသမျက်ဝန်း ရဲရဲတောက်ပြီး မာ့ရှေ့ရောက်လာသည်။ ဖေဖေ့ရင်ခွင်ထဲက မာ့ကို ဒေါသလက်ကြီးနဲ့ ဆွဲယူဖို့ ပြင်စဉ် ဖေဖေလက်တစ်ဘက်နှင့် ဟန့်တား၍

"သက်သက်ရယ် နေရာတကာမှာ ဒေါသရှေ့မထားပါနဲ့၊ အေးအေးဆေးဆေး ဖျောင်းဖျဆွေးနွေးရင်လည်း ရသားနဲ့ကွယ်"

ဖေဖေ့ကို တွန်းလှန်နိုင်ခြင်းမရှိသည့် မေမေက မာ့အနား ရောက်မလာပေမယ့် မာ့ကို ဒေါသမျက်ဝန်းနှင့် လှမ်းကြည့်ဆဲ။ ဖေဖေက မာ့ဘက်က ရပ်တည်တာကြောင့် မာ ပို၍ အားတက် လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပဲနော် ဖေဖေ၊ မာ့ကို ခေါ်သွားရမယ်"

"အင်းပါကွယ်၊ သမီးလိုက်ချင်ရင် ဖေဖေ ခေါ်သွားပါ့မယ်"

"ဒါဆို အမြန်ဆုံး သွားကြမယ် ဖေဖေ"

"သွားကြတာပေါ့ကွယ်"

ဖေဖေ လိုက်လျောစဉ် မာ့ရင်မှာ ကြည်နူးသွားပေမယ့် မေမေက ဆတ်ဆတ်ထိပြခံ ဒေါသတွေထလျက်

"မဖြစ်ဘူး ကို၊ မဖြစ်ဘူး။ ဒီအချိန်မှာ ကိုယ်နဲ့ သမီး ထွက်သွားရင် မမစီတို့ ဘယ်လိုမြင်မလဲ၊ သမီး ဆန္ဒတစ်ခုတည်း ကြောင့် သက်တို့ လူကြီးချင်း မျက်နှာမပျက်ချင်ဘူး"

မေမေ မခံမရပ်နိုင်အောင် ဒေါသဖွဲ့တည်လျက် ပြောစဉ် ဖေဖေ သက်မချပြီး

"ဘာ ပျက်စရာရှိလဲ သက်ရယ်၊ ကိုကလည်း ကို့သမီး ဆန္ဒကို လိုက်လျောသလို သူတို့သားရဲ့ ရွေးချယ်မှုကို လိုက်လျော တာပဲကွာ"

"မဟုတ်ဘူး။ သက်ပြောနေတာ အဲဒီအတွက် မဟုတ်ဘူး။ ကို ပြန်လာတာ မော်နဲ့ သမီးမာ မင်္ဂလာကိစ္စအတွက် လာခဲ့တာ မဟုတ်လား"

"ဟုတ်တယ်လေ၊ အခု သမီးဆန္ဒ မပါဘဲ"

"ဟုတ်ပါတယ်၊ အဲဒါကို သက် လက်ခံပါတယ်။ ဒါပေမဲ့ မမစီက မော်နဲ့ လရိပ်တို့ မင်္ဂလာဆောင်မှာကို သက်တို့မိသား အနေနဲ့ ကျေနပ်ပေးစေချင်ပါတယ်တဲ့"

မေမေ မျက်နှာ စူးစူးကို ဖေဖေ ဘဝင်မကျစွာကြည့်ပြီး

"ဟ ကိုတို့ မကျေနပ်စရာ ဘာအကြောင်းမှ မရှိဘူး"

"ဟုတ်ပါတယ်၊ ကို တကယ်ကျေနပ်တယ်ဆိုရင် မော့်





ဂ်လာပွဲ တက်ရောက်အားပေးရမယ်၊ ဒါမှ မမစီတို့ ယုံကြည်နိုင် ယ်လေ"

မေမေ ဖျပ်ခနဲဆိုစဉ် ဖေဖေ တစ်ချက်တွေဝေလျက် မာ့ကို က်ကြည့်လာသည်။

"ကို့ သမီး ဆန္ဒကို အစွမ်းကုန်လိုက်လျောပြီး နိုင်ငံခြား ခေါ်သွားမယ်ဆိုရင်လည်း သက် မတားတော့ပါဘူး။ ခေါ်သွားပါ၊ ါပေမဲ့ မမစီ ကျေနပ်အောင်၊ သက်တို့နဲ့ မမစီတို့ နောင်တစ်ချိန် ထိ လူကြီးချင်း အခင်မင် မပျက်ရအောင် မော့် မင်္ဂလာပွဲ ပြီးမှ သွားပါကွယ် နော် ကို၊ မော့် မင်္ဂလာပွဲ အသိအမှတ် ပြုပေးလိုက်ပါ။ နှစ်ပေါင်းများစွာ ခင်မင်လာတဲ့ မမစီတို့ရဲ့ င်းနှီးမှုကို တစ်ကြိမ်တည်းနဲ့ တုံ့ပြန်ပေးပါနော်။ မော့် မင်္ဂလာပွဲ ပြီးမှ သွားပါကွယ်"

မေမေ လေသံပျော့လေးနဲ့ အကြိမ်ကြိမ် တောင်းဆိုလာစဉ် ဖေ သက်ပြင်းချ၍

"သက် သဘောပါကွယ်၊ ကဲပါ သမီး၊ မော့် မင်္ဂလာပွဲ းတာနဲ့ ဖေဖေတို့ သွားကြတာပေါ့နော်"

"ဟင်အင်း"

ဖေဖေ့ ရင်ခွင်ထဲမှ မာ ဝုန်းခနဲ ထရပ်လိုက်ပြီး

"ဟင်အင်း၊ မော့်မင်္ဂလာဆောင်က မာတို့ မရှိရင် ပျက်သွား နိုင်တာမှ မဟုတ်တာ၊ မာတို့ ရှိခြင်း၊ မရှိခြင်းက မော့်အတွက် အရေးမကြီးဘူး ဖေဖေ၊ ဖြစ်နိုင်ရင် မနက်ဖြန်ပဲ သွားချင်တယ်"

မာ့ရဲ့ ပြင်းထန်မှုကို ဖေဖေ ငေးကြည့်၍

"သမီးရယ်၊ ဘာပဲဖြစ်ဖြစ် မော်က သမီးလေးကို ချစ်တဲ့သူ၊ သမီးကို ဂရုစိုက်တဲ့သူလေ"



www.burmeseclassic.com

www.burmeseclassic.com



"အို၊ ဘာချစ်တာလဲ၊ ဘာဂရုစိုက်တာလဲ၊ မာ့ကို ချစ်တဲ့သူက သူ့ရဲ့ဇာတ်ဝင်ခန်းတွေအတွက် ဖီလင်သွပ်သွင်းဖို့ အသုံးချမတဲ့လား ဖေဖေ"

မာ့နှလုံးသားထဲက လျှံကျလာသည့် ခံစားချက်တွေကို မာ ဒလဟော သွန်ချမိသည်။

"မော့်က မော့်ရဲ့အောင်မြင်မှုအတွက် မာ့ရင်ခုန်သံကို ခုတုံးလုပ်ခဲ့တယ်၊ သူ့ဘဝလိုအပ်ချက်အတွက် အစိတ်အပိုင်းတစ်ခု ဖြစ်အောင် ခုတုံးလုပ်ခဲ့တယ်၊ မာ့နှလုံးသားက ချစ်ခြင်းကို ထမင်းစား ရေသောက် သဘောနဲ့ အလွယ်တကူ နှိုင်းသူဖို့ကြိုးစားခဲ့တယ်၊ မာ့ဘဝကို ပိုင်ဆိုင်ဖို့ မိဘတွေရဲ့ လိုက်လျောမှုနဲ့ အနားသတ်ဖို့ တာစူခဲ့တယ်"

ကြေကွဲမှုတွေ ယိုဖိတ်ကျလာသည့် သမီးဖြစ်သူကို ဦးကိုကို မျက်တောင်မခတ်တမ်း ငေးကြည့်မိသည်။

"မာ့ကို အရေးတယူတောင်းဆိုတာမျိုး မရှိသလို၊ မာ့ အချစ်ကို အလေးအနက်ရင်ဖွင့်ခဲ့တာမျိုး မရှိယုံမက၊ လက်ထပ်ဖို့ ကိစ္စတောင် မာ့ကို အသိမပေးခဲ့ဘူးလေ၊ ဘယ်မှာလဲ မာ့ကို ဂရုစိုက်တယ်ဆိုတဲ့ မော့်ရဲ့ အပြုအမူ၊ ဖေဖေ ရှာဖွေကြည့်စမ်းပါ၊ မာ့ဘက်က မေမေ စဉ်းစားကြည့်စမ်းပါ"

သမီးဖြစ်သူ၏ ရင်ဖွင့်သံကို ကြားရစဉ် မိခင်လုပ်သူ စိတ်မကောင်းဖြစ်ရသည်။ မာ့နှလုံးသားမှ ပြိုကျလာသည့် ကြေကွဲ သံစဉ်တွေက အရှိန်ဟုန်ကြီးစွာ စီးမျောလာသည်ကို မိဘနှစ်ပါး ငေးမောသွားစေသည်။ အက်ရှ တုန်ခါနေသည့် သမီးအသံကို စိတ်မချမ်းမြေ့စွာ အဆက်မပြတ် ကြားရတော့၏။ မာ့မျက်ရည်စတွေကို ခပ်ကြမ်းကြမ်း ပွတ်သုတ်ပြီး





"သူ မာ့ကို တကယ့်ကို နက်နက်ရှိုင်းရှိုင်းချစ်ခဲ့ရိုးမှန်ရင် မာ့ရှေ့ကို ရောက်လာရမယ်၊ မာ့ဆီမှာ အနူးအညွတ်တောင်းဆို လာရမယ်လေ၊ မာ့ဆန္ဒကို သူ မေးမြန်းရမယ်လေ၊ သူ ဘယ်မှာ မေးမြန်းခဲ့လို့လဲ၊ အဲဒီနေ့ကတည်းက သူ မာ့ရှေ့ရောက်မလာတာ ခုချိန်ထိပဲ မေမေ"

ဦးကိုကိုနဲ့ ဒေါ်သက်သက် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်၍ သက်မချလိုက်သည်။ သမီးလေးရဲ့ ဝေဒနာတွေ ဖွာ့ကျ နေဆဲ၊

"သူ ဘာကြောင့် ရောက်မလာသလဲဆိုတာ ရှင်းနေတယ် လေ၊ 'လရိပ်ရိပ်'နဲ့ လက်ချင်းချိတ်ပြီး နေရာတကာမှာ ကိန္နရာ ကိန္နရီလို တွဲနေတာလေ၊ 'လရိပ်'နဲ့ မင်္ဂလာဆောင်ဖို့ 'လရိပ်'ကို ဂါဝန်လိုက်အပ်ပေးရ၊ ကြည်နူးမြူးနေတာ မာရှိတယ်လို့တောင် မထင်တော့ဘူးလေ၊ပြီးတော့ ဖေဖေ ရောက်လာတာသိလျှက် ဖေဖေ့ကို လာပြီ၊ နှုတ်ဆက်သလား၊ နှုတ်ဆက်သလား ဖေဖေ"

ဖေဖေ သင်ပြင်းချ၍ သမီးဖြစ်သူကို ရင်ခွင်မှာ ပွေ့၍ သမီးပါးပြင်ထက်က မျက်ရည်စတွေကို ကြင်နာစွာ ပွတ်သုတ်ပေး သည်။ သမီးလေးရဲ့ ကြေကွဲမှုကို ဦးကိုကို နားမဆင်ရက်တော့။

"သမီးရယ်၊ သမီးခံစားချက်တွေကို ဖေဖေ နားလည် ပါတယ်ကွယ်"

"ဖေဖေ နားလည်သလို မေမေ နားမလည်တာ မာ ဝမ်းနည်းရဆုံးပါ ဖေဖေ"

"ဒါပေမဲ့ သမီးရယ်"

မေမေ တစ်ခွန်းဆိုလာစဉ် မာ မျက်နှာပေးပတ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



ခါလိုက်ပြီး

''ဘာပဲဖြစ်ဖြစ်ပေါ့မေမေ၊ ဒိုက်တို့ကိစ္စကြောင့် မာ့ကို သူမုန်းချင်မုန်းပါစေ၊ ပယ်ချချင်ပယ်ပါစေ၊ ဘယ်သူ့ကိုပဲဖြစ်ဖြစ် ရွေးချယ်ပါစေ၊ မာ စောဒကတက်ပိုင်ခွင့် မရှိဘူး၊ ဒါပေမဲ့ ဖေဖေ့ ကိုတော့ သူ ဂရုစိုက်သင့်တယ်၊ လာတွေ့သင့်တယ်လေ၊ မာ သူ့မိဘကို မာ့မိဘလို မာ သဘောထားတယ်၊ သူက ဖေဖေတို့ကို သူ့မိဘလို သဘောမထားတာ ထင်ရှားတယ်လေ၊ ဒါကြောင့်ဖေဖေနဲ့ အတွေ့မခံတာ၊ ဖေဖေ့ကို လာပြီး နှုတ်မဆက်တာပေါ့၊

ဒါပေါ့လေ၊ ခုချိန်မှာ သူက တိုင်းသိပြည်သိ အောင်မြင် နေတဲ့သူ၊ မာတို့လို အောင်မြင်မှုမရှိတဲ့ ခပ်ရိုးရိုး မိသားတစ်စုလို ဘာကြောင့်အရေးစိုက်ဖို့ လိုအပ်တော့မလဲ၊ မာ့ဘဝ တစ်ခုလုံးကို နင်းပြီး အောင်မြင်မှုပန်းပွင့် အောင်သူလုပ်နိုင်ခဲ့ပြီဆိုတော့ မာရယ် မာတို့မိသားစုရယ်ကို ဂရုစိုက်ဖို့ မလိုတော့ဘူးလေ''

''တော်ပါတော့ သမီးရယ်၊ တော်ပါတော့''

မေမေ ဝမ်းနည်းသောအသံနှင့် ဟန့်တားလာစဉ် ဖေဖေ သက်ပြင်းချ၍ ငြိမ်သက်သွားတော့သည်။ မာကတော့ မာ့ရင်ထဲ ရှိသမျှကို ဖောက်ထုတ်ပစ်ရမယ်လေ။

''ဖေဖေ့ကို အလေးအနက်မထားတဲ့သူ၊ ဖေဖေ့ကို လာ မနှုတ်ဆက်တဲ့သူကို ဖေဖေက ပြန်ပြီးလိုက်လျောစရာ မလိုဘူး၊ သူ့မင်္ဂလာပွဲကိုလည်း ဖေဖေတက်စရာ မလိုဘူး၊ ဒါကြောင့် သူ မင်္ဂလာဆောင်တဲ့နေ့ကို ဖေဖေနဲ့ မာ လေယာဉ်ပေါ် တက်ကြမယ်နော် ဖေဖေ အဲဒီနေ့ကို သွားဖြစ်အောင် စီစဉ်ပေးပါနော်'

ကြေကွဲမှုတွေ ကိန်းဝပ်နေသည့် သမီးဆန္ဒကို ဦးကိုကို လုံးဝလျစ်လျူ မရှုရက်တော့၊ သမီးလေးကို မြတ်နိုးကြင်နာစွာ





ပွေ့ဖိုက်၍

''ကောင်းပြီကွယ်၊ သမီးဆန္ဒအတိုင်း ဖေဖေ စီစဉ်ပေး မယ်နော် သမီး''

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂၁)

"မာ တကယ်ဆုံးဖြတ်လိုက်ပြီပေါ့၊ ဟုတ်လား မာ"

နှင်းအိ မယုံဘလိုလိုမေးစဉ်၊ မာ ဦးခေါင်းယိမ်းညွတ်သွားသည်။

"မာရယ် နှင်းအိတော့ ဘာကိုမှ လက်မခံနိုင်သလိုဖြစ်ရတယ်ဟာ၊ တကယ်ဆို မော့လိုပဲ မာ ရွေးချယ်ဖို့ကောင်းတယ်"

တစ်စုံတစ်ရာကို မနှစ်မြို့သော မာ နှာခေါင်းလေးတွန့်ရှုံ့သွားပြီး

"ရွေးချယ်တယ်ဆိုတာ အလေးအနက်ခံစားတတ်သူတွေရဲ့ စိတ်ထွက်ပေါက်ရယူမှု တစ်ခုပါ၊ မော့ရင်ခွင်၊ မော့နှလုံးသား၊ မော့ ခံစားမှုကို လက်ခံနိုင်တဲ့ ချစ်သူက တစ်ယောက်ပဲဖြစ်ရမယ်၊ အဲဒီ





တစ်ယောက်ကိုပဲ ထာဝရခံစားဖို့အတွက် ရင်ခုန်သံထုတ်လုပ်နိုင်မယ်၊ အစားထိုးချင်လို့ ထွက်ပေါက်တစ်ခု ဖွင့်လှစ်မယ့်သဘောနဲ့ ဘယ်သူ့ကိုမှ ပေါ့ပေါ့ပါးပါး ရွေးချယ်မှာ မဟုတ်ဘူး၊ အဲဒါ မော့ရင်ခွင်ထဲက သစ္စာပဲ"

"ဒါဆို မော့ရင်ခွင်ထဲက တစ်ယောက်သောသူဟာ ဘယ်သူလဲ၊ နှင်းအိ သိခွင့်မရှိဘူးလားဟင်"

"မော့ရင်ခွင်ထဲက တစ်ယောက်သောသူ ဟုတ်ရဲ့လား၊ အဲဒီ တစ်ယောက်က ဘယ်သူဆိုတာ မာ ထုတ်ဖော်ရမတဲ့လား။ ဟင်အင်း မာ မထုတ်ဖော်ပါရစေနဲ့ကွယ်၊ မထုတ်ဖော်ပါရစေနဲ့"

"ဘာဖြစ်လို့လဲ၊ နှင်းအိကို မယုံလို့ မပြောတာလားဟင်"

"မဟုတ်ပါဘူးဟာ"

"ဒါဆို ဘယ်သူလဲ"

"မာ မသိဘူးဟာ"

မာ စိတ်လှုပ်ရှားစွာ ငြင်းလိုက်လျှင် နှင်းအိ ကရုဏာသက်စွာ မော့ကို ငေးကြည့်လိုက်သည်။

'ဟော့ မာ မသိတာကို ဒီကောင်ပြောတတ်တယ်၊ အဖြေပေးတတ်တယ်ဆိုရင် ဟော့ ချစ်သောမာ ယုံမယ်မဟုတ်လား"

ရုတ်တရက် ပေါ်ထွက်လာသည့် ဒိုက်အသံကြောင့် မာတို့ လှည့်ကြည့်မိသည်။ နှင်းအိက ဒိုက်စတိုင်ကိုကြည့်၍ စိတ်ရှုတ်စွာ ဦးခေါင်းကုတ်လိုက်သည်။ အဖြူနဲ့ အမည်း အစင်းကြားပါသည့် ဖက်ရှင်ကို ထက်အောက်ဆင်တူဝတ်ထားသည့် ဒိုက်စတိုင်က စိတ်နောက်နေသည့် မြင်းကြားတစ်ကောင်နှင့် တူတော့၏။

"ဘယ်က ဘယ်လိုရောက်လာတာလဲ ဒိုက်ရယ်"

မာ စိတ်ရှုပ်စွာဆိုစဉ် ဒိုက်မျက်နှာပေးလေး ဆတ်ခနဲ



www.burmeseclassic.com

www.burmeseclassic.com



ဆတ်ခနဲ ခါ၍

"ဒီို မေးရက်လိုက်တာ ချစ်တဲ့မာရယ်၊ ဒီကောင်က မာ့ရနံ့ကို ရှူရှိုက်ချင်တဲ့ကောင်၊ မာ့ အရိပ်ကို ငေးကြည့်ချင်တဲ့ကောင်၊ မာ့ နှလုံးခုန်သံကို နားစွင့်ချင်တဲ့ကောင်ပါကွယ်၊ ဒါကြောင့် မာ့ရင်ခွင်ထဲမှာ ဘယ်သူရှိလဲဆိုတာ ဒီကောင် ကြေညာနိုင်တယ်ဆိုရင် ဟော၊ မာလေး ယုံမလားကွယ်"

"ယုံချင်ပါတယ် ဒိုက်ရယ်၊ ကြေညာကြည့်လေ၊ မာ့ရင်ခွင်ထဲကအဖြေနဲ့ တိုက်စစ်လို့ရတာပေါ့၊ ကြေညာဟယ်"

နှင်းဆီက ခနဲ့သလိုဆိုစဉ် ဒိုက် ပခုံးလေးပင့်၍ အကြိမ်ကြိမ်ပြုံးသည်။ ထိုနောက် မာ့ကို စူးစူးစိုက်စိုက် ပြုံးကြည့်၍

"ဘယ်သူဖြစ်ရမလဲ ဟောဒီက စတိုက်ကျကျ မလိုင်ထနေတဲ့ လူချောလေး ဒိုက်ဒိုက် ပေါ့ကွယ်၊ ဟုတ်တယ်နော် မာ၊ ဟုတ်တယ်နော်"

ဒိုက်ကိုယ်ဒိုက် အပိုင်တွက်ထားသည့်အဖြေကို ထုတ်ဖော်ကြေညာလိုက်သည့် ဒိုက်အတွက် မာ စိတ်မကောင်းဖြစ်ရသည်၊

"ဟော့၊ မာလေး။' ဟုတ်တယ်နော်၊ ဒိုက် Plus မာ equal to true love ဟုတ်တယ်နော် မာ၊ ဒီကောင်အဖြေထုတ်တာ မှန်တယ် မဟုတ်လား၊ မှန်တယ်ဆို tick ပေးလိုက်စမ်းပါ မာရယ်၊ ဒီကောင့် မိုးကောင်းကင် ပျော်ရွှင်ချင်တယ်၊ မြူးတူးချင်တယ်၊ ခုန်ပေါက်ပြီး ကျွမ်းထိုးလိုက်ချင်ပါတယ်ကွယ်၊ မာ ဒီကောင့်ရင်ခွင်ထဲ ဝင်မယ်မဟုတ်လား။ မာ Come ဒီကောင် ရင်ဖွင့်ထားပါတယ်၊ Come on"

မာ့ရှေ့ ဆန့်ဆန့်ရပ်၍ လက်နှစ်ဘက်ကိုဆန့်ကာ ရင်ခွင်တံခါးဖွင့်၍ မျက်လုံးစုံမှိတ်ကာ မာဝင်ရောက်လာလျှင် ဒီကောင့်





လက်နှစ်ဘက်နှင့် အသာထွေးဖက်ရန် အသင့်ရှိနေတော့၏။

ဒိုက်၏ အရူးအမူး ချစ်ခွင့်တောင်းခံမှုကို မာ စာနာမိတာကြောင့်

"ဒိုက်"

မာ အသံတိမ်တိမ်လေးနှင့် ညင်ညင်သာသာ ခေါ်လိုက်မိသည်။ ဒီကောင့်ရင်ခွင်ထဲ မာ့ ကိုယ်လုံးလေး ရောက်မလာပဲ မာ့အသံ၊ မာ့ခေါ်သံ ရိုက်ခတ်လာသည့်အခါ ဒိုက်မျက်လုံးလေး ဖွင့်ဟလာသည်။ ပွင့်လာသည့် ဒိုက်မျက်ဝန်းလေး အရောင်တစ်မျိုးပြောင်းလဲကာ မာ့ကို အတန်ကြာငေးစိုက်ကြည့်လာသည်။

"ဒိုက်ရယ်"

မာ့ အသံတိမ်တိမ်လေး ထပ်မံပေါ်ထွက်လာစဉ်၊ ဒိုက်တစ်ကိုယ်လုံး ငြိမ်သက်ကာ ကျောက်ရုပ်တစ်ရုပ်လို ဖြစ်သွားသည်။ စက္ကန့်နှင့်အမျှ လှုပ်ရှားကာ သွက်သက်ဖျတ်လတ်နေသည့် ဒိုက်ကတော့ ငြိမ်သက်လျက်။ ငြိမ်သက်သွားသည့် ဒိုက်ကိုကြည့်ရသည်မှာ မာ့ရင်ထဲ မချမ်းမြေ့လှ၊ သေချာတာက တစ်စုံတစ်ရာကို သဘောပေါက်သွားဟန်တူသည့် ဒိုက်သည် ဆယ်မိနစ်လောက် ငြိမ်သက်သွားပြီးမှာ ဆတ်ခနဲ သူ့ကိုယ်ကိုခါလျက် မာ့ကို ကျောခိုင်းလှည့်ထွက်ရန် ခြေလှမ်းစစဉ်

"ဒိုက် မာ့ကို နားလည်ပေးပါကွယ်၊ မာ့ရင်ခုန်သံကို မာကိုယ်တိုင် မှတ်ကျောက်မတင်ချင်လို့ပါကွယ် နော်၊ ဒိုက်ကို မာခင်ပါတယ်၊ ငယ်သူငယ်ချင်းတစ်ယောက်လို့ မှတ်ထားပါတယ်ကွယ်"

ဒိုက်ရှေ့ ပိတ်ရပ်၍ ဝမ်းနည်းစွာ မာ ဝန်ခံလိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဒိုက်မျက်နှာ တည်တံ့ကာ ဒိုက်မျက်ဝန်းက အရည်ကြည်လဲ့တဲ့ အကြည့်တစ်ချက် လင်းလက်တောက်ပလာသည်။ ထို့ပြင် ဒိုက် နှုတ်ခမ်းပါးလေး ဖွင့်ဟလာပြီး

''ဒီကောင် သဘောပေါက်ပါပြီ မာလေးရယ်၊ ဒီကောင် သဘောပေါက်ပါပြီ၊ ဒီကောင်က မာနဲ့ တစ်ထပ်တည်းကျအောင် နေချင်ခဲ့တယ်၊ တစ်ထပ်တည်းကျအောင် နေခွင့်မရရင် နှမ်းတစ်ထောက်အကွာမှာ နေချင်တယ်၊ နှမ်းတစ်ထောက်အကွာမှာ နေလို့ မရရင် တစ်ထွာအကွာ၊ တစ်လံအကွာ၊ အို ရှင်းရှင်းပြောရရင် ကမ္ဘာကြီးခြားရမယ်လို့ စီရင်မယ်ဆိုလည်း၊ ကျေကျေနပ်နပ် နေမယ့်ကောင်ပါ၊ မာ၊ ဒီကောင့် မိုးကောင်းကင် က မာနဲ့ ဘယ်လောက်ဝေးနေပါစေ မာရှိသလို ခံစားပါတယ်ကွယ်၊ ဒီကောင် အပြင်းဖျားလို့ စဉ်းစားစရာမရှိရင်တောင် မာ အနားမှာ ရှိနေသလို ခံစားပါကွယ်။

'ဒီကောင့်ရင်ခွင်ကို ယုံရဲ့လား၊ မာ ယုံရဲ့လား၊ ဒီကောင့် ရင်ခွင်က ချစ်သူက ဟောဒီက မာ၊ ဘယ်အချိန်အခါဖြစ်ဖြစ် မာပါပဲကွယ်၊ ဒါပေမဲ့ မာ့ရင်ခွင်မှာ ဒီကောင်ရှိမနေတာကိုတော့ ဒီကောင့် မိုးကောင်းကင်ကြီး နွမ်းတယ်၊ ခြောက်တယ်၊ သွေ့တယ်၊ အဲဒီအတွက် ဒီကောင့် နှလုံးသားမှာ ကန္တာရ ခံတယ်လို့ သဘောထားပါ့မယ်၊ ကျေနပ်သလား ချစ်တဲ့မာ၊ ကျေနပ်သလား''

ဒိုက် ခံစားချက်တွေ တရစပ်လှိမ့်ဝင်လာစဉ် မာ အားနာစွာ ခေါင်းညိတ်လိုက်မိသည်။ မာ ခေါင်းညိတ်စဉ် ဒိုက်ရဲ့ နှုတ်ခမ်းပါးပေါ် အပြုံးနုနုလေး တစ်ပွင့် ပွင့်လာသည်။

''ကျေနပ်တယ်ဆိုရင် ဒီကောင် မာ့ကို ခပ်လှမ်းလှမ်းကသာ ရပ်ကြည့်ပါ့မယ်၊ ဟုတ်ပြီလား မာ''





မာ ထပ်ဆင့်ခေါင်းညိတ်သည့်အခါ ဒိုက် ခြေလှမ်းဆယ်လှမ်းခန့်နောက်ဆုတ်၍ ရပ်သွားပြီး မာ့ကိုငေးစိုက်ကြည့်နေ တော့၏။ ငြိမ်သက်သွားသည့် ဒိုက် အမူအရာကိုကြည့်၍ မာ သက်ပြင်းချမိသည်။ နှင်းအိ သက်မ ညင်ညင်ချ၍

''ဒီလိုတော့လည်း ဒိုက်က သေသွားတဲ့ မြွေတစ်ကောင်လို ငြိမ်သက်နေတာ သနားပါတယ်ကွယ်''

ဒိုက်ကိုကြည့်၍ နှင်းအိက စိတ်မကောင်းစွာ ရေရွတ်စဉ် မာ နှုတ်ခမ်းပါးကို ဖိကိုက်၍ တစ်စုံတစ်ရာကို လေးနက်စွာ ခံစားလိုက်ရသည်။

ဟုတ်တယ် ဒိုက်ရယ်။ မာလည်း ဒိုက်လိုပဲ ပြတ်သားရမယ်လေ။

ထိုစဉ် ကင်း ရောက်လာပြီး

''မာ မှာ နိုင်ငံခြား သွားတော့မလို့ဆို''

ဆူဝေသည့်အသံနှင့် ကင်း ခပ်လောလော မေးလိုက်သည်။ ကင်း ရင်ခွင်ထဲက မာ့ကို ဘယ်လိုအကြောင်းကြောင့်မှ ပြေးထွက်ခွင့် မပေးချင်ပါ။ ဖြစ်နိုင်ရင် မာ့ကို သူ့ရင်ခွင်မှာ သော့ခတ်သိမ်းထားလိုက်ချင်သည်။ စိုးရိမ်စိတ်နှင့် ခြောက်သွေ့နေသည့် ကင်း မျက်နှာပြင်ချောချောကို မာ ကရုဏာသက်စွာ ငဲ့ကြည့်ပြီး

'ဟုတ်တယ် ကင်း''

''အို၊ ဘာလို့သွားရမှာလဲ မာရယ်၊ မသွားပါနဲ့လား''

ကင် လွှတ်ခနဲ ထားမိတော့ မာ့မျက်နှာပေးလေး အနည်းငယ် ရင့်သွားသည်ကို ကင်း သတိထားမိတာကြောင့်

''ဆောရီး မာ၊ မာ့ကို ကျွန်တော် တားပိုင်ခွင့် မရှိပါဘူးလေ၊ ဒါပေမဲ့ ကျွန်တော့်ရင်ထဲမှာ မာ့ကို မသွားစေချင်လို့ တားမိ



www.burmeseclassic.com

www.burmeseclassic.com



တာပါ မာရယ်''

မာ မျက်နှာပေးရင့်ရင့်လေး ပြေလျော့လာသည်။ မာ မျက်နှာပြေပြေလေးကို ကင်း ချစ်မြတ်နိုးစွာ ငေးကြည့်၍

''မာ ဘာဖြစ်လို့ သွားမှာလဲဟင်၊ ကျွန်တော့်ရင်ခွင်ကို အသိအမှတ် မပြုချင်လို့လား၊ ကျွန်တော့်ရဲ့ နားလည်တတ်စွမ်းမှုကို လက်မခံချင်တော့လို့လား၊ ဒါမှမဟုတ် ကျွန်တော့်အပေါ် မာ ဘဝင် မကျတာ တစ်ခုခုရှိတာမျိုးကြောင့်လား မာ၊ ပွင့်ပွင့်လင်းလင်း ပြောပါ၊ ကျွန်တော့်ကြောင့်ဆိုရင် ကျွန်တော်ဆင်ချင်ပါ့မယ် မာ၊ ကတိပေးပါတယ်၊ Promise မာ''

ကင်း၏ လှိုက်လှိုက်လှဲလှဲဆိုလာစဉ် မာ့ ရင်မှာ အားတုံ့ အားနာဖြစ်လာသည်။ မာ့ကြောင့် ကင်းရင်ထဲမှာ အမာရွတ်တွေ ထင်ကျန်မနေစေချင်ပါဘူးကွယ်၊ မာ့ကို နားလည်ပေးစေချင်တယ်လေ ကင်းကို ကြည့်စင်သည့် မာ့မျက်ဝန်းနှင့်ရွှေကြည့်လိုက်ပြီး

''မဟုတ်ပါဘူး ကင်းရယ်၊ ကင်းကြောင့်မဟုတ်ပါဘူး။ မာ့နှလုံးသားမှာ ဖြစ်ပေါ်လာတဲ့ ရင်ခုန်သံ အစစ်အမှန်ကို ပုံစံ တစ်မျိုးဖြစ်သွားအောင် အပြောင်းအလဲ မလုပ်ချင်ဘူး ကင်းရယ်။ ကင်းရင်ခွင်မှာ အဖြူရောင်လိုက်ကာစလေးကို မာ တပ်ဆင်ပေး ချင်ပါတယ်၊ ကင်း လက်ခံနိုင်တယ်ဆိုရင်တော့''

မာ့ခံစားချက်ကို သိလိုက်ရစဉ် ကင်းရင်ခွင်မှာ ဆွဲဝေသွားသည်။ ရင်ခွင်ထဲမှ ဆူပွက်နေမှုကို ကင်း တာရှည်မခံ နိုင်ပါဘူး မာရယ်၊

''မာရယ်၊ ကျွန်တော့်ချစ်ခြင်းကို နားလည်ပေးပါ၊ ကျွန်တော် မာ့ကို အလေးနက်ထားဆုံး၊ အနိုင်မာဆုံး၊ အနက်ရှိုင်းဆုံး ချစ်ခဲ့ တာပါ၊ ကျွန်တော်ချစ်ခြင်းရဲ့ အတိမ်အနက်ကို မာ တိုင်းတာချင်တဲ့





ပေတံမျိုးနဲ့ တိုင်းတာပြီး အဆုံးအဖြတ်ပေးပါ။ ယတိပြတ်ချည်း တော့ မငြင်းလိုက်ပါနဲ့ဗျာ၊ တစ်ချက်လွှတ် မငြင်းပါနဲ့နော် မာ''

''မဟုတ်ဘူး ကင်း၊ မာ့ခံစားချက်ကို ကင်း နားလည်မှု လွဲနေပြီ''

''ဘယ်လိုပုံစံနဲ့ လွဲတယ်လို့ မာ ဆိုနိုင်ရတာလဲ မာရယ်''

လေနုအေးတစ်ချက် ဝေ့တိုက်လာစဉ် မာ မျက်နှာပေါ် မှာဆံနွယ်ပျော့ပျော့လေးတွေ ယှက်သိုင်းလာသည်။ ထိုဆံနွယ်လေး တွေကို မာ သ,ဖယ်၍

''ဒီလိုပါ ကင်း။ ကင်းနှလုံးသား၊ ကင်းချစ်ခြင်း၊ ကင်း ရင်ခုန်သံ။ ကင်းရင်ခွင်ကို မာ မြင်ရတယ်၊ ဒါပေမဲ့ မာ့နှလုံးသားမှာ အချစ်တွေနဲ့ အစာသွတ်သိပ်ပြီး ခံစားလို့ မရဘူး။ အဲဒါ ဘာကြောင့်လို့ ကင်း ထင်သလဲ''

မာ့ မျက်နှာပြင် ညက်ညက်စင်စင်လေးကို ကင်း အငေးသားကြည့်လျက်

''ဘာကြောင့်လို့ ထင်လဲဟင်၊ ပွင့်ပွင့်လင်းလင်းပြောပါ၊ ကင်း ခံစားမိသလို ပြောပါနော်''

မာ့ အသံအဆုံးတွင် ကင်း လေးပင့်စွာ သက်ပြင်းချ၍

''ကျွန်တော် မထင်တတ်ဘူး မာရယ်၊ ဒါပေမဲ့ မာ့ကို ထာဝရ ပိုင်ဆိုင်ခွင့်ရချင်တဲ့ ဆန္ဒစစ်က ကျွန်တော့်နှလုံးသားမှာ အပြည့်အကျပ် ရှိနေတယ်ဆိုတာ အာမခံရဲတယ် မာ၊ ကျွန်တော့် ရင်ခွင်ထဲက မာ့ကို ထွက်မသွားစေချင်တာ ကျွန်တော့်ဆန္ဒ အမှန်ပါပဲ''

တဆတ်ဆတ် တုန်ခါကာ ယိုဖိတ်ကျလာတဲ့ ကင်း ခံစားချက်တွေက မာ့ရင်မှာ နစ်ခနဲဖြစ်သွားစေပြီး

''ကင်း ဆန္ဒအမှန်ကို မာ ခံစားမိလို့ ခုလိုရှင်းပြရတာပါ



www.burmeseclassic.com

www.burmeseclassic.com



ကင်း၊ မာလေ မာ့ကြောင့် ကင်းနှလုံးသားကို ကြိုးရှည်ရှည်နဲ့ လှန်မထားချင်ဘူး၊ အမှန်အတိုင်းပြောရရင် ကင်းကြောင့် မာရဲ့ စိတ်ကျဉ်းကျပ်မှုတွေ ထွက်ပေါက်ရသလို လွတ်ငြိမ်းချမ်းသာခွင့်လည်း ရခဲ့တယ်။ မာ ပျော်ခဲ့တယ်၊ မာ ကြည်နူးခဲ့တယ်၊ မာ ရင်ခုန်ခဲ့တယ်၊ ဒါပေမဲ့ အဲဒီ ရင်ခုန်မှုဟာ ဖြူစင်သန့်စင်တဲ့ မိုးကောင်းကင် ဆီကို အဖြူရောင်ပန်းတစ်ပွင့်အဖြစ် စီးမျောခဲ့တယ်လေ၊ ယုံရဲ့လား ကင်းရယ်''

မာ့ ဝန်ခံချက်သည် သူ့နှလုံးသားမှာ ထုဆစ်ထားသည့် နှလုံးသားရုပ်ထုလေး ပဲ့ကျသွားသလို ဝမ်းနည်းသွားစေသည်။

''မာရယ်၊ ဒါဆို မာ့ချစ်ခြင်းကို ကျွန်တော့်နှလုံးသားနဲ့ ထုဆစ်ပုံဖော်ပြီး ခံစားနိုင်ခွင့် မရတော့ဘူးပေါ့၊ ဟုတ်လား မာ''

ကင်း ရင်ခုန်သံ အစ်ထွက်လာစဉ် မာ့နှလုံးသား ညှိုးနွမ်းလျက်၊ ကင်းအတွက် စိတ်မကောင်းမိသော မာ မျက်ဝန်းအိမ်မှာ မျက်ရည်စ တစ်ချို့ ခိုတွဲလာသည်။ မာ့မျက်ရည်စတွေက ကင်း၊ နှလုံးသားကို မီးတစ်စုလို ပူပြင်းလာစဉ်

''မာရယ်၊ ကျွန်တော့်ကြောင့်၊ ကျွန်တော့်ချစ်ခြင်းကြောင့် မာ မျက်ရည်ကျရတယ်ဆိုရင် ကျွန်တော် ပြန်ရုပ်သိမ်းပါရစေနော်၊ မာ မျက်ရည်မကျပါနဲ့နော်''

သူ့ကြောင့် ကျရသည့် မာ့မျက်ရည်ကို သူကိုယ်တိုင် ပွတ်သုတ်ပေးချင်ပါတယ်။ မာ ခွင့်ပြုမယ်ဆိုရင်ပေါ့၊ ခွင့်ပြုမှာလား မာ၊ မာ့မျက်ရည်တွေကို သုတ်ပေးမယ့် ကင်းလက်ချောင်းများ ရွေ့လျားလာစဉ်

''ရပါတယ်၊ ကင်းရယ်၊ ဒီမျက်ရည်တွေက ကင်းကြောင့် မဟုတ်ပါဘူး။ မာ့ရင်ခွင်မှာ အမည်မသိတဲ့ ခံစားမှုတစ်ခုရဲ့





ပယောဂကြောင့် ကျလာတဲ့ မျက်ရည်ပါ၊ ဒီမျက်ရည်တွေ ကျချင်သလောက် ကျပါစေလေ၊ စိတ်ကြိုက်ကျပါစေ''

ကင်း လက်ချောင်းတွေ ပြန်ရုပ်သိမ်းလိုက်ပြီး

''ဆောရီး မာ၊ မာ့ရင်ခုန်သံကြောင့် ကျွန်တော့်ကို ငြင်းတယ် ဆိုရင်လည်း ကျွန်တော့်နှလုံးသားရဲ့ ကံကြမ္မာပေါ့ မာရယ်၊ ဒါပေမဲ့ ဘယ်အခြေအနေမှာဖြစ်ဖြစ် မာ့ကို ကျွန်တော်ချစ်မယ်ဆိုတာ ယုံပါ၊ ကျွန်တော့်ရင်ခွင်တံခါး ဖွင့်ထားလျက်ပါ မာ၊ မာ ဝင်ချင်တဲ့ အချိန်ဝင်လာပါနော်၊ နော်''

မာ ခေါင်းမညိတ်နိုင်သလို ခေါင်းမခါရက်တော့။

''တစ်ခုတော့ရှိတယ် မာ၊ ကျွန်တော့်ကြောင့်ဆိုတဲ့ ခေါင်းစဉ်နဲ့တော့ မာ့ကို နိုင်ငံခြားထွက်မသွားစေချင်ဘူး။ အဲဒါ ကျွန်တော့်ရင်ခွင်က ဆန္ဒ အမှန်ပါ၊ အဲဒီအတွက် မာ တစ်ချက်လောက် လျှော့ပြီး စဉ်းစားစေချင်ပါတယ်''

ခံစားမှုတစ်စုံတစ်ရာကြောင့် နှုတ်ခမ်းသားများ လှုပ်တုန်နေတဲ့ ကင်း၊ နှုတ်ခမ်းလွှာလေးကို မာ ငေးကြည့်၍

''မဟုတ်ပါဘူး ကင်းရယ်၊ ကင်းကြောင့်လည်း မဟုတ်ဘူး။ ဒိုက်ကြောင့်လည်း မဟုတ်ဘူး။ မာ့ဆန္ဒနဲ့ မာ ဆုံးဖြတ်တာပါ''

မာ့ဆန္ဒနဲ့ မာ ဆုံးဖြတ်ကြောင်းသိရစဉ် ကင်း ရင်မှာ လိပ်ပြာသန့်သလို ခံစားလိုက်ရပြီး

''ဒါဆို မာ့ရုပ်သွင်ကို ကျွန်တော် ပန်းပုထုခွင့် ရှိမလား မာ''

''ကင်း၊ ဆန္ဒ အတိုင်းပါ''

''ဟင်အင်း မာ ခွင့်ပြုတယ်ဆိုရင် မာ့ဆန္ဒသက်ရောက်တယ် ဆိုရင် ကျွန်တော့်ရင်ခွင်က လိပ်ပြာသန့်သန့်နဲ့ ထုလုပ်နိုင်မှာမို့ပါ''



www.burmeseclassic.com

www.burmeseclassic.com



"ခွင့်ပြုပါတယ် ကင်း၊ ကင်းအပေါ် သက်ရောက်ခဲ့တဲ့ မှာ့ရဲ့ အပြုရောင်ချစ်ခြင်းတွေ ပေါ်လွင်အောင် ထုပေးပါနော်"

ကင်း ခေါင်းအသာဆတ်မိပြီး

"စိတ်ချမှာ၊ မှာ လိုချင်တဲ့ပုံစံပေါ်အောင် ထုပေးမှာပါ၊ မှာ ဘယ်တော့ သွားဖြစ်မှာလဲ"

"ရက်ပိုင်းပဲ လိုတော့တယ်"

"ဒါဆို ပန်းပုထုပြီးရင် မှာ့မေမေကို ပေးထားလိုက်မယ် နော် မှာ"

"အင်း"

မှာ ကျေနပ်စွာ ဦးခေါင်းညိတ်လိုက်စဉ် ကင်းရင်မှာ ပေါ့ပါးသလိုခံစားလိုက်ရသည်။

"ဒါဆို ကျွန်တော်သွားတော့မယ် မှာ"

"အင်း၊ ကင်းနဲ့ ဒိုက်ကို မှာ့ရင်ခွင်မှာ အပြုရောင်စာလုံးနဲ့ ကမ္ပည်းတင်ထားပါ့မယ် ကင်းရယ်၊ ကျေနပ်ပလား"

"ကျေနပ်ရုပ်ရမှာပေါ့ မှာ ရယ်"

ကျေနပ်လိုက်လှဲသော ကင်း အသံအဆုံးတွင် ကာ နှုတ်ခမ်းပါးလေးပေါ် အပြုံးနုနုလေးပွင့်၍ ဦးခေါင်းဖော ဆတ်လိုက်သည်။

ထိုစဉ် ဒိုက် ခြေတစ်လှမ်း ရှေ့တိုးလာပြီး

"Thank You မှာ၊ မှာ့ရင်ခွင်မှာ တစ်နေရာရတဲ့အတွက် ကျေးဇူး အထူးတင်တယ်၊ ရှယ် တင်တယ် မှာ"

ဒိုက်၏ ရွှင်မြူးမြူးသံပေါ်လာစဉ် မှာ စိတ်သက်သာ ရသွားသည်။

"ဒါပေမဲ့ ဒီကောင့်ရင်ဘတ်ထဲက တစ်စုံတစ်ခုကို





သိချင်နေတယ်၊ ဖြေနိုင်မလား မှာ ၊ ဖြေနိုင်မလား"

ဒိုက် တရစပ်မေးလာစဉ် မှာ တစ်ချက်တွေဝေသွားသည်။ ကင်းကလည်း ဒိုက်ကဲ့သို့ သိချင်လာတာကြောင့်

"ဟုတ်တယ် မှာ၊ ဒိုက်လိုပဲ ကျွန်တော်လည်း တစ်စုံတစ်ရာကို သိချင်တယ်"

"ဘာကိုလဲ"

မှာ နားမလည်သလို မေးစဉ် ဒိုက်နဲ့ ကင်း တစ်ယောက် ကိုတစ်ယောက် နားလည်မှုရသည့် မျက်နှာပေးနှင့် ကြည့်သည်။ ထို့နောက် ဒိုက်က

"မှာ့ရင်ခွင်ထဲက ချစ်သူက ဘယ်သူလဲ၊ မှာ့မိုးကောင်းကင်မှာရှိနှင့်တဲ့ သူက ဘယ်သူလဲ၊ Please ပြောပြပါ မှာ"

ဘယ်သူလဲတဲ့၊ ထိုမေးခွန်းက မှာ့ရင်ကို နိမ့်၍ ဟာဆင်းသွားစေသည်။ ထိုမေးခွန်းကို ဖြေနိုင်သည့် ခံစားချက် မှာ့ရင်ခွင်မှာ မရှိတော့ပြီ ကာကြမ္မာ။

"နှင်းအိလည်း သိချင်တယ်၊ ပြောလိုက်ပါ မှာရယ်၊ ပြောလိုက်ပါတော့ နော်၊ ဒါမှ မှာ့ရင်ခွင် ငြိမ်သက်နေမှာကွယ်"

ဒိုက်တို့နှင့်အတူ နှင်းအိ တောင်းဆိုလာစဉ် မှာ သက်ပြင်းချ၍ ဦးခေါင်းရမ်းလျက် မှာ့ခြေလှမ်းက ဒိုက်တို့သုံးယောက်ကိုကျော်နိုင်းမိလျက်သားဖြစ်ကာ သူငယ်ချင်းတွေနဲ့ တဖြည်းဖြည်း ဝေးလျက်။

မှာ့ရင်ခုန်သံတွေကို နားလည်ပေးပါတော့ကွယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"အန်ကယ်လ် ရောက်နေတယ်ဆို"

မေ့ာ် အသံကျယ်ကျယ်ကြောင့် မာ ဆတ်ခနဲ ခေါင်းထော

သွားသည်။ ဖေဖေ ရောက်နေတာ တစ်ပတ်ရှိပြီလေ၊ ခုမှ မေ့

အိပ်မက်မက်လာတာလား၊ ယောင်နေတာလား၊ ဘာပဲဖြစ်ဖြ

မေ့ာ်အသံက မာ့နားထဲမှာ ငှက်ဆိုးထိုးသံနှင့် တူတော့သည်။ 

ဖတ်လက်စ စာအုပ်ကို ပစ်ချလိုက်သည်။

"ဟုတ်တယ်၊ တစ်ပတ်ရှိပြီ"

ဟွန်း ဖေဖေက ဘာလို့ ပြန်ပြောရတာလဲ၊ မေ့ာ်

မောင်းထုတ်လိုက်စမ်းပါ၊ မောင်းထုတ်ပစ်လိုက်စမ်းပါ။

"ဟာ သား လုံးဝမသိဘူး အန်ကယ်လ်"





အောင်မာ

သူ့ကိုယ်သူ သားတဲ့၊ မာ မကျေနပ်ဖြစ်ပြီး ဝုန်းခနဲ

ယ့ကာ နှုတ်ခမ်းဖိကိုက်လိုက်သည်။

"သား One man show ကိစ္စနဲ့ ရှုပ်နေလို့ မြို့ထဲက

ိုက်ခန်းမှာ ကိုတာကြီးနဲ့ နေလိုက်တာ၊ အန်ကယ်လ်ပြန်လာ

ို လုံးဝ မသိလိုက်ဘူး၊ သား စိတ်ထဲမှာ လကုန်ရက်မှ လာမ

ထင်နေတာ"

"အင်း၊ အမှန်တော့ လကုန်ရက်မှ လာမလို့ပဲ၊ အခြေ

အနေပေးတာနဲ့ တစ်ပတ်စောထွက်ခဲ့တာ၊ သားအန်တီသက်ကိုတောင်

ကြိုတင်အကြောင်းမကြားဘူးကွာ"

"သားက အန်ကယ်လ် လကုန်ရက်မှ လာမယ် သိထား

တော့၊ အခုလကုန်ရက်မှာ အန်ကယ့်လ်ကို လေဆိပ်ဆင်းကြိုမယ်

လို့ မာမို့ကို ဖုန်းဆက်အသိပေးတော့မှ အန်ကယ်လ် ပြန်ရောက်

နေပြီဆိုတာ သိရတယ်၊ သိသိချင်း သား လာခဲ့တာ"

"ရပါတယ်ကွယ်၊ မော်လေးလည်း အရမ်းအလုပ်များနေတာ

ဟုတ်လား"

"ဟာ သား ဘယ်လောက်အလုပ်များများ အန်ကယ်လ်

လောက် အရေးမကြီးပါဘူး၊ သားတောင် မာမို့ကို စိတ်ကောက်

လိုက်သေးတယ်၊ အန်ကယ်လ်ရောက်နေတာ သိသိချည်းနဲ့ ဘာလို့

မပြောရတာလဲလို့"

ဖေဖေ့ရှေ့ ပတ်ချွဲနှပ်ချွဲလုပ်နေတဲ့ မေ့ာ်အသံကို

မကြားလိုတော့၊ မာ အခန်းထဲက ရုတ်ခနဲ ထွက်ခဲ့သည်၊ ဧည့်ခန်း

လိုက်ကာစကို ဆတ်ခနဲ ကြည့်မိတော့ မာ ပို၍ ခံပြင်းလေသည်။

အောင်မာ မော်စုတ်၊ အရှက်မရှိတဲ့ကောင်၊ ဖေဖေ့ဘေးမှာ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်၊ ဖေဖေ့ရင်ခွင်ထဲ ခေါင်းတိုးဝင်ပြီး ချွဲနေတာလေး၊ မော့် ချွဲလုံးတွေပေါ် ဖေဖေကလည်း ကြည်နူးနေလိုက်တာ၊ ဖေဖေက မော့်အကြောင်း ဘာမှမသိဘဲ ကြည်နူးနေနိုင်မှာပေါ့၊ မော့်ဆိုတဲ့ ကောင်က သူ့သရုပ်ဆောင်မှုအတွက် အကူအပံ့ရမယ်ဆိုရင် ဘယ်သူမဆို ဝင်လုံးပြီး ချော့လဲ ရောထိုင်လုပ်ပစ်မို့ ဝန်မလေးတဲ့ သူလေ၊ အခုလည်း ကြည့်ပါလား၊ ဖေဖေ့လက်ကို သူ့ရင်ခွင်မှာ တွေးဖိုက်ထားပြီး

"အန်ကယ်လ်က သားအပေါ် နည်းနည်းစိမ်းသလိုပဲ၊ အရင်လို မချစ်တော့ဘူးထင်တယ်၊ သား အခုမှရောက်လာလို့ စိတ်ဆိုးချင်တာလား"

မော့် ချွဲလုံးအပေါ် ဖေဖေ သဘောကျသလိုဖြစ်၍ ရယ်ပြီး

"မဆိုးပါဘူးကွာ၊ ဘာလို့ ဆိုးရမှာလဲ၊ အန်ကယ်လ်က အားလုံးကို တအံ့တသြ ဝမ်းသာသွားစေချင်လို့ တိတ်တဆိတ် လာခဲ့တာ၊ ခုတော့ အန်ကယ်လ်ရင်မှာ ဆူးတစ်ချောင်း ကြားကန် ခံရသလို စူးရှခံခက်ရတယ်ကွာ"

အခြေအနေ အရပ်ရပ်အတွက် ဖေဖေ လေးလံစွာ ထပ်ဆင့်ဆိုသည့်အခါ မော့်ရင်မှာ လှိုက်ဆူလာသည်။ အန်ကယ့်လ် ခံစားချက်ကိုနားလည်ခံစားမိစဉ် မော့် အတိုင်းမသိ ဝမ်းနည်း ကြေကွဲလာသည်။ အန်ကယ့်လ်ရင်ခွင်မှ အသာခွာ၍ ကျောက်ရုပ် တစ်ရုပ်လို ငြိမ်သက်သွားသည့် မော့်ကို မာ စူးစူးရဲရဲ စိုက်ကြည့် လိုက်သည်။ သူက သူ့ဖိလင်နှင့်သူ ငြိမ်သက်နေရာမှ

"ဒါပေမဲ့ အန်ကယ်လ်၊ သားဘဝမှာ မာဟာ နံပါတ်တစ် အလိုအပ်ဆုံးဆိုတာ မာ မယုံကြည်ပေးနိုင်ခဲ့ဘူး။ အဲဒီအတွက် သား အစွမ်းကုန် မိုက်မဲလိုက်ချင်တယ်၊ မိုက်လည်း မိုက်ခဲ့ပါတယ်၊





သားရဲ့ မိုက်မဲမှုကို အန်ကယ်လ် ခွင့်မလွှတ်ပါနဲ့၊ အန်ကယ်လ် ဒဏ်ခတ်ပါ၊ အန်ကယ်လ် ဒဏ်ခတ်တာကို သား ခံယူပါရစေ၊ သား ခံယူပါရစေ အန်ကယ်လ်"

ဖေဖေ့ရှေ့ ခေါင်းငုံ့နေသည့် သူ့ရင်ဖွင့်သံကို ဖေဖေ ငပ်မိုန်မိုန်စိုက်ကြည့်ပြီးနောက် ဦးခေါင်းတွင်တွင်ရမ်းလျက် မော့် ဆံပင်ထောင်ထောင်လေးကိုပွတ်သပ်ကာ

"မမိုက်ပါဘူးကွယ်၊ မမိုက်ပါဘူး၊ နှလုံးသားကိစ္စမှာ ဘယ်သူမှ မမိုက်ဘူး၊ ကိုယ့်ခံစားချက်နဲ့ ကိုယ် ရွေးချယ်တာ အပြစ်ကင်းသန့်ဆုံးပါပဲ၊ သားကို အန်ကယ်လ် ဒွေမယူပါဘူး"

"မဟုတ်ဘူး၊ အန်ကယ်လ်၊ သားကြောင့် မိသားစုနှစ်စုရဲ့ အနာဂတ် မှိန်ဖျော့သွားစေမယ့် အရောင်မျိုး သုတ်လိမ်းလိုက်တဲ့ အတွက် သားကိုယ်ကို သား ခွင့်မလွှတ်ချင်တော့ဘူး။ ခွင့်မလွှတ် ချင်တော့ဘူး"

သူ့ဖြစ်စဉ်ကို သူ ခွင့်မလွှတ်ချင်လောက်ဖြစ်ကာ ဦးခေါင်း ကို စားပွဲခုံနဲ့ အကြိမ်ကြိမ် ဆောင့်မိသည်အထိ မော့်ရင်မှာ ဆူလောင်ပွက်ထလာသည်။

ဆောင့်လိုက်စမ်းပါ၊ နင့်ခေါင်း ဆယ်စိပ်ဖြစ်သွားအောင် ဆောင့်ခွဲပြစ်လိုက်စမ်းပါ။

အလိုက်မသိတဲ့ ဖေဖေက မော့်ဦးခေါင်းကို အတင်းဆွဲ၍ ရင်ခွင်မှာ ဖက်ထားပြီး

"သားရယ်၊ သားရွေးချယ်မှုအတွက် သားကိုယ်ကို သား အပြစ်မြင်နေမယ်ဆိုရင် အန်ကယ်လ်တို့ မိဘတွေအနေနဲ့ ဘယ်လို လုပ်ပြီး စိတ်ချမ်းသာနိုင်မလဲ၊ နောက်ပြီး တစ်ဖက်မိန်းကလေး အတွက်ရော ထိခိုက်နစ်နာမှာပေါ့ကွယ်၊ ဒါကြောင့် အန်ကယ်လ်တို့



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်သလို သားကိုယ်သား ကျေနပ်နိုင်အောင် နှစ်သိမ့်ပါ၊ နှစ်သိမ့်နိုင်အောင်လည်း ကြိုးစားပါနော် သား''

အောင်မယ်၊ ဖေဖေ နှစ်သိမ့်လေ သူက အရှက်မရှိ ငိုလေ၊ သူငိုတော့ တိတ်ဆိတ်ငြိမ်သက်နေတဲ့ မေမေက ကရုဏာ မိုးစွေပြီး

''အို၊ မော်လေးရယ်၊ မငိုပါနဲ့၊ မော်လေးငိုရင် အန်တီတို့ ရင်မှာ မချိဘူးကွယ်၊ ဒီကိစ္စက သားကြောင့်ဖြစ်ရတာမှ မဟုတ်ဘဲ၊ သမီးမှာ ငြင်းဆန်မှုကြောင့် ဖြစ်ရတာလေ''

''ဒါပေမဲ့ မာ ငြင်းဆန်ရတာ၊ သားကြောင့်၊ သားအတွက် ကြောင့်၊ သားရဲ့ ပိတ်လှောင်မှုကြောင့်၊ ဘောင်ခတ်မှုတွေကြောင့် နလိုဖြစ်တာ၊ သားရဲ့ချစ်ခြင်းဟာ မာ့နှလုံးသား လွတ်လပ်ခွင့်ကို လေဝင်ပေါက်မရှိအောင် ပိတ်ဆို့သလိုဖြစ်ရတာ သားရဲ့ အကြီးမားဆုံး ချွတ်ယွင်းချက်ကြီးပါ အန်တီ၊ ဒါကြောင့် သားဖြေသိမ့်လို့ မရနိုင်ဘူး၊ ဘယ်လိုဖြေသိမ့်ရမလဲ စဉ်းစားမရနိုင်ဘူး၊ အန်တီ၊ နောက်ပြီး မာ သားကို မျက်နှာချင်းမဆိုင်ချင်လောက်အောင် မုန်းတီးသွားပြီ အန်တီ၊ မာ သားကို မုန်းသွားတာ သိလျက်နဲ့ သား တောင်းပန်ခွင့်မရဘူး၊ မာနဲ့ တွေ့ဆုံခွင့် မရဘူး၊ ဒါတင်မက မာက သားရင်ခွင်နဲ့ ဝေးရာဆီ ပျံသွားတော့မှာလေ၊ အဲဒီအသိက သားရဲ့မိုးကောင်းကင် နေအစင်းတစ်ရာလို ပူလောင်လွန်းလှတယ်၊ ဒီဒဏ်တွေကို သား မခံစားနိုင်တော့ဘူး၊ လုံးဝ မခံစားနိုင်တော့လို့ပါ အန်ကယ်လ် ဟီး ဟီး''

အောင်မယ် အခုမှ ကလေးတစ်ယောက်လို ငိုယိုပြီး အယုံ ဝင်နေတဲ့ မော့်ကို မာ ရင်ထဲက ဒေါသတွေလှိုက်တက်လာသည်။

မာဟိုက အရင်က မာ မဟုတ်ဘူး။ သိရဲ့လား။ နင့်စကားလုံး





တွေ၊ နင့်အမူအရာတွေထဲမှာ ပျော်ဝင်ဖို့မလိုတော့ဘူး။ ခုချိန်မှာ နင့်ရဲ့အသံ၊ နင့်ရဲ့ဟန်၊ နင့်ရဲ့မျက်ရည်၊ နင့်ရဲ့ ဟယူခံဝင်မှုတွေကို လက်သင့်ခံနေဖို့အတွက် ရင်မခုန်တော့ဘူး။

အဲဒါကို နင်သိသွားစေရမယ်၊ မာ့ရဲ့ ပြတ်သားမှုကို နင် သိသွားစေရမယ် မော်။

ထိုနောက် လိုက်ကာစကို မာ ခပ်ကြမ်းကြမ်း ဆွဲဖယ် လိုက်သည်။ မေမေတို့ ရင်ခွင်မှာ တိုးဝှေ့ငိုကြွေးနေသည့် မော့် နောက်ကြောကို မာ ဒေါသလက်နဲ့ တအားအဆွဲခံလိုက်ရစဉ်၊ သူ့ ကိုယ်တစ်ကိုယ်လုံး မာ့လက်ထဲ ပါလာသည်။

သူ ရုတ်တရက် ကြောင်သွားပြီး

''ဟင် မာ၊ မာ''

သူ့ရင်ခွင်မှာ ဆာလောင်စွာ တတွတ်တွတ် ခေါ်လိုက်မိ သည်။ သူ့ခေါ်သံက မာ့နားစည်ထဲသို့ သံရည်ပူ လောင်းထည့် လိုက်သလို ပူပြင်းလှသည်။

''မခေါ်နဲ့၊ နင် ငါ့နာမည် မခေါ်နဲ့''

''မာရယ်''

သူ ဝမ်းနည်းစွာ လှိုက်တုန်သွားတော့၏။ သူ့ကို အစိမ်းရောင်တောက်သည့် မျက်ဝန်းရွဲရွဲနဲ့ စိုက်ကြည့်နေသည့် မာ့ကို သူ ငေးကြည့်နေမိ၏။ မာ့ နှုတ်ခမ်းလွှာကြားမှ ထွက်ပေါ်လာသည့် စကားလုံးများသည် သူ့နှလုံးသားထဲ လျှပ်စီးဓာတ်အားလို ဖျတ်ခနဲ ဝင်ရောက်လာတော့သည်။

''ဒီမှာ မော်၊ နင် ဖေဖေ့ရင်ခွင်မှာ မျက်ရည်ခံထိုးဖို့ မလိုအပ်သလို၊ မေမေ ကျေနပ်အောင် တိုင်တည်နေဖို့လည်း မလိုဘူး။ နင့်ဘာသာနင် show ပွဲကိစ္စနဲ့ပဲ အလုပ်ရှုပ်ရှုပ်၊ 'လရိပ်ရှိ



www.burmeseclassic.com

www.burmeseclassic.com



အတွက်ပဲ အလုပ်များများ၊ မာတို့ မိသားစုနဲ့ ဘာမှမသက်ဆိုင်ဘူး''

''မဟုတ်ဘူး မာ၊ မာ့ကို ရှင်းပြပါရစေ၊ 'လရိပ်ရိပ်' ကိစ္စ ရှင်းပြပါရစေ''

မာ မျက်နှာကိုမော့၍ ခါယမ်းပစ်လိုက်ပြီး

''ဟော့ ကုမာရက ဖြစ်စဉ်တစ်ခုကို သူတစ်ပါးရှင်းပြမှ နားလည်တတ်တဲ့ မိန်းကလေးမဟုတ်ဘူး။ နင့်ကြောင့် မာဟာ အဝေးသင်နဲ့ ဘွဲ့တစ်ခုသာ ပိုင်ဆိုင်ခွင့်ရပေမယ့် မာ့ အတွေးအခေါ်က အဲဒီထက် လတ်ဆတ်တယ် မော်၊ နင့်ရဲ့ ဖြေရှင်းချက်ဟာ နင့်ရဲ့ လှုပ်ရှားမှုတွေကို ဖာထေးပေးနိုင်တဲ့ ပလာစတာတစ်ခု မဟုတ်ဘူး ဆိုတာ မာ ကောင်းကောင်းခွဲခြားတတ်တယ်၊ ဒီမှာ နင်သိထားဖို့က မာ့မှာ နင့်လိုအောင်မြင်မှု၊ နင့်လို ကျယ်ပြန့်တဲ့ အသိုင်းအဝိုင်း၊ နင့်လို မျက်စတစ်ချက်ပစ်ရုံနဲ့ လုမဒီတွေ ပြုံဝိုင်းလာမယ့် အိုင်တင်မျိုး မရှိပေမယ့် မာ့စိတ်နဲ့ မာ့ကိုယ် ရပ်တည်နိုင်တဲ့ အစစ်အမှန် စွမ်းအားရှိတယ်၊ နင့်လိုအသည်းတစ်ခုနဲ့ မျက်နှာများတဲ့ ရင်ခုန်သံမျိုး မာ့ရင်ခွင်မှာ မရှိဘူး၊ အဲဒီအတွက် မာ့ကိုယ်မာ လိပ်ပြာသန့်သန့်နဲ့ ရှင်သန်ရဲတယ်''

ပြင်းထန်လွန်းသည့် မာ့ စွပ်စွဲမှုတွေက သူ့နှလုံးသားကို လှိုင်းကြမ်းကြီးဝင်ဆောင့်သလို ယိုင်နဲ့သွားစေပြီး

''ဟာ မာ၊ မာ ငါ့ကို အဲလောက် မစွပ်စွဲပါနဲ့ဟာ၊ မာ မကျေနပ်ရင် ငါ့ကို သတ်ချင်သတ်လိုက်ဟာ၊ ဒါပေမဲ့ ငါ့ဖြေရှင်းချက်ကိုတော့ လက်ခံသင့်ပါတယ်နော် မာ၊ ငါ ရှင်းပြပါရစေနော် မာ''

မာ့ရှေ့ ခေါင်းငုံ့ အသနားခံလာတဲ့နင့်ကို မာ သနားရမလား။

ဆောရီးပဲ မော်။





မာ့နှလုံးသားမှ ခြောက်သွေ့အက်ကွဲစွာ ရယ်မိပြီ၊

''ဒီမှာ မော်၊ နင့်ရဲ့သရုပ်ဆောင်မှုတွေက ဘာ့အတွက် ရိုးသွားပါပြီဟာ၊ ရိုးသွားပြီ''

''ဟာ''

သူ့နှလုံးသား မာ့ရှေ့ ဝုန်းခနဲ လဲပြိုသွားတော့သည်။ မာ့ရှေ့ ဒူးထောက်သလို ဖြစ်နေသည့် သူ့ကို မာ ကရုဏာမသက်ပါ၊ ဖေဖေနဲ့ မေမေက သူ့အိုင်တင်ကို ခံစားမိဟန်တူသည်။

''မာ သမီး၊ စိတ်လျှော့ပါကွယ်''

''သမီးရယ်၊ မော့်ဖြေရှင်းချက်ကို နားထောင်ပြီးမှ ဆုံးဖြတ်ပါကွယ် နော် နော် သမီး''

ဖေဖေနဲ့ မေမေက သူ့ဘက်က ဖေးမစွာ ဆိုလာစဉ်၊ မာ ခေါင်းတွင်တွင် ရမ်းလိုက်သည်။ ဟင်အင်း သူ့အိုက်တင်ကို မာ ခံစားမိရင်၊ မာ ထွက်ပေါက်မဲ့သွားမှာပေါ့

''မော့် အိုင်တင်ကြောင့် မာ့ကို ဖိအားမပေးပါနဲ့၊ မာဟာ တစ်ဆိုတဲ့ စကားလုံးကို တစ်ဆိုတဲ့ စကားလုံးအရင်းအတိုင်း ခံစားချင်တယ်။ တစ်နဲ့ အဓိပ္ပာယ် တစ်ထပ်တည်းတူတဲ့ One ဆိုတဲ့ စကားလုံးကို အလဲအလှယ် ပုံပြောင်းပြီး အစားထိုးမခံချင်ဘူး၊ ဒီလောက်ဆို မာ့ရင်ခွင်မှာ ဘယ်လို ကမ္ဗည်းစာရှိသလဲဆိုတာ နင် ဖတ်တတ်လိမ့်မယ်ထင်တယ်၊ နင် ဖတ်မတတ်ရင်လည်း ဟောဒီမာက ဝမ်းမနည်းဘူး။

ဟိုအရင်ကလို နင့်ရဲ့ဖွတ်လုပ်မှုအတွက် ဘဲတစ်ကောင် ကင်ကျွေးလိုက်ရင် မာဟာ အစွယ်ကျိုးတဲ့မြွေလို နင့်ရင်ခွင်မှာ ခေါင်းထိုးဝင်ခဲ့ပေမယ့် ခုချိန်မှာ နင့်အသည်းနှလုံးကို ကင်ပြီး ကျွေးရင်တောင် မာ့ရင်ခွင်က အစွယ်ဟာ အဆိပ်အသင့်ပြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



စကြိုးလျှောက်နေမှာပါ။ ဒါကြောင့် နင် မာ့ရှေ့က ထွက်သွား၊ ထွက်သွား ပါတော့၊ ထွက်သွား"

"မာ ရယ်၊ ငါ"

"နင် ထွက်သွားစမ်း၊ ထွက်သွား"

မာ အသံကုန်အော်ဟစ် နှင်ထုတ်မိသည်။ သူ၏ အသနားခံသည့်မျက်ဝန်းနှင့် မာ့ပြတ်သားမှုအတွက် ယူကြုံးမရ ကြေကွဲနေသည့် သူ့မျက်ရည်တွေကို မာ မမြင်ချင်တော့။ မာ နှင်ထုတ်စဉ် သူ ခေါင်းငိုက်စိုက်နှင့် လှည့်ထွက်ဟန်ပြင်တော့၊

"အို သမီး၊ ဒီလို မနှင်ရဘူး"

မာ့ကို ပြစ်တင်သလို မေမေ ဟန့်တားလာသည်၊

"သား မေ့"

"မေမေ သူ့ကိုမတားနဲ့၊ သူ့ခြေထောက်နဲ့သူ ထွက်သွားချင်လို့၊ သူ့စိတ်ကြိုက်ရွေးချယ်လိုက်တာ၊ မေမေ ဝမ်းမနည်းနဲ့"

"သမီး မာ၊ မဟုတ်ဘူး"

"မေမေ သူ့ဘက်က တံတိုင်းလို ဆီးကာမနေပါနဲ့၊ မကာပါနဲ့"

သူ့ကို ဆီးကာနေသည့် မေမေ့လက်ကို မာ အတင်းဆွဲ၍ မေမေ့ဘက်ကိုတွန်းပို့လိုက်သည်။ မေမေ ဟန့်တားမှုကြောင့် ရပ်တန့်နေသည့် သူ့ကို မာ စူးစိုက်ကြည့်လိုက်သည်။ ထိုနောက် သူ့လက်တစ်ဘက်ကို မာဆုပ်ကိုင်ကာ ဒရွတ်တိုက်ဆွဲထုတ်၍ မြို့ပြင်ရောက်သည်အထိ တွန်းထုတ်ကာ ခြံတံခါးကို မာကိုယ်တိုင် သော့ခတ်လိုက်သည်။ မာ့ကို ခြံသော့လည်ပြန်ကြည့်နေသည့် သူ့ကို မာ နောက်ဆုံးအကြိမ် စူးစူးရဲရဲ ကြည့်လိုက်ပြီး

"ဖေဟ မေ့၊ နင့်ကို ငါ့ဘဝ စာမျက်နှာထဲက ဖျက်ထုတ်





လိုက်ပြီ၊ နင့်ကို ရာသက်ပန်အတွက် နှုတ်ဆက်လိုက်တယ်။ နင့်မင်္ဂလာဆောင်ရက်ဟာ မာ ပြည်ပထွက်တဲ့နေ့ပဲ၊ ဘိုင်"

ထိုနောက် မာ ချာခနဲ ကျောခိုင်းလိုက်ပြီး

"Don't see"

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

နက်ဖြန် မာနဲ့ ဖေဖေ ထွက်မည့်နေ့

ထို့ကြောင့် မာ စောစောစီးစီး အိပ်ရာဝင်ခဲ့သည်။ မာ့ရင်ခွင်ထဲက ခံစားရသမျှကို သွန်ချလိုက်နိုင်ပြီမို့ မာ့နှလုံးသား ပေါ့ပါးလန်းဆန်းလာသည်။ မော့် အနံ့အသက်ကင်းသည့် မာ့ မွေ့ရာပေါ်မှ ခေါင်းအုံးဖြူဖြူဖွေးဖွေးပေါ် မာဦးခေါင်းတင်ပြီး မကြာမီမာ နှစ်ခြိုက်စွာ အိပ်ပျော်သွားတော့သည်။ ထိုစဉ် မာ့ရင်ခွင်မှာ အိပ်မက်လိုလို ဘာလိုလို ခံစားမှုတစ်ရပ် တိုးဝင်လာသလို ခံစားရသည်။ ပထမဦးစွာ ရနံ့တစ်မျိုး မာ ရှူရှိုက်လိုက်ရသည်။

ထိုရနံ့။ အင်း။ ထိုရနံ့က မာ့ဘဝတစ်လျှောက်လုံး စွဲထင်နေသည့်ရနံ့၊ မာ အကြိမ်ကြိမ် ရှူရှိုက်ခဲ့သည့် ရနံ့၊ စူးရှရှနင့်





ပျော်ဝင်စရာကောင်းလှသည့် ထိုရနံ့က မော့်ကိုယ်ရနံ့ကလွဲပြီး ဘယ်သူ့ရနံ့ဖြစ်နိုင်မှာလဲ။

အံ့ဩစရာကောင်းသည်က ထိုရနံ့ကို မာ တရှိုက်မက်မက် ရှူမိစဉ် ထိုရနံ့ မာ့တစ်ကိုယ်လုံးသို့ စိမ့်ဝင်ပျံ့နှံ့သွားသည်။ ထိုရနံ့နောက်မှ နွေးထွေးသည့် ခံစားမှုတစ်ရပ် တိုးဝင်လာပြီး ထိုနွေးထွေးမှုသည် မာ့မျက်ခွံမို့မို့အစုံကို မေးမှိန်ယစ်မူးသွားစေသည်။ မာ့လက်ချောင်းကလေးများက တစ်စုံတစ်ရာ၏ ထိတွေ့ဆုပ်ကိုင်ခံရမှုမှာ ငြိမ်သက်စွာ အိပ်စက်သယောက် ဖြစ်တည်လျက် တစ်စုံတစ်ယောက်၏ နှလုံးသားမှ ချစ်ခြင်းခံစားမှုတွေ ယိုဖိတ်လျှံကျလာသည့် နူးညံ့ထွေးအိသည့်အသံ တိုးလျှလျှလိုမ့်ကြွေပေါ်ထွက်လာသည်။

"မာ" တဲ့။

ထိုအသံက မာ့ကို တိုင်တည်သလိုလို အသနားခံသလိုလို အသံတိမ်တိမ်လေး။

ထိုအသံက ဟိုအဝေးတစ်နေရာမှ ပြေးလာသလို အားဖျော့လွန်းသည်။ အားဖျော့နေသည့် ထိုခေါ်သံသည် မာ့အာရုံကို ညှို့ငင်ထားတော့သည်။

"မာရယ်၊ တကယ်တော့ ငါဟာ မာ့ရင်ခွင်ကို ချုပ်ကိုင်ဖို့ ကြိုးစားခဲ့တာ မဟုတ်ပါဘူး မာ၊ ငါ့သံယောဇဉ်၊ ငါ့တွယ်တာမှု၊ ငါ့ချစ်ခြင်း၊ ငါ့ဆန္ဒအားလုံးဟာ မာနဲ့ ထပ်တူကျလိမ့်မယ်လို့ ငါ ယုံကြည်ခဲ့တယ်၊ ငါ ယုံကြည်မှုအတွက် လုပ်ဆောင်ခဲ့မှုတွေက မာ့အတွက် ထိခိုက်စရာတွေ ဖြစ်လာတာသိရတော့ ငါ ကြေကွဲရတယ်၊ အစွမ်းကုန်ကြေကွဲရတယ် မာ။

ဒါပေမယ့် မာ နားလည်အောင်ပြောခွင့်၊ ရှင်းပြခွင့်



www.burmeseclassic.com

www.burmeseclassic.com



မရတာ ငါ့ အကြေကွဲဆုံးပါပဲ မာရယ်၊ ငါလေ ငါ့ဖြစ်စဉ်တွေကို မာ့ကို ဦး၊ဦးဖျားဖျား သိခွင့်မပေးမိတာ ငါ့ရဲ့မှားယွင်းမှုပါ -မာ၊ အပွင့်လင်းဆုံးနဲ့ အရှင်းဆုံးပြောရရင် မာ့ကိုစတွေ့တဲ့နေ့ကတည်းက ငါ့ရင်ခွင်ထဲက မာ ပျောက်ကွယ်သွားမှာ အရမ်းစိုးရိမ်ခဲ့ရတယ်၊ ညီမလေးကိုယ်စား ကံကြမ္မာက တွေ့ဆုံခွင့်ပေးခဲ့တဲ့ မာဟာ ငါ့နှလုံးသားကို ရှုံးသွပ်သွားစေခဲ့တယ်၊ ညီမလေးလို နေမကောင်းဖြစ်မှာ၊ ကုသလို့မရနိုင်တဲ့ ရောဂါမျိုးနဲ့ကြုံရမှာကို ငါ အရမ်းချောက်ချားလာတယ်၊ မာ့ကို ပုရွက်ဆိတ်လေး ကိုက်သွားမှာတောင် ငါ ထိတ်လန့်မိခဲ့တယ်၊ ဒါကြောင့် မာ့ကို ငါ့အရိပ်လို စောင့်ရှောက်ခဲ့တာ၊ စားသောက်တာကအစ ငါ ဂရုစိုက်ခဲ့တာ၊ စောင့်ရှောက်ခဲ့တာ၊ စားသောက်တာကအစ ငါ ချုပ်ချယ်မိခဲ့တာပါ၊ တခြား ဘာရည်ရွယ်ချက်မှ မရှိခဲ့ပါဘူး မာ''

ထို စကားလုံးတွေနောက်မှာ မာ့ကို တယုတယ ဂရုတစိုက် ဖေးမကြင်နာခဲ့တဲ့ သူ့ရဲ့ သည်းသည်းလှုပ် ပုံရိပ်လေး မာ့အာရုံမှာ လွှမ်းမိုးလာသည်။ ထိုပုံရိပ်လေးတွေနှင့်အတူ သူ့အသံက လွင့်မျော လာဆဲဖြစ်နေတာ ဘာကြောင့်လဲကွယ်။

''ငယ်တဲ့အချိန်က ငယ်တဲ့စိတ်နဲ့ မာ့ကို စိုးရိမ်ခဲ့ရသလို၊ အရွယ်ရောက်လာတော့လည်း ရင်ခုန်မှုတွေနဲ့ ငါ့ရဲ့စိုးရိမ်မှုတွေက ဆူလာခဲ့တယ်၊ မာ့ကို ဘယ်သူမဆို စူးစိုက်ကြည့်တာမြင်ရရင် ငါ့ ရင်ခွင်မှာ မုန်တိုင်းထန်သွားတယ်၊ သူတစ်ပါးရဲ့ အကြည့်တွေနောက် မာ ပါသွားရင်ဆိုတဲ့အသိနဲ့ ငါ့သွေးအကြိမ်ကြိမ် ဆူပွက်ခဲ့တယ် မာ၊ အထူးသဖြင့် ဒိဇ့် အကြည့်တွေကို ငါ စိတ်မချနိုင်ဘူး၊ ဖွဲနဘဲကြီးကြီး ဖွတ်တိုက်တတ်တဲ့ ဒိုက်စတိုင်လ်ကို ငါ မယုံရဲဘူး၊ ငါ့ကြောင့် မွာ့ကို သစ်စိမ်းချိုး ချိုးလိုက်မှာ နှလုံးသားအကင်း ကတည်းက ကြွေအောင်ထိုးချေလိုက်မှာကို ငါ ထိတ်လန့်ခဲ့တယ်၊





ဒါကြောင့် ငါ့အနားမှာ မခွဲနိုင်မခွာရက် မာ့ကိုထားခဲ့တာပါမာရယ်''

မာ ငါ့အနားမှာ ဘယ်လိုပုံစံနဲ့ရှိနေနေ ငါ့ရင်မှာ ပျော်နေတယ်၊ မာ နှုတ်ခမ်းစူနေလည်း ငါ ရင်ခုန်တယ်၊ မာ စိတ်ကောက်ရင်လည်း ရန်ခုန်ရတယ်၊ မာ ဒေါသထွက်နေရင်၊ မာ ပျော်နေရင် မာ အနိုင်ကျင့်နေရင်၊ မာ ပေါက်ကွဲနေရင် အို ဘာပဲဖြစ်ဖြစ် ငါ့အနားမှာ မာ ဘယ်လိုပုံစံပဲ ဖြစ်နေနေ ငါ ရင်ခုန်ရတယ်၊ ငါ့နှလုံးသား မြူးတူးရတယ်၊ ဒါကြောင့် မာ့ကိုချော့ရတာ၊ မာ့လက်သည်းတွေနဲ့ ကုတ်ဖဲ့ခံရတာ၊ မာ ရိုက်တာ၊ထုတာ မှန်သမျှ ငါကျေကျေနပ်နပ် ခံခဲ့တယ်လေ၊အရှင်းဆုံးပြောရရင် မာ့စိတ်ကြောင့် ငါ ရှင်သန်ခဲ့ရတာပါ မာရယ်၊

နောက်ပြီး ငါအောင်မြင်တယ်ဆိုတာ မာ့ကြောင့်ပါ မာ၊ မာ ငါ့အနားမှာရှိနေရင် ငါ ဘာမဆို အပီပြင်ဆုံး၊ အကောင်းဆုံးနဲ့ အပြောင်မြောက်ဆုံးဖြစ်အောင် Mood သွင်းနိုင်တယ်။ ငါ့ Dialogue အားပါလာတယ်၊ ငါ့သီချင်းတွေဟာ အသက်ဝင်လာတယ်၊ ဒါကြောင့် ငါဟာ အချိန်တိုအတွင်းမှာ အောင်မြင်မှုတွေ ရခဲ့တာပါ မာ၊ မာ့ကို ဘာမှလုပ်ခွင့်မပေးဘူးဆိုတာက ငါ့နောက်ကွယ်မှာ တစ်စုံတစ်ခု ဖြစ်သွားမှာ၊ မာ ပင်ပန်းနေမှာ၊ အပေါင်းအသင်းမှားသွားမှာ၊ ငါ့အပေါ် တွယ်တာမှု လျော့ပါးသွားမှာ၊ အဲဒါတွေ အားလုံးက ငါ့ရဲ့အတ္တလို့ မာ မြင်ခဲ့တယ်နော်၊ ငါ့ရဲ့အတ္တဆိုလည်း အတ္တပေါ့ မာရယ်''

သူ့အသံဖလေးတွေနောက် မာ့ ရင်ခုန်သံ တအိအိ နစ်ဝင်သွားသလို ခံစားလိုက်ရသည်။

အချိန်ကြာလာတာနဲ့အမျှ ငါ့အတ္တက အညွန့်တလူလူ တက်လာခဲ့တယ်၊ မာ့ကို ဆယ်တန်းနှစ်ကတည်းက ချစ်မြတ်နိုး



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့တဲ့စိတ်ဟာ ဒီရေလို တရိပ်ရိပ်တက်လာခဲ့တယ်၊ မာ့ကို ရင်ခုန်မှု ပိုင်ဆိုင်လိုခဲ့တယ်၊ ဒါကြောင့် ငါ့အချစ်ကို ရင်ဖွင့်ခဲ့တာ၊ ငါ အတည် ရင်ဖွင့်တာပါဟာ၊ အဲဒီနေ့က ရိုက်ကွင်းပေါ်က Love scene ဟာ ငါ့နှလုံးသားထဲက Love scene ပါ မာ၊ ငါ့အနုပညာနဲ့ ခုတုံးလုပ်ခဲ့တာ မဟုတ်ဘူးဆိုတာ ငါ့နှလုံးသားသစ္စာနဲ့ရင်းပြီး ကျိန်တွယ်ပြောဝံ့ပါတယ်၊ ငါ့ရဲ့ အကြိမ်ကြိမ် ရင်ဖွင့်မှုတွေကို မာ မယုံကြည်တော့ ငါ့နှလုံးသားကို ကျွဲခတ်သလို ခံရတယ် မာရယ်။

နောက်ဆုံးတော့ ငါစိုးရိမ်ပူပန်ရသလို ဒိုက်နဲ့ပတ်သက်မှုန်း သိရတော့ ငါ ရှုံးသွပ်ခဲ့တယ်။ နောက်ပြီး ဒင်းနဲ့ ပတ်သက်လာတော့ ငါ အပြန်ပြန် ရှုံးသွပ်ရတယ် မာ၊ အဲဒီအတွက် မာ့ကိုငါ လက်မလွှတ်ရဲတော့ဘူး၊ မာ့လက်ကို တစ်သက်လုံး ရိုးမြေကျ ဆုပ်ကိုင်ထားချင်လို့ မာမိတို့ကို ဖွင့်ပြောပြီး လက်ထပ်ဖို့ စီစဉ်တာပါ မာ၊ အဲဒီနေ့က မာ့ရင်ထဲက ပေါက်ကွဲမှုကို မြင်ရတော့ ငါ အရမ်းလန့်သွားတယ် မာ၊ မာ့ရင်ထဲမှာ အဲဒီလောက်ထိ ခံစားနေရလိမ့်မယ်လို့ ငါ မထင်မှတ်ခဲ့ဘူး။

မာ့ရဲ့ ရင်အက်သံဟာ ငါ့အတ္တကို ကွာကျသွားစေခဲ့တယ်၊ မာ မြင်နေသလို ငါဟာ မောင်ပိုင်စီးဖို့ ကြိုးစားတာ မဟုတ်ဘူး ဆိုတာ မာ့ကို ခံစားမှုပေးချင်ခဲ့တယ်၊ မာ့ရင်ခုန်မှုကို မာ့စိတ်ကြိုက် ခံစားနိုင်အောင် ငါ ရှောင်ခဲ့တယ်၊ လွတ်လပ်လိုတဲ့ မာ့နှလုံးသား တံခါးပေါက်ကို ငါ့အသည်းနှလုံးနဲ့ရင်းပြီး ဖွင့်ပေးလိုက်တာပါ မာရယ်။

ဒါပေမဲ့ အခြေအနေအရပ်ရပ်ဟာ ငါ့ဘက်မှာ မရှိခဲ့ဘူး။ မာ၊ မာ့ကြောင့် ငါ့တောင်ကြီးက ပြေးဆင်းလာခဲ့တယ်၊ ငါ့ရင် ဖြန်းခနဲကွဲရတယ်၊ အခုလည်း ငါ ဖြေရှင်းခွင့် မရခဲ့ဘူး။ ငါ့ရင်အုံက အချစ်ငွေ့တွေ ပန်းထွက်ကုန်ပြီ၊ ငါ့ရင်ခွင်အတွက်





ဖြေဆေးမရှိတော့ဘူးမာ။

မာ စွပ်စွဲသလို ငါဟာ အသည်းတစ်စုံနဲ့ မျက်နှာများတဲ့သူ မဟုတ်ဘူး။ ငါနဲ့ လရိပ်ရိပ် သတင်းဟာ ငါ့လောကက ထင်ကြေးပေးခံရမှုကြောင့် ပေါ်ထွက်လာတဲ့ သတင်းပါ မာ၊ ငါ ရွေးချယ်တဲ့ မိန်းကလေးလိုလို၊ ငါက ငါချစ်ရသူထက်၊ ငါ့ကို ချစ်ရသူကို ရွေးချယ်တော့မလိုလို၊ ဘာလိုလို၊ ညာလိုလို သတင်းတွေ ဖောင်းပွအောင်လုပ်နေတဲ့ သတင်းသမားတွေကြောင့် ဟုန်းခနဲ ပေါက်ကွဲထွက်လာတဲ့ သတင်းတစ်ရပ်ပါ၊ ဒီသတင်းကို မာမိတို့က အတည်ယူခဲ့တယ်လေ၊ ငါရှင်းပြတာလည်း လက်မခံဘူး။ ငါ့ရဲ့ ရွေးချယ်မှုအတွက် နောင်တ မရစေနဲ့ဆိုတဲ့ စည်းကြိုး မာမိတို့ တားခဲ့တယ်လေ၊ ငါ ဘယ်လိုခံစားရမလဲ မာ၊ ခုချိန်မှာ ငါလေ မြေကြီးကိုဖောက်ပြီး ဟိုအဝီစိမှာ ရုပ်နေလိုက်ချင်တော့တယ်၊ တကယ်ပါ မာ။

တကယ်တော့ 'လရိပ်ရိပ်' ဟာ ငါ့ညီမလေးရဲ့ အချစ်ဆုံး သူငယ်ချင်း၊ ငါ့ သူငယ်ချင်း၊ ညီမလေးဆုံးပြီးတဲ့နောက်ပိုင်း သူ့မိဘတွေ တာဝန်ကျရာကို ပြောင်းသွားရင်း ကွဲကွာခဲ့တာ၊ ဖက်ရှင်ရှိုးတစ်ခုမှာ မမျှော်လင့်ဘဲ 'လရိပ်'နဲ့ ပြန်ဆုံရတယ်၊ ငယ်သူငယ်ချင်းဆိုတော့ တခြားသူထက် ပိုရင်းနှီးခဲ့တယ်၊ 'လရိပ်' အောင်မြင်အောင် ငါကူညီခဲ့တယ်။ ညီမလေးကို သွားကြည့်ချင်တယ် ဆိုလို့ ငါနဲ့ လရိပ် ညီမလေးအုတ်ဂူဆီကို သွားခဲ့တယ်၊ ငါတို့ရဲ့ ငယ်ဘဝဖြစ်စဉ်တွေကို ဒီလောကသားတွေ သိမထားတော့ သူတို့ အမြင်နဲ့ သူတို့ဖန်တီးတဲ့ သတင်းတွေကတစ်ဆင့် ငါ့ကို မာမိတို့ မယုံသလို၊ မာလည်း မယုံခဲ့ဘူးလေ။

ဘာတတ်နိုင်မှာလဲ၊ ငါ့ကံကြမ္မာပဲပေါ့ မာရယ်၊ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



မား မား့ရှေ့မှာ ရှင်းပြခွင့်၊ ဝန်ခံခွင့်မရတဲ့ ငါ့ရင်အုံဟာ မီးလောင် တိုက်တုစ်ခုလို အရှိန်မပြတ် တဟုန်းဟုန်းလောင်ကျွမ်းနေတယ် မား၊ ငါ ဝန်ခံပါရစေမား၊ မား့ကို ငါ့ညီမလေးလိုလည်း ချစ်တယ်၊ ငါ့ရဲ့ချစ်သူလိုလည်း ချစ်တယ်၊ ငါ့ရင်ခွင်မှာ နင်ကလွဲပြီး ဘယ်သူ့ ကိုမှ မထားနိုင်ဘူး မား၊ ဟောဒီလောကကြီးကို တိုင်တည်ပြီး သစ္စာဆိုဝံ့ပါတယ် မား၊ ငါ့ရင်ခွင်ဟာ မား့အတွက်၊ မား တစ်ယောက် တည်းအတွက်ပါ၊ ဒါကြောင့် .မား့နှလုံးသားအတွက် ရည်စူးပြီး ငါကိုယ်တိုင် ပုံသွန်းခဲ့တဲ့ ရင်ထိုးလေးကို မား့ရဲ့ ဘယ်ဘက်ရင်အုံမှာ တပ်ဆင်ပေးခဲ့ပါတယ်ကွယ်။

ဒီရင်ထိုးပုံက မြန်မာအက္ခရာ 'မ' လေ၊ အဲဒီအက္ခရာက ငါး မား၊ ညီမလေးတို့ရဲ့ နာမည်တွေကို ကိုယ်စားပြုတဲ့ အက္ခရာ ငါ၊ မား၊ ညီမလေးတို့ရဲ့ တစ်နေရာစီ ကွဲကွာနေတဲ့ သင်္ကေတပေါ့ မား၊ မာရယ် အကြောင်းကြောင်းကြောင့် ဒီဘဝမှာ ကွဲကွာရမယ့် ကံကြမ္မာ ဖန်လာခဲ့ပေမယ့် ဘဝအဆက်ဆက် ပေါင်းဆုံနိုင်တဲ့ ကံကြမ္မာနဲ့ ရင်ဆိုင်ရပါစေလို့ ငါ ဆုတောင်းပါတယ် မား၊ ငါ အသက်ရှူသံမှရပ်သရွေ့၊ အကြိမ်ကြိမ်ဆုတောင်းနေပါတယ်ကွယ်"

မား့အာရုံမှာ ရိုက်ခတ်နေသည့် ထိုအသံဖျော့ဖျော့သည် တိမ်ဝင်ပျောက်ကွယ်သွားစဉ် မား့တစ်ကိုယ်လုံး နွေးရာမှ အေးလာသည်။ အေးရာမှ တောင့်တင်းလာသည်။ ဒီအသံက ဘယ်နေရာက ပျံ့လွင့်လာတာလဲ၊ ဟိုလွင်ပြင်ကြီးတစ်ခုဆီကလား။ ဒီအသံ မရပ်မနားအောင် မာကြားချင်ပါတယ်။ ဒီအသံရပ်တန့် သွားတော့ မား့ရင်ခွင်မှာ တလှိုက်လှိုက်တုန်လာတယ်၊ ဒီအသံ ဘယ်မှာလဲ၊ ဒီအသံကို ဆုပ်ကိုင်ထားချင်စိတ်ပြင်းထန်လာစဉ် မာ မျက်ဝန်းကို အားယူဖွင့်ကြည့်မိသည်။





"ဟင် မား့အနားမှာ အသံလည်းမရှိ၊ အသံရှင်လည်းမရှိ"

မာ အိပ်မက်မက်နေတာလား။ အိပ်မက်လား၊ အိပ်မက်လို့ မယုံချင်သလို၊ တကယ်ဖြစ်နေတာလို့လည်း မယုံရဲ၊ ဘာကိုမှ မယုံရဲစွာ မာ ဘယ်ဘက်ရင်အုံပေါ် လက်တင်စမ်းလိုက်စဉ်

"ဟင်"

ညဝတ်အင်္ကျီပေါ်မှာ ရင်ထိုးလေး စမ်းမိစဉ် မာ ဆတ်ခနဲ ထလိုက်သည်။ ဟုတ်ပါရဲ့၊ မြန်မာအက္ခရာ 'မ' ပုံစံ ရင်ထိုးလေး၊ ဒါ ဒါဆို မေ့ာ် တကယ်ပြောတာလား၊ တကယ်လား၊ မယုံကြည်ရဲ မယုံကြည်ရဲဘူး၊ ဟင်အင်း။

မာ ခေါင်းတွင်တွင် ခါရမ်းကာ အိပ်ရာပေါ်သို့ မား့ကိုယ်ကို ဝုန်းခနဲ လှဲချလိုက်သည်။ ဒီဖြစ်စဉ်က တကယ်လား၊ မေ့ာ်ဖန်တီးတဲ့ ဗာတ်လမ်းလား။

တကယ်ဆိုရင် မား့ကိုနှိုးပြီးပြောရမှာပေ့ါ၊ အခုလို နှိုးကြောင် နိုးဝှက် ပြောမလား၊ ထိုဇာတ်လမ်းကြောင့် မား့အာရုံဟာ လေမုန်တိုင်း အဖမ္ဘခံရသလို ချာလပတ်လည်လာသည်။ မား့ရင်ခွင် လှိုင်းထန် လာသည်။ သူ့ကို ပြေးပြီး မေးလိုက်ချင်တယ်။

"ဟုတ်ရဲ့လား မေ့ာ်၊ ဟုတ်ရဲ့လား" လို့။

"ဟင်အင်း၊ မမေးဘူး၊ မား့ကိုလိမ်တာ၊ ညာတာ၊ သူဖန်တီးတဲ့ ဇာတ်လမ်းနဲ့ မား့ကို လှည့်ကွက်လာဆင်တာ၊ မယုံဘူး၊ လုံးဝ မယုံဘူး၊ မယုံဘူး"

မာ အာခေါင်အက်မတတ် အားကုန်အော်ဟစ်မိသည်။

"လာမပြောနဲ့၊ နင့်စကားလုံးတွေကို မယုံဘူး၊ မယုံဘူး၊ ငါ မနက်ဖြန်သွားတော့မှာမို့ နင် လာဆွယ်တာ၊ ဟေ့ မေ့ာ် ငါ့ကို မဖြားယောင်းနဲ့၊ မာဟာ အရင်ကမာ မဟုတ်ဘူး သိရဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



မာ မယုံဘူး''

မာ၏ အော်သံနက်ကြီးကြောင့် ဖေဖေနဲ့ မေမေ လန့်ဖျပ်နိုးလာပြီး မာ့အနား စိုးရိမ်တကြီး ရောက်လာကြသည်။

''ဟဲ့ သမီး မာ၊ သမီး''

''မာ ဘာ့ဖြစ်တာလဲ၊ ဘာဖြစ်တာလဲ''

မေမေနဲ့ ဖေဖေ ချော့မော့မေးလာစဉ် မာ ဝမ်းနည်းလာသည်။

''မာ မယုံဘူး ဖေဖေ၊ မော့်ကို မယုံဘူး''

''အိုး သမီးကလည်း၊ ဘာကို မယုံတာလဲ၊ အိပ်မွန်စုံမွားနဲ့ကွယ်၊ အိပ်မက် မက်တာထင်တယ်''

''ယောင်နေတာ ထင်တယ်ကွယ်''

မေမေနဲ့ ဖေဖေ စိတ်သက်သာရအောင်ဆိုကြပေမယ့် မာ့ရင်မှာ မငြိမ်းချမ်းနိုင်။

ဒါ အိပ်မက်မဟုတ်ဘူး၊ တကယ်၊ မာ ယောင်နေတာ မဟုတ်ဘူး၊ တကယ်၊ တကယ်ဆိုတာ မေမေတို့ကို ရှင်းပြဖို့ အားမရှိတော့၊ မာ လည်ချောင်းတွေ ခြောက်သွေ့ကာ ပူလောင်လာသည်။

''သမီးရယ်၊ ညက ဘုရားရှိခိုးပြီး မအိပ်ဘူးထင်တယ်''

ဖေဖေက အိပ်မက်ဆိုးဟု ထင်ဟန်တူစွာ ဆိုလာသည်။

''ကဲ ရော့ သမီး၊ ရေသောက်လိုက်နော်၊ ဒီလောက်အော်နေတာ လည်ချောင်းတွေ ခြောက်နေလိမ့်မယ်၊ ရေသောက်လိုက်နော် သမီး''

မေမေ ချော့မော့၍ ရေဖန်ခွက် ထိုးပေးလာသည်၊ ခြောက်သွေ့နေတဲ့ မာ့လည်ချောင်းထဲ ရေတစ်ဖန်ခွက်ကုန်အောင်





မာ တစ်ရှိန်ထိုး လောင်းချလိုက်မိသည်။

''ကဲ ပြန်အိပ်လိုက် သမီး နော်၊ နက်ဖြန် ဖေဖေတို့ လေဆိပ်ဆင်းကြရမယ်၊ အိပ်ရေးဝအောင် အိပ်နော်''

ဖေဖေ ကြင်ကြင်နာနာ ဆိုကာ မာ့ကို စောင်ခြုံပေး၍ မာ့နဖူးကို ကြင်နာစွာ ပွတ်သပ်ပေးရင်း နှစ်သိမ့်လာသည်။

''သမီး မျက်လုံး အသာလေးမှိတ်ပြီး အိပ်လိုက်နော်''

ဖေဖေ၏ အကြင်နာကြီးမှုကို မာ လျစ်လျူမရှုရက်၊ မာ ဦးခေါင်း အသာညိတ်၍ မျက်လုံးမှိတ်လိုက်သည်။ မာ့လက်တစ်ဘက်က မာ့ရင်အုံပေါ်က ရင်ထိုးလေးကို ဖိကိုင်ထားမိသည်။

မော်ရယ် တကယ်လား။
ဒါမှမဟုတ် နင် ဖန်တီးတဲ့ ဇာတ်လမ်းလား။
မာ သိခွင့်ရချင်လိုက်တာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

မာ နိုးထလာစဉ် မာ့တစ်ကိုယ်လုံး နုံးချည့်ဖျော့တော့နေသည်။ မာ အိပ်ရာထဲသာတဲ့ သက်တမ်းတစ်လျှောက်မှာ ဒီရွှေလောက် ညည်းညူစရာကောင်းတာမျိုး မရှိခဲ့၊ မာရင်မှာ တလှပ်လှပ် တုန်နေသလိုလို၊ မောနေသလိုလို၊ ယောင်တောင်တောင် ဖြစ်နေသလိုလို၊ ဘာခံစားချက်ကိုမှ မိမိရရ ခံစားလို့မရအောင် ထုံဝေနေသည်။ အထူးသဖြင့် 'မ' ရင်ထိုးပုံလေးသည် မာ့နှလုံးသားကို ဆုပ်ကိုင်ထားသလို တင်းကျပ်နေသည်။

''ဟင် သမီးလေး၊ နိုးနေပြီလား၊ နိုးရင် အိပ်ရာပေါ်မှာ ထိုင်မနေနဲ့တော့လေ၊ လာ မနက်စာ စားရအောင်''

ဖေဖေက မာ့ကို ကလေးတစ်ယောက်ကဲ့သို့ အကြင်နာပိုစွာ





ဆိုလာသည်။ တစ်စုံတစ်ရာကို မယုံကြည်နိုင်သည့် မာ့စိတ်သည် လေးလံထိုင်းမှိုင်းနေဆဲ။

''လာလေ သမီး၊ သမီးမေမေက ဖေဖေတို့အတွက် မနက်စာ စားပိုင်းကို အထူးရှယ်ပြင်ထားပေးတယ်၊ ဒီနံနက်စာ စားပိုင်းက ဖေဖေတို့အတွက် သမီးမေမေရဲ့ နှုတ်ဆက်စားပိုင်းလေ၊ ဖေဖေတို့ မိသားစု ပျော်ပျော်ပါးပါး စားရအောင်၊ လာပါ သမီး''

ဖေဖေ အကြင်နာကြီးစွာ ဆိုလာစဉ် မာ ခေါင်းအသာ ညိတ်ပြီး

''မာ မျက်နှာသစ်ပြီး လာခဲ့မယ် ဖေဖေ''

''ကောင်းပြီ၊ ဖေဖေ စောင့်နေမယ်နော်''

မာ့ ဦးခေါင်းကို ချစ်စနိုး လှမ်းပွတ်၍ထွက်သွားသည့် ဖေဖေ့ကို မာ ငြိမ်သက်စွာ ငေးကြည့်နေမိသည်။

ဖေဖေရယ်၊ မာ့ရင်ခွင်မှာ မီးတောက်နေတယ်ဆိုတာ ဖေဖေ မရိပ်မိဘူးလားကွယ်၊ ဟောဒီရင်ထိုးလေးက မာ့ရင်ကို လောင်ကျွမ်းနေစေတယ်လေ၊ ထို့နောက် နံနက်စာစားပိုင်းမှာ ထိုင်၍ ငိုင်တွေနေသည့် မာ၏ အသက်မဝင်မှုက ဖေဖေနဲ့ မေမေ၏ မျက်ဝန်းအစုံကို မှိန်ဖျော့နေစေသည်။ စားပိုင်းမှာ အရင်ဦးဆုံး ထထွက်လာသည့် မာ့ကို မိဘနှစ်ပါး စိတ်မချမ်းမြေ့စွာကြည့်၍ သင်ပြင်းချသည်ကို မာ မမြင်ချင်ယောင်ဆောင်ခဲ့သည်။ အခန်းထဲ တန်းဝင်၍ လူမမာလို ဖျော့တော့စွာ မာ လဲလျောင်းနေမိသည်။ မကြာခင် သူနဲ့ဝေးရာကို ထွက်ခွာသွားရမည့် အသိသည် မာ့ရင်ကို တစ္ဆေတစ်ကောင်အဖြစ် ခြောက်နေတော့သည်။ နှင်းအိ ရောက်လာစဉ်

''နှင်းအိရယ်၊ မာ ဘာကိုယုံကြည်ရမှာလဲ၊ မာ ယုံကြည်သင့်သလား၊ မယုံကြည်ရမလား နှင်းအိရယ်''



www.burmeseclassic.com

www.burmeseclassic.com



မာ ပြလာသည့် ရင်ထိုးလေးကိုကြည့်၍ နှင်းအိ တွေဝေသွားသည်။ မာ့အတွက် စိတ်မကောင်းလည်း ဖြစ်မိသည်။

"ဒါပေမဲ့ မာရယ်၊ မာ့ကို သူ တကယ်ချစ်ခဲ့တယ်၊ တကယ် မြတ်နိုးခဲ့တယ်၊ ပိုင်ဆိုင်ချင်တယ် ဆိုရင် 'လရိပ်'နဲ့ မင်္ဂလာဆောင်မှာကို ချက်ချင်း ပွဲဖျက်လိုက်မှာပေါ့၊ ခုတော့ မင်္ဂလာပွဲက အသင့်ဖြစ်နေပြီလေ"

နှလုံးသားမှာ လိုက်ခနဲ ကြေကွဲသွားသည့် မာ့ကို နှင်းအိ ကြင်နာစွာ ထွေးပွေ့၍

"မာ နင်ငိုချင် ငိုလိုက်ဟာ၊ ဖြစ်စဉ်တစ်ခုလုံးကို အကောင်းဆုံးဖြစ်အောင် အနားသတ်နိုင်ဖို့အတွက် ရင်ထဲရှိသမျှ ဖောက်ထုတ်ပြီး ငိုကြွေးလိုက်စမ်းပါ မာရယ်"

မာ ဦးခေါင်း တရစပ် ရမ်းခါလိုက်ပြီး

"ဟင်အင်း၊၊ ဟင်အင်း၊၊ သူ့အတွက် မာ ငိုရမတဲ့လား၊ မငိုဘူး။ လမ်းခွဲတစ်ခုကို ဖြတ်လျှောက်ဖို့ ငိုကြွေးခြင်းနဲ့ မာ့ရင်ခွင်ကို မညှိုးနွမ်းစေချင်ဘူး။ သူ ကျေနပ်သလို မာ ဘာလို့မကျေနပ်နိုင်ရမှာလဲ၊ သူ ပြုံးပျော်ပြီး မင်္ဂလာပွဲ ထွက်နိုင်သလို၊ မာလည်း ပြုံးပျော်ပြီး သူ့ကို ကြောနိုင်းမထွက်ရဲရမှာလဲ၊ ဘာလို့မထွက်ရဲရမှာလဲ နှင်းအိရယ်၊ မာ ရဲရဲကြီး ထွက်ခွာမှာပါဟာ၊ ထွက်ခွာမှာပါ"

မာ့ မျက်ဝန်းအိမ်မှာ လျှံနေသည့် မျက်ရည်တွေကို မာ စီးကျလာခွင့် မပေးတော့၊ ထိုမျက်ရည်တွေ မာ့ အသည်းနှလုံးထဲ ပြန်ရောက်အောင် သွတ်သွင်း၍ ညှိုးရော်နေသည့် မာမျက်နှာကို တင်းလျက် ခြောက်ခန်းနေသည့် မာ့နှလုံးသားကို စိမ်းလန်းစိုပြည်အောင် အားအင်ဖြည့်သွင်းလိုက်သည်။ ထို့နောက် မာ အလှပြင်သည်။ ဖက်ရှင် လှလှဝတ်၊ အသင့်ပြင်ဆင်ထားသည့်





ခရီးဆောင်အိတ်ကို ဆွဲ၍ အခန်းထဲကထွက်ခဲ့သည်။ နှင်းအိ သက်ပြင်းချကာ မာ၏ လှုပ်ရှားမှုကို ငေးကြည့်နေဆဲ

"ဖေဖေ သွားကြစို့လေ"

မာ့ နှုတ်ဆော်သံကြောင့် ဖေဖေ မျက်ခုံးပင့်ကြည့်သည်။ ဖတ်လက်စ သတင်းစာကို အသာချ၍ နာရီကို လှမ်းကြည့်သည်။ ဖေဖေ မျက်ခုံးတွန့်ကြုတ်၍

"အင်း၊ စောသေးတယ်လေ သမီး"

"စောပစေ ဖေဖေ၊ စောစောပဲ ထွက်ကြတာပေါ့"

"အင်းပါ သမီးရယ်၊ သမီး သဘောအတိုင်းပါပဲ"

ဖေဖေ ချက်ချင်း အဝတ်လဲနေစဉ် ခရီးဆောင်အိတ်တွေကို မာနဲ့ နှင်းအိ ကားပေါ်တင်သည်။

"သက် လိုက်မပို့တော့ဘူး ကို"

ဖေဖေ ကားပေါ်တက်ခါနီး မေမေ ဆိုလာစဉ် မာ အံ့ဩစွာ ငေးကြည့်မိသည်။ ခင်ပွန်းနဲ့ သမီး နိုင်ငံခြားထွက်တော့မှာကို လိုက်မပို့ချင်တဲ့ ဇနီးသည်မျိုး ရှိလိမ့်မည် မထင်၊ ဖေဖေ မျက်ခုံးတွန့်ချိုး၍ စိုက်ကြည့်လိုက်၏။ မေမေ အယူခံဝင်သည့် မျက်နှာပေးနှင့်

"မေ့ဘို မင်္ဂလာပွဲမှာ သက်တို့မိသားစုကိုယ်စား သက် သွားပေးသင့်တယ်လေ၊ သက်တို့ ရှောင်သွားတယ်ဆိုရင် မမစီတို့ စိတ်မကောင်းဖြစ်လိမ့်မယ်၊ နောက်ပြီး နှစ်ပေါင်းများစွာ ခင်မင်လာတဲ့ သက်တို့ ဆက်ဆံရေး တင်းမာသွားမယ်လေ၊ ဒါကြောင့် သက် လိုက်မပို့တာပါကွယ်"

မေမေ လှလှပပ အကြောင်းပြဆိုစဉ် ဖေဖေ ဘာမှမကျေ မဖြစ်တော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



''အေးပါကွာ၊ မမစီတို့ကို နှုတ်ဆက်တဲ့အကြောင်း ပြောလိုက်ပါ၊ ကိုရောက်တော့ ကို ဖုန်းဆက်လိုက်မယ်ကွာ''

ဖေဖေ က မေမေ့ သဘောကို နားလည်သွားဟန် တူသည်။ ခပ်ဖျော့ဖျော့ဆိုစဉ် မှာ နှုတ်ခမ်းစူလိုက်သည်။

''မေမေက မာနဲ့ ဖေဖေထက် မေ့ကို ပိုချစ်တယ်ဆိုတာ သက်သေပြလိုက်တာပဲ၊ ရပါတယ်၊ မှာ့ဘဝမှာ ဖေဖေ ရှိပါတယ်လေ၊ မာ ကျေနပ်ပါတယ်''

''အို သမီးထင်သလို မဟုတ်ပါဘူးကွယ်။ မေမေတို့ လူကြီးတွေဆိုတာ သမီးတို့ ကလေးတွေလို ဖွတ်လုပ်လို့ မရဘူးလေ၊ ဖြစ်သင့်တာကို ဦးစားပေးရတယ်ကွယ်။ မေ့ မင်္ဂလာဆောင်ပြီးရင် မမစီတို့ကို နှုတ်ဆက်ပြီး မေမေ သမီးဆီ လိုက်လာမှာပါနော်၊ ဟိုမှာ မေမေတို့ မိသားစု အေးအေးချမ်းချမ်းနေကြတာပေါ့ကွယ် နော် သမီး''

မာ့ ဆံပင်လေးကို ပွတ်သပ်၍ ချော့မော့လာသည့် မေမေ့ စကားလုံးတွေအပေါ် မာ မပျော်ဝင်ပါ။ မာ့ နှုတ်ခမ်းပါး စူမြဲအတိုင်း စူထားတော့ မာ့ လက်ဖဝါးလေးကို ဖေဖေ ဖျစ်ညှစ်ကိုင်လိုက်ပြီး

''သမီးရယ်၊ ဖေဖေတစ်ယောက်လုံး သမီးအနားမှာ ရှိပါတယ်၊ အားမငယ်နဲ့နော် နော် သမီး''

မာ့ ဆံပင်များကို ထိုးဖွ၍ ချစ်စနိုးဆိုလာသည့် ဖေဖေ့ စကားကြောင့် မာ့နှုတ်ခမ်းပါးတွေ ပြေလျော့သွားသည်။

''ဒါကြောင့် မာ့က မေမေ့ထက် ဖေဖေ့ကို ချစ်တာ''

လို့ မေမေ့ကို တစ်ခွန်းဆိုလိုက်မိသေးသည်။ မေမေက မျက်နှာနွမ်းနွမ်းလေးနှင့် မာ့ကို စိုက်ကြည့်လာတော့ မာ စိတ်မကောင်း ဖြစ်ရသည်။





''ကဲ ကိုတို့ သွားမယ်''

ဖေဖေ နှုတ်ဆက်တော့ မေမေ့နှုတ်ခမ်းပါးပေါ် အပြုံးလေး ပွင့်လာသည်။ ထို့နောက် နှင်းအိနှင့် မေမေ့ကို မာ လက်ပြ နှုတ်ဆက်လိုက်သည်။ ဖေဖေ့ရင်ခွင်ဟာ မာ့အတွက် အေးချမ်းဆုံး ပါပဲ မေ့ရယ်။ နင့် အတွေ့တွေအောက်တ ငါ စတင် ထွက်ခွာနေပြီလေ၊ နင် သတိရကြည့်နေမယ်ဆိုရင် ငါ ဝမ်းမနည်းဘူး သိရဲ့လား။

ထွက်ခွာသွားသည့် မာတို့ကား သူ့ အာရုံထဲက ပျောက်ကွယ်သွားစဉ် သူ့ရင်ခွင် မွှင့်ထွက်လောက်အောင် အော်ငို မိတော့သည်။

''မာရယ်၊ ငါ့ကို မယုံတော့ဘူးလား ဟင်၊ ငါ့နှလုံးသား ခံစားချက်တွေကို မာ မယုံနိုင်တာ ငါဘယ်လို ဖြေသိမ့်ရမလဲ မာရယ်၊ ဘယ်လိုဖြေသိမ့်ရမလဲ''

သူ့ရင်ခွင်မှ လှိုင်းထနေသည့် ဝေဒနာတွေက အရူးတစ်ယောက်လို ဆောက်တည်ရာမရ ဖြစ်စေတော့၏။ သူ ဦးခေါင်းကို နံရံနှင့် ပြေးဆောင့်ပစ်လိုက်သည်အထိ သူ ရူးသွပ် သွားတော့၏။

''ဟာ မေ့၊ မလုပ်နဲ့၊ မင်း အဲဒီလို မလုပ်နဲ့ကွာ''

သူနှင့် အန်းကပ်ရှိနေသည့် ကိုတာကြီး စိုးရိမ်တကြီး ဆို၍ သူ့ကို အတင်းချုပ်ထားစဉ်

''ငါ့ကို လွှတ်ပါကွာ၊ ငါ့ရင်ခွင် ပြိုကျသွားပြီကွ၊ ငါ့ကောင်းကင်ကြီး မရှိတော့ဘူးကွ၊ ငါ ရပ်တည်လို့ မနိုင်တော့ဘူး ငါ့နှလုံးသား တစ်စစီ လွင့်စင်သွားပြီ တာကြီးရာ၊ ငါ မာ့ကို

www.burmeseclassic.com



ချစ်တဲ့စိတ်နဲ့ ပေါက်ကွဲပါရစေ၊ ပေါက်ကွဲနေပါရစေကွာ''

သူ အတင်းရုန်းကန်၍သူ့ရဲ့ရှုံ့သွပ်မှုတွေကို အကောင်အထည်ဖော်ဖို့ ကြိုးစားနေမိ၏။ ကိုတာကြီး အတင်းအကျပ် ဆွဲချုပ်၍ ခုတင်ပေါ်သို့ သူ့ကို လှဲချလိုက်သည်။ နံရံနှင့်ဦးခေါင်း ဆောင့်ထားသည့်ဒဏ်ကြောင့် သူ့နဖူးမှ ဖြာကျလာသည့် သွေးရဲရဲကို ကိုတာကြီး ဖွတ်သုတ်ဖို့ ကြိုးစားလာသည်။

''မသုတ်ပါနဲ့ တာကြီးရာ၊ ငါ့နှလုံးသားက သွေးတွေ ခန်းသွားပါစေတော့၊ ထွက်ပါစေတော့''

သူ့ကို ကိုတာကြီး စာနာစွာ ငုံ့ကြည့်ပြီး

''မော်ရာ မင်း မာ့နောက်လိုက်သွားချင်လား။ ကိုယ် စီစဉ်ပေးမယ်ကွာ''

''မဖြစ်ဘူး တာကြီးရာ၊ ငါ့ကို မာ မမြင်ချင်လို့ ကျောခိုင်းသွားတာ၊ ငါလိုက်သွားလို့ ငါ့မျက်နှာမြင်ရရင် မာ ဒီထက်ပိုပြီး မုန်းတီးသွားလိမ့်မယ်ဟာ၊ မာ မုန်းတီးလိမ့်မယ်ကွ''

သူ့ခေါင်းရင်းမှာ ချိတ်ဆွဲထားသည့် မာ့ဓာတ်ပုံပေါ် ဦးခေါင်းချ၍ သူ့ရင်ခုန်သံ ရပ်တန့်သွားအောင် ငိုကြွေးမိတော့သည်။

မာရေ၊ မာ့ကို ငါ နှလုံးသားနဲ့ ထပ်တူချစ်ရပါတယ်၊ ငါ့ရင်ခွင်တံခါး ဖွင့်ထားလျက်ပါကွယ်၊ တစိမ့်စိမ့်ယိုကျလာသည့် သူ့နဖူးထက်မှ သွေးတွေက သူ့ခံစားမှုအားလုံးကို ဆုပ်ကိုင်ဖျစ်ညှစ်ထားတော့၏။

မာရေ၊ ငါ့ရင်ခုန်သံကို အသိမှတ်ပြုပါကွယ်။

✿ ✿ ✿



## အခန်း (၂၉)

''မာ''

''ဟိုင်း မာလေး''

ဖေဖေနဲ့ မာ ပြည်ပထွက်ခွာ အခန်းထဲ လှမ်းဝင်စဉ်၊ ရုတ်တရက် ပေါ်လာသည့် ခေါ်သံကြောင့် မာ လှည့်ကြည့်မိသည်။

ကင်းနဲ့ ဒိုက် ဟိဂျား။

ဖေဖေလည်း မာနဲ့ အတူ လှည့်ကြည့်ပြီး

''သမီးကို လာနှုတ်ဆက်တာ ထင်တယ်၊ သမီး သွားနှုတ်ဆက်လိုက်ပါကွယ်''

ဖေဖေဆိုတာကြောင့် မာ့ခြေလှမ်း နောက်ဆုတ်၍ ကင်းတို့ထံ ခြေလှမ်းမိသည်။ ကင်းတို့နှစ်ယောက် ညီညွတ်မှုရပြီးနေသည်ပုံ၊

ဗျူးစာပေ

www.burmeseclassic.com

www.burmeseclassic.com



မှာကို တညီတညွတ် နှုတ်ဆက်ဖို့လာတာလား။ သူတို့ နှုတ်ဆက်ခြင်းကို မာ အသိအမှတ်ပြုရမှာပေါ့။

''မာလေးရယ်၊ ဒီကောင်တွေ မိမှမိပါ့မလားလို့၊ စိုးရိမ်တကြီး ပြေးလာခဲ့ရတာ''

ဒိုက် ခပ်သွက်သွက်ဆိုစဉ်၊ ကင်း ဦးခေါင်းဆတ်ပြီး

''ဟုတ်တယ်မာ၊ မာ့ရင်ခွင်အတွက် ကျွန်တော် အရမ်းစိုးရိမ်တာပဲ''

''ဘာ စိုးရိမ်တာလည်းဟာ''

''မာ့ရင်ခွင် အတွက်ပေါ့ မာ''

ကင်း အလေးအနက်ဆိုစဉ်၊ မာ့ရင်မှာ လှိုက်ခနဲ ဆောင့်ခုန်လျက်

''မာ့ရင်ခွင် အတွက်''

''ဟုတ်တယ် မာ''

ဒိုက် လွှတ်ခနဲဆိုစဉ် မာ မှိန်ဖျော့ဖျော့ပြုံးမိပြီး

''အဲဒီအတွက်ဆိုရင် စိုးရိမ်မနေပါနဲ့ဟာ။ မာ့ရင်ခွင်ကို မာ နှစ်သိမ့်တတ်နေပါပြီကွယ့်၊ အခုလို စိုးရိမ်တတ်ကြောင်း၊ တကူးတက လာပြော်တဲ့အတွက် ကျေးဇူးတင်ပါတယ်''

''အို မာ၊ မာကျေးဇူးတင်တာကို ခံချင်လို့ ဒီကောင် ပြေးလာတာ မဟုတ်ဘူး''

''ဟုတ်တယ် မာ၊ ဒိုက် ပြောသလိုပဲ၊ ကျွန်တော် ရောက်လာတာ အဲဒီထက် လေးနက်တယ်ဆိုတာ ယုံပါ''

ကင်း လေးနက်စွာဆိုလာသည်။ ကင်း စကားလုံးများက ဘယ်တုန်းကမှ အပိုအသာ မဟုတ်ခဲ့ဆိုတာ မာ သိပြီးဖြစ်သော ကြောင့် မာ ဓွေဝေသွားပြီး





''ဒါဆို''

''ဟုတ်တယ် မာ၊ ဒီကောင် ရှင်းပြမယ်၊ ဒီကောင် ရှင်းပြမယ်''

ဒိုက် စတိုင်ကြွကြွနှင့် မာ့ရှေ့ တိုးဝင်လာပြီး

''ဟော့ မာ၊ ရင်ခွင်ဆိုတာ ချစ်သူတစ်ယောက်ရမယ့် နေရာတစ်ခုပါ မာ။ ဒီကောင်တွေ ရင်ခွင်ထဲကို မာ ရင်မခုန်တာကြောင့် မာ မဝင်ရောက်တာကို ဒီကောင်တွေ ဖြေသိမ့်နိုင်ခဲ့တယ် မာ၊ ပိုပြီးဖြေသိမ့်နိုင်အောင် မာ့ရင်ခွင်ထဲ ဝင်ရောက်ခွင့်ရမယ့်ချစ်သူဟာ ဘယ်သူဖြစ်မလဲဆိုတာ ဒီကောင်တွေ စူးစမ်းခဲ့ကြတယ်''

''ဟုတ်တယ် မာ၊ ကျွန်တော်နဲ့ ဒိုက် ပူးပေါင်းပြီး စူးစမ်းခဲ့တယ်''

ကင်း ထောက်ခံစဉ် မာ့ အာရုံတစ်ခုလုံး ငေးမောသွားစေသည်။ ဒိုက်က ဒိုက်တို့ရဲ့ စူးစမ်းချက်ကို မာ လက်ခံအောင် တရစပ်ဆိုသည်က

''မာ့ရင်ခွင်နဲ့ မော့်ရင်ခွင်က ချစ်သူဟာ ဘယ်သူလဲ ဆိုတာ ဒီကောင်တွေ ဘွင်းဘွင်းကြီး သိခဲ့ရတယ်၊ သိခဲ့ရတယ်ဆိုရင် မာယုံမလား။ ယုံမလား''

''မာ ဘာကိုမှ မယုံချင်ဘူး ဒိုက်ရယ်၊ မာ ဘာကိုမှယုံဖို့ ဖိအားမပေးပါနဲ့တော့နော် ဒိုက်''

မာ အေးစက်စက်ဆိုလိုက်စဉ်၊ ဒိုက် လက်ချောင်းလေးများ နှင့် ဒိုက် နသယ်စပ်နှစ်ဖက်ကို ပွတ်သပ်ဟန်ရေးပြပြီး

''ဖိအားပေးတယ်ဆိုတာ ကာယကံရှင်ရဲ့ ဆန္ဒကို အတင်းအကျပ်အရောင်ဆိုးပေးတာ၊ ဟော့ မာ၊ ဒီကောင်က ဘယ်သူ့ဆန္ဒ ကိုမှ အတင်းအကျပ်အရောင်ဆိုးမပေးဘူး။ အဖြူဟာ အဖြူပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရမယ်၊ အနီဟာ အနီ၊ ပန်းရောင်က ပန်းရောင်၊ ရင်ခုန်သံက ရင်ခုန်သံ၊ ချစ်ခြင်းက ချစ်ခြင်း၊ ရင်ခွင်က ရင်ခွင်ပဲလေ၊ ဒါကြောင့် မှာ့ကို အရှင်းလင်းဆုံး မေးခွန်းတစ်ခု မေးလိုက်မယ်၊ မှာ ဖြေပါ၊ ဖြေပါ''

မှာ့ ရင်ခွင်ကို လက်ညှိုးကလေးညွှန်၍ ဆိုလာစဉ်၊ မှာ လက်ကိုင်အိတ်ကို တင်းကျပ်စွာ ဆုပ်ကိုင်မိပြီး

''ဘာမေးမှာလဲ''

''အလွယ်ကူဆုံး မေးခွန်းပါ၊ ဟော့ ကင်း၊ အဲဒီမေးခွန်းကို မင်း မေးပေးစမ်း၊ မေးပေးစမ်း''

ဒိုက်က ကင်းဘက် ဆိုခွင့်ပေးစဉ် ကင်း ဦးခေါင်း အသာဆတ်၍ အတည်ငြိမ်ဆုံး၊ အပြတ်သားဆုံးနဲ့ အလေးနက်ဆုံး မေးသည်က

''မှော့် သတို့သမီးဟာ ဘယ်သူလို့ထင်သလဲ''

မှာ့ မျက်နှာ တင်းခနဲ မာသွားသည်။ မှာ့ မျက်လုံး မီးခဲလို ရဲရဲတောက်လျှက် မှာ့တစ်ကိုယ်လုံး တောင့်တင်းလာသည်။ ခဲပုတ်မရောင်ဆိုးထားသည့် မှာ့နှုတ်ခမ်းပါး တဆတ်ဆတ်လှုပ်လာပြီး

''ဘယ်သူရမလဲ၊ 'လရိပ်ရိပ်' ပေါ့''

''ဟော့ မှာ၊ မှာ့ Answer က အက်ဖ်အေအယ်လ် အက်စ်အီး False, False မှားတယ်၊ လုံးဝမှားတယ်၊ အဲဒီ question ရဲ့ Answer က ဟောဒီမှာ ကြည့်၊ ကြည့် နှလုံးသားနဲ့ ကြည့်''

ဒိုက်က ရင်ခွင်ကြားထဲက ဖိတ်စာတစ်စောင်ကို ဖျပ်ခနဲ ဆွဲထုတ်၍ မှာ့ရှေ့မှာ ဖြန့်ပြသည်။ ငွေရောင်စာလုံး လင်းကြွကြွကို မှာ့နှလုံးသားမှာ အကြိမ်ကြိမ် ရွတ်နေမိသည်။





''မော်ဒယ် သရုပ်ဆောင် အဆိုတော် မှော် (B.A. English)

နှင့်

ကုမာရ ( B.A. English)

တို့၏

မင်္ဂလာဧည့်ခံပွဲ '' - တဲ့။

''ယုံပြီလား မှာ၊ ယုံပြီလား''

ကင်း ထပ်ဆင့်မေးလာစဉ်၊ မှာ ဖျပ်ခနဲ အသိဝင်လာသည်။ ထိုအခါ မှာ အာရုံတစ်ခုလုံး ဆူပွက်လာပြီး

''ဟင်အင်း၊ မယုံဘူး၊ မယုံဘူး''

'မှော်' နဲ့ 'လရိပ်ရိပ်' ၏ လက်တွဲချိတ်၍ လည်ပတ်ခဲ့သည့်ပုံရိပ်သည် မှာ့အာရုံမှာ အထပ်ထပ် ထင်လာသည်။

''ဒါ လုပ်ကြံမှု''

''ဘာကို လုပ်ကြံတယ် ထင်လို့လဲ မှာ''

''ဒီဖိတ်စာ တစ်စောင်ရိုက်ပြီး မှာ့ကို ယုံသွားအောင် လှည့်စားတာ၊ လှည့်စားတာ''

မှာ လွှင့်စင်မတတ် ဆိုလိုက်စဉ်၊ ဒိုက် ခန္ဓာ တစ်ပတ် လည်သွားပြီး

''ဟ ဟော့ မှာ၊ မှာ လှည့်စားတယ်လို့ထင်ရအောင် ဒီဖိတ်စာကို မှော်က ဒီကောင်နဲ့ ကင်းကို ပေးခဲ့တာမှမဟုတ်တာ၊ ဒီနှစ်ကောင်ကို မှော် ဖိတ်ခဲ့တာမဟုတ်ဘူး''

''ဟုတ်တယ် မှာ၊ ကျွန်တော်တို့ကို မှော် မဖိတ်ခဲ့ဘူး''

''မှော်တို့လောကထဲ ပြန့်ကျဲနေတဲ့ ဒီဖိတ်စာကို ဒီကောင် တွေ့လို့ သိခွင့်ရတာ မှာ၊ ဒါ လှည့်စားမှု၊ လုပ်ကြံမှု ဖြစ်နိုင်ပါ့



www.burmeseclassic.com

www.burmeseclassic.com



မလား၊ မာ''

''ဖြစ်နိုင် မဖြစ်နိုင်ဆိုတာ မာ မဆုံးဖြတ်တတ်ပေမယ့် မော်နဲ့ လရိပ်ရိပ် ကို မာ့မျက်လုံးနဲ့ တပ်အပ်မြင်ခဲ့တယ်၊ တပ်အပ်မြင်ခဲ့တယ်''

''ဟုတ်တယ်၊ ဒီကောင်လည်း မြင်ခဲ့တယ်၊ ဒါကြောင့် က ကနေ အ အထိ၊ A to Z အထိ သိရအောင် ဒီကောင် မွှေနှောက်လိုက်တယ်၊ 'လရိပ်'က မော့်ကို ဖျောင်းဖျနစ်သိမ့်ပေးရင်း တွဲခဲ့တာ၊ မာ့အတွက် ချူပ်ထားတဲ့ သတို့သမီး ဝတ်စုံလေးကို မော် အလွမ်းပြေသွားကြည့်လို့ 'လရိပ်' အ·ဒဖာ်လိုက်ပေးခဲ့တာ၊ ပိုရှင်းအောင် ပြောလိုက်မယ်၊ 'လရိပ်ရိပ်'မှာ ယောက်ျားနဲ့ ကလေးနဲ့''

''ဟင်''

ဒိုက် ဝေါခနဲ ဆိုလိုက်စဉ်၊ မာ တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ကာ မွေးညှင်းလေးများ ထောင်ကြွလာသည်။

''ဟုတ်ရဲ့လား၊ ဒိုက် ပြောနေတာ ဟုတ်ရဲ့လား''

''ဒီကောင် ပြောတာကို ယုံပါ မာလေးရယ်၊ ဒီကောင့် ရင်ခွင်မှာ မာလေးဟာ ချစ်သူ၊ မာလေးရင်ခွင်မှာ မော်ဟာ ချစ်သူ၊ မော့်ရင်ခွင်မှစ မာလေးက ချစ်သူ၊ ကင်းရင်ခွင်မှာ မာလေးက ချစ်သူ၊ အဲဒီအတွက် ဒီကောင်နဲ့ကင်း မာ့ရင်ခွင်အတွက် သတင်း ထောက်လှမ်းခဲ့တာ၊ ဒီသတင်းကို မာသိရအောင် အပြေးအလွှား လာပြောရတာ''

''ဟုတ်တယ် မာ၊ မာ့ရင်ခွင် ငြိမ်းချမ်းစေချင်တယ်၊ ဒါကြောင့်ပါနော်၊ မာ ယုံလိုက်ပါ''

ဒိုက်နဲ့ကင်း၏ အယူခံဝင်ခွင့်ကို မာ လက်ခံပြီး သူဆိုပြေးရမတဲ့လား။ ဟင်အင်း ၊ ဟင့်အင်း။





''ကင်းတို့သတင်း အမှန်ဆိုရင် မာ့ရှေ့ကို မော် ရောက်ရမယ်လေ၊ ဒီအချိန်ဟာ မော် မင်္ဂလာပွဲထွက်တဲ့အချိန်၊ မင်္ဂလာပွဲထွက်တဲ့အချိန်မှာ သတို့သမီးက မော့်အနားမှာ ရှိရမယ်၊ မော့်အနားမှာ မာ ရှိအောင် မော် မဖန်တီးတာက မော့်အနားမှာ သတို့သမီး ရှိနေလို့လေ၊ မဟုတ်ဘူးလား''

မာ တွေးတွေးဆဆ ဆိုလိုက်စဉ် ကင်းနဲ့ဒိုက် စောဒက မတက်နိုင်လောက်အောင် တွေဝေသွားသည်။ မာ ပြောသလို ဟုတ်နေရင်ကော၊ ကင်း ဆက်မတွေးရဲတော့။

''ကင်းတို့ ပြောသလို လရိပ်ရိပ်က ယောက်ျားနဲ့ ကလေးနဲ့ ဆိုရင်တောင် မော့်သတို့သမီးက မာနဲ့ နာမည်တူတဲ့ မိန်းကလေး တစ်ယောက် မဖြစ်နိုင်ဘူးလား၊ မဖြစ်နိုင်ဘူးလား''

မာ့ နှလုံးသားမှာ နောက်ထပ်ပေါ်ထွက်လာတဲ့ မာ့မေးခွန်းကြောင့် ဒိုက်မျက်ဝန်းက မြွေသေတစ်ကောင်လို ငြိမ်သက်သွားပြီး၊ ကင်းက ကျောက်ရုပ်လို မျက်လုံးပြူး၍ ငြိမ်သက်နေဆဲ မာ့နှုတ်ခမ်းလွှာလေး ဟဟ ဖွင့်ကာ

''ဒါကြောင့် မာ မယုံဘူး၊ မယုံဘူး ဖေဖေ၊ မာ မယုံဘူး''

မာ့ အနားရောက်လာသည့် ဖေဖေ့ရင်ခွင်မှာ ခေါင်းချ ငိုကြွေးရင်း မာ တရစပ် ဆိုမိသည်။ ပြည်ပထွက်ခွာမည့် ခရီးသည်များကို ဖိတ်ခေါ်သံ ပေါ်လာစဉ်၊ မာ့ရင်ခွင်မှ ရုန်းပွင့်ထွက်လာသည့် ခံစားမှုတစ်စုံတစ်ရာအတွက် မာ ယတိပြတ် ဆုံးဖြတ်လိုက်တော့သည်။

မော်ရေ၊ နင့်ရင်ခွင်နဲ့ မာ့ရင်ခွင်အတွက် ချစ်သူဆို ခံစားချက်ညီမျှခြင်းချနိုင်မယ့် ကံကြမ္မာ ပါပါရဲ့လားကွယ်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

မှော့် မင်္ဂလာပွဲက စည်ကားလှသည်။ သူတို့ အနုပညာလောကသားတွေ၊ မိတ်ဆွေ၊ ဆွေမျိုး၊ အသိုင်းအဝိုင်း အားလုံး စုံစုံညီညီတက်ရောက်ကြသည်။ ထူးခြားမှုတစ်ခုက မှော့်မင်္ဂလာပွဲသည် သတို့သားမှော်ကလွဲ၍ သတို့သမီးကို မမြင်ရတော့ ဧည့်ခံပွဲရောက်ရှိလာသူတွေ တစ်ယောက်တစ်ပေါက်ဆိုခြင်းဖြင့် ဆူညံနေကြသည်။ အထူးသဖြင့် မှော်တို့ မင်္ဂလာဆောင်ကို သတင်းရယူလိုတဲ့ စာနယ်ဇင်းသမားတွေ ပို၍ ဆူပွက်လာသည်။

"မှော် သတို့သမီးကို ဖွက်ထားတာလား။ ဖွက်ထားရင် ပွဲထုတ်ပါတော့ဗျာ၊ ပရိသတ်တွေ တောင်းဆိုနေပြီ" လို့ တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး တောင်းဆိုလာသည်။





"ကမ္ဘာတစ်ခွင်က မင်္ဂလာပွဲအားလုံးထက် ထူးခြားသွားအောင် စတိုင်ထွင်လိုက်တဲ့ မင်္ဂလာပွဲလား"

"သတို့သမီးမပါဘဲ မင်္ဂလာပွဲဖြစ်အောင် ဖန်တီးတာတော့ အံ့ဩဖို့ကောင်းတယ်၊ ဒါပေမဲ့ သတို့သမီးမပါတဲ့ပွဲက သတို့သားရင်ကို မီးပွင့်နေစေမယ်၊ စိတ်မချမ်းမသာဖြစ်နေမယ်လေ"

"သတို့သမီးကို ပွဲထုတ်ပါ"

တောင်းဆိုသံတွေ ဆူညံလာစဉ် မှော် မတ်တပ်ရပ်လိုက်သည်။ မှော့်ကို ဧည့်ပရိသတ်အားလုံး အံ့ဩငေးမောစွာ ကြည့်ကြသည်။ မှော် ဘာပြောမလဲဆိုတာ စိတ်ဝင်တစား နားစွင့်ကြသည်။ မှော့်နှလုံးသားမှာ အားအင်ဖြည့်တင်းထားသော ရင်ခွင်တံခါးကို မှော်ကိုယ်တိုင် ဖွင့်လိုက်သည်။

"ကျွန်တော့် မင်္ဂလာဧည့်ခံပွဲကို တက်ရောက်အားပေးကြတဲ့ အနုပညာလောကသားတွေ၊ မိတ်ဆွေသူငယ်ချင်း၊ ဆွေမျိုးများနဲ့ ကျွန်တော့် ပရိသတ်အားလုံးကို ကျွန်တော်မေတ္တာရပ်ခံချင်ပါတယ်။

ဧည့်ပရိသတ်တွေ တောင်းဆိုနေတဲ့ ကျွန်တော့်သတို့သမီးဟာ ကျွန်တော့်ရင်ခွင်၊ ကျွန်တော့်နှလုံးသားက စစ်မှန်တဲ့ချစ်ခြင်းကို ပိုင်ဆိုင်ထားတဲ့ ကျွန်တော့်ချစ်သူ ကုမာရ ပါ၊ ခုချိန်မှာ မာ ဟာ ကျွန်တော်နဲ့ ဒွေးရာဆီ ထွက်သွားပါပြီ"

"ဟင်"

ပရိသတ်တွေအားလုံး မျက်လုံးပြူးကာ ငြိမ်သက်သွားဗြီ မှော်ရဲ့ ကြေကွဲလိုက်တုန်နေသည့် နှုတ်ခမ်းလွှာလေးကို ငေးကြည့်ကြသည်။

"ဒါပေမဲ့ ပရိသတ်ကြီးရယ်၊ အကြောင်းကြောင်းကြောင့်မှာ ကျွန်တော့်ကို မယုံကြည်လို့ ပြေးထွက်သွားပေမယ့် ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



ရင်ခွင်မှာ မာ ရှိနေဆဲ၊ မာ ယင်ကျန်နေဆဲပါ၊ မာ မရှိတာသိလျက် မာ ရှိနေသလို ကျွန်တော် ခံစားရပါတယ်၊ မာနဲ့ ညှော်ခံပွဲထွက်နေသလို ကြည်နူးရပါတယ်၊ မာ ကျွန်တော့်လက်ကို တွဲထားသလို ပီတိဖြစ်ရပါတယ်။

ဒါကြောင့် ပရိသတ်အနေနဲ့ ကျွန်တော့်ခံစားချက်ကို အားဖြည့်ခံစားပေးပါ၊ ဖြည့်စွက်ခံစားပေးပါ၊ ကျွန်တော့်အပါးမှာ မာ ထပ်ကြပ်မကွာ ရှိနေသလို မြင်ယောင်ပေးပါ၊ ကျွန်တော့်လက်ကို မာ တွဲချိတ်ပြီး ပြုံးပြုံးရွှင်ရွှင် ညှော်ခံနေတယ်လို့ အစားထိုး မြင်ယောင်ပေးပါ၊ ကျွန်တော့်သတို့သမီးကို ကျွန်တော့်အပါးမှာ ရှိနေတယ်လို့ ခံစားပေးကြပါ''

သူ၏ ကြေညာချက်ကြောင့် ပရိသတ်တွေ အံ့သြကာ မျက်တောင်မခတ်တမ်း စိုက်ကြည့်ကြသည်။ တချို့ ကရုဏာသက်စွာ၊ သနားစွာ၊ စာနာစွာ၊ ထူးဆန်းစွာသော မျက်ဝန်းအစုံဖြင့် ငေးမောကြည့်ကြသည်။ အတန်ကြာသည်၊ မင်္ဂလာပွဲက တိတ်ဆိတ်သွားတော့သည်။

ညှော်ပရိသတ်တွေကို' သူ ပြုံးပြုံးရွှင်ရွှင် နှုတ်ဆက်သည်ကို ညှော်ပရိသတ်တွေ စိတ်မကောင်းစွာ အသိမှတ်ပြုကြသည်။ တချို့ မျက်ရည်လည်လည် ကြည့်ကြသည်။ တချို့က 'သူရူးသွားသလား' လို့ စူးစမ်းကြသည်။

သူ မရူးပါ၊ ချစ်သူနဲ့ လက်ထပ်ခွင့်ရသလို သူပျော်နေမိသည်။ သူ့ရင်ခွင်မှာ မပျောက်ပျက်နိုင်သည့် မာ့ပုံရိပ် ရှိတယ်လေ၊ ဒါကြောင့် ငါ ကြည်နူးတယ်၊ ပီတိဖြစ်ရတယ် မာ၊ မာနဲ့အတူ မင်္ဂလာညှော်ခံပွဲ ကျင်းပရသလို့ ငါ ရင်ခုန်နေတယ် မာ။

ထိုစဉ် သတင်းသမားတစ်ယောက် သူ့အပါးရောက်လာပြီး





''ခုချိန်မှာ သတို့သား အမြင်ချင်ဆုံးအရာက ဘာလဲ သိချင်ပါတယ်''

သူ့ကို အင်တာဗျူးသလိုလို မေးခွန်းထုတ်လာသည်။ ပရိသတ်တွေလည်း၊

''ဟုတ်တယ်၊ ဖြေပါ၊ မှော် အမြင်ချင်ဆုံးက ဘာလဲ၊ ဖြေပါ''

လို့ ဆူညံသွားသည်အထိ တောင်းဆိုကြသည်။ သူတို့ တောင်းဆိုမှုတွေနဲ့ တစ်ထပ်တည်းကျအောင် သူ့နှလုံးသားခံစားချက်ကို ဖွင့်ဟကြေညာလိုက်ရမှာပေါ့၊ ဟုတ်တယ်၊ ငါ့နှလုံးသားက အမြင်ချင်ဆုံး ပုံရိပ်လေးကို ငါ ကြေညာရမယ် မာရယ်။

''ယုံကြည်မှုရှိတဲ့ ချစ်ခြင်းတွေပွေ့ပိုက်ပြီး ကျွန်တော့် ရင်ခွင်ထဲ ပြေးဝင်လာမယ့် ချစ်သူကိုပေါ့''

သူ လှိုက်လှိုက်လှဲလှဲ ဆိုစဉ်

''အိုကေ''

သတင်းသမား လက်ဖြောင့်တစ်ချက်တီးပြီး

''အဲဒါဆို ဟိုမှာရပ်နေတာ ဘယ်သူလဲ၊ ကြည့်လိုက်ပါ မှော်''

သတင်းသမားညွှန်ရာကို ကြည့်လိုက်စဉ်

''ဟင်''

သူ့မျက်ဝန်းကို သူမယုံနိုင်လောက်အောင် ပြောင်းဆန်သွားတော့သည်။ မင်္ဂလာညှော်ခံပွဲခန်းမရှေ့မှာ ရပ်နေတဲ့ သတို့သမီးလေး၊

အဖြူရောင် ဂါဝန်ပွပွလေး ဝတ်ဆင်ထားတဲ့ မင်းသမီးလေး၊ ထိုသတို့သမီးလေးက သူ့ချစ်သူ မာ၊ မာ။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ရဲ့လား"

သူ့နှလုံးသားမှာ လှိုင်းထန်သွားသည်။

ဟုတ်ရဲ့လား၊ ဟုတ်ရဲ့လား ကံကြမ္မာရယ်။

"မာ၊ မာရေ"

ဝမ်းမြောက်မြူးတူးသည့် နှလုံးသားမှတစ်ဆင့် ယိုဖိတ်ကျလာသည့် သူ့မျက်ရည်တွေ တဖျတ်ဖျတ်လက်လာသည်။ ထိုမျက်ရည်တွေက သူ့ရင်ခွင်မှ ချစ်ခြင်းအဖြစ် သကော်တပြုံး စီးဆင်းလာတာဆိုရင် ထိုမျက်ရည်စတွေကို သူ မသုတ်ရက်တော့ပြီ။

"မာရယ်"

ခုချိန်မှာ သူ့အာရုံ၊ သူ့ရင်ခွင်၊ သူ့နှလုံးသားမှာ 'မာ' သာကြီးစိုးနေတော့သည်။

သူ့မျက်ဝန်းမှာ မာ၊

သူ့အာရုံမှာ မာ၊

သူ့အသိမှာ မာ၊

သူ့ရင်ခုန်သံက မာ၊

ထိုနောက် သူ မာ့ဆီသို့ သူ့ရင်ခုန်သံတွေ ပြေးသွားမိသည်။ သူ့ရင်ခွင်ထဲ ခေါင်းတိုးဝင်လာသည့် မာ့ ရင်ခုန်သံကို သူ နားသောတဆင်မိသည်။

"မာရယ်၊ မာ့ကို သိပ်ချစ်ရတယ်ကွယ်၊ ငါ့အချစ်ကို ယုံတဲ့အတွက် ငါ အရမ်း၊ အရမ်းဝမ်းသာတယ်ဟာ"

သူ ဘာတွေရွတ်လို့ ရွတ်နေမှန်း မသိတော့၊ ပရိသတ်၏ ကျယ်လောင်သော လက်ခုပ်သံက သူ့ချစ်ခြင်းတွေကို လှုံးလွှန်စေသည်။

"ဟေ့ ဟျော့ သတို့သား၊ ဒီကောင်တွေကို ကျေးဇူးတင်ဦး





လေ၊ ဟေ ဟေး ဟေ့"

ဒိုက်၏ မြူးကြွကြွအသံ၊ ကင်း၏ ကြည်နူးတဲ့အကြည့်ကြောင့် သူ့ရင်မှာ တလှိုက်လှိုက် ရှက်ဖိုသွားသည်။ သူ့ကို ပန်းဆီသွေးရောင် ဆိုးထားသည့် မာ့ နှုတ်ခမ်းစွကာ ပြုံးရှုံကြည့်လာသည်။ မာ့ကိုယ်သင်းရနံ့လေး မွှေးပျံ့လာသည်။ မာ့ ပါးပြင်လေး နူးညံ့လာကာ မာ့ နှုတ်ခမ်းပါးလေး စိုကြွလာပြီ။

"နင့်ကို သိပ်ချစ်တယ် မောင်"

မင်္ဂလာတီးလုံးသံနှင့်အပြိုင် ယိမ်းမိုးလွင့်မျောလာသည့် ချစ်သူ့တေးသံလေး စီးဆင်းလာစဉ်၊ သူ့ မိုးကောင်းကင်မှ ကြယ်ပွင့်တွေ လွင့်ကြွေသွားတော့၏။

"အို၊ မောင်"

သူ့ မိုးကောင်းကင်မှ ကြယ်ပွင့်တွေ နွေးခနဲ ဖွာကျနေဆဲ။

✿ ✿ ✿

ချစ်ခြင်းဖြင့် ပျော်ရွှင်ချမ်းမြေ့ပါစေ

**မိုးကာလေး**



BURMESE CLASSIC .com

www.burmeseclassic.com